mgyoe.com SAMPLE BOOK



ဆရာထင်လင်း၏ အမှတ်တရ နတ်လူ သာရ ဓါးစာဝော်။

# ထင်လင်း

# ဝတ္ထုတိုပေါင်းချုပ်

ပထမအုပ်

ဆရာ ရေးသွားခဲ့သော ဝတ္ထုတို ၁၂၂ ပုဒ်ကို ၂ အုပ် ခွဲထုတ်ဝေပါသည်။

mgyoe.com



mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

■

တန်ဖိုး

၁၃၀၀၀ ကျပ်

■

အုပ်ရေ

၅၀၀ အုပ်

■

ပထမအကြိမ်

၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ

■

မျက်နှာဖုံး

မုတ်သုန်

■

ထုတ်ဝေသူ

ဦးသိမ်းမင်း (၀၄၂၈၁)

ပန်းရွှေပြည်စာအုပ်တိုက်

၃၃၄၊ ၈ လမ်း၊ ၁၁ ရပ်ကွက်၊

တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

■

ပုံနှိပ်သူ

ဦးဇေယျာဦး (၀၁၅၇၉)

Silver Sky Press

အမှတ် ၃၁၊ ၈၉ လမ်း၊ ကန်တော်ကလေး။

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

■

စာအုပ်ချုပ်

ထိပ်တန်း-မင်းဇော်

mgyoe.com

mgyoe.com SAMPLE BOOK

ဝတ္ထုတိုများကို စုစည်းထုတ်ဝေခဲ့စဉ်က အမှာစာများ ရေးသားခဲ့သော ဆရာဇော်ဂျီ, ဆရာမဒေါ်ခင်မျိုးချစ်, ဆရာဒဂုန်တာရာ, ဆရာမြသန်းတင့်, ဆရာထင်လင်း, ဆရာအောင်သင်းတို့၏ အမှာများကိုပါ ပြန်လည်ဖော်ပြထားပါသည်။

# ထင်လင်း
# ဝတ္ထုတိုပေါင်းချုပ်
# ၁

mgyoe.com

# ထင်လင်း၏ ထွက်ပြီးစာအုပ်များ

mgyoe.com
SAMPLE BOOK

၁- မဟေသီ

၂- အလီဘာဘာ၏ဂူ

၃- မေတ္တာရှင်မကလေး ပေါ်လီယာနာ

၄- မောဂ္ဂလိ၏ တောဟောဝန်ဇွန့်စားခန်းများ

၅- စည်းအပြင်ကလူ

၆- တစ်ကျွန်းစံ၏ အပြန်လမ်း

၇- အဆိပ်

၈- ပလိပ်

၉- မြင်းနီကလေး

၁၀- ပုလဲတေးသံ

၁၁- ပင်လယ်ပျော်စင်ရော်

၁၂- မီးလျှံပန်း

၁၃- မြစိမ်းရောင်ရင်ခွင်သို့အပြန် - ပင်ကိုရေးဝတ္ထု

၁၄- ဘယ်ဆီဘယ်ဝယ် - ပင်ကိုရေးဝတ္ထု

၁၅- စောင်းကြိုးတင်းသည့် သီချင်းသံ - ဝတ္ထုတို ၂၀ ပုဒ်

၁၆- လယ်တောကအပြန်နှင့် လက်ရွေးစင်ဝတ္ထုတိုများ - ၁၅ ပုဒ်

၁၇- ချစ်သူရင်ခွင်ထက်၌ အိပ်စက်ခြင်း - ဝတ္ထုတို ၅ ပုဒ်

၁၈- ထင်လင်းပုံပြင် - ဝတ္ထုတို ၁၅ ပုဒ်

mgyoe.com

mgyoe.com SAMPLE BOOK


* အမှာစာမဟုတ်တဲ့ အလွှမ်းစာ ၆
* ခင်မျိုးချစ်၏အမှာ[၁] ၇
* အောင်သင်း၏အမှာ[၁] ၈
* စာရေးသူ၏အမှာစာ[၁] ၁၂
* ဆရာဇော်ဂျီ၏စာ[၂] ၁၃
* ဒဂုန်တာရာ၏အမှာ[၂] ၁၅
* မြသန်းတင့်၏အမှာ[၃] ၁၇
* စာရေးသူ၏အမှာစာ[၃] ၂၂


## ဝတ္ထုမာတိကာ


၁- ချစ်တရား ၁၇
၂- ရန်ကင်း ၂၅
၃- မောင့်တစ်ယောက်သာပဲ ၃၀
၄- ခင်ဆွေဝင်း ၃၄
၅- ဘဝပန်းဥယျာဉ်ကလေး ၅၀
၆- သပြေကန်သူ မမြညွန့် ၅၂
၇- အရှုံးကိုတင် ၆၀
၈- သံသရာလည်သရွေ့ ၆၆
၉- ချစ်လွန်း ၇၃
၁၀- ကြွေလေဟန် ၈၀
၁၁- အတွေးနယ်ချဲ့မိပြီကွယ့် ၉၅
၁၂- ဒီဇယ် ၉၉
၁၃- ချစ်သောသူငယ်ချင်း ၁၀၇
၁၄- စာနာစိတ် ၁၁၄
၁၅- လှထိပ်တင် ၁၁၈
၁၆- မဖတ်ရသေးသောဝတ္ထု ၁၂၁
၁၇- အဝိန် ၁၂၈
၁၈- အမေ့သား ၁၃၃
၁၉- ကန်တော်သာမှာ ၁၃၉
၂၀- နဘူးချဲ့ ဆူးချုံနှင့် ရွာလမ်း ၁၄၃
၂၁- မချစ်သော်လည်း ကြင်နာသည် ၁၄၈
၂၂- မမလေးတို့ ပန်စရာ ၁၅၂
၂၃- သားတို့ရုပ်ရည် ၁၅၅
၂၄- ကပ်ဆိုးကလေးသင့်ခြင်း ၁၅၉
၂၅- စောင်းကြိုးတင်းသည့် သီချင်းသံ ၁၆၅
၂၆- ခြားနားခြင်း ၁၇၀
၂၇- ကိုးကွယ်ရာ ၁၇၄
၂၈- မဖန်သာသည် ၁၇၉
၂၉- ထမင်းလုံးတစ္ဆေ ၁၈၄
၃၀- မြင်စေချင်စမ်းလှသည် ၁၈၉
၃၁- ဒယ်ဒီ မာမီတို့အကြောင်း ၁၉၃
၃၂- မိဘကျေးဇူးသိတတ်သူ ၁၉၉
၃၃- ဘိုးဘိုးအောင်နှင့်တွေ့ခဲ့သော ကျွန်တော် ၂၀၅
၃၄- ၁ ကျပ်ခွဲ ၂၁၁
၃၅- ထိုဧည့်သည် ၂၁၅
၃၆- တောလား သို့မဟုတ် ၅ မူးတန်ပန်းချီကား ၂၂၂
၃၇- သူ့သီချင်း၊ သူအသံနှင့် သူ့နှလုံးသား ၂၂၇
၃၈- သံသာလေကမ်းတိုင် ၂၃၃
၃၉- သူ့အကြောင်းနှင့်သူ ၂၃၉
၄၀- အခြေအနေကောင်းတယ် ဆရာ ၂၄၄
၄၁- ချွေးနှင့် မျက်ရည် ၂၄၉
၄၂- နေရာတိုင်းမှာ ပြဿနာ ၂၅၄
၄၃- ရင်ခုန်သော်လည်း ကြံ့ကြိုက်မှ ၂၅၈
၄၄- စိန်မခေါ်ဘဲ ပြေးလေသူ ၂၆၃
၄၅- အမေနန်း ၂၇၄
၄၆- ရှေ့နှစ်ခါတန်ဆောင်မုန်း ၂၇၈
၄၇- မိန်းမအတွက် ၂၈၃
၄၈- အိမ်ထောင်ရေး ၂၈၇
၄၉- ရေနည်းငါး ၂၉၁
၅၀- အရှုံးသမား ၂၉၆
၅၁- ချစ်ခဲ့ကြသည့်အကြောင်းများ ၃၀၀
၅၂- အတိတ်က ရင်ခုန်သံများ ၃၀၄
၅၃- ဂမ္ဘီခေါင်း ၃၁၀
၅၄- ချစ်သူရင်ခွင်ထက်၌ အိပ်စက်ခြင်း ၃၁၅
၅၅- ခေါင်းပေါင်းစက တလူလူ ၃၂၅
၅၆- ဘုတ်ဆုံမနှင့် ကျွန်တော် ၃၂၉
၅၇- အရက်ဆိုင်ထဲဝယ် ၃၄၁
၅၈- မွေးနေ့ပွဲကအပြန် ၃၄၆
၅၉- အသိုင်းအဝိုင်း ၃၅၀
၆၀- ဂေါ်ဝိန်ဆိပ်သို့ အို-ကူးတို့ ၃၅၄
၆၁- မြိုင်ရိပ်ခို ၃၆၁


၁- 'စောင်းကြိုးတင်းသည့်သီချင်းသံ ဝတ္ထုတိုများ' စာအုပ်အတွက် ရေးသည့်အမှာများ ဖြစ်သည်။
၂- 'လယ်တောကအပြန်နှင့် လက်ရွေးစင်ဝတ္ထုများ' စာအုပ်အတွက် ရေးသည့်အမှာများ ဖြစ်သည်။
၃- 'ချစ်သူရင်ခွင်ထက်၌ အိပ်စက်ခြင်း' စာအုပ်အတွက် ရေးသည့်အမှာများ ဖြစ်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

## အမှာမဟုတ်တဲ့ အလွမ်းစာ

ဆရာ၏ဝတ္ထုတိုကလေးများကို တစ်စုတစ်စည်းတည်း ထုတ်ဝေနိုင်ဖို့ရာ ကာလတောင်တာ ကြာကြီးကြာအောင် စာနယ်ဇင်းပေါင်းစုံမှာ ရှာဖွေဖွေနှောက်ခဲ့ရပါသည်။

ခင်သူမင်သူ မိတ်ဆွေတို့အကူဖြင့် ဆရာ့ဝတ္ထုတိုများ တစ်ပွေ့တစ်ပိုက်ကြီး ရှာတွေ့ခဲ့ပါသည်။

သည့်အတွက် ကူညီခဲ့သူအားလုံးကို ကျေးဇူးအထူး တင်ရှိပါသည်။

ဆရာသာရှိလျှင်

- မည်မျှ ကူညီလမ်းညွှန် ရှာပေးဦးမည် မသိ။
- မည်မျှ ဝမ်းသာလိုက်လှဲ အားတုံ့အားနာစကားမျိုး ကို ဆိုလေဦးမည် မသိ။
- မည်မျှ ကြည်နူးနှစ်ခြိုက်လိမ့်မည် မသိ။

ယခုကား ဆရာ မရှိတော့ပြီ။

ဆရာ့ဝတ္ထုတိုကလေးများသာ ကျန်ရစ်ပါတော့သည်။

ဆရာ့စာကို ချစ်သော စာဖတ်သူများသာ ကျန်ရစ်ပါ တော့သည်။

ထိုစာချစ်သူတို့သည် ဆရာ့အနုပညာ၊ ဆရာ့ရင်လှိုင်း ခတ်သံ၊ ဆရာ့လက်ရာဝတ္ထုတိုကလေးများကို တမက်တမော ခံစားသိမ်းဆည်းကြပါလိမ့်မည်။ နှလုံးသည်းပွတ်၌ လွမ်းလွမ်း ဆွတ်ဆွတ်ဖြင့် တန်ဖိုးထားကြပါလိမ့်မည်မှာ မလွဲပါ။

တသသဖြစ်ရခြင်းသည်ပင် အသက်သာဆုံးဖြေသိမ့်မှု မဟုတ်ပါလား။

အားလုံးသို့ ကောင်းသောချစ်ခြင်းများဖြင့်
ကိုရွှေသိမ်းမင်း
ယန်းရွှေပြည်စာအုပ်တိုက်

mgyoe.com

mgyoe.com
SAMPLE BOOK

## ခင်မျိုးချစ်၏အမှာ

ထင်လင်းသည် လူ့လောက ဘဝတွင် အလွှာအမျိုးမျိုး၌ ကျင်လည်ခဲ့ဖူးသည်။ တစ်လလျှင် ၂၂ကျပ်ခဲ မျှဖြင့် မြို့ငယ်ကလေးတစ်မြို့ရှိ အစိုးရရုံးတစ်ရုံးတွင် လက်နှိပ်စက်စာရေးအလုပ် လုပ်ခဲ့ရသည်။ အသက်ငယ်ငယ်တွင် အိမ်ထောင်ကျ၍၊ သူများတကာ ကာလသားပီပီ ပျော်ပျော်ပါးပါးနေကြသည့်အရွယ်တွင် သူ့မှာ သားသမီး ၄ ယောက်နှင့် ရုန်းခဲ့ကန်ခဲ့ရသည်။ ရန်ကုန်သို့ ဆင်းလာပြီး စာပေဗိမာန်မှာ အလုပ်လုပ်ရင်း တက္ကသိုလ်ဒီဂရီ ရဖို့အတွက် အပြေးအလွှား ကြိုးစားခဲ့ရသည်။ တက္ကသိုလ်တွင် ကျူတာဆရာငယ်ကလေး အလုပ်ကို ရခဲ့သည်။ အရွယ်ငယ်ငယ်က သားသမီး လူလားမြောက်ရေးအတွက် သောကဖြင့် ပြေးခဲ့လွှားခဲ့ရာမှ၊ သားသမီး လူလားမြောက်လာသည်ကို မြင်ရသောအခါ သူ့မှာ ကြည်နူးရပြန်သည်။ သူ့လို ငယ်ငယ်က အိမ်ထောင်မပြုခဲ့၍ အရွယ်ကြီးခါမှ သားသမီးလူလားမြောက်ရေးအတွက် သောကဖြစ်ကြရသူများလည်း ရှိသည်။ လောက၌ သောကဖြစ်ရခြင်းနှင့် ကြည်နူးရခြင်းတို့သည် အမြဲ ဒွန်တွဲနေသောအရာများပါပေ။

ဝါသနာဇီဇလည်း ရှိ၍ လခနှင့် စားမလောက်သည်ကို ဝတ္ထုဆောင်းပါးများရေးကာ မိသားစုစရိတ် ဖြည့်ခဲ့ရသည်။

လွန်ခဲ့သော နှစ်ပေါင်း ၂၀ မျှဆီက သူရေးခဲ့သောဝတ္ထုများကို လုံးချင်းအဖြစ် ထုတ်ဝေဖြစ်သည်ကို ဝမ်းသာမိသည်။ ထိုဝတ္ထုကလေးများသည် သူ့အထိုက်အလျောက် ရသနှင့် ပြည့်စုံကြပေသည်။ အထူးသဖြင့် မိဘမေတ္တာကိုဖွဲ့သော 'စောင်းကြိုးတင်းသည့် သီချင်းသံ' , 'သားတို့ရုပ်ရည်' , 'မြင်စေချင်စမ်းလှသည်' ဝတ္ထုများ။ သားသမီးအတွက် မိဘက ဥစ္စာပစ္စည်းသာမက အသက်သွေးခဲအထိ စွန့်ရသောအဖြစ်မျိုးကို ဇာတ်လမ်းဖွဲ့ထားသည်လည်း မဟုတ်။ သို့သော် ဖတ်ရသူ၏ရင်ထဲတွင် အေးခနဲ နွေးခနဲ ဖြစ်သွားစေသည်။

ထိုဝတ္ထု ၃ ပုဒ်တွင် နေ့စဉ်ဖြစ်ပျက်သည့် အကြောင်းအရာကလေးများကို ဝတ္ထုဖွဲ့ထားသည်။ အမှတ်တမဲ့ ကြည့်လျှင် စာဖွဲ့စရာမရှိ။ နေ့စဉ်နှင့်အမျှ ကြုံတွေ့နေရသော အသေးအဖွဲကိစ္စလေးတွေထဲမှာပင် မိဘ၏ မေတ္တာ မည်မျှကြီးမားသည်ကို ထင်ရှားစေသည်။

ထင်လင်းသည် ပင်ကို ဟာသဇီဇ ရှိသည်။ သို့ဖြစ်၍ သူ့ဝတ္ထုများတွင် ဟာသကွက်များကို ခပ်ဆော့ဆော့ကလေး ထည့်ထားတတ်သည်။ 'ဒီဇယ်' , 'ဗိုလ်တဲကုန်းမယ်' , 'ကန်တော်သာမှာ' ဝတ္ထုများထဲတွင် စာရှုသူအား မထိတထိကျီစယ်ထားသည့် ဟာသမျိုးဖြစ်သည်။

'ကန်တော်သာမှာ' ဝတ္ထုကို ဂါဒီယန်းမဂ္ဂဇင်းတွင် အင်္ဂလိပ်လို ပြန်၍ ထည့်ဖူးသည်။ အင်ဒိုနီးရှားနေ အမေရိကန်သံမှူးတစ်ဦး၏ဇနီးက ထိုဝတ္ထုကို အမေရိကန်ပြည်တွင် မြန်မာပြည်မှာ စာတိုပေစများ စုပေါင်းထုတ်ဝေသည့်စာအုပ်တွင် ထည့်သွင်းထားသည်။

'မြို့င်ရိပ်ခို' , 'ဗိုလ်ရန်ကင်း' ဝတ္ထုများမှာ ကံကြမ္မာဆိုးနှင့် ယှဉ်တွဲလာသော လူသားတို့၏ ကြေကွဲဖွယ်အဖြစ်အပျက်များ ဖြစ်သည်။ ကရုဏာရသ အပြည့်အဝ ပါရှိပေသည်။

ထင်လင်း၏ ဝတ္ထုတိုများမှာ ဇာတ်လမ်းတည်ဆောက်ပုံ ခိုင်မာသည်။ ဇာတ်ဆောင်များ အတိုင်းအတာနှင့် အံဝင်ခွင်ကျ ရှိသည်။ ဝတ္ထုတိုရေးလိုသူများ နမူနာအဖြစ်ထား၍ လေ့လာသင့်သည်။-ဟု ယူဆမိသည်။

ခင်မျိုးချစ်
၁၀-၅-၇၇

mgyoe.com

* စောင်းကြိုးတင်းသည့် သီချင်းသံ ဝတ္ထုတိုများ - ၁၉၇၇ ခု ဩဂုတ်လတွင် ပထမအကြိမ် ပါရမီစာပေ-အောက်ကြည့်မြင်တိုင်က ထုတ်ဝေစဉ် ပါသည့်အမှာဖြစ်သည်။ ဒုတိယအကြိမ်ကို ပန်းရွှေပြည်စာအုပ်တိုက်က ထုတ်ဝေပါသည်။

mgyoe.com SAMPLE BOOK

## အောင်သင်း၏အမှာစာ

ဆရာထင်လင်းက သူ၏ဝတ္ထုတိုများအတွက် အမှာစာရေးပေးရန် ကျွန်တော့်အား ပြောလာပါသည်။

ဆရာထင်လင်းကို ကျွန်တော် သိခဲ့သည်မှာ ကြာပါပြီ။ သို့သော် သူနှင့်မရင်းနှီးလှပါ။ သို့သော် ကျွန်တော်ကတော့ ရင်းနှီးခဲ့သည်မှာ ကြာပါပြီ။ သူ့စာများကို ဖတ်ဖူး၍ ရင်းနှီးရပါသည်။ ကျွန်တော့် ပတ်ဝန်းကျင်ရှိ သူ့တပည့်ဟောင်းများက သူ့အတွေး၊ သူ့အမြင်၊ သူ့စရိုက်နှင့်ပတ်သက်ပြီး ပြောကြလွန်း သောကြောင့်လည်း ရင်းနှီးရပါသည်။ သူနှင့် ၂ခါ-၃ခါ တွေ့ရာတွင် သူ့စကားများကို ကြားရသောကြောင့်လည်း ထပ်မံ ရင်းနှီးလာရပြန်ပါသည်။ သူသည် စာဖတ်ခြင်း ပျော်မွေ့သူတစ်ဦးဖြစ်ရုံသာမက၊ သူ့စာဖတ်ပုံမှာ အကျယ်အဝန်းလည်းရှိသော၊ အနက်အရှိုင်းလည်းရှိသော စာဖတ်နည်းမျိုးဖြစ်ကြောင်း တွေ့လာရပါသည်။

ထို့ကြောင့် သူ့စာအုပ်အတွက် အမှာစာ ရေးခိုင်းလာသောအခါ ဂုဏ်ယူဝမ်းမြောက်ခြင်းဖြစ်မိသည်မှာ အမှန်ပင်ဖြစ်ကြောင်း ကျွန်တော် ဝန်ခံပါသည်။

သို့သော် သူ၏ စာပေသုတကျယ်ဝန်းမှုကို အထင်ကြီးခြင်းသည် သူ၏အနုပညာပစ္စည်း ဝတ္ထုတိုများကို လေ့လာခြင်းနှင့် ဘာမျှမဆိုင်ကြောင်းကိုလည်း ကျွန်တော် သိပါသည်။

ထို့အပြင် ကျွန်တော် ဤအမှာစာကို ရေးခြင်းမှာ ထင်လင်းဖတ်ဖို့ရေးခြင်း မဟုတ်ဘဲ၊ စာဖတ်သူ ဖတ်ဖို့သာ ရေးခြင်းဖြစ်ကြောင်းကိုလည်း မမေ့ပါ။ တစ်နည်းအားဖြင့် ထင်လင်း၏ဝတ္ထုတိုများအကြောင်းကို စာဖတ်သူအား ကျွန်တော်က ဆွေးနွေးတင်ပြခြင်းမျှသာလျှင် ဖြစ်သောကြောင့်၊ 'ထင်လင်း၏ဝတ္ထုတိုများနှင့်သာ ဆိုင်၍ ထင်လင်းနှင့် ဘာမျှမဆိုင်'ဟု ဆိုရပါမည်။ စာဖတ်သူအချင်းချင်း ကိုယ်ထင်ရာမြင်ရာ သင့်နိုးရာရာ ဆွေးနွေးကြခြင်းတွင် ဝတ္ထုရေးဆရာ ဝမ်းမြောက်သည်ဖြစ်စေ၊ ခံပြင်းသည်ဖြစ်စေ ကျွန်တော်တို့နှင့် ဘာမျှ မဆိုင်ပါ။ ကျွန်တော်တို့ချင်း ငြင်းရာခုံရာက ဓားခုတ်တုတ်ရိုက်ဖြစ်ကြပြီး တစ်ယောက်က ဆေးရုံရောက်၊ တစ်ယောက်က အချုပ်ထဲ ရောက်သွားလျှင်လည်း ဝတ္ထုရေးသူတွင် ဘာတာဝန်မျှ မရှိပါ။ ဤသို့သောခံယူစိတ်ဖြင့် ကျွန်တော် ဤအမှာစာကို ရေးပါသည်။

ဝတ္ထုတိုပေါင်းချုပ်တစ်ခုအတွက် အမှာစာရေးကြလျှင် 'ဝတ္ထုတိုဆိုတာ ဘာလဲ'ဟူသော ဝတ္ထုတို ဝိဂြိုဟ်ဖြင့် ဖွင့်တတ်ကြပါသည်။ ကျွန်တော်လည်း ဖွင့်ချင်ပါသည်။ သို့သော် စာဖတ်သူကို အလွန်အားနာ လှပါသည်။ အကြောင်းသော်ကား 'ဘယ်သူက ဘယ်လိုပြောသည်။ ဘယ်တုန်းက ဘယ်လို ယူဆခဲ့သည်။' စသည့် အကိုးအကားတွေနှင့် ကြောက်ခမန်းလန့်ခမန်း အစပျိုးလာပြီး နောက်ဆုံးတွင် လေ့ပျော့ကလေးနှင့် 'တစ်ထစ်ချတော့ ပြောလို့မဖြစ်ဘူးခင်ဗျ။'-ဟု နိဂုံးချုပ်ရတတ်ကြသောကြောင့် ဖြစ်ပါသည်။ အဓိပ္ပာယ်ကတော့ 'ကျွန်တော် အနက်မဖွင့်တတ်ပါ။'-ဟု ဆိုလိုခြင်းသာ ဖြစ်ပါသည်။

အလျဉ်းသင့်သောကြောင့် နယူးယောက်တက္ကသိုလ် အင်္ဂလိပ်စာဌာန လက်ထောက်ပါမောက္ခ မစ္စတာမောရစ်ဘေးဘ်ဒင်(ဂျူနီယာ)၏ အဆိုအမိန့်ကလေးတစ်ခုကို တင်ပြလိုက်ချင်ပါသေးသည်။ ခေတ်ပြိုင် ဝတ္ထုတိုများ (၁၉၅၃) အတွဲ ၁ အတွက် အမှာစာမှ ထုတ်နုတ်ထားခြင်း ဖြစ်ပါသည်။

* 'စောင်းကြိုးတင်းသည့် သီချင်းသံ ဝတ္ထုတိုများ'စာအုပ် ပထမအကြိမ်ရိုက်စဉ်က အမှာဖြစ်ပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

စာပေပါသနာအိုးတို့ကမူကား ဝတ္ထုတို၏သဘောနှင့် ပတ်သက်၍ တိကျခိုင်လုံသော အနက်ဖွင့်ဆိုချက်ကို အငမ်းမရ သိချင်ကြလိမ့်မည်။ ယခင်က မသိသေးလျှင် ရှိစေ၊ ယခု ဤစာအုပ်ပါ ဝတ္ထုတိုများကို ဖတ်ပြီးသည့်နောက်တွင်ကား 'မရှိသောအရာကို ရှာနေမိချေပြီတကား။'-ဟု သိလာသော်အံ့။ ပမာတန္တု တစ်စုံတစ်ယောက်သောသူက ပြောပြီ ဆိုကြပါစို့။ 'ဝတ္ထုတိုဆိုသည်မှာ စိတ်ကူးဖြင့် ဖန်တီးထားသော, တစ်ခုတည်းသော ဇာတ်အချက်အချာရှိသော စာလုံးရေ ဘယ်ရာလောက်နှင့် ဘယ်သောင်းလောက်အတွင်း ကိုယ့်ကိုကိုယ် သတ်သေကြောင်း မှာတမ်းလောက်လည်း မက၊ ဝတ္ထုရှည်လောက်လည်း မကျပေါ့လေ။ ရှည်လျားသော, ဘာသော, ညာသော စသည်ဖြင့် လျှောက်ပြောနေလျှင် အဲသည်လူပြော-ပြောသမျှ တစ်ခုမျှ မသုံးရ။ * * * * * * * * * * * * * * * * * * * * * * * * * * * * * * * * * * * * * ဝတ္ထုတိုမှာ ရင့်ကျက်ဖို့ဝေးစွ။ အရွယ်ပင် မရောက်တတ်သေး။ တစ်စုံတစ်ခုကို တိတိကျကျ တိုင်းတာ သတ်မှတ်ရန်ဆိုသည်မှာ တည်ငြိမ်နေမှသာ ဖြစ်နိုင်စကောင်းသည်။ ယခုကား ဝတ္ထုတိုသည် ကြည့်နေရင်းပင် ပိန်လိုက်, ဖောင်းလိုက်, ပြားလိုက်, လုံးလိုက်, ရှုံ့ချည်နှပ်ချည် ဖြစ်နေလေရာ အဘယ်မှာလျှင် တိုင်းတာ သတ်မှတ်နိုင်မည်နည်း။ အဲ-တစ်နေ့နေ့ကျလို့များ ဣန္ဒြေလေး ရလာပြီဆိုလျှင်တော့ အရွယ်လည်း ရောက်ပြီ၊ အရွယ်ရောက်တဲ့နောက် ရင့်ကျက်လာလိမ့်မည်။ သည်အခါတွင် တိုင်းတာသတ်မှတ်လို့လည်း ဖြစ်ပြီ။ သည်အတောအတွင်းမှာတော့ ဝတ္ထုတိုဆတ်စလူးသည် ကော့ကော်ကန်ကားလုပ်နေဦးမည်မှာ မုချတည်း။

ထင်လင်း၏ဝတ္ထုတို ၂၀ ကို ကြည့်လျှင်မူကား ဇာတ်လမ်းဇာတ်ကွက်ရယ်လို့ မည်မည်ရရ မဟုတ်မူ၍ ကိုယ်ပြောချင်သည့် အတွေးအမြင်လေးတစ်ခုကို ပေါ်လွင်အောင် ဇာတ်ဆောင်တို့အား ဖြစ်ပျက်လှုပ်ရှားစေခြင်း ဖြစ်သည်။-ဟု ဆိုနိုင်လိမ့်မည် ထင်ပါသည်။ (ဇာတ်လမ်းပဓာန, ဇာတ်ဆောင်ပဓာန, အမြင်ပဓာန။-ဟု ဝတ္ထုများကို အကြမ်းအားဖြင့် ၃ မျိုးခွဲနိုင်လေရာ၊ ထင်လည်းသည် အမြင်ပဓာနတွင် အားသန်သောပုဂ္ဂိုလ်ဟု ယူဆမိပါသည်။) ဤသို့ 'အမြင်'ဆိုရာ၌ပင်လျှင် ဘယ်ဝတ္ထုဟာ ဘယ်အမြင်ကို တင်ပြတော့ဟု တိတိကျကျ ပြောရန် ခက်ပါသေးသည်။ ဥပမာ-ထင်လင်း၏ အဝေရာဝတ္ထုသည် မည်သည့်အမြင်ကို တင်ပြသနည်း။-ဟု မေးလျှင်၊ စာဖတ်သူ မည်သို့ဖြေမည်ကို ကျွန်တော် သိချင်နေပါသေးသည်။

ထို့ပြင် ယနေ့ ခေတ်ပြိုင်ဝတ္ထုတိုများသည် ဝတ္ထုရေးသူ၏ အတ္ထုပ္ပတ္တိတစ်ပိုင်းတစ်စ၊ ကိုယ်တွေ့မှတ်တမ်း တစ်ပိုင်းတစ်စများ ဖြစ်စပြုလာလေပြီ။-ဟု ကမ္ဘာ့စာပေဝေဖန်ရေးသမားအချို့က ဆိုကြပါသည်။ ထင်လင်း၏ ဝတ္ထုတို ၂၀ တွင် ၁၃ ပုဒ်မှာ ယင်းအမျိုးအစား၌ ပါဝင်နေသည်။-ဟု ကျွန်တော် ထင်မိပါသည်။

ဤအမှာစာကို မရေးမီ ထင်လင်း၏ဝတ္ထုတိုများကို ကျွန်တော် နားနားနေနေဖတ်ပါသည်။ နားနားနေနေ ဆိုသည်မှာ တစ်ပုဒ်ဖတ်ပြီး ခဏပစ်ထား။ ထိုတစ်ပုဒ်ကို မေ့လောက်မှ နောက်တစ်ပုဒ်ကို ဖတ်ခြင်း ဖြစ်ပါသည်။ ဝတ္ထုတိုပေါင်းချုပ်များကို တစ်ပုဒ်ပြီး တစ်ပုဒ် ဆက်တိုက်ဖတ်လျှင် ဝတ္ထုတိုများ၏ရသကို ရောထွေးနောက်ကျိစေသည်။-ဟု ထင်ပါသည်။ ယုတ်စွအဆုံး မဂ္ဂဇင်းများဖတ်လျှင်ပင် (ကျွန်တော်ကတော့) ဝတ္ထုတိုတစ်ပုဒ် ဖတ်လိုက်၊ ဆောင်းပါးလေးတစ်ပုဒ်ဖတ်လိုက် ချထားလိုက် ဖတ်မိပါသည်။ ယခု ထင်လင်းကိုလည်း ဤသို့ပင် ဖတ်ပါသည်။ ပြီးမှ အမှာစာကို ရေးရန်အတွက် အလွတ် စဉ်းစားကြည့်ပါသည်။

ထိပ်ဆုံးကပေါ်လာသောအချက်မှာ ထင်လင်း၏ဟာသပင် ဖြစ်သည်။ သူသည် ဟာသအားသန်သည်။ သူ၏ဟာသများကို အမျိုးအစားခွဲကြည့်လျှင် အကြမ်းအားဖြင့် ၃ မျိုး တွေ့နိုင်ပါသည်။ (အကြမ်းအားဖြင့်ဟု ကျွန်တော်ဆိုပါသည်။) ပထမအမျိုးမှာ အပေါင်းအသင်းမိတ်ဆွေတို့အား ရွတ်ရွတ်နောက်နောက် ပြောပြသော၊ ရယ်စရာခပ်ဆန်းဆန်း ကြုံရပုံကိုပြောပြသော ဟာသမျိုးဖြစ်ပါသည်။ 'ထမင်းလုံးတစ္ဆေ' , 'ဘိုးဘိုးအောင်နှင့် တွေ့ခဲ့သော ကျွန်တော်' , 'မမလေးတို့ပန်စရာ' , 'ကန်တော်သာမှာ'-တို့သည် ဤအမျိုးအစားတွင် ပါဝင်သည်ဟု ထင်မိပါသည်။

mgyoe.com SAMPLE BOOK

ဒုတိယအမျိုးအစားမှာ ကမောက်ကမ ဖြစ်တတ်၊ပြုတတ်သော လူ့သဘာဝကို ရယ်သွမ်းသွေးသည့် ဟာသမျိုး ဖြစ်ပါသည်။ 'ခေါင်းပေါင်းကျားနှင့် မြင်းကျားရှင်' , 'ဒိဖယ်' , 'လှထိပ်တင်' , 'ဗိုလ်တဲကုန်းမယ်' တို့ကို ဤအမျိုးအစားတွင် စာရင်းသွင်းချင်ပါသည်။

တတိယအမျိုးအစားမှာ ရယ်ရလည်း ခက်, သနားရလည်း ခက်လျက် သနားခြင်း၊ ရီသေခြင်းတို့ ဖုံးလွှမ်းနေသော ဟာသမျိုးဖြစ်ပါသည်။ 'သားတို့ရုပ်ရည်' , 'မြင်စေချင်စမ်းလှသည်' တို့ကို တတိယ အမျိုးအစားတွင် ထည့်ချင်ပါသည်။

ဤသို့ပင် ကျွန်တော်က အမျိုးအစား ခွဲခြားလိုက်ပါသော်လည်း၊ ဓားနှင့်ဖြတ်လိုက်သလို မတိကျဘဲ နယ်လုနေသောဝတ္ထုများ ပါနေသေးကြောင်း စာဖတ်သူတို့ တွေ့လာပါဦးမည်။-ဟု ထင်မိပါသည်။

ဤသည်တို့မှာ ဝတ္ထုတိုများ၏ အာဘော် အရသာစာရင်း ခွဲခြားပြခြင်းဖြစ်သည်။ စင်စစ်သော်ကား ဝတ္ထုတိုအားလုံးလိုလို၌ပင် ထင်လင်း၏ဟာသများကို တွေ့နိုင်သည်။ သူသည် ဟာသမပါဘဲ စကားမပြော တတ်ဟုပင် ဆိုနိုင်လောက်ပါသည်။ အချို့ဟာသများမှာ ခပ်ကြမ်းကြမ်း၊ ခပ်ပြောင်ပြောင် လှောင်ထားသော ဟာသများဖြစ်ကြောင်း တွေ့ရသည်။ ပုံစံပြရလျှင် 'ထမီ၏ အရိပ်' ဝတ္ထုတိုတွင်-

**အမျိုးကောင်းသမီးလေးတွေ ပျက်စီးပြီး ပြည့်တန်ဆာ ဖြစ်သွားကြသည့်အကြောင်း စာကောင်းကောင်း ရေးတတ်သူများက ရေးကြသည်။ ဓနရှင်များ၏ပယောဂ မကင်းပုံကိုလည်း ဝိတ္ထာရချဲ့ကြသည်။ မင်းစိုးရာဇာတို့၏ ကာမသောင်းကျန်းမှုဆီသို့လည်း လက်ညှိုးငေါက်ငေါက်ထိုးကြသည်။ အချို့ကတော့ စိတ်ပညာဆိုင်ရာ လေ့လာချက်များဟု ထင်ယောင်ထင်မှားဖြစ်စေသောအကြောင်းများကို ယိုးမယ်ဖွဲ့ကြသည်။ သို့ရာတွင် ကောင်မလေးချောချောတစ်ယောက်အား ဓနရှင်သူကောင့်သားများက ဝိုင်းဝန်းဖျက်ဆီးလိုက်ကြသောကြောင့် အပျက်စီးကြီး ပျက်စီးသွားရပုံကို ရေးလိုက်သော စာရေးဆရာ၏စိတ်၌ ရေးရင်းက 'ငါမှ မပါလိုက်ရကွာ' ဟူသောအတွေးမျိုး မဖြစ်ပါဘူး။-ဟု မည်သူသည် ကျိန်တွယ်ဝံ့မည်နည်း။**

ဤသို့ ရှုထောင့်သစ်က ခပ်လှောင်လှောင် ပြုံးစိစိပြောသွားတတ်သည်မှာ ထင်လင်း၏ဉာဉ်ဟု ထင်ရပါသည်။ ခံရသူ(ရှိလျှင်)ကလည်း စိတ်ဆိုးရ ခက်, ရယ်ရ ခက် ဖြစ်အောင် ပြုလုပ်တတ်သူဟု ထင်ရပါသည်။

သို့သော် ထင်လင်းကိုယ်တိုင်က 'ပြုံးသော်လည်း မလှောင်စကောင်း' ဟု ယူဆသောအရာလည်း ရှိသေးသည်။ မိဘမေတ္တာ ဖြစ်သည်။ မိဘမေတ္တာကို ပြောပြရာ၌ သူ၏ဉာဉ်အတိုင်း တစ်ခါတစ်ရံ ရယ်သံမောသံကလေးများဖြင့် ပြောတတ်သေးသည်။ သို့သော် ဤရယ်သံမောသံတို့တွင် ရှိုက်သံငွေ့ငွေ့ ဝဲနေသလို ထင်သည်။ ဤရယ်မောသံမျိုး ထင်ရှားပေါ်လွင်လာအောင် ကျွန်တော် ရှင်းမပြတတ်။ သင့်လျော်သော ဝိသေသနပုဒ် ထည့်မပေးတတ်။ 'ဖတ်ကြည့်စမ်းပါဗျာ'ဟူသော လူပြိန်းပြော ပြောရပါတော့မည်။

ဝတ္ထုတိုပုဒ်ရေ ၂၀ တွင် မိဘမေတ္တာကိုဖွဲ့သော ဝတ္ထုတို ၄ ပုဒ် ပါနေသည်ကို တွေ့ရသည်။ 'စောင်းကြိုးတင်းသည့် သီချင်းသံ' , 'သားတို့ရုပ်ရည်' , 'မြင်စေချင်စမ်းလှသည်'တို့မှာ မိဘမေတ္တာဖွဲ့ဟု ဆိုနိုင်သည်။

မိဘမေတ္တာ ကြီးမားလှကြောင်း ဆိုသည့်တရားကို လူသားတို့ဘဝင်ကျကျ လက်ခံကြသည်။ သို့သော် ဤတရားမှာပင် ချွင်းချက်ပေါ်လာတတ်သေးသည်မှာလည်း လောကသဘာဝပင် ဖြစ်ပါသည်။ ထင်လင်းလည်း မသိ မဟုတ်။ သိမည်။ သို့သော် ထိုချွင်းချက်ကိုပင် သူ လက်မခံနိုင်၊ မနှစ်မြို့နိုင်ကြောင်း 'မေမေ့'တွင် တွေ့နိုင်ပါသည်။

ဤသို့ အစဉ်အလာကို, လက်ခံမှုကို မြတ်နိုးတတ်သောကြောင့် ထင်လင်းအား 'အစဉ်အလာသမား'ဟု ထင်လျှင်သော်ကား တက်တက်စင် လွဲနေလိမ့်မည်။ 'ထမီ၏အရိပ်'ဝတ္ထုတွင် အစဉ်အလာ, အယူအဆ, အရပ်သဘော, ထင်မြင်ချက်တို့ကို ပုန်စားထားသည့် ထင်လင်းအသံကို ကြားရနိုင်သည်။ 'ထိုညသည်'နှင့် 'ဗိုလ်ရန်ကင်း'တွင်လည်း လောကကို မေးငေါ့နေသည့် ထင်လင်း၏အမူအရာကို မြင်နိုင်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

နောက်တစ်ချက် စိတ်ဝင်စားစရာ ကောင်းသည်မှာ ဝတ္ထုတို နာမည်ပေးပုံပင် ဖြစ်ပါသည်။ ယခုခေတ်တွင် ပန်းချီကားအမည်, ကဗျာအမည်, ဝတ္ထုအမည်တို့သည် သက်ဆိုင်ရာ အနုပညာပစ္စည်း၏ တာဝန်တစ်ဝက်ကို ထမ်းဆောင်နေသည်။-ဟုပင် ဆိုကြပါသည်။ ထင်လင်း၏ ဝတ္ထုတိုအမည်များတွင် စာဖတ်သူက ဆက်စပ်စဉ်းစားယူရသော တစ်ဆစ်ချိုးနာမည်များကို တွေ့ရသည်။ 'စောင်းကြိုးတင်းသည့် သီချင်းသံ' , 'ခေါင်းပေါင်းကျားနှင့် မြင်းကျားရှင်' , 'အသိုင်းအဝိုင်း' , 'ထမိ၏အရိပ်' တို့ပင်ဖြစ်သည်။ တစ်ခါတရံ တစ်ဆစ်ချိုးရုံမျှမက သံတူကြောင်းကွဲ ကွန့်လိုက်ပြန်သောကြောင့် ၂ဆစ်ချိုးဖြစ်သွားသည့် နာမည်များကိုလည်း တွေ့ရသေးသည်။ 'ဒီဇယ်' , 'မိုလ်တဲကုန်းမယ်' တို့မှာ ၂ဆစ်ချိုးအမည်များ ဖြစ်သည်။

ဝတ္ထုတစ်ပုဒ်တွင် သပ်ရပ်သော စ-လယ်-ဆုံး ပါရမည်။-ဟု ဆိုကြသည်။ 'ပါချင်မှ ပါမှာပေါ့' ဆိုသော ဝတ္ထုဆရာများလည်း ရှိကြပါသည်။ ကျွန်တော်ကတော့ စ-လယ်-ဆုံး ပါမှပင် ကြိုက်မိပါသည်။ ထို့ကြောင့် ထင်လင်း၏ 'ထိုညေ့သည်'ဝတ္ထုကို ဖတ်ရသည်မှာ ထမင်းတစ်လုတ်လျှော့ပြီး စားရသကဲ့သို့ ရှိပါသည်။ အားမလိုအားမရ ဖြစ်မိပါသည်။

ထို့အပြင် 'ဘိုးဘိုးအောင်နှင့်တွေ့ခဲ့သော ကျွန်တော်' နှင့် 'ထမင်းလုံးတခွေ' တို့ကိုလည်း အားမရပါ။ ပေါ့ရွှတ်ရွှတ်နေသည်ဟု အောက်မေ့ပါသည်။

သို့သော် ကျွန်တော့်သူငယ်ချင်း စာရေးဆရာတစ်ယောက်က 'ထမင်းလုံးတခွေ'ကို ကောင်းလှပါချည်ရဲ့ ဟု ပြောသည်။ ကဲ-မခက်ဘူးလား။

ဤအမှာစာရေးနေစဉ်တစ်လျှောက်လုံးတွင် စစ်တက္ကသိုလ် ပထဝီဝင်ဌာနက ဆရာဦးသန်းဆွေကို မျက်စိထဲတွင် တကွက်ကွက်မြင်ယောင်နေသောကြောင့် ထည့်ပြီး ရေးလိုက်ရဦးမည်။ ကျွန်တော် စစ်တက္ကသိုလ်တွင် ၆ နှစ်လောက် နေခဲ့ဖူးသည်။ ဦးသန်းဆွေက ထင်လင်း၏ 'ခေါင်းပေါင်းကျားနှင့် မြင်းကျားရှင်' ကောင်းလှကြောင်းကို ကျွန်တော်ကိုချည်း ၆ ခါလောက် (ပျမ်းမျှ ၁ နှစ် ၁ ခါနှုန်း) တဟားဟား ရယ်မောပြီး ပြောခဲ့ဖူးသည်။ ဒါတောင် နောက်ပိုင်းတွင် ၁ကျွန်တော်က 'အင်း-ခင်ဗျား တစ်ခါက ပြောဖူးတယ်'၊ 'ခင်ဗျား အရင်က ပြောဖူးတယ်။'ဟု စကားဟန့်သောကြောင့် နောက်ပိုင်း အပြောလျော့သွားခြင်း ဖြစ်သည်။ သို့မဟုတ်လျှင် ပျမ်းမျှနှုန်း ၁ နှစ် ၃ ခါလောက် ရောက်သွားမည် ထင်သည်။

ဦးသန်းဆွေက ကျွန်တော့်ကို ပြောသလို စာဖတ်သူအချင်းချင်း ပြောကြသည့်ကိစ္စတွင် အားငယ်စရာ, အားတက်စရာ, အားနာစရာ ဘာမျှမရှိပါ။ ကိုယ်ကြိုက်ရာ ကိုယ်ပြောတမ်းပင် ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော်လည်း (ဦးသန်းဆွေလိုပင်) ပြောလိုက်ချင်ပါသေးသည်။ 'စောင်းကြိုးတင်းသည့် သီချင်းသံ'ကို ကျွန်တော် ကြိုက်ပါသည်။ ။

အောင်သင်း
၁၀-၁၀-၇၆

mgyoe.com

mgyoe.com

SAMPLE BOOK

## စာရေးသူ၏အမှာစာ

ကမ္ဘာကျော် ဝတ္ထုဆရာ ဆမ္မားဆက်မွမ်က

'ဝတ္ထု'ဟု လူတို့ သတ်မှတ်ထားကြသော အဖွဲ့မျိုးမှာ ပုံသဏ္ဍာန်အားဖြင့် အတိအကျမရှိ။ အနုပညာဖန်တီးမှုတစ်ရပ်အနေဖြင့် ကြည့်လျှင် အပြစ်အနာအဆာ ကင်းသည့်ဝတ္ထု၊ အားလုံး ကောင်းပြီး၊ ပြီးပြည့်စုံပြီဆိုသည့်ဝတ္ထု ဟူ၍ မရှိ။ ဝတ္ထုရေးခြင်းမှာ ပုံပြောခြင်းပင်ဖြစ်၍ ပုံပြောကောင်းလျှင် 'ဝတ္ထုကောင်း'ဟု ခေါ်နိုင်သည်မှအပ ဝတ္ထုအဖွဲ့တွင် ထူးခြားသောလက္ခဏာ ဟူ၍ မရှိ။ ဖတ်၍ကောင်းလျှင် ဝတ္ထုကောင်းဖြစ်ပြီး ဖတ်၍မကောင်းလျှင် ဝတ္ထုအနေဖြင့် တန်ဖိုး တစ်စုံတစ်ရာမရှိ။-ဟု ဆိုခဲ့သည်။

ဆရာကြီး ဦးရွှေဒေါင်းက

'ဝတ္ထုရှည်'ဆိုသည်မှာ လူ့သဘာဝကို အသေးစိတ်တင်ပြသည့်ဝတ္ထုမျိုး။-ဟု သူ၏ တစ်သက်တာ မှတ်တမ်း ပထမတွဲတွင် ဆိုထားသည်။

ထိုအဆိုသည် ပြည့်စုံသည် မထင်ပါ။ လူ့သဘာဝကို အသေးစိတ်တင်ပြသည့် ဝတ္ထုတိုင်းကို 'ဝတ္ထုရှည်'ဟု ခေါ်နိုင်မည် မဟုတ်ပါ။ 'အသေးစိတ်' ဆိုသည့်စကားကို 'ဖွင့်'ရန် လိုလိမ့်ဦးမည် ထင်ပါသည်။ အဖြစ်အပျက်အစဉ် အသေးစိတ်၊ အဖွဲ့အနွဲ့ အခြယ်အမှုန်း အသေးစိတ်၊ သဘောသဘာဝ အသေးစိတ်၊ မည်သည့်အသေးစိတ်မျိုးပါမှ ဝတ္ထုရှည် ဖြစ်မည်ဆိုသည်ကို ဆင်ခြင်ရဦးမည် ထင်ပါသည်။ ယေဘုယျသဘော ပြောရလျှင် အဖြစ်အပျက်အစဉ် အသေးစိတ်နှင့် အခြယ်အမှုန်း အသေးစိတ်တို့ကို ဝတ္ထုရှည်ဆိုသည့်အဖွဲ့မျိုး၌ အတွေ့ရများ၍၊ သဘောသဘာဝအသေးစိတ်ကိုမူ ဝတ္ထုတို ဆိုသည့်အဖွဲ့မျိုး၌လည်း အများအပြား တွေ့ရတတ်ပါသည်။ (ဖြစ်စဉ်အသေးစိတ်၊ အခြယ်အမှုန်းအသေးစိတ်များကိုလည်း ဝတ္ထုတိုတွင် မကြာခဏ တွေ့ရတတ်ပါသည်။)

ဝတ္ထုတိုကား ဖန်တီးယူထားသော အဖြစ်အပျက်အစဉ် တစ်မျိုးပင် ဖြစ်၍ အတိုအရှည် ပမာဏအလိုက် ၁၀ မိနစ်ခန့်မှ ၁ နာရီခန့်အတွင်း အပြီးဖတ်နိုင်သည့် ဝတ္ထုအဖွဲ့မျိုး။-ဟုလည်း ဖွင့်ဆိုကြသည်။

ထို့ပြင်လည်း 'ဝတ္ထုတို (Short Story) အဖွဲ့သည် ဝတ္ထုရှည် (Novel) အဖွဲ့နှင့်မတူ။ ဝတ္ထုတိုအဖွဲ့သည် အနုပညာဖန်တီးမှုတစ်ရပ်အနေဖြင့်ကြည့်လျှင် အပြစ်အနာအဆာ လွတ်ကင်းမှသာ ပီပီသသဖြစ်လာတတ်သည်။ ဝတ္ထုရှည်မှာ ဇာတ်လမ်းကောင်း၍ အရေးအသားညက်ညောလျှင် ဝတ္ထုကောင်းစာရင်း ဝင်သည်။-ဟု ဆိုနိုင်သော်လည်း ဝတ္ထုတိုမှာကား ထိုသို့မဟုတ် ဇာတ်လမ်းမည်မျှပင် ကောင်းကောင်း၊ အရေးအသား မည်မျှပင်ညက်ညောညက်ညော ဝတ္ထုတို (Short Story) ၏ အဓိကအင်္ဂါရပ်ဖြစ်သော 'အနုပညာဖန်တီးမှု သဘော' မပါရှိလျှင် အရသာမရှိဘဲ ပျက်လေတော့သည်။ ဝတ္ထုတိုကောင်းတစ်ပုဒ် ဖြစ်လာပြီဆိုလျှင်လည်း အရည်အသွေးကောင်းသည့် ကျောက်မျက်ရတနာသဖွယ် ဖြစ်လာကာ 'ယင်း၌ တစ်စုံတစ်ရာ ထုတ်ပယ်ခြင်း၊ ဖြည့်စွက်ပြင်ဆင်ခြင်းပြုရန် မဖြစ်နိုင်လောက်အောင်ပင် ပြီးပြည့်စုံနေတတ်ပေသည်။'ဟူ၍လည်း ဆိုခဲ့ကြလေသည်။

ဤစာအုပ်တွင် ဝတ္ထုအဖွဲ့သဘော စာအပုဒ် ၂၀ ပါဝင်ပါသည်။ ဝတ္ထုတိုလား၊ ဝတ္ထုရှည်လား ခွဲခြားသတ်မှတ်ရန်မှာ စာဖတ်သူတို့၏ သဘောအတိုင်းသာ ဖြစ်သင့်သည် ထင်ပါသည်။ ဤဝတ္ထုများကို ဖတ်ပြီး၊ အကဲဖြတ်ဝေဖန်ရာတွင် စာဖတ်သူအား အလုပ်ပို မပေးလို၍ တစ်ကြောင်း။ အကြောင်းရပ်ချင်း၊ အမျိုးအစားချင်း၊ ရေးသားတင်ပြပုံချင်း၊ နီးစပ်ရာ အစုအစုပြုပေးထားလျှင် ဖတ်ရသူများအဖို့ ပိုမိုအဆင်ပြေမည်။-ဟု ယုံကြည်၍ တစ်ကြောင်း။ ရေးသားသည့် ခုနှစ်သက္ကရာဇ်အတိုင်း စီစဉ်မထားဘဲ မည်သည့်ဝတ္ထုကို မည်သည့်နှစ်က မည်သည့်စာစောင်တွင် ရေးသားထည့်သွင်းခဲ့ကြောင်းနှင့် လိုအပ်သည်ထင်သည့် မှတ်ချက် အနည်းငယ်ကိုသာ ဖော်ပြလိုက်ပါသည်။

နှစ်သက်ကြလိမ့်မည်ဟု မျှော်လင့်ပါကြောင်း။

mgyoe.com

* 'စောင်းကြိုးတင်သည့် သီချင်းသံ ဝတ္ထုတိုများ'စာအုပ် ပထမအကြိမ် ရိုက်စဉ်က အမှာဖြစ်ပါသည်။

mgyoe.com

SAMPLE BOOK

## ဆရာဇော်ဂျီ၏စာ

ထင်လင်း၏ ဒီဖယ်ဝတ္ထုကို ဖတ်ခဲ့သည်မှာ မြဝတီမဂ္ဂဇင်းရစကပင် ဖြစ်သည်။ တော်တော် သဘောကျမိသည်။ အစ,အလယ်,အဆုံး-၃ ပါးစလုံး ကောင်း၍ အသေးစိတ်လည်း ချိုးမွမ်းဖွယ်ဖြစ်သည်။ ဤအကြောင်း ရေးပေးမည်။-ဟု ကတိပေးမိသဖြင့် အောက်ပါအတိုင်း မှတ်မိသမျှရေးပါသည်။

ဝတ္ထုသည် တိုပင်တိုသော်လည်း လူအစားစားတို့၏ သဘောအမျိုးမျိုးကို ထိကာတို့ကာ ပြသွားနိုင်သည့်အပြင် မိန်းမ၏သဘောတစ်ခုကိုလည်း ကျေနပ်လောက်အောင် ဖွဲ့ပြနိုင်သည်။-ဟု ထင်မြင်ပါသည်။ ဝတ္ထုတွင် ရန်ကုန်ဘူတာရုံလောကသည် နောက်ခံကား ဖြစ်သည်။ 'မမနု'ဆိုသော အမျိုးသမီးသည် ခေါင်းဆောင်မင်းသမီးဖြစ်သည်။ နောက်ခံကားတွင် ရဲဘော်, တရုတ်, ကုလားတို့ စုံပါသည်။ သူ့သဘောနှင့်သူ ထင်ရှားကြပါသည်။ ဆရာ(စကားပြောကြသည့်အခါ အမှတ်မထင်အခေါ်ခံရသော ဆရာမျိုးကို ဆိုလိုသည်။) သဘောအကျဆုံးမှာ ဘူတာရုံသို့ နောက်မှရောက်လာ၍ တောင်မေးမြောက်မေး မေးသောလူ ဖြစ်သည်။ ထင်လင်းက ပြန်ဖြေလိုက်ပုံနှင့် မမနု၏ အပြုံးတို့သည် ဟာသမြောက်ပါသည်။ ဘူတာရုံလောကကို ဆရာ ဤမျှလောက်ပင် ရေးလိုသည်။

မမနုအကြောင်းကား ပို၍နှစ်သက်ဖွယ် ကောင်းလှသည်။ ဝတ္ထုထဲက မမနု၏ အပြောအဆို လေယူလေသိမ်းနှင့်တကွ သူ့စေတနာတို့ကို ထောက်လျှင် မဂ္ဂဇင်းပါ 'သူ့ရုပ်ပုံ'ဟုထင်ရသော မိန်းမရုပ်ပုံ၏ မျက်နှာမျိုး ဟုတ်နိုင်မည် မထင်ပါ။ မချောဘူး, မလှဘူး ထားဦး၊ ပြေပြစ်သင့်သည်။-ဟု ထင်သည်။ ဆရာ၏ စိတ်ကူးယဉ်မှုဖြစ်နေလျှင်လည်း ဖြစ်နေရာသည် မသိသာချေ။ မမနုကို ဖွဲ့ရာတွင် ထင်လင်း လက်ရာမြောက်လှသည်။ မမနုသည် ချစ်ဖွယ်ကောင်းသည်။ ထင်လင်းချစ်သလို စာဖတ်သူတိုင်းလည်း ချစ်မည် မုချ။ သူ့ခမျာမှာ မိန်းမသားဖြစ်သဖြင့် အစောင့်အရှောက်လိုဟန် တူသည်။ ထို့ကြောင့် ကောင်ကလေး ၃ ယောက်ကို သူ ချော့ခေါ် အစောင့်ခိုင်းသည်။ ကောင်လေးများ၏အကြိုက်ကို လိုက်ပြောသည်။ ကောင်ကလေးတွေ သနားအောင်, စောင့်ရှောက်ချင်အောင် ပြုမူပြောဆိုသည်။ (ကောင်ကလေးတစ်ယောက်က 'နောက်ပိုးကလေး'ဟု ထင်မိသည်။) သို့ရာတွင် ချစ်စရာကောင်းသည်မှာ ကောင်ကလေးတွေကို သူ ပစ်မထား။ ကောင်ကလေးတွေကိုလည်း သူ သနားဟန်တူသည်။ သူ ချော့ခေါ်လာသဖြင့် ကောင်ကလေးတွေ လိုက်လာစောင့်ရှောက်ကြသည်ကို သူသိသည်။ သူ့ကိုယ်ရေးကြောင့်သာ ကောင်ကလေးတွေကို သူ ဒုက္ခပေးနေရသည်။-ဟုလည်း သူသိသည်။ ဤအသိကြောင့် ကောင်ကလေးတွေကို သူ ပစ်မထား။ သူကိုယ်တိုင် မအိပ်။ ကောင်ကလေးတွေ ပျော်အောင် သူ ကြံဖန်၍ စကားမရှိ စကားရှာ ပြောတတ်သည်။ ဤကြားတွင် ထင်လင်းက မမနု၏ ငါးပိကြော်ကို စားလိုက်ချင်သေးသည်။ ထင်လင်း၏ ချင်ခြင်းကြောင့် စာဖတ်သူပင် သူ့ငါးပိကြော်ကို ဘာမသိညာမသိ စားချင်သလိုလို ဖြစ်လာမိသည်။ ထင်လင်းသည် စာဖတ်သူကို ဤအထိ သူ့မမနုကို ကြိုက်လာအောင် ပြုတတ်သည်။ အထူးသဖြင့် ထင်လင်းနှင့် ထင်လင်း၏သူငယ်ချင်းတို့ အချီအချပြောကြပုံကို လည်းကောင်း၊ မမနှင့် သူ့ကောင်ကလေးတွေ စကားပြောကြပုံကို လည်းကောင်း မွေနှောက်ရောနှော၍ ထားသည်မှာ ချီးကျူးစရာ ဖြစ်သည်။

ချစ်စရာကောင်းသော မမနု၏ဇာတ်ကို အဆုံးသတ်ရာတွင် ဝမ်းနည်းစရာ ကောင်းသလိုလို အချက်တစ်ခု ပေါ်လာသည်။ မီးရထားထွက်သောအခါ ကောင်ကလေးတွေ၏ အစောင့်အရှောက်ကို မလိုတော့ပြီဖြစ်သဖြင့် ကောင်ကလေးတွေကို မမနုက ညတုန်းကလို ဂရုမပြုပုံ၊ ရန်ကုန်-မန္တလေး ခရီးတစ်လျှောက်အတွက် အစောင့်အရှောက်အသစ် လိုလာသဖြင့် လူသစ်ကို မျက်နှာချို သွေးသလိုလိုနှင့် အသိဖွဲ့ရပုံတို့ပင် ဖြစ်သည်။

* 'စောင်းကြိုးတင်းသည့် သီချင်းသံ ဝတ္ထုတိုများ'စာအုပ် ဒုတိယအကြိမ်ရိုက်စဉ်က ဆရာထင်လင်းက ပန်းရွှေပြည်စာအုပ်တိုက်သို့ ပေးသဖြင့် ဆရာဦးသိန်းဟန် (ဇော်ဂျီ)၏ပေးစာကို ထည့်ဖြစ်ခဲ့ပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

သို့ရာတွင် မမနု ကြင်နာတတ်ပုံ၊ ခင်မင်တတ်ပုံတို့က ထင်ရှားလျက်ပင်ဖြစ်သည်။ မိန်းမသားဖြစ်သဖြင့် အကာအကွယ်ကို အမြဲတောင့်တတတ်သောသဘောကို ထောက်လျှင် မမနုကို အပြစ်တင်သင့်သည်။-ဟု မထင်။ ထိုသဘောကို တင်ပြနိုင်သောဂုဏ်သည်ပင် ဤဝတ္ထု၏ဂုဏ်တစ်ခု ဖြစ်ပေသည်။ မမနုကဲ့သို့သော မိန်းကလေးမျိုး အများအပြားပင် ရှိတန်ရာသည်။ အထက်က 'ဝမ်းနည်းစရာ'ဟု ဆိုစဉ်က ထိုဝမ်းနည်းစရာသည် တစ်ခုခု၊ သို့မဟုတ် တစ်ဦးဦး နစ်နာဆုံးရှုံးသွားသောကြောင့် ဝမ်းနည်းရခြင်းမျိုး မဟုတ်ပါပေ။ အစောင့်အရှောက်လိုသဖြင့် ဘူတာရုံ၌ သွေးခဲ့ရသောမျက်နှာချိုသည် မီးရထားထွက်သောအခါ အစောင့်အရှောက်ပေးနိုင်မည့် လူသစ်ဆီသို့ ပြောင်းရွှေ့ရသော မမနု၏သဘောကြောင့် (ဝါ) အခြေအနေအရ အစောင့်အရှောက်မရှိလျှင် အကြောက်ကြောက်အရွံ့ရွံ့ သွားရလာရဖြစ်နေသေးသော မြန်မာအမျိုးသမီးတစ်ဦး၏သဘောကြောင့် ဝမ်းနည်းရခြင်းမျိုးဖြစ်သည်။ ဤဝတ္ထုတွင် မိန်းမတို့၏အားကို ကြောက်စရာ၊ ရွံ့စရာ၊ ရှုံ့စရာကောင်းအောင် မဟုတ်ဘဲ သနားစရာ၊ ချစ်စရာ၊ ချီးကျူးစရာကောင်းအောင် လိမ္မာစွာ အသုံးချတတ်သော မိန်းမတို့၏သဘောသဘာဝအဖွဲ့သည် နှစ်သက်ဖွယ်အကောင်းဆုံး ဖြစ်လေသည်။

သိန်းဟန်
(ဇော်ဂျီ)

သိန်းဟန်(ဦးသိန်းဟန်)သည် ဆရာဇော်ဂျီ၏ အမည်ရင်းဖြစ်သဖြင့် ပေးစာခေါင်းစီးကို 'ဆရာဇော်ဂျီ၏စာ'ဟု တပ်ထားခြင်းဖြစ်ပါသည်။ ။ ထုတ်ဝေသူ

mgyoe.com

mgyoe.com

## ဒဂုန်တာရာ၏အမှာ

ကျွန်တော်နှင့် ကိုထင်လင်း သိသည်မှာ အနှစ် ၄၀ ပင် ကျော်ပေပြီ။ သို့သော် သူနှင့် စသိသည်က လူချင်း မဟုတ်။ စာချင်းသာ ဖြစ်သည်။ သူနေရာ ရွှေဘို၊ကန့်ဘလူဘက်မှ ဝတ္ထုကလေး ပို့လိုက်ခြင်း ဖြစ်သည်။ ကလောင်အမည်က 'သိန်း(အညာ)'၊ အင်္ဂလိပ်အစိုးရလက်ထက် ရုံးဌာနအတွေ့အကြုံတစ်ရပ်ကို အခြေခံလျက် ဖွဲ့နွဲ့ထားသော ဝတ္ထုတစ်ပုဒ် ဖြစ်သည်။

နောက် ၁နှစ်–၂နှစ်ခန့်ကြာမှ ထင်သည်။ သူ၏ကလောင်အမည်ကို 'ထင်လင်း'ဟု ပြောင်းလိုက်သည်။ သူ၏ဝတ္ထုတိုနှင့်အတူ မိတ်ဆက်စာတစ်ခု ပါလာသည်။ ကျွန်တော်၏ ကျောင်းနေဖက်မိတ်ဆွေ ကိုတင်ထွတ်ထံမှ မိတ်ဆက်စာ ဖြစ်သည်။ ကိုတင်ထွတ်က အင်္ဂလိပ်စာဖတ်သမားဖြစ်၍ ကျွန်တော့်ထံသို့ အင်္ဂလိပ်လို ရေးထားသည်။

ကိုတင်ထွတ်က ကျွန်တော်ထက် ၆နှစ်– ၇နှစ်ခန့် ကြီးမည်ထင်သည်။ ကျွန်တော်တို့ ကျောင်းရောက်တော့ သူက ဝိဇ္ဇာတန်း နောက်ဆုံးနှစ် တက်နေပေပြီ။ လွတ်လပ်ရေးမရခင်ကလေးကပင် သူသည် မြို့အုပ်အဖြစ် အလုပ်လုပ်နေသည်။ ကိုထင်လင်းက သူလုပ်သောရုံးတွင် အမှုထမ်းသူ ဖြစ်သည်။ ထို့ကြောင့် သူတို့ ရင်းနှီးကြသည်။ စာပေသမားချင်းမို့ ရင်းနှီးခြင်း ဖြစ်မည်။ ကျွန်တော်နှင့် အသက်တူအရွယ်တူ။ ကျွန်တော်က အယ်ဒီတာပေါက်စ၊ သူက စာရေးဆရာပေါက်စ။

ကျွန်တော်က ကိုထင်လင်း၏ ဝတ္ထုတိုကလေးကို တာရာမဂ္ဂဇင်းတွင် ထည့်လိုက်သည်။ သူ့ဝတ္ထုတိုကို ကြိုက်သောကြောင့် ထည့်ခြင်း ဖြစ်သည်။ မိတ်ဆွေ ကိုတင်ထွတ်၏မိတ်ဆက်စာကြောင့် မဟုတ်။ ကျွန်တော် ကြိုက်လျှင် ထည့်သည်။ မကြိုက်လျှင် မထည့်။ ကျွန်တော် ထည့်သွင်းလိုက်သည်မှာ အကြောင်းရှိသည်။

သူ့တွင် အဖြစ်အပျက်တစ်ရပ်ကို သရုပ်ပေါ်အောင်ဖွဲ့နွဲ့သော စာပေအနုပညာ ရှိသည်။–ဟု ထင်သည်။ သူသည် ဘဝအတွေ့အကြုံ ရှိဟန်တူသူ ဖြစ်သည်။ 'ဘဝအတွေ့အကြုံ'ဆိုသည်မှာ အခြားမဟုတ်။ မိမိနေထိုင်ရာ ပတ်ဝန်းကျင်ရှိ လူများ၊ လူအချင်းချင်း ဆက်ဆံမှုများ၊ အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်များ ပါဝင်သော အဖြစ်အပျက်တို့ကို ဆိုလိုခြင်းဖြစ်သည်။ သူသည် လူ့သဘာဝကို ဖွဲ့သည်။ လူများနေထိုင်ရာ ပတ်ဝန်းကျင်ကို ဖွဲ့သည်။ ယင်း လူ့သဘာဝ၊ ဒေသ နောက်ခံကားများကို ဖွဲ့သည်။ ထို့ကြောင့်ပင်လျှင် ကျွန်တော်က 'သူသည် မိမိအတွေ့အကြုံကို ဖွဲ့နွဲ့နိုင်သည်။'ဟု အကဲဖြတ်ခြင်း ဖြစ်သည်။–ဟု ကျွန်တော်၏ စာပေအတွေ့အကြုံအရ ပြောနိုင်သည်။

ထို့ကြောင့် ကျွန်တော်က သိန်း(အညာ)၏ဝတ္ထုကို ကြိုက်သည်။–ဟု ဆိုလိုက်ခြင်း ဖြစ်သည်။

သူသည် 'ထင်လင်း'အမည်ဖြင့် ဝတ္ထုများ ရေးသားနေသည်ကို တွေ့ရသည်။ သူရေးသော ဝတ္ထုများမှာ သူ ပထမဆုံးရေးသော ဝတ္ထုတို၏ သရုပ်ဖော်စာပေသဘောဖြင့် ဖွဲ့နွဲ့ရေးသားသည်ကို တွေ့ရသည်။ လွတ်လပ်ရေး မရခင်နှင့် လွတ်လပ်ရေးရပြီးစ ကာလလောက်တွင် 'သရုပ်ဖော်စာပေ'ဟူသောဝေါဟာရဖြင့် သရုပ်ဖော်စာပေ အကြောင်းကို ရေးဖြစ်ခဲ့သည်။

လူ့ဘဝ၏အကြောင်းကို အရင်းခံအတိုင်း၊ ကြုံတွေ့ခံစားရသည့်အတိုင်း၊ အရှိအတိုင်း စိတ်ကူး အကွန့်အညွန့် သိပ်မစွက်ဘဲ ရေးသားဖွဲ့နွဲ့သည့်စာပေကို 'ဘဝသရုပ်ဖော်စာပေ'ဟု အဓိပ္ပာယ် ဖွင့်ဆိုခဲ့သည်။ လွတ်လပ်ရေးရစ ထိုအခါကာလက နိုင်ငံရေးရာအတွေးအခေါ်များလည်း ထက်သန်လှုပ်ရှားလျက်ရှိရာ၊ သရုပ်ဖော် စာပေ၊ ဆင်းရဲသားသရုပ်ဖော်စာပေ၊ ဝေဖန်မှုသရုပ်ဖော်စာပေ၊ ဆိုရှယ်လစ်သရုပ်ဖော်စာပေ–ယင်းသို့ ခေါ်ဝေါ် သည်မှာ အခြားကြောင့် မဟုတ်။

* 'လယ်တောကအပြန်နှင့် လက်ရွေးစင်ဝတ္ထုတိုများ'စာအုပ် ပထမအကြိမ်ရိုက်စဉ်က အမှာဖြစ်ပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

လူ့အကြောင်း ဖော်ပြသောစာပေတွင် လူတန်းစားအမျိုးမျိုး ရှိသည့်အနက် ဓနရှင်လူတန်းစား, ဆင်းရဲသားလူတန်းစား စသည့်အလွှာများကို မိမိတို့ စိတ်ဝင်စားရာ, မိမိတို့ သိရှိခံစားရာ ဖော်ပြကြသည်ကို ခွဲခြားသတ်မှတ်၍ ခေါ်ဝေါ်လိုက်သည်။ နည်းနာကတော့ အတူတူပင် ဖြစ်သည်။ သရုပ်ဖော်နည်းနာ။

ထိုထင်လင်းသည် သရုပ်ဖော်ရေးရာတွင် သရုပ်ဖော်နည်းနာကို သုံးသူဖြစ်သည်။

သူ၏ ဒီဇယ်အမြန်*ဝတ္ထုတိုကလေးကို သတိပြုမိခဲ့သည်။ ထိုအခါ 'ဒီဇယ်အမြန်ရထား' ပေါ်စခေတ် ဖြစ်သည်။ ဘူတာရုံကြီး၏ မြင်ကွင်းကို ဖွဲ့နွဲ့ထားသည်။ ဘူတာရုံကြီးတွင် အမြန်ရထားလိုက်မည့် ခရီးသည်များ လှုပ်လှုပ်ရွရွဖြစ်နေပုံကို သရုပ်ဖော်ထားသည်။

'အမြန်ရထား' ဟုဆိုသည့်အတိုင်း 'အမြန်' ဟူသော ဝိသေသပေါ်အောင် ထိုခရီးသည်များ၏ လှုပ်လှုပ်ရွရွ မြန်မြန်ဆန်ဆန် ဒရောသောပါး ကသုတ်ကရက်ပုံ ပေါ်အောင်ဖော်ထားသည်။ သူ၏ အာရုံခံစားမှုက သူ့မြင်ကွင်းရှိ အရာဝတ္ထု, အသံပလံအားလုံးကို အလွတ်မပေး။ သူ တွေ့သည်၊ ကြားသည်။ အမှတ်တမဲ့ ကျော်လွန်သွားသည် မရှိ။

ယင်းအဖွဲ့အနွဲ့၊ ယင်းသရုပ်ဖော်အဖွဲ့အနွဲ့ကို ကောင်းစွာသုံးတတ်သူဖြစ်သဖြင့် ကိုထင်လင်း၏ဝတ္ထု များသည် သရုပ်ဖော်အဖွဲ့အနွဲ့အမျိုးမျိုးအထွေထွေကို ရေးနိုင်သည်။-ဟု ထင်မိပေသည်။ ။

ဒဂုန်တာရာ

* မူရင်းဝတ္ထုတွင် 'ဒီဇယ်' ဟုသာ ဖော်ပြထားပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

## မြသန်းတင့်၏အမှာ

ထင်လင်းနှင့် မတွေ့ရသည်မှာ တော်တော်ကြာသွားပြီ။

လွန်ခဲ့သည့် မေလတုန်းကတော့ သူ၏ ၇၅ နှစ်မြောက်မွေးနေ့သို့ ကျွန်တော် ရောက်သွားသည်။ ပို၍ ဆံပင်တွေ ဖြူလာသော၊ ပို၍ ဗိုက်ထွက်လာသော၊ ပို၍ စကားပြောလာသော၊ ပို၍ ဇရာ၏ဆည်းဆာ မှုန်ပြာရောင်သမ်းလာသော 'ထင်လင်း'ကို တွေ့ရ၏။

သူ့မွေးနေ့ပရိသတ်တွေထဲတွင် သူနှင့်အတူ အလုပ်လုပ်ခဲ့သည့် စာပေဗိမာန်မှ လုပ်ဖော်ကိုင်ဖက်များ၊ ပညာရေးလောကမှ လုပ်ဖော်ကိုင်ဖက်များ၊ သူနှင့် ကျောင်းနေဖက် အရာရှိအရာခံများ၊ သူနှင့် တစ်မြို့တည်းသား သူငယ်ချင်းမိတ်ဆွေများကိုသာ တွေ့ရသည်။

ကျွန်တော်က တံခါးဝတွင် မတ်တတ်ရပ်ပြီး ပရိသတ်ကို အကဲခတ်နေစဉ် ထင်လင်းက 'လာ လာ'ဟု ဆိုကာ သူ့အိပ်သည့် အိပ်ခန်းထဲသို့ ခေါ်သွားသည်။ သူ့အိပ်ခန်းထဲတွင် ကျွန်တော်ထက် အရင်ရောက်နေသူတစ်ဦးနှင့်အတူ ကျွန်တော့်ကို စားသောက်ဖွယ်တို့ တည်ခင်းကျွေးမွေးသည်။ အပြင်တွင် ကြောင်နေမည်စိုးသဖြင့် အိပ်ခန်းထဲသို့ သပ်သပ်ခေါ်၍ ဧည့်ခံသည်။-ဟု ကျွန်တော် နားလည်လိုက်သည်။

ကျွန်တော် သူ့အိမ်ရောက်လျှင် သည်အိပ်ခန်းကလေးထဲမှာပင် ထိုင်၍ စကားပြောနေကျ။ ထို့ကြောင့် အေးအေးဆေးဆေး လွတ်လွတ်လပ်လပ် စကားပြောချင်သောကြောင့်လည်း ဖြစ်ချင်ဖြစ်မည်။

သူ့အခန်းနံရံက စာအုပ်စင်တွင် စာအုပ်တွေကို သပ်သပ်ရပ်ရပ် စီထားသည်။ နောက်ဆုံးထုတ် စံပြအင်္ဂလိပ်အဘိဓာန်အမျိုးမျိုး၊ သာသနာရေးဦးစီးဌာနမှထုတ်သည့် ပိဋကတ်မြန်မာပြန်များ၊ လန်ဒန်ပါဠိကျမ်းစာ အသင်းမှ အင်္ဂလိပ်ဘာသာဖြင့်ထုတ်ဝေသည့် ပိဋကတ်ကျမ်းစာအုပ်များ၊ ဘာသာဗေဒနှင့်ပတ်သက်သည့် စာအုပ်များ၊ ပညာရေးသဘောတရားများနှင့် ပတ်သက်သည့်စာအုပ်များ၊ မြန်မာလိုရေးထားသော ဘာသာရေး စာအုပ်များကို တော်တော်များများ တွေ့ရသည်။ 'ဝတ္ထုစာအုပ်' ဆို၍ သိပ်မရှိ။

စားပွဲပေါ်က နို့နှစ်ရောင် တရုတ်ကြွေအိုးကလေးထဲတွင် ဘောပင်များ၊ ဖောင်တိန်များ၊ ခဲတံများ ထိုးစိုက်လျက်၊ သူ့ဘေးတွင် ရေယွန်ဆေးဘူး ၃-၄ ဘူး လုပစွာစီလျက်၊ အနီးတွင် ရှိုင်ရယ်လျှပ်စစ်အင်္ဂလိပ် လက်နှိပ်စက်သေးတစ်လုံး။ စားပွဲနှင့်မလှမ်းမကမ်းတွင် ပန်းချီဆွဲသည့် ဒေါက်ခုံတစ်ခုံ၊ ပန်းချီကားတစ်ကားကို တင်လျက်သား တွေ့ရသည်။ ရွှေကြက်ယက်ဘုရားကို တောင်ဘက်မှမြင်ရသည့် ရှုခင်းပုံ ဖြစ်သည်။ အရှေ့ဘက် ကောင်းကင်တွင် ပန်းနုရောင် လွှဲလွှဲပြေးနေသည်။ တောရိပ်ပေါ်တွင် အစိမ်းရင့်၊ မရမ်းရင့် စွန်းကွက်နေသည်။ ရေစပ်တွင် လှေငယ်တစ်စင်းဆိုက်လျက် ညိုမောင်းသောသောင်ပြင်ပေါ်တွင် ဝါဝါအစက်ကလေး ၃-၄ စက်၊ ဆွမ်းခံကြွလာသော ရဟန်းတော် ၃-၄ပါး၏ အဝေးကြည့်မြင်ကွင်း ဖြစ်သည်။ တစ်နေရာတွင် လှည်းကလေး တစ်စီးနှင့် ဖြူဖြူအစက်ကလေး ၂စက်-၃စက်။ ရေဆိပ်သို့ဆင်းလာကြသော ရေခပ်ဆင်းသူအချို့၏ အဝေး သဏ္ဌာန်။

လွန်ခဲ့သော ၁၀ နှစ်ကျော်လောက်က တိုင်းမဂ္ဂဇင်းမှ နာမည်ကျော်ဓာတ်ပုံဆရာ ရိုက်သွားသော ဓာတ်ပုံကို ကူးယူရေးဆွဲပြီး ကျွန်တော့်ကိုပေးထားသောကား ဖြစ်သည်။ ဖုန်တွေ၊ မှိုတွေတက်နေသဖြင့် 'ပြန်ပြင်ပေးမည်'ဆိုကာ တလောက ကျွန်တော့်ဆီမှ ပြန်အယူခိုင်းခြင်း ဖြစ်သည်။ နံရံခြေရင်းတွင် ဆွဲပြီးသား ဆီဆေး ၃-၄ကားကိုလည်း တွေ့ရ၏။ သူ့ခုတင်ပေါ်က ခေါင်းအုံးဘေးတွင် စိတ်လက်စပုတီးတစ်ကုံး ပြေလျော့ လဲလျောင်းလျက်။

အခန်းထောင့်တစ်နေရာ စားပွဲကလေးပေါ်တွင် အသုံးအဆောင်ပစ္စည်းကလေးတွေ ထည့်ထားသော သေတ္တာကလေးတစ်လုံး ရှိသည်။ ထိုသေတ္တာကလေးထဲတွင် သူသုံးနေကျပစ္စည်းတွေ အပြည့်အစုံရှိသည်။ မောင်းချဓား၊ ဘူးဖောက်တံ၊ ခဲတံချွန်စက်၊ နားဖာကလော်၊ သွားကြားထိုးတံ၊ လက်သည်းညှပ်၊ စက္ကူဖြီသည့် ဖန်တုံးလုလု၊ ဆိုက်စကွဲယားကွန်ပါ၊ အပ်နှင့်အပ်ချည်လုံး၊ မီးခြစ်ဘူး၊ ဖယောင်းတိုင်ထုပ်၊ သော့ကြိုးလုလု

* 'ချစ်သူရင်ခွင်ထက်၌ အိပ်စက်ခြင်း'အမည်ဖြင့် မဂ္ဂဇင်းဝတ္ထုရှည် ၅ ပုဒ်ကို ၁၉၉၅ ခုတွင် ယွန်းရွှေအိမ်စာပေက ပထမအကြိမ် ထုတ်ဝေစဉ်က အမှာဖြစ်သည်။ ဒုတိယအကြိမ်ကို ပန်းရွှေပြည်စာအုပ်တိုက်က ထုတ်ဝေသည်။

mgyoe.com

ကလေးများ၊ ကတ်ကြေးအရွယ်မျိုးစုံ၊ ဖိုင်ဖောက်စက်၊ မက်စ် စာအုပ်ချုပ်စက်၊ ဆယ်လိုတိပ်၊ အခြားတိုလီမိုလီ အသုံးအဆောင်ပစ္စည်းလေးတွေ၊ ပြီးတော့ ရေနွေးဘူး၊ ကွေကာအုပ်ပုလင်း၊ ဆေးပုလင်းအချို့။

စားပွဲအောက်တွင် ကျွန်းသား သေတ္တာကလေးတစ်လုံး ရှိသေးသည်။ သေတ္တာကို ဖွင့်ကြည့်လိုက်လျှင် ခပ်သင့်သင့်အရွယ် လက်ထိုးလွ ၃-၄လက်၊ ရွှေဘော်၊ ဆောက်ပြား၊ ပေကြိုး၊ ကျားလျှာ၊ ကော်ပတ်လိပ်၊ သံမှိုထုပ်၊ တူ ၂လက်-၃လက်၊ လွန်ပူ၊ သဘော်ဆေးဘူးများနှင့် စုတ်တံအချို့ စသည့် အိမ်သုံးလက်သမား ပစ္စည်းများ ဖြစ်သည်။ ကဲ-ဘာလိုသေးသလဲ။ အစားအစာ၊ အနုပညာပစ္စည်း၊ ပညာနှင့် ဘာဝနာ၊ ဆောက်လုပ်ရေးကိရိယာများ၊ ဘဝတည်တံ့ရေးအတွက် လိုအပ်သော အခြေခံပစ္စည်းများ သူ့အခန်းကလေးထဲတွင် အတော်အတန် ရှိနေသည်။

"အခန်းကလေးထဲမှာ ပစ္စည်းတွေ စုံလှချည်လား။ လက်သမားကိရိယာရော၊ စာအုပ်ရော၊ ပန်းချီကားရော၊ အခန်းကလေးတစ်ခန်းထဲမှာ ပြည့်စုံတဲ့ ဘုံကလေးတစ်ခု ဖန်တီးထားတာလား။"

"မဟုတ်ပါဘူးဗျာ။ ဒါပေမယ့် နေ့လယ်နေ့ခင်းကျတော့ အိမ်မှာ ဘယ်သူမှ မရှိဘူးဗျ။ မြေးတွေ အလုပ်သွားတာနှင့်၊ ကျောင်းသွားတာနှင့်၊ အဘိုးကြီး-အဘွားကြီး ၂ ယောက်တည်းပဲ ရှိတာ။ ဒါကြောင့် လိုတဲ့ပစ္စည်းကလေးတွေ မှန်သမျှကို လက်တစ်ကမ်းမှာပဲ ထားတယ်။ ဘယ်သူ့ကိုမှ အားမကိုးရတော့ဘူးပေါ့။"ဟု သူက ပြောသည်။

ကျွန်တော်သည် သူ့စကားကိုကြားတော့ အမေရိကန် သဘာဝတ္တဗေဒပညာရှင်နှင့် စာရေးဆရာ ဟင်နရီဒေးဗစ်သောရိုး၏ 'ဝေါလ်ဒင်'ကို သွား၍အမှတ်ရသည်။

ယနေ့ခေတ်သည် တိုင်းပြည်တစ်ပြည်၏ တိုးတက်မှုနှုန်းထားကို စီးပွားရေးထုတ်လုပ်မှုနှုန်းထားဖြင့် တိုင်းထွာသောခေတ် ဖြစ်သည်။ ပစ္စည်းအပိုအလျှံတွေ ဘယ်လောက်ရှိသလဲ ဆိုသည့်စနစ်ဖြင့် တိုင်းထွာလာသော ခေတ် ဖြစ်သည်။ သောရိုးသည် ထိုခေတ်ကြီးနှင့်ဝေးရာ တောထဲက ဝေါလ်ဒင် စမ်းရေအိုင်ကလေးဘေးတွင် သူ့ဘာသာသူ အိမ်ဆောက်၊ သူကိုယ်တိုင်လုပ်အားဖြင့် အသက်ရှည်တည်တံ့အောင်ကြိုးစားပြီး တစ်ယောက်တည်း သွားနေခဲ့သည်။ ထိုနည်းဖြင့် စိတ်၏ငြိမ်းချမ်းမှုကို ရှာခဲ့သူဖြစ်သည်။ သူ့အိမ်ကလေးထဲတွင် လူတစ်ယောက် အသက်ရှင်ဖို့ လိုအပ်သည့် အခြေခံပစ္စည်းတွေကို စုဆောင်းပြီး ထိုပစ္စည်းကလေးများဖြင့် ဖြစ်အောင်နေသွားသည်။

ကျွန်တော်သည် ထင်လင်း၏အခန်းကလေးကို ကြည့်၍ 'ဝေါလ်ဒင် စမ်းရေအိုင်'ကို သတိရနေသည်။ သူသည် တစ်ခါတစ်ရံ စာရေးပြီး၊ တစ်ခါတစ်ရံ ပန်းချီဆွဲသည်။ တစ်ခါတစ်ရံတွင်လည်း ကိုယ်တိုင်သုံးဖို့ ပစ္စည်းကလေးများထုတ်ရန် လက်သမားလုပ်သည်။ ပန်းချီကားများအတွက် ကျွန်းပေါင်များကို အကြမ်းဝယ်ပြီး အိမ်တွင် သူ့ဘာသာသူ အချောသတ်သည်။ သူ လက်နှိပ်စက်ရိုက်သည့် စားပွဲအနေအထားကို သူကိုယ်တိုင် ပုံစံထုတ်သည်။

သူသည် နေရာတကာတွင် စေ့စပ်သေချာချင်သူ ဖြစ်သည်။ ယခုမှ မဟုတ်။ ကျွန်တော်တို့နှင့် သိကျွမ်းစကတည်းက ထိုအတိုင်းပင်။ အသက်ကြီးလာတော့ နည်းနည်းပို၍ တိကျသေချာချင်လာဟန် တူသည်။ ဇရာသည် ငယ်စဉ်က ဖရိုဖရဲ တစ်စစီပြန့်ကြဲနေသော ဝါသနာများ၊ စရိုက်များကို စုစည်းပြီး ခိုင်မာအောင် အတည်ပြုပေးတတ်သလော မပြောတတ်။ ထင်လင်းသည် အရင်ကထက် ပိုတိကျပြီး၊ ပို၍စေ့စပ်လာသည်။-ဟု ထင်သည်။

သူ့အခန်းကလေးတွင် စာဖတ်စရာတွေ ရှိသည်။ စာရေးစရာပစ္စည်းတွေ ရှိသည်။ ပန်းချီဆွဲစရာ ပစ္စည်းတွေ ရှိသည်။ လက်သမားလုပ်ဖို့ လက်နက်ကိရိယာတွေ ရှိသည်။ သူ့အခန်းကလေးသည် သူ့လိုအင်များ အတွက် ပြည့်စုံကုံလုံသော ကမ္ဘာကလေးတစ်ခုလို ဖြစ်နေသည်။

သူ့အလုပ်နှင့်သူ မအားလပ်သဖြင့် အပြင်သို့ သိပ်ထွက်ဖြစ်ဟန် မတူ။ သူ့အိမ်သို့ကား မကြာခဏ ဖိတ်တတ်သည်။ မနှစ်က သူ့မွေးနေ့ကို ဖိတ်သည့်အခါတွင် ကျွန်တော် မသွားဖြစ်။

"ကိုသိန်းမောင်က ခင်ဗျားမလာလို့ မျှော်နေတယ်။ လူနည်းနည်းပဲ ဖိတ်တာဗျာ။ 'ဒီလူ ဘာဖြစ်လို့ မလာသလဲ မသိဘူး။'လို့ ပြောနေတယ်။"ဟု မနှစ်တုန်းက သူ့မွေးနေ့ဆွမ်းကျွေးကိုရောက်ခဲ့သည့် မိတ်ဆွေ တစ်ယောက်က ပြောသဖြင့် ကျွန်တော် စိတ်မကောင်းဖြစ်သွားသည်။

mgyoe.com

mgyoe.com SAMPLE BOOK

သည်နှစ် မွေးနေ့ဆွမ်းကျွေးကိုတော့ ကျွန်တော် ရောက်သွားခဲ့သည်။ သူ့ဥခွံကလေးထဲသို့ ကျွန်တော် ပြန်ရောက်သွားသည်။

သည်အခန်းကလေးထဲကို အခုမှ ကျွန်တော်ရောက်ဖူးသည် မဟုတ်။ လွန်ခဲ့သော နှစ်ပေါင်း ၃၀ ကျော် ၄၀ လောက်ကတည်းက ကျွန်တော် မကြာခဏရောက်ခဲ့ဖူးသည်။ ထိုစဉ်က သူ့အိမ်တွင် စာပေလောကနှင့် နီးစပ်သူတွေ အလာများကြသည်။ စာရေးဆရာတွေတော့ မဟုတ်။ တချို့က ဝတ္ထုတိုကလေးတွေ, ကဗျာကလေးတွေ ရေးကြသည်။ တချို့က စာပေဝါသနာ ပါကြသည်။ တချို့က ဂါဒီယန်းမဂ္ဂဇင်းစသည့် အင်္ဂလိပ်ဘာသာဖြင့် ထုတ်သည့်စာစောင်များတွင် အင်္ဂလိပ်လို ရေးကြသည်။ ကသာညွန့်ဝေ, မောင်တင်မြ, စိတီအို, ကိုချစ်မြိုင်, ကိုအုန်းခင်, ဦးငွေအောင် စသူတို့ကို တွေ့ရတတ်သည်။

သူတို့အထဲတွင် အင်္ဂလိပ်ဘာသာဖြင့်ရေးသူလည်း ပါသည်။ ကဗျာရေးသူလည်း ပါသည်။ ဝတ္ထုတို ရေးသူလည်း ပါသည်။ ဆောင်းပါးရေးသူလည်း ပါသည်။ ကသာညွန့်ဝေသည် အိမ်ထောင်မကျခင် ဆရာဝန် ပေါက်စတုန်းက သည်အခန်းကလေးထဲမှာပင် ကဗျာတွေ စပ်သွားသည်။ မောင်တင်မြလည်း ရှုရှားမသွားခင် ဝတ္ထုတိုကလေးကို သူ့အိမ်မှာပင် ရေးသွားသည်။ စိတီအိုက ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာဌာနတွင် နည်းပြဆရာလုပ်ရင်း ကဗျာကလေး, ဆောင်းပါးကလေး အင်္ဂလိပ်လိုရေးသည်။ ကိုချစ်မြိုင်ကတော့ စာမရေး။ သို့ရာတွင် သူက စာဖတ်ပြီး ဝေဖန်တတ်သည်။ ငြင်းတတ်သည်။ သတင်းစာမှာ ဆောင်းပါးတွေ, ပန်းချီဝေဖန်ရေးတွေ ရေးသည်။ ကိုအုန်းခင်မှာ ထင်လင်းအိမ် ရောက်လာလျှင် အင်္ဂလိပ်ကဗျာတွေကို ရွတ်တတ်သည်။ ထိုစဉ်က သူသည် မန္တလေးတက္ကသိုလ်တွင် အင်္ဂလိပ်စာပါမောက္ခ မဖြစ်သေး။ ရန်ကုန်မှာပင် ရှိသေးသည်။ ဦးငွေအောင်ကတော့ ဗုဒ္ဓဝါဒကို သိပ္ပံနည်းနာများဖြင့် အဓိပ္ပာယ်ဖွင့်ပြတတ်သည်။

သူတို့အားလုံးမှာ လခစားတွေချည်း ဖြစ်သည်။ 'လခစား မဟုတ်သူ, စာရေးခြင်းဖြင့် အသက်မွေးသူ' ဆို၍ ကျွန်တော်တစ်ယောက်သာ ရှိသည်။ သူတို့သည် စာပေလောကနှင့် သိပ်ဝေးကြသူများ မဟုတ်။ ကိုယ့်နည်းနှင့်ကိုယ် နည်းနည်းပါးပါး ထိတွေ့နေကြသူများ ဖြစ်သည်။ သို့ရာတွင် စာပေလောကအဝန်းအဝိုင်းထဲသို့ကား ရောက်မလာခဲ့ကြ။ စာပေလောကနှင့် ခပ်လှမ်းလှမ်းမှာသာ နေကြသည်။ ယင်းမှာ ကိုယ့်အကြောင်းနှင့်ကိုယ် ရှိကြပေလိမ့်မည်။

သူတို့အထဲတွင် ထင်လင်းမှာ စာပေလောကနှင့် အနီးဆုံးဖြစ်သည်။ မနီး၍လည်း မဖြစ်။ သူသည် စစ်ပြီးခေတ် စာပေမြစ်ဖျားကတည်းက ပါလာခဲ့သူ။ တာရာမဂ္ဂဇင်းမှာ 'သိန်း(အညာ)' ကလောင်အမည်ဖြင့် သူ ဝတ္ထုတိုကလေးရေးခဲ့စဉ်က ကျွန်တော့်စာများသည် စာမျက်နှာပေါ်သို့ပင် မရောက်သေး။ ထိုစဉ်က တာရာမဂ္ဂဇင်းစာမျက်နှာများမှာ ဒီရေ, ဗေဒါပန်း, ဇလတ်သီး, ဖျိုက်တော, လမုတန်း, ကျူပင် စသည့် မြစ်ဝကျွန်းပေါ်က ကျေးလက်ရှုခင်းတွေ, ကျေးလက်ရနံ့တွေ ထုံးမွှမ်းနေသည်။ ထိုအထဲတွင် 'သိန်း(အညာ)' ၏ 'နယ်ပိုင့်ဦးထုပ်', 'ဗိုလ်တဲကုန်းမယ်' စသည့် ဝတ္ထုတိုကလေးများမှာ အညာရနံ့ သင်းနေသဖြင့် ကျွန်တော် ချက်ချင်း သတိထားမိသွားခြင်း ဖြစ်သည်။ သူရေးသော ဗိုလ်တဲကုန်းသည် ကျွန်တော့်မြို့ကလေးက ဗိုလ်တဲကုန်းနှင့် တူနေသဖြင့် သတိထားမိသွားခြင်း ဖြစ်သည်။ နောက်တော့ သူသည် 'ဆုဝေ' ကလောင်အမည်ဖြင့်လည်း တာရာမဂ္ဂဇင်းထဲတွင် ရေးသည်။ 'ဆုဝေ' ကလောင်အမည်ဖြင့်ရေးသည့် ဝတ္ထုတိုကလေးတစ်ပုဒ်ကို ကျွန်တော် မှတ်မိနေသေးသည်။ ရာဇဝတ်မှုဖြင့် ထောင်ကျပြီး ထောင်မှလွတ်လာသည့် ကျေးရွာသားတစ်ယောက် ကောင်းကောင်းမွန်မွန်လုပ်ကိုင်စားရန် ဆုံးဖြတ်သည်။ သို့ရာတွင် ပုလိပ်က သူ့ကို မကြာခဏ လာရောက်နှောင့်ယှက်သဖြင့် တောရိပ်ခိုသူတစ်ဦးဖြစ်သွားရပုံ ဖြစ်သည်။ ထိုအဖြစ်မျိုး ကျွန်တော်တို့ဆီတွင်လည်း ရှိသည်။ ထို့ကြောင့် ဝတ္ထုတိုကလေးကို ကျွန်တော် အမှတ်တရဖြစ်နေသည်။

အစတုန်းကတော့ 'ဆုဝေ' နှင့် သိန်း(အညာ)တို့သည် တစ်ယောက်တည်း ဖြစ်မှန်း မသိ။ စာပေနယ်ထဲ ရောက်လာပြီး ထင်လင်းနှင့် ရင်းနှီးသွားတော့မှ သိလာရခြင်းဖြစ်သည်။

ပထမတော့ တက္ကသိုလ်ကျောင်းမှာ သိကြသည်။ သူသည် ထိုစဉ်၌ကတည်းက အိမ်ထောင်ကျနေပြီ။ နယ်တွင် အလုပ်လုပ်ရာမှ ရန်ကုန်ရောက်လာပြီး တက္ကသိုလ်ကို ပြန်တက်ခြင်းဖြစ်သည်။ စာပေဗိမာန်မှာ သူ

mgyoe.com

mgyoe.com SAMPLE BOOK

အလုပ်လုပ်သည်။ နောက် ရန်ကုန်တက္ကသိုလ်၊ အင်္ဂလိပ်စာဌာနတွင် အလုပ်လုပ်သည်။ ပါမောက္ခ ဆရာဦးမျိုးမင်း က သူ့ဌာနတွင် စာပေကိုစိတ်ဝင်စားသည့် ဆရာသစ်တွေ လိုချင်သည်။ ကျွန်တော့်ကိုလည်းခေါ်၍ သူ့ဌာနတွင် နည်းပြဆရာခန့်ပြီး၊ အင်္ဂလိပ်စာ မဟာဝိဇ္ဇာ တက်ခိုင်းသည်။ သို့ရာတွင် ကျွန်တော် နည်းပြဆရာလည်း မလုပ်ဖြစ်။ မဟာဝိဇ္ဇာတန်းလည်း မတက်ဖြစ်။ စာရေးဆရာတစ်ယောက်အနေဖြင့် စာတွေကိုရေးရင်း စာပေ လှုပ်ရှားမှု၊ ငြိမ်းချမ်းရေးလှုပ်ရှားမှုများထဲတွင် ရောက်နေခဲ့သည်။ 'စာရေးဆရာတစ်ယောက်သည် လူထုကြားတွင် ရောက်နေရမည်။' သူတို့၏ခံစားချက်များကို နားလည်ရမည်။ သူတို့၏ဘဝကို ကိုယ်စားပြုသော စာပေများကို ရေးရမည်။ ထိုသို့ ကျွန်တော် ယုံကြည်သည်။ တက္ကသိုလ်ပရိဝုဏ်ထဲ ရောက်သွားလျှင် အလုပ်သဘောအရ သာမန်လူထုများနှင့် ဝေးသွားနိုင်သည်။-ဟု ထင်သည်။ ထို့ကြောင့် ကျွန်တော် မလုပ်ဖြစ်ခြင်း ဖြစ်သည်။

ထင်လင်းကတော့ တက္ကသိုလ် အင်္ဂလိပ်စာဌာနမှာ ခဏဝင်လုပ်သည်။ သို့ရာတွင် ဘာမျှမကြာ။ နောက်တော့ သူသည် ပြင်ပပညာရေးလုပ်ငန်းကို ဝင်လုပ်သည်။

ထင်လင်းသည် ပညာရေးလုပ်ငန်း၊ စာပေလုပ်ငန်း၊ စာပေနှင့်နီးစပ်သည့် လုပ်ငန်းစသည်တို့တွင် ဝဲလည်နေသည်။ ထိုကြားထဲက ဝတ္ထုတိုကလေးတွေကို မှန်မှန်ရေးသည်။ တစ်ခါတစ်ရံ သူကြိုက်သည့် မြန်မာ ဝတ္ထုတိုကလေးတွေကို တွေ့လျှင် အင်္ဂလိပ်ဘာသာ ပြန်သည်။

၁၉၆၀ ပြည့်နှစ်လောက်တွင် သူသည် မင်းယုဝေနှင့်အတူ 'ငွေတာရီ'မဂ္ဂဇင်းကို စတင် တည်ထောင် သည်။ ထိုအချိန်သည် သူ့ ဝတ္ထုတိုကလေးတွေ အရေးအများဆုံးအချိန် ဖြစ်သည်။-ဟု ထင်သည်။

'စာပေသန့်သန့် မဂ္ဂဇင်းကလေးတစ်စောင် ထုတ်ချင်တယ်ဗျာ။ ပြီးတော့ စာအုပ်ကောင်းကောင်းတွေ ကိုလည်း ထုတ်မယ်။'ဟု ဆိုကာ၊ သူ့စိတ်ကူးကို ပြောပြသည်။

သူနှင့် မင်းယုဝေ ဦးစီးထုတ်သည့် ငွေတာရီမဂ္ဂဇင်းသည် စာပေသဘောဖြင့်ကြည့်လျှင် အောင်မြင် သည်။-ဟု ဆိုရမည်။ သူတို့၏ငွေတာရီစာစဉ်ကလည်း စာအုပ်ကောင်းကလေးတွေ တော်တော်များများ ထုတ်ဖြစ် ခဲ့သည်။ နောက်တော့ အခြေအနေတွေပြောင်းသွားသဖြင့်၊ မဂ္ဂဇင်းကို အစိုးရဌာနတစ်ခုသို့ လွှဲပေးလိုက်သည်။

ထို့နောက်တွင်မူ ကျွန်တော်ကလည်း 'ဘဝတက္ကသိုလ်'သို့ သွားလိုက်ပြန်လိုက်နှင့်။ ထင်လင်းနှင့် သိပ်မတွေ့ဖြစ်တော့။

၁၉၇၄ ခုနှစ် နောက်ပိုင်းလောက်တွင် ကျွန်တော်နှင့်သူ တစ်ခါတစ်ရံ တွေ့ဖြစ်ကြသည်။ တွေ့လျှင် ကျွန်တော်နှင့်သူ စကားတွေ ပြောဖြစ်ကြသည်။ သူက သူ့စိတ်ကူးထဲတွင်ပေါ်လာသည့် ဝတ္ထုတိုကလေးတွေ အကြောင်းကို လေအေးအေးဖြင့် ပြောတတ်သည်။ သူ့စကားသံသည် အတက်အကျ မရှိ။ သံရှိန်သည် မြင့်လည်း မသွား၊ နိမ့်လည်း မလာ။ စမ်းချောင်းတစ်ခု စီးဆင်းသည့် 'နရီ'လို သူ့ စကားပြောသံသည် ဖြည်းဖြည်း မှန်မှန် စီးဆင်းနေသည်။ သူ့စကားပြေ၏ နရီသည်လည်း ထိုအတိုင်းပင် ဖြစ်သည်။ အကွေ့အကောက်တွေကို ကြိုက်သူ၊ ကောင်းကင်ပြာထဲက လျှပ်စီးလက်သည်ကို ကြိုက်သူ၊ ကျောက်စရစ်ခဲဖြင့် ဆုပ်ပက်လိုက်သလို တီးလုံးတွေဆူညံသွားအောင် မွှေနှောက်တီးလိုက်ပြီးမှ ဖြန်းခနဲရပ်သွားကာ ခလုတ်ကို တိုးတိုးညင်းညင်း ဖွဖွကလေး တီးသံမျိုးကို ကြိုက်သူ၊ ရှိုက်မောလှိုက်ဖိုရသည်ကို ကြိုက်သူတို့ကတော့ သူ့ဝတ္ထုတွေကို ကြိုက်ချင်မှ ကြိုက်မည်။

ထင်လင်း၏ ဝတ္ထုတိုရေးဟန်သည် ဆမ်းမားဆက်မွန်၏ ဝတ္ထုတိုရေးဟန်နှင့် တူသည်။-ဟု ဆိုရမည် ထင်သည်။ ဝတ္ထုအစတွင် ဇာတ်လမ်းနှင့်မဆိုင်သည့်အကြောင်းတွေကို လေအေးကလေးနှင့် ပြောသွားသည်။ ပြောရင်းပြောရင်း ဇာတ်လမ်းထဲသို့ မသိမသာရောက်လာသည်။ ဇာတ်ဆောင်ကို မသိမသာ ကန့်လန့်ကာ ရှေ့သို့ ထုတ်လာသည်။ နရီသည် မြန်လည်း မြန်မလာ၊ နှေးလည်း နှေးမသွား။ ဇာတ်ရံတွေကို ကန့်လန့်ကာ ရှေ့သို့ ထုတ်လာတုန်းကလည်း ထိုနရီ။ အဓိကဇာတ်ဆောင်ကို ထုတ်လာသည့်အခါတွင်လည်း ထိုနရီ။ ထိုဇာတ်ဆောင်များ တဖြည်းဖြည်း ပေါင်းစည်းသွားကြပုံ၊ သို့မဟုတ် ဝေးကွာသွားကြပုံ၊ သို့မဟုတ် နားလည် သွားကြပုံ၊ သို့မဟုတ် ပဋိပက္ခဖြစ်သွားကြပုံ၊ သို့မဟုတ် ပဋိပက္ခပြေလည်သွားကြပုံတို့ကို ရေးရာတွင်လည်း ထိုနရီပင် ဖြစ်သည်။ ကန့်လန့်ကာကြီး ကျလာတော့မှပင် ဇာတ်လမ်းဆုံးသွားမှန်း သိလိုက်ကြရသည်။

mgyoe.com

mgyoe.com SAMPLE BOOK

အချို့သော စာရေးဆရာများ၏ ရေးဟန်များသည် အတွေ့အကြုံကိုလိုက်၍ လည်းကောင်း၊ အသက်အရွယ်ကိုလိုက်၍ လည်းကောင်း၊ အကြောင်းအရာကိုလိုက်၍ လည်းကောင်း ပြောင်းလဲသွားတတ်သည်။ အချို့ကလည်း နုရာမှ ရင့်ကျက်လာသဖြင့် ရေးဟန် ပြောင်းသွားကြသည်။ ထင်လင်း၏ရေးဟန်မှာ ပြောင်းလဲခြင်း မရှိ။ ငယ်ငယ်တုန်းက ရေးဟန်အတိုင်းပင်။ သူသည် ငယ်နုစဉ်ကတည်းက ရင့်ကျက်လာခဲ့သူဖြစ်သဖြင့် ရေးဟန် ခိုင်မာသွားခြင်းလည်း ဖြစ်နိုင်သည်။

အသက်ကြီးလာသည့်အခါတွင် ဝတ္ထု သိပ်ရေးဖြစ်ဟန် မတူ။ ဝတ္ထုများကိုပင် ဖတ်ဖြစ်ဟန် မရှိ။ ဘာသာရေးစာပေများကို အဖတ်များနေဟန် တူသည်။ ယခင်က သူ့အိမ်သို့ ကျွန်တော်ရောက်သွားလျှင် ကျွန်တော့် စာအုပ်ကို တောင်းလေ့ရှိသည်။ ယခု သူ မတောင်းတော့။ သူ့ဇနီးမမခင်၊ သူ့မြေးမဆေးကျောင်းသူ မငယ်တို့၊ သူ့တူမ သစ်သစ်တို့ကသာ တောင်းတော့သည်။

ကျွန်တော်ကမူ သူ့ကို စာများများ ရေးစေချင်သည်။ သူ့တွင် လူ့ဘဝအတွေ့အကြုံတွေ အများကြီး ရှိသည်။

ယခု စုစည်းထုတ်ဝေလိုက်သော မဂ္ဂဇင်းဝတ္ထုရှည်များမှာ ကျွန်တော် မဖတ်ဖူးသေးသောဝတ္ထုများ ဖြစ်သည်။ အချို့က စောစောပိုင်း ၁၉၅၂ ခုနှစ်တစ်ဝိုက်က ရေးခဲ့သော ဝတ္ထုဖြစ်ပြီး၊ အချို့မှာ ၁၉၈၀ ပြည့် လွန်နှစ်များအတွင်းက ရေးခဲ့သောဝတ္ထုများ ဖြစ်သည်။ သို့ရာတွင် သူ့ဝတ္ထုရေးဟန်သည် ဘာမျှ ပြောင်းလဲခြင်း မရှိ။ သူ၏ စကားပြေနရီ၊ သူ၏လေးနက်သောဟာသ၊ သူ၏ အကောင်းမြင်ဝါဒ၊ သူ၏ လူသားဝါဒသည် ပိုးကင်းခြေ လိုက်ထားသလို ရက်ထည်ထဲတွင် တစ်လျှောက်လုံးပေါ်နေသည်။

ထင်လင်းသည် သူ့စာကြည့်ခန်းကလေးထဲတွင် သူ အလိုရှိသည့်ပစ္စည်းများကို အဆင်သင့် စုဆောင်းထားသလို၊ သူ့ဘဝတွင်လည်း သူအလိုရှိလျှင် အသုံးချနိုင်မည့် အတွေ့အကြုံကို စုဆောင်းမိနေပြီ။

ပြင်သစ်ဝေဖန်ရေးဆရာနှင့် ဝတ္ထုရေးဆရာ အွန်ဒရေးမော်ရွိုင်းက 'ကောင်းစွာဖွဲ့စည်းထားသော ဝတ္ထုတစ်ပုဒ်သည် စာရေးဆရာ၏ပတ်ဝန်းကျင်၊ စာဖတ်သူ၏ပတ်ဝန်းကျင်နှင့် ဇာတ်ဆောင်၏ပတ်ဝန်းကျင် စသည့် ဘက် ၃ ဘက်နှင့် ပြည့်စုံရမည်။'-ဟု ပြောခဲ့ဖူးသည်။

ယခု စုစည်းထုတ်ဝေလိုက်သော ထင်လင်း၏ မဂ္ဂဇင်းဝတ္ထုရှည် စုစည်းမှုထဲ၌ ထင်လင်း၏ပတ်ဝန်းကျင်၊ ကျွန်တော်တို့၏ ပတ်ဝန်းကျင်နှင့် ဇာတ်ဆောင်များ (ကိုအောင်ခိုင်နှင့် မခင်မြင့်၊ ကိုဘဇံနှင့် ခင်ဆွေဝင်း၊ ကိုဖေတင်နှင့် မရင်ရွှေ၊ ကျွန်တော့်မိတ်ဆွေနှင့် အင်္ဂလိပ်-မြန်မာ ကပြားအမျိုးသမီး)၏ ပတ်ဝန်းကျင် စသည့် ဘက် ၃ ဘက်ကို ကျွန်တော် ထိတွေ့ခံစားနေရပေသည်။

မြသန်းတင့်

၁၇-၁၁-၉၄

mgyoe.com

mgyoe.com SAMPLE BOOK

## စာရေးသူ၏အမှာ

စာရေးသူနှင့် ထုတ်ဝေသူ လုပ်ငန်းတစ်ခုတွင် စီးပွားဖက်များ ဖြစ်ကြသော်လည်း၊ လုပ်ငန်းဆိုင်ရာ တာဝန်ချင်းတော့ မတူကြပေ။ စာရေးသူက သူထုတ်ဝေစေချင်သော စာမူများကို ရေးသားစုဆောင်းပြီး၊ လိုအပ်လျှင် အမှာစာရေးပေးပြီးလျှင် သူ့တာဝန် ပြီးပြီ။–ဟု ဆိုနိုင်သည်။

ထုတ်ဝေသူမှာကား စာရေးဆရာ၏စာများထဲတွင် ခေတ်ကိုလည်း ကြည့်ရသည်။ စနစ်ကိုလည်း ကြည့်ရသည်။ နိုင်ငံတော်၏ အခါအားလျော်စွာထုတ်ပြန်သည့် အမိန့်များ၊ လိုအပ်ချက်များ၊ တားမြစ်ချက်များ ကိုလည်းကြည့်၍ လိုက်နာရန် လိုအပ်ပေသည်။ အင်္ဂလိပ်ခေတ် အင်္ဂလိပ်အစိုးရလက်ထက်က ရေးသော စာအချို့သည် ယခုမျက်မှောက်ခေတ်နှင့် အကျုံးမဝင်ရှိတတ်သည်။ အင်္ဂလိပ်ခေတ်က တော်လှန်သောစာမျိုးသည် ယခုခေတ်နှင့် မလျော်တော့။ ရှေးဟောင်းစာအဖြစ် ထင်ရှားလျက်ရှိသောစာများစွာသည် ယခုခေတ်နှင့် မဆီလျော်သည်က များသည်။ ခေတ်ချင်း၊ စနစ်ချင်းကလည်း မတူကြပေ။

ထုတ်ဝေသူများက 'ကျွန်တော်ရေးခဲ့သော စာများကို စုစည်းထုတ်ဝေလိုပါသည်။'–ဟု လာပြောတော့၊ 'ခင်ဗျားတို့ ထုတ်လိုသောစာများကို စုစည်း၍ယူခဲ့ပါ။ ကျွန်တော့်ထံမှာလည်း အတော်များများရှိပါသည်။ ၂ဦး၂ဖက် တိုင်ပင်၍ ရွေးကြတာပေါ့။'–ဟု ပြောရသည်။ ထို့နောက် ကျွန်တော့်ထံတွင်ရှိသော မဂ္ဂဇင်း ဟောင်းများ၊ ဂျာနယ်ဟောင်းများကို ထုတ်ပြသည်။ မဂ္ဂဇင်းဝတ္ထုရှည် ၁၀ ပုဒ်လောက်ထဲမှ ၆ပုဒ်–၇ပုဒ်ခန့်ကို သူတို့ရွေးသည်။ မဂ္ဂဇင်းထဲတွင်ပါပြီး ဝတ္ထုများဖြစ်၍ ခွင့်ပြုနိုင်လောက်ပါသည်။–ဟု သူတို့က ယုံကြည်သည်။ ကျွန်တော်က ဤသို့ မယုံကြည်။

အတွေ့အကြုံကို ပြောပြရသည်။ ကျွန်တော်တို့ ဇာတ်ကြီး ၁၀ ဖွဲ့ကို အင်္ဂလိပ်လို ဘာသာပြန်၍ ထုတ်ဝေရန် စီစဉ်ကြစဉ်က အဖွဲ့ဝင်လူကြီးတစ်ဦးက 'ဝေဿန္တရာမင်းကြီးက သားတော်၊ သမီးတော်နှင့် မိဖုရားတို့ကို ဇူဇကာပုဏ္ဏားအား လှူလိုက်သည့်အပိုင်းမှာ နိုင်ငံခြားသားတို့ နားမလည်နိုင်ပေ။ ယခုလူတို့၏ ထုံးစံဓလေ့များနှင့် မလျော်သောကြောင့် မထည့်သင့်။'–ဟု ကန့်ကွက်သဖြင့် ထိုအပိုင်းကို ဖြုတ်ခဲ့ရသည်။ သူကန့်ကွက်သည်မှာလည်း 'အကြောင်းမဲ့' ဟု မဆိုသာ။ 'ပဥ္စ မဟာ ပရိစ္စာဂ၊တွင် ပြစရာသာဓကတွေ များစွာရှိပါသည်။'–ဟု ဆိုပါသည်။ 'လူကို ပိုင်စိုးပိုင်နင်းပေးလှူသည်ဆိုလျှင် နားမလည်သူတို့ ကဲ့ရဲ့စရာဖြစ်နေ မည်။'–ဟု ဆိုပါသည်။ ထိုခေတ် ထိုအချိန်မှာဆိုလျှင် သူပြောတာ ဟုတ်ပါသည်။ ဗုဒ္ဓဘာသာနှင့်ပတ်သက်၍ မလိုလားအပ်သော ဝါဒဖြန့်မှုများပြန့်ပွားလျက် လူတွေ နဝေတိမ်တောင် ဖြစ်နေကြသည့်အချိန်အခါဖြစ်၍ ဝေဿန္တရာဇာတ်အကြောင်းမသိသူ ဘာသာခြား၊ ဝါဒခြားအပါအဝင် အများပြည်သူတို့ ယုန်ထင်ကြောင်ထင် အထင်မှားစရာ ဖြစ်နိုင်ပါသည်။ 'လူအများ' ဆိုသည်မှာ မသိသူက များသည်။ ပြောတိုင်း ယုံတတ်သည့်သူက များသည်။ အပြောကောင်းသူနောက်သို့ လိုက်သွားသူက များသည်။

ထို့ကြောင့် ပြဿနာရှိသည်ဆိုလျှင် ထိုပြဿနာရှိသည်ကို ချန်ခဲ့ဖို့ မှာလိုက်ရသည်။ သူတို့ နောက် တစ်ကြိမ် ကျွန်တော့်ထံ ပြန်လာကြသောအခါ၊ 'သူတို့တင်သော ဝတ္ထု ၆ ပုဒ်အနက် ဝတ္ထု ၅ ပုဒ်သာ ခွင့်ပြု ချက်ရ၍ နောက်တစ်ပုဒ်လောက် ထပ်တင်ချင်ပါသေးသည်။'–ပြောပြန်သည်။ ကျွန်တော်က ပြန်ကြည့်ပြီး၊ 'ယခု ခွင့်ပြုချက်ရသမျှကိုသာ ထုတ်ရန်' အကြံပြုရသည်။ 'ခွင့်ပြုချက်ရပြီး စာမူများသည် ခေတ်နှင့် စနစ်နှင့် ညီသည်။–ဟု စစ်ဆေးသူများက သဘောတူပြီးဖြစ်၍ စာဖတ်သူများအပေါ် မကောင်းသောအကျိုး သက်ရောက်မှု မရှိနိုင်။' ဟူ၍ ကျွန်တော် ယုံကြည်သည်။

* 'ချစ်သူရင်ခွင်ထက်၌ အိပ်စက်ခြင်း'အမည်ဖြင့် မဂ္ဂဇင်းဝတ္ထုရှည် ၅ ပုဒ်ကို ၁၉၉၅ ခုတွင် ယွန်းရွှေအိမ်စာပေက ပထမအကြိမ် ထုတ်ဝေစဉ်က အမှာဖြစ်သည်။ ဒုတိယအကြိမ်ကို ပန်းရွှေပြည်စာအုပ်တိုက်က ထုတ်ဝေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ထို ၅ ပုဒ်မှာ

၁- ဂျပန်ခေတ် အတွေ့အကြုံ၊ မီးရထားကို အင်္ဂလိပ်လေယာဉ်ပျံများက စက်သေနတ်ဖြင့်ပစ်သည့် အတွေ့အကြုံနှင့်ပတ်သက်သည် အချစ်ဇာတ်လမ်း။

၂- ၁၉၄၉-၅၀ ခုနှစ်ပတ်လည်က မြန်မာနိုင်ငံအတွင်း ဆူပူသောင်းကျန်းမှုကြောင့် လမ်းပန်းအဆက်အသွယ်ပြတ်နေစဉ်ကအခြေအနေများကို နောက်ခံထားလျက် နယ်မှလာနေသည့် တက္ကသိုလ်ကျောင်းသူတို့ကို အိမ်တွင်ကျန်ရစ်သူများက စိုးရိမ်ပူပန်မှု, သို့လောသို့လော တွေးတောကြောင့်ကြရမှုဖြင့် ဖွဲ့သောဇာတ်လမ်းဖြစ်သည်။

၃- နောက်တစ်ခုမှာ ၁၉၈၉ ခုနှစ်လောက် ကျွန်တော် ခရီးရှည်သွားရင်း ရေးဖြစ်ဟောင်းကို အောက်မေ့သည့် နောက်ကြောင်းပြန်ဇာတ်လမ်း ၂၃-၃၃၊ မန္တလေး ဂေါဝိန်ဆိပ်ကနေ ကူးတို့သင်္ဘောဖြင့် မင်းကွန်းဘက်သို့ ကူးစဉ် အကြမ်းရေးခဲ့သော ဖြစ်ရပ်များကို ဖွဲ့စည်း၍ရေးလိုက်သော ဇာတ်လမ်းဖြစ်သည်။

၄- 'ဘုတ်ဆုံမနှင့် ကျွန်တော်' အမည်ရှိ ဝတ္ထုမှာ အချစ်ဝတ္ထုတွေကို ဖတ်လိုက်ရလျှင် အစဉ်အလာအားဖြင့် ဇာတ်ဆောင်တို့မှာ လှလှ ယဉ်ယဉ် ချောချော၊ ဥစ္စာပစ္စည်းနှင့် ပညာ ပြည့်စုံ၍ နှစ်သက်စရာ အရည်အသွေးနှင့်တကွဖြစ်သော ယောက်ျား,မိန်းမ အရွယ်ကောင်းတို့သာ ဖြစ်တတ်၍၊ ထိုသို့ မဟုတ်သော အရုပ်ဆိုးဆိုး အသားမည်းမည်း ဘုတ်ဆုံမနှင့် တက္ကသိုလ်တွင် မက်လောက်စရာအရည်အသွေး မရှိသည့် သာမန်လူတို့ကို ဇာတ်ဆောင်ထား၍ အချစ်ဝတ္ထုတစ်ပုဒ်ဆင်ကာ ရေးကြည့်ခြင်း ဖြစ်သည်။ ကျွန်တော့်အနေဖြင့် 'အသင့်အတင့်အောင်မြင်သည်။' ထင်ပါသည်။ ကျွန်တော်၏ 'ဘုတ်ဆုံမ'ကို စာဖတ်သူတို့အတော်များများ နှစ်သက်ကြကြောင်း ကြားသိရပါသည်။

၅- 'စိန်မခေါ်ဘဲ ပြေးလေသူ'ဝတ္ထုကို ရေးနေစဉ်၊ တစ်နေရာမှလာသော 'စိန်ခေါ်ပါလို့ ပြေးလေသလားကွယ်' ဟူသောသီချင်းသံကို ကြားလိုက်ရ၍ ဖမ်းယူလိုက်သော ခေါင်းစဉ်အမည် ဖြစ်ပါသည်။ ထိုစဉ်က ကျွန်တော်ရေးနေသောဝတ္ထုမှာ ကျွန်တော်တို့လူ့အဖွဲ့အစည်းတွင် ဂုဏ်ပကာသနရေး၊ ရာထူးရာခံ တိုးတက်တည်မြဲရေး၊ ကိုယ့်သားသမီးက သူများသားသမီးများထက် သာရေး၊ စာမေးပွဲ ဂုဏ်ထူးအပြည့်နှင့် အောင်မြင်ရေးတို့ဖြင့် လောဘမီး, ဒေါသမီး, မာနမီး အကြီးအကျယ်သင့်ရာက နတ်ဆရာ, ဗေဒင်ဆရာ, ယတြာဆရာ, ဓာတ်ရိုက်ဓာတ်ဆင်ဆရာ, အကြားအမြင်ပေါက်သူတို့နှင့် ကိစ္စများနေကြရသော အိမ်ထောင်သည်တို့၏ ဒုက္ခကို သံဝေဂ တင်ကြည့်လိုရင်း ဖြစ်ပါသည်။ လူ့အဖွဲ့အစည်းတွင် ဤသို့သောကိစ္စများကို ရှေ့တန်းတင်လာကြသောအခါ လူလိမ်လူညာများကလည်း ရောင်တော်ပြန်နှင့်ရောလွတ်ကာ လိမ်ညာစားသော ဘိုးတော်များ၊ ရွှေဖြစ်,ငွေဖြစ်ဆရာများနှင့် အချို့ ဘဝပါပျက်ရသော ကိစ္စများလည်း နားနှင့်မဆံ့အောင်ကြားနေရသည်။ ဤသည်တို့ကို ဆင်ခြင်မိသောသူတို့သည် ဤကဲ့သို့သော လူ့အဖွဲ့အစည်းထဲသို့ ဝင်ရမည်ကို ကြောက်လန့်၍၊ 'သူတော်ကောင်းတို့၏ဘဝကား အေးချမ်းသည်။'-ဟု မြင်မိသည့်အကြောင်းကို ဖွဲ့ဆိုသောဝတ္ထုဖြစ်ပါသည်။

ဤအကြောင်းများကို ယုတ္တိနှင့်တကွ ဖွဲ့ဆိုရာတွင် ကိုယ်တိုင် တွေ့ဖူး,မြင်ဖူး,ကြားဖူးသော သာဓကများဖြင့် ဇာတ်လမ်းကို ဆင်ယူရပါသည်။ တစ်ဦးတစ်ယောက်အကြောင်းကို မူတည်၍ ရေးဖွဲ့ခြင်းမျိုး မရှိပါ။ တိုက်တိုက်ဆိုင်ဆိုင် အဖြစ်တူများရှိပါက ဤဝတ္ထုသည် တစ်စုံတစ်ယောက်သောသူအား ရည်ရွယ်သည့်ဝတ္ထု မဟုတ်ကြောင်း သိစေလိုပါသည်။

ကျွန်တော်သည် ဝတ္ထုရေးသမားဖြစ်၍၊ ဝတ္ထုရေးရသည်ကို ပျော်သည်။ ဝတ္ထုရေးနေစဉ် ဇာတ်ဆောင်တို့၏ဘဝသို့လည်း ဝင်စားသည်။ ခဏနားသည့်အခါ စာဖတ်သူတို့၏စိတ်သို့လည်း ဝင်စားသည်။ စပြီးဇာတ်လမ်းဆင်သည်ကအစ စာဖတ်သူတို့အဖို့ မနှစ်သက်စရာဖြစ်မည်တို့ကို ရှောင်ရှားခဲ့သည်။ ခေတ်စနစ်ယဉ်ကျေးမှုအယူအဆများကိုလည်း ဆင်ခြင်သည်။ ထို့နောက်တွင်တော့ စိတ်စေရာကို ရေးဖွဲ့သည်။ လူကောင်းအကြောင်းကိုလည်း ရေးဖွဲ့သည်။ လူဆိုးအကြောင်းကိုလည်း ရေးဖွဲ့သည်။ လူကောင်းအကြောင်း ရေးဖွဲ့စဉ်

mgyoe.com

လူကောင်း၏ဘဝ၌ ဝင်စား၍၊ လူဆိုးအကြောင်းရေးဖွဲ့သောအခါ လူဆိုး၏ဘဝ၌ ဝင်စားသည်။ လူကောင်းဖြစ်စေ, လူဆိုးဖြစ်စေ တစ်စုံတစ်ခုကို ပြုတော့မည်ဆိုလျှင် သူ့တွင် သူ့အယူအဆနှင့်သူ လုံလောက်သောအကြောင်းရှိရမည်။ ချစ်လျှင် ချစ်စရာအကြောင်း ရှိရမည်။ မုန်းလျှင် မုန်းစရာအကြောင်း ရှိရမည်။ စိတ်ပြောင်းလျှင် စိတ်ပြောင်းလောက်အောင် အခြေအနေမျိုး ရှိရမည်။ ဤအကြောင်းမျိုး အခြေအနေမျိုးကို ရှာဖွေဖန်တီးရသည်က မလွယ်လှ။ ဖန်တီးမှု အံဝင်ခွင်ကျဖြစ်သွားပြီဆိုလျှင် ကိုယ့်ဝတ္ထုကို ပြန်ဖတ်ရခြင်း၌ ပျော်စရာဖြစ်လာသည်။ ဝတ္ထုတွင် ဤသို့သော အခြင်းအရာများနှင့် မပြည့်စုံလျှင် 'ထောင့်'နေသည့်အရာကို ပြင်သည်။ တစ်ခါတလေ တစ်ပုဒ်လုံး ပြန်ရေးသည်။ ဤသို့လျှင် 'ဆရာ အကြိုက်ဆုံးဝတ္ထု ရွေးပေးပါ။'ဆိုလာသူတို့အား 'ရွေးပေးသမျှ အကြိုက်ဆုံးပါပဲ။'-ဟု ပြောလိုက်နိုင်သည်။

ထိုအထဲတွင် ခေတ်နှင့် စနစ်နှင့် မညီသောဝတ္ထုများ ပါကောင်းပါနေမည်ဖြစ်ရာ၊ ထိုဝတ္ထုများကိုကား မထုတ်ဝေစေလိုပါ။ စာဖတ်သူများအားလည်း ခေတ်နှင့်မလျော်သော အကြောင်းအရာ, အယူအဆများကို မဖတ်စေလိုပါ။ ရေးခဲ့စဉ်ကတော့ 'ခေတ်စနစ်နှင့်အညီ' ဟူ၍ မှန်းဆရေးခဲ့သော်လည်း ကျွန်တော်၏ဝတ္ထုများမှာ ၁၉၄၇ ခုနှစ်ဆီမှ ယနေ့အထိ နှစ်ပေါင်း ၅၀ နီးပါးကာလအတွင်း ပြောင်းလဲသော ခေတ်အခြေအနေပေါင်းများစွာနှင့် ကိုက်ညီနိုင်မည် မထင်ပါ။ ဤစာအုပ်တွင် ပါဝင်သောဝတ္ထုများ၌ ခေတ်နှင့် စနစ်နှင့် သော်လည်းကောင်း, ယဉ်ကျေးမှုဓလေ့ထုံးစံများနှင့် သော်လည်းကောင်း မကိုက်ညီ မဆီလျော်သည်များကို တွေ့ရှိပါက ကျွန်တော့်အပေါ်တွင် မေတ္တာရှေ့ထား၍ ညွှန်ကြားပဲ့ပြင်ပေးကြရန် ကျွန်တော် အလေးအနက် တောင်းပန်အပ်ပါသည်။

ကိုယ်, စိတ် နှစ်ဖြာ ချမ်းသာကြပါစေ။

ထင်လင်း

၅-၁၁-၉၄

mgyoe.com

mgyoe.com SAMPLE BOOK

# ထင်လင်း

# ဝတ္ထုတိုပေါင်းချုပ်

# ၁

mgyoe.com

ထင်လင်း။ ၁၉၁၉ ခု - ၁၉၉၆ ခု

mgyoe.com SAMPLE BOOK

အဖ အခွန်တော် မြေတိုင်းစာရေးကြီး ဦးဘိုးပေါ်-အမိ ဒေါ်လှ တို့မှ ၁၉၁၉ ခု မေလ ၉ ရက်နေ့။ ရွှေဘိုခရိုင် ရေဦး မြို့နယ် ညောင်လယ်ရွာတွင် မွေးဖွားသည်။ အမည်ရင်း ဦးသိန်းမောင် ဖြစ်သည်။ သားသမီး ၄ ယောက်အနက် ဒုတိယသား ဖြစ်သည်။ ငယ်စဉ်က ထိုရွာရှိ ဘုန်းတော်ကြီး ဦးစိတြ၏ကျောင်းတွင် စာ စသင်သည်။ အသက် ၆ နှစ်ရွယ်တွင် ထန်းတပင်-ဇီးကုန်းသို့ ပြောင်းရွှေ့နေထိုင်ပြီး ဦးသာဂျမ်း အလယ်တန်းကျောင်းတွင် ပညာဆက်သင်သည်။

၁၉၂၉-၃၀ ခုနှစ် စတုတ္ထတန်းစာမေးပွဲ အောင်မြင်ပြီး၊ ဘရစ်ဂျ်စကောလားရှစ် စာမေးပွဲကိုလည်း အောင်မြင်သဖြင့်၊ ရေဦးမြို့ အင်္ဂလိပ်-မြန်မာ ၂ ဘာသာသင် အလယ်တန်းကျောင်းသို့ ပြောင်းရွှေ့ပညာသင်သည်။

၁၉၃၁ ခုနှစ်တွင် ရွှေဘိုမြို့ အက်စ်ပီဂျီသာသနာပြုကျောင်း၊ ပဉ္စမတန်းတွင် ဆက်လက်သင်သည်။

၁၉၃၈ ခုနှစ်တွင် ရွှေဘိုအရေးပိုင်ရုံးတွင် စာရေးအဖြစ် အမှုထမ်းပြီး၊ ဒုတိယကမ္ဘာစစ်အပြီးတွင် ကန့်ဘလူမြို့နယ်ပိုင်ရုံးတွင် ဒုတိယစာရေးဖြစ်ပြီး၊ စစ်ပြီးခါနီးတွင် ကန့်ဘလူမြို့ပိုင်ရုံး စာရေးကြီး ဖြစ်သည်။ အင်္ဂလိပ် ပြန်ဝင်ချိန်တွင် တန့်ဆည်, ခင်ဦး, ကန့်ဘလူ, ဝက်လက် စသည်တို့တွင် ပြောင်းရွှေ့အမှုထမ်းရသည်။ လွတ်လပ်ရေးအကြိုခေတ် ၁၉၄၇ တွင် ထိုစဉ်ကထွက်လျက်ရှိသော ဒဂုန်, စာပဒေသာ, တာရာ, ဖဝန ဂျာနယ်စသည်တို့တွင် စာတိုပေစ စတင်ရေးသားသည်။

၁၉၄၈ ခုနှစ်တွင် ရန်ကုန်သို့လာပြီး၊ စာပေဗိမာန်တွင် စာပြုအလုပ် ခန့်ထားခြင်း ခံရသည်။ တက္ကသိုလ်သို့ ပြန်တက်သည်။

၁၉၅၂ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ရသည်။ ၁၉၅၄ ခုနှစ်တွင် ဥပဒေဝိဇ္ဇာဘွဲ့ရရှိသည်။

၁၉၅၃ ခုနှစ်တွင် စာပေဗိမာန်မှ ရန်ကုန်တက္ကသိုလ်ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာနတွင် လက်ထောက်စာတည်းအဖြစ် ပြောင်းရွှေ့အမှုထမ်းသည်။

ထိုဌာနမှ ၁၉၅၅ ခုနှစ်တွင်ထွက်၍ ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာဌာနတွင် နည်းပြဆရာအဖြစ် ပြောင်းရွှေ့အမှုထမ်းကာ မဟာဝိဇ္ဇာတန်း ဆက်တက်သည်။ ၁၉၅၉ ခုနှစ်တွင် အလုပ်မှ နုတ်ထွက်ပြီး၊ မင်းယုဝေနှင့်တွဲဖက်၍ ငွေတာရီမဂ္ဂဇင်း အယ်ဒီတာချုပ်, ငွေတာရီစာစဉ် တွဲဖက်အယ်ဒီတာအဖြစ် ဆောင်ရွက်သည်။

၁၉၆၁ ခုနှစ်တွင် အမေရိကန်အစိုးရ၏ ဖိတ်ခေါ်ချက်အရ မြန်မာနိုင်ငံအစိုးရကစေလွှတ်သော ကျွမ်းကျင်သူအထောက်အပံ့ဖြင့် အမေရိကန်ပြည်ထောင်စုအနှံ့အပြား ခရီးသွားကာ ၄ လမျှ နေခဲ့သည်။ အပြန် ဂျပန်နိုင်ငံတွင် ယူနက်စကိုအကူအညီဖြင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းများကို လေ့လာခဲ့သည်။

ဆရာ ဦးခင်မောင်လတ်နှင့်တွဲဖက်ကာ တက္ကသိုလ် အင်္ဂလိပ်စာသင်တန်းများ၌ အလွတ်ပညာသင်ဆရာအဖြစ် ဆောင်ရွက်သည်။

၁၉၄၇ ခုနှစ်မှစ၍ ထွက်ဆဲမဂ္ဂဇင်း, ဂျာနယ်, သတင်းစာတို့တွင် ဆောင်းပါး, ဝတ္ထု, ကဗျာများ ရေးသားခဲ့သည်။ အင်္ဂလိပ်-မြန်မာ ၂ ဘာသာဖြင့် ရေးသားသည်။ မြန်မာဘာသာဖြင့် ဝတ္ထု, ဆောင်းပါး ၂၀၀ ခန့်၊ အင်္ဂလိပ်ဘာသာဖြင့် ဝတ္ထု,ဆောင်းပါး ၁၀၀ ခန့် ရေးသားခဲ့သည်။ အမေရိကန်, ဩစတြေးလျ, ရုရှားနိုင်ငံတို့တွင် ထုတ်ဝေသောစာစောင်တို့တွင် အင်္ဂလိပ်ဘာသာပြန် ဝတ္ထုတိုများ ထည့်သွင်းပါဝင်ဖူးသည်။

၁၉၇၈ ခုနှစ်တွင် စာပေဗိမာန်မှကြီးမှူးကျင်းပသော ဝတ္ထုတိုစာတမ်းဖတ်ပွဲ၌ 'ဘာသာပြန်ဝတ္ထုစာတမ်း'ကို တင်သွင်းဖတ်ကြားခဲ့သည်။

၁၉၇၉ ခုနှစ်တွင် ဝတ္ထုရှည်စာတမ်းဖတ်ပွဲ၌ 'နိုင်ငံခြားဝတ္ထုရှည်စာတမ်း'ကို တင်သွင်းဖတ်ကြားခဲ့သည်။

၁၉၉၀ ပြည့်နှစ်တွင် အိန္ဒိယနိုင်ငံ ဘုံဘေမြို့အနီး အိဂယ်ပူရီရှိ ဓမ္မဂီရိကုန်းမြေတွင်ကျင်းပသော အပြည်ပြည်ဆိုင်ရာ ဝိပဿနာနီးနှောဖလှယ်ပွဲတွင် 'ဝိပဿနာဘာဝနာစာတမ်း'ကို တင်သွင်းဖတ်ကြားခဲ့သည်။

မဟောသီ, အလီဘာဘာ၏ဂူ, ပေါ်လီယာနာ, မောဂ္ဂလိ, မြစ်မိးရောင်ရင်ခွင်သို့အပြန်, စည်းအပြင်ကလူ, တစ်ကျွန်းစံ၏ အပြန်လမ်း, ပလိပ်, အဆိပ်, ပုလဲတေးသံ, မြင်းနီကလေး-စာအုပ်တို့ကို ဘာသာပြန်ဆိုခဲ့သည်။ 'ဘယ်ဆီဘယ်ဝယ်' , 'စောင်းကြိုး တင်းသည့်သီချင်းသံ', 'လယ်တောမှအပြန်နှင့် လက်ရွေးစင်ဝတ္ထုများ'တို့ကို ပင်ကိုရေးသား ထုတ်ဝေခဲ့သည်။

ရှုမဝ, မြဝတီ, ငွေတာရီ, သွေးသောက်, ပေဖူးလွှာ, မြတ်လေး, သောင်းပြောင်းထွေလာ, စံပယ်ဖြူ, ရင်ခုန်ပွင့်, စာပေဂျာနယ်, ရှုဒေါင့်ဂျာနယ်, ရင်ခုန်သံ, ရွှေအမြုတေ စသည့်မဂ္ဂဇင်းစာစောင်များတွင် ဝတ္ထု,ဆောင်းပါးများ ရေးသည်။

လုပ်သားပြည်သူ့နေ့စဉ်-အင်္ဂလိပ် မြန်မာသတင်းစာများနှင့် ဂါဒီယန်အင်္ဂလိပ်ဘာသာ မဂ္ဂဇင်းများတွင် ဝတ္ထု, ဆောင်းပါးများ ရေးသည်။

မြတ်ဆုမွန်, ဓမ္မဂီရိ စသည့် ဘာသာရေးမဂ္ဂဇင်းများတွင် ဘာသာရေးဆောင်းပါးများ ရေးသည်။

၁၉၇၄ ခုနှစ်အတွက် အမျိုးသားစာပေဆုကို 'မောဂ္ဂလိ'စာအုပ်ဖြင့် ဘာသာပြန်စာပေဆု ရရှိခဲ့သည်။

အမှတ် ၁၀ အောင်ချမ်းသာလမ်း လှည်းတန်း ကမာရွတ်မြို့နယ်တွင် နေထိုင်သည်။

၁၉၉၆ ခု ဇွန်လ ၃၀ ရက်နေ့တွင် ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီး ဒေါ်ခင်ခင်နှင့် သား ၄ ယောက်, သမီး ၁ ယောက် ကျန်ရစ်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

# ချစ်တရား

အတော် မှောင်နေပေပြီ။

အိမ်အပြန်နောက်ကျသောကြောင့် တစ်ကြိမ်တစ်ခါမျှ ဆူပူကြိမ်းမောင်းခြင်း မခံရဖူးသော်လည်း ယခုကဲ့သို့ နောက်ကျတိုင်း ယုမှာ အပြစ်တစ်ခု ပါ၍ပါ၍လာသလို၊ သူ့ဖေဖေ ဦးထွန်းတင်၏ရှေ့မှ ဖြတ်၍ အိမ်ထဲသို့ ဝင်ရမည်ကို တွေး၍ လန့်နေတတ်သည်။ တကယ်ဆိုတော့ ဦးထွန်းတင်သည် သမီးကလေးယု အပေါ်၌ အတော်ပင် ချိုသာသော ဖခင်တစ်ဦးဖြစ်ပေသည်။ ယုအဖို့ ပြုပြင်စရာလိုလောက်အောင် အပြစ် တစ်ခုခု ရှိနေသည့်တိုင်အောင် စိတ်ဆင်းရဲမည့် ဆုံးမစကားမျိုးကို ရှောင်ရှားခဲ့၏။ မည်သို့ပင်ဖြစ်စေ၊ သူ့ဖေဖေကိုကြောက်သောယု၏ အကြောက်ကား သိကြားမင်းပင် ချွတ်၍ ကျွတ်နိုင်စရာမရှိ။

ယနေ့ ယု နောက်ကျပြန်ပြီ။ ခါတိုင်း နောက်ကျနေခဲ့သည်များမှာ မိန်းကလေး သူငယ်ချင်းများနှင့် စကားကောင်းနေ၍ သော်လည်းကောင်း၊ ရုပ်ရှင်ကြည့်နေ၍ သော်လည်းကောင်း သူ့အကြောင်းနှင့် သူ ကောင်းရောင်းကောင်းဝယ်ရှိသော သူ့ ဖေဖေကတော့ မေးလေ့ မရှိ။ သို့သော် မေးလျှင် ဘယ်လိုပြောရမည်ကို သူ စဉ်းစား ထားလို့ ရသည်။ တစ်ခါတစ်ခါ စဉ်းစားစရာပင် မလို။ သူ့သူငယ်ချင်းများက ကားနှင့် အိမ်အထိ လိုက်ပို့သည်။

ယခုလည်း သူ့အဖော်က ကောင်းမွန်စွာလိုက်ပို့ပါသည်။ ခါတိုင်းနှင့် ထူးခြား ချက်တစ်ရပ်မှာ ယောက်ျားပျိုတစ်ယောက်ပဲ ဖြစ်၏။ 'ယောက်ျားပျို' ဆိုသည်မှာ အရင်ကတော့ ယုမိတ်ဆွေ ဖြစ်ပါသည်။ သို့သော် သူ့ အိမ်ဝင်းထဲမဝင်မီ နာရီ ဝက်လောက်၊ ထားပါတော့လေ–တစ်နာရီလောက်က စ၍ ယုကို ထူးဆန်းသော စကားများပြောကာ ယု ဘာမှန်းမသိလိုက်သည့် အချိန်ကလေးအတွင်း ပိုင်စိုးပိုင်နင်း ဖက်၍ နမ်းလိုက်သော လူရမ်းကားတစ်ယောက် ဖြစ်ပေသည်။

ယု နောက်ကျနေသည်။ ယု အနမ်းခံခဲ့ရသည်။ ဒါကြောင့် ယု အိမ်ထဲသို့ ဝင်ရန် ခါတိုင်းထက် ပို၍တုန်လှုပ်နေသည်။ ဖေဖေက မေးရင် ဘယ်လိုပြောရမလဲ။ 'လိမ်သာ မလိမ်နှင့်။ သမီးကို ဖေဖေ ဘာဖြစ်ဖြစ် ခွင့်လွှတ်တယ်'ဟု ပြောဖူးသည်။ သို့ဖြစ်လျှင် ယခု နောက်ကျနေရခြင်းနှင့်ပတ်သက်၍ "ဟုတ်ကဲ့ဖေဖေ။ သမီးကို ကိုတင့်မောင်က နမ်းနေတာနှင့် နောက်ကျသွားပါတယ်"ဟု ပြောလိုက်ရတော့မလား။ ဒီလိုတော့ ဘယ်နည်းနှင့်မျှ မဖြစ်။ ကိုတင့်မောင်ကသာ မနမ်းလိုက်ဘူးဆိုရင်တော့ အမှန်အတိုင်းပြောပြရန် ဝန်လေးလှမည် မဟုတ်။ 'စုစီတို့နှင့် ရုပ်ရှင်သွားကြည့်ပါ တယ် ဖေဖေ။ အပြန်မှာ စုစီတို့အစ်ကိုကြီး လိုက်ပို့ပါတယ်'ဟု ပြောလျှင် မုသား မပါဘဲနှင့် လက်ာချောသည်။ တကယ်ဆိုတော့လည်း ဤသို့ပြော၍ ဖြစ်နိုင်သည့် အချိန်ကဆိုလျှင် ယု နောက်ကျနေသည် မဟုတ်သေး။ ယခုလည်း ဤအတိုင်းပြော လျှင်တော့ ဖြစ်သည်။ သို့သော် သူ့ကိုယ်သူ မလုံတော့။

ခေတ္တမျှ ရပ်တန့်၍ သူ့ကိုယ်သူ ငုံ့ကြည့်လိုက်မိသည်။ ထို့နောက် ကိုယ်ကို လှည့်ပတ်၍ စစ်ဆေးလိုက်သည်။ မှောင်နေပြီဖြစ်၍ ကောင်းကောင်း မမြင်ရ။ သို့သော် 'ဖက်ပြီး အနမ်းခံထားရတဲ့ အရိပ်နိမိတ်တော့ မထင် ရစ်တန်ရာ' ဟု

■ ဆရာထင်လင်း၏ ရှေးဦးပိုင်းဝတ္ထုတစ်ပုဒ် ဖြစ်သည်။

ဤဝတ္ထုကို ရှုမဝမဂ္ဂဇင်း၌ 'ဆုဝေ' အမည်ဖြင့် ရေးခဲ့ပါသည်။

၁၉၉၆ ခုနှစ် GEC မဂ္ဂဇင်း အထူးထုတ်၌ ပြန်လည် ဖော်ပြဖူးပါသည်။



mgyoe.com

သူ့ကိုယ်သူ နှစ်သိမ့်၍ အိမ်ဆီသို့ ဆက်လျှောက်လာသည်။

တစ်အိမ်လုံး တိတ်ဆိတ်နေ၏။ မီးရောင်များလည်း မှိန်လှသည်။ အိမ်ထဲမှာ တစ်ယောက်ယောက်ရှိလျှင်တော့ အနည်းဆုံး ရေဒီယိုသံတော့ကြားနေရမည် ဖြစ်သည်။ သို့ဖြစ်လျှင် ဦးထွန်းတင် အိမ်ပြန်မရောက်သေးဘူးဟု ဆိုရမည်။

တော်သေးသည်။ ယု ရင်ထဲကအလုံးကြီး ကျသွားသလို သက်ပြင်းတစ်ချက် ချ၍ အသာအယာ ခြေ ထောက်ဝင်ခဲ့၏။

မီးတစ်ပွင့်သာ ဖွင့်ထားသဖြင့် မလင်းတလင်းဖြစ်နေသော ဧည့်ခန်းကိုဖြတ်၍ မီးလင်းနေသော နောက်ဖေးဘက်သို့ ထွက်သည့်တံခါးဝသို့ တောက်လျှောက်လာခဲ့ပြီး၊ "မစိန်မေ"ဟု အသံပြုလိုက်သည်။ ထို့နောက် မီးရောင်အောက်တွင် သူ့ကိုယ်သူ ပြန်၍လှည့်ပတ်ကြည့်နေစဉ် မစိန်မေရောက်လာသဖြင့် "ဖေဖေ ပြန်မလာသေးဘူး ဟုတ်လား"ဟု မကြည့်ဘဲ မေးလိုက် ၏။ မစိန်မေလည်း ရုတ်တရက် မဖြေမိ။ အတော်ကလေးကြာမှ "မလာသေးပါဘူး"ဟု ပြန်ပြောလိုက်သည်။

ယုသည် မစိန်မေ၏အမူအရာကို သဘောမကျလှသော်လည်း သူ့ဖေဖေ မလာသေးဘူး'ဟူသောအဖြေကို ပေးသဖြင့် ခွင့်လွှတ်လိုက်သလို၊ 'အင်း–အင်း၊ ဒါပဲ'ဟု ပြောကာ အခန်းဘက်သို့ လှည့်ဝင်ခဲ့သည်။ တကယ်ဆိုတော့ ယုအဖို့ မစိန်မေကိုပင် ခပ်ရွံ့ရွံ့ဖြစ်နေသေး၏။ 'ဒီမိန်းမကြီးဟာ ယုကို ဘာလုပ်ခဲ့တယ်များ ထင်လို့လဲ။ ဘာလုပ်ခဲ့ လုပ်ခဲ့ သူ ဘာပြောနိုင်လို့လဲ။ ယု ဘယ်လိုများ ဖြစ်နေလို့ သူ ဒါလောက် အံ့သြသွားရတာလဲ' ဟူသော မေးခွန်းများဖြင့် ရီဝေရင်း မီးကိုဖွင့်လျက် မှန်ရှေ့တွင် ရပ်လိုက်မိသည်။

ရုတ်တရက်တော့ ဘာမျှ ထူးခြားသွားသည် မထင်။ သို့သော် သူ အိမ်က ထွက်သွားတုန်းကလို ကျစ်ကျစ်လစ်လစ် မရှိ ကပိုကယိုဖြစ်နေသယောင်ယောင် ထင်မိ၏။ သို့သော် သူ့စိတ်ကထင်တာလား၊ တကယ်လားတော့ မသိ။ 'ခါတိုင်း အိမ်ပြန်ရောက်တဲ့အခါ ဒီလိုပဲလား' ဒါကိုလည်း သူ သတိမထားမိ။

အဝတ်အစားကို လဲရန်ပင် မေ့လျော့ကာ အိပ်ရာပေါ်တွင် လွတ်လွတ်လပ်လပ် ပစ်လှဲချလိုက်ပြီး၊ သူ့ရင်ထဲက တဒိတ်ဒိတ်ခုန်ခဲ့ရသမျှကို ပြန်ပြောင်းတွေးတောရင်း ရပ်စုံခင်း၍ ကြည့်နေမိလေသည်။

ကိုတင့်မောင်က ကားမောင်းရင်း "ယုကို ကိုတင့်မောင် သိပ်ချစ်မိပြီဆိုတာ ယု သိစေချင်ပါတယ်"ဟု ပြောလိုက်ကတည်းက ရင်တဒိတ်ဒိတ်ခုန်ကာ စိတ်တွေထူးခြားလာခဲ့သည်။ ကိုတင့်မောင်ထံမှ စကားများကို သူ မမျှော်လင့်ဘဲ ကြားလိုက်ရသည် ဟုလည်း မဆိုနိုင်။ တကယ်တော့ ယုကိုယ်တိုင်ကပင် ကိုတင့်မောင်ကို စိတ်ဝင်စားခဲ့ပြီး ဖြစ်၏။ ယု၏သူငယ်ချင်းအများတွင် ကိုတင့်မောင်ကြောင့် စူစီကို အခင်ဆုံး ပေါင်းထားခဲ့သည်။ ရင်းရင်းနှီးနှီး နေခဲ့သည်။ သို့နှင့် ကိုတင့်မောင်နှင့်လည်း နီးစပ်ခဲ့သည်။

ထိုအခါမှစ၍ ယုတွင် ယောကျ်ားတစ်ယောက်၏ အကြောင်းကို အချိန်ရတိုင်း တွေးကြည့်တတ်သော အလေ့ဟာစ်ခု တိုးလာခဲ့သည်။ ယု တွေးသောယောကျ်ားတစ်ယောက်မှာလည်း ကိုတင့်မောင်သာဖြစ်ခဲ့ရာ ယခုကဲ့သို့ ကိုတင့်မောင်က ယုကို သိပ်ချစ်နေကြောင်း ဖွင့်ပြောလိုက်သည်တွင် ယု အမှန်ပင် ရင်ခုန်သွားသည်။ သို့သော် သူ ကိုတင့်မောင်အကြောင်းကို တွေးမိတိုင်း 'ယောကျ်ားဆိုတဲ့သတ္တဝါတွေဟာ လောကကြီးမှာ ကြောက်စရာအကောင်းဆုံးပဲပေါ့ သမီးရယ်'ဟု သူ့မေမေက ခဏခဏ ပြောဖူးသည်ကို စွဲစွဲမြဲမြဲ ယုံကြည်ထားမိသောကြောင့်၊ ကိုတင့်မောင်မှာလည်း အလွန် နှစ်လိုဖွယ်အဆင်းရှိသည် မြွေဆိုးတစ်ယောက် ဖြစ်လိမ့်မည်ဟု ထင်ခဲ့သည်။

ယု ၆ နှစ်သမီးက ယုဖေဖေနှင့် မေမေတို့ ကွဲခဲ့ကြသည်။ ယု သူ့မေမေနှင့် နေခဲ့ရသည်။ သူ့ဖေဖေ အိမ်က ထွက်သွားစဉ်က ယု သိလိုက်သည်။ နံနက်စောစော သူ့ဖေဖေ အိမ်က ထွက်သွား၍ ညနေအခါတိုင်း ပြန်လာချိန်တွင် မလာသောကြောင့် ယု သူ့မေမေကို ကပ်၍ မေးခဲ့မိလေသည်။

"မေမေ၊ ဖေဖေ မလာသေးဘူးလား"

ယုမေမေသည် အဖြေမပေးဘဲ ယုကိုဖက်၍ ရှိုက်ကာ ရှိုက်ကာငိုလေသည်။ ယုလည်း ဘုမသိဘမသိနှင့် သူ့မေမေ ငိုသောကြောင့် ဝမ်းပန်းတနည်း ငိုခဲ့ရသည်။ သို့သော် သူ့ဖေဖေ ဘယ်သွားသည်ကို မသိခဲ့ရ၊ တစ်နေကုန်၍ ပြန်မရောက်လာ။ နောက်တစ်ရက်လည်း မလာ။

"မေမေ၊ ဖေဖေက ဘယ်သွားနေတာတုံး"

ယုမေမေ မျက်ရည်ကျပြန်သည်။ ယု နောက်တစ်ခါ မမေးဝံ့တော့။ သူ့စိတ်ထဲက တွေဝေ၍သာ နေခဲ့သည်။ 'မေမေနှင့် ဖေဖေဟာ ဘယ်လို လူစားတွေလဲ' ဟု တွေးကြည့်ခဲ့မိသည်။

ငယ်ငယ်တုန်းကဆိုလျှင် ခပ်ရေးရေးတော့ မှတ်မိသည်။ တစ်ခါတစ်ခါတွင် သူတို့ မပြီးနိုင်မဆုံးနိုင် စကားပြောနေကြသည်ကို အိပ်ရင်း ကြားခဲ့ဖူးသည်။ တစ်ခါတစ်ခါတွင် တိုးတိုးပြော၍ တစ်ခါတစ်ခါ ကျယ်ကျယ် ပြောကြလေသည်။ တစ်ခါတစ်ခါတွင် ၂ယောက်စလုံး စိတ်ဆိုးနေကြသလို၊ ယုကိုပင် မချိုကြ ၊မနမ်းကြ ဣန္ဒြေကြီးတွေနှင့် နေကြ၍ ယု တော်တော် စိတ်ဆင်းရဲခဲ့ဖူးသည်။ သို့သော် ငယ်လှသေးသည့်အရွယ် ဖြစ်၍ စိတ်ညစ်စရာကို ကြာကြာ မတွေးတတ်သေး။

၁ နှစ်ထက် ၁ နှစ် ယု ကြီးလာ၍ ကျောင်းသို့ သွားရ၏။ ကျောင်းတွင် မိတ်ဆွေသစ်များနှင့်တွေ့ရသောအခါ အချင်းချင်းစကားပြောကြရာ၌ 'ကိုယ့်ဖေဖေက ဘယ်လို၊

ကိုယ့်ဒက်ဒီက ဘယ်သို့’ စသည်ဖြင့် ပြောကြသည်ကို ကြားရသောအခါ ယု အလိုလို ဝမ်းနည်း၍ငိုခဲ့မိသည်။ ယုမှာ သူ့ဖေဖေအကြောင်း ပြောစရာ ကောင်းကောင်းတစ်ခုလောက်ရှိလျှင် ငိုမည် မဟုတ်။ နောက် တစ်စတစ်စ ယု ၁၂ နှစ်–၁၃ နှစ်သမီးအရွယ် ရောက်လာသောအခါ လူ့လောကအကြောင်း ၁ နှစ်ထက် ၁ နှစ် တိုး၍ နားလည်လာသောကြောင့် သူ့ဖေဖေနှင့် မေမေတို့မှာ ကွာရှင်းထားကြောင်း သိလာ၏။ သို့သော် သူ့ဖေဖေအကြောင်းများမေးလျှင် ယခင်ကတော့ ငိုတတ်လှသောကြောင့် သူ့မေမေကို မေးမကြည့်ဝံ့။

‘လင်နှင့် မယားဆိုတာ ဘာလဲ’ဟူ၍လည်း ကောင်းကောင်း နားမလည်။ လူကြီးတွေပြောသံတော့ မကြာမကြာ ကြားဖူးသည်။ ပြီးတော့ လင်နှင့်မယား ကွာရှင်းထားသည်ကိုလည်း အတိအကျ မသိခဲ့သေး။ သူ့ဖေဖေ သူတို့ထံ ပြန်မလာတော့တာကိုသာ ယု သိသည်။

“မေမေ၊ ယု တစ်ခုမေးရင် မေမေငိုမှာလား မေမေ”

ယုမေမေသည် ယုကို အံ့အားသင့်စွာ ကြည့်၍ ပြုံးပြသည်။ နောက် ပွနေသော ယု၏ဆံပင်ကလေးများကို သပ်ပေးရင်း “ဘာလဲ သမီးရဲ့”ဟု ပြောသည်။

“ယုတို့ငယ်ငယ်က ဖေဖေ ရှိတယ်နော်”ဟု သူသည် သူ့မေမေငိုလျှင် အခြားအရာတစ်ခုခုဖြင့် သူ့မေးခွန်းကို ဖျောက်ဖျက်ပစ်ရန်လည်း ကြိုတင် စိတ်ကူးထားသည်။ သို့သော် ယု ထင်သလို သူ့မေမေ မငိုတော့ချေ။ သူ့ဖေဖေ အကြောင်းကိုပင် ၁ ခွန်းစ–၂ ခွန်းစ ပြောပြသေးသည်။

“ဟင်– ယုဖေဖေက ယုတို့ကို မချစ်လို့သွားတာဖြင့် အစတုန်းကတော့ ယုတို့ကို ချစ်လို့ ယုတို့နှင့်နေတာပေါ့နော် မေမေ”

“အစကတော့ ချစ်ချင် ချစ်မှာပေါ့ သမီးရယ်။ ဒါပေမယ့် ယုဖေဖေလည်း ယောကျ်ားပဲ။ သူ မုန်းချင်တဲ့အချိန် မုန်းသွားမှာပေါ့”

ယုမေမေသည် ဤစကားကို ယု နားမလည်သေးမှန်း သိသော်လည်း ယခုအချိန်မှစ၍ ယုကို သင်ခန်းစာပေးရန် သင့်တော်ပြီဟု အောက်မေ့၍ တမင်ပြောလိုက်ခြင်း ဖြစ်ပေသည်။

“ယောကျ်ားဆိုတာ ဒီလိုပါပဲသမီးရဲ့။ မိန်းမတွေကို သူတို့က နိုင်တာကိုး။ လောကမှာ ယောကျ်ားဆိုတဲ့ သတ္တဝါတွေဟာ ကျားထက်တောင် ကြောက်စရာကောင်းတယ် သမီးရဲ့။ ကျားတို့၊ ခြင်္သေ့တို့ဆိုတဲ့ လူသားစားတိရစ္ဆာန်တွေဟာ လူတွေကို ကိုက်သတ် စားတတ်ပေမယ့်၊ လူတွေနေတဲ့နေရာကို မလာပါဘူး။ လူတွေကလည်း သူတို့နေရာကိုမှ မသွားဘဲ။ ယောကျ်ားတွေကတော့လေ မိန်းမတွေရဲ့စိတ်ကို ကြည်နူးလာအောင်လည်း လှည့်စားတတ်တယ်။ သူတို့စိတ်နှင့် မတိုက်ဆိုင်မိရင်လည်း ခြေနှင့်ချ နှင်းချေပစ်တတ်ကြတာပဲ။ ယောကျ်ားတွေကြောင့် တချို့မိန်းမတွေ စိတ်ညစ်ပြီး ပိန်ချုံးသေသွားကြတယ်။ တချို့ မသေဘဲ နေသွားကြပြန်လည်း တစ်သက်လုံးစိတ်ဆင်းရဲပြီး နေကြရတာပဲ။

“တကယ်ဆိုတော့ ယောကျ်ားတွေအကြောင်း မသိသေးတဲ့ မိန်းမတွေဟာ ဒီလိုဒုက္ခတွေ တွေ့ကြရတာပေါ့။ သူတို့ စိတ်ကြည်လင်တုန်း ခဏလေး ပျော်စရာကောင်းတာသာမြင်ပြီး သူတို့ စိတ်ဖောက်ပြားလာတဲ့အချိန်ကျတော့ ခံစားရမယ့် ဒုက္ခကို မမြင်ကြလို့ မီးထဲကိုတိုးတဲ့ ပိုးဖလံကလေးတွေလို မျက်စိမှိတ် တိုးကြတာပဲ။ တောထဲမှာနေတာလည်း မဟုတ်၊ သူတို့ရဲ့ ကြောက်စရာ ကောင်းတဲ့အကျင့်တွေကိုလည်း ဖုံးဖိုက်ထားကြတော့ မိန်းမတွေကလည်း ဘယ် သတိထားနိုင်ပါ့မလဲ သမီးရယ်။ တချို့ကလည်း ယုံတောင် မယုံကြဘူး။ ‘ယောကျ်ားတွေဟာ ကြည်နူးစရာ’လို့ ထင်ခဲ့ကြတယ်။ အဲသည်လို ကြည်နူးစရာလို့ ထင်လေလေ ကြောက်စရာကောင်းတဲ့ သူတို့ရဲ့အတွင်း စိတ်ကို မမြင်လေလေပဲ”

ယု ၁၃ နှစ်သမီးအရွယ်ခန့်မှ စ၍ မေမေက ဒါတွေကို တရားဟောခဲ့သည်။ ဆိုးသွမ်းသော ယောကျ်ားများကို မကြာခဏ ဥပမာပေး၍ သမီး၏စိတ်ကို ပြုပြင်လာခဲ့သည်။ ယုအဖို့ မေမေသာလျှင် သွန်သင်မည့်သူရှိ၍ မေမေ့ကိုပဲ အားကိုးရသည်။ မေမေပြောသမျှကို နားဝင်ခဲ့သည်။ သူ့မေမေကလည်း ပြောလျှင် ဘယ်သောအခါမှ အရမ်းမပြော။ သူ တွေးတောထင်မြင်ချက်များကိုသာ မပြောဘဲ၊ ဥပမာကလေးပြစရာ လက်ဆုပ်လက်ကိုင်ရှိမှ ပြောတတ်သဖြင့် ယု တကယ်ပင် ယုံခဲ့သည်။ ယု မေမေကိုယ်တိုင်ပင်လျှင် ယောကျ်ားတစ်ယောက်ကြောင့် တစ်သက်လုံး မပျော်မရွှင် နေခဲ့ရပြီ။

ထို့အပြင် လင်နှိပ်စက်ခံရသော ယုအသိ မိန်းမများ၊ မယားငယ် များစွာယူတတ်သော ယုအသိယောကျ်ားများ၊ ယောကျ်ားကြောင့် သေသွားကြရသော ယုသိသည့်မိန်းမများ အကြောင်း ယု အတော်ကလေး သိထားသည်။ ထိုမိန်းမများ၏ ဘဝမျိုးသို့ ရောက်ဖို့ကို မဆိုထားဘိ၊ စိတ်ကူး၍ပင် မကြည့်ဝံ့ခဲ့သော ယုသည် သူ့မေမေဩဝါဒများအတိုင်း ‘ယောကျ်ားဆိုလျှင် မိန်းမတွေကို အနည်းနှင့်အများ နှိပ်စက်ညှဉ်းပန်းတတ်သည်ချည်း’ ဟု စွဲယူမိသည်။

နောက်ဆုံး ယုစိတ်ကို တကယ်စွဲအောင် ဖြစ်ရသော အကြောင်းကား သူ့မေမေ သေဆုံးသွားရခြင်းပင် ဖြစ်လေသည်။ သူ့မေမေ၏အကြောင်းကို ပြန်တွေးလိုက်လျှင် ယောကျ်ားတစ်ယောက်ဖြစ်သော သူ့ဖေဖေ ဖောက်ပြားမှုကြောင့် သူ့ဘဝ၌ နေရသမျှ ပျော်ရွှင်ခြင်းကင်းလျက် အသက်တမ်းမကုန်မီ သေဆုံးသွားရသည်ဟု ယုံလိုက်သည်။ အသက် ၃၀ အရွယ်ခန့်ထိ


mgyoe.com

mgyoe.com SAMPLE BOOK

နတုန်းတင်တုန်း စိုပြည်တုန်း ဖြစ်သည်။ သူ့မေမေ၏ရုပ်ရည်ကို သူ မှတ်မိသည်။ နောက် အသက် ၄၀ ကျော်တွင် ပါးရေနားရေ ကျလျက်၊ သေဆုံးသည့်အချိန်တွင် တကယ့်မိန်းမအိုကြီးတစ်ယောက်ကဲ့သို့ ဆံပင်များပင် ကြိုကြား ဖြူစပြုနေ၏။

အကယ်၍ သူ့ဖေဖေသာ အိမ်မှာရှိ၍ သူ့မေမေ ပျော်ပျော်ရွှင်ရွှင် နေခဲ့ရပါလျှင် ဤရောဂါလောက်နှင့် သေလိမ့်ဦးမည် မဟုတ်ဟု တစ်ထစ်ချတွက်ကာ သူ့ဖေဖေကို စိတ်နာခဲ့မိ၏။ သို့ရာတွင် သူ့မေမေ ဆုံးသည်ကြားသောအခါ သူ့ဖေဖေသည် ယုကို လာ၍ခေါ်လေသည်။

ယု မလိုက်ချင်၍ ငြင်းဆန်ခဲ့၏။ ၁၀ နှစ်ကျော်ကျော်ကွဲနေသော အဖေဖြစ်၍ ခင်မင်ရင်းနှီးခြင်း မရှိရုံမက၊ သူ့မေမေ သေဆုံးရခြင်းနှင့် ပတ်သက်၍ စိတ်ကလည်း နာနေသောကြောင့် မလိုက်လိုကြောင်းပြောသော်လည်း၊ ဦးထွန်းတင်မှာ ယခုနောက်မိန်းမလည်း ဆုံးပြီဖြစ်၍ သမီးသာလျှင် ခင်တွယ်စရာရှိတော့ကြောင်း၊ ယုအဘိုးအဘွားများထံ ဝန်ချတောင်းပန်၍ ခေါ်လေရာ ယုမှာ နောက်ဆုံးတွင် မခင်မင်သောဖခင်နှင့် မကြည်မသာလိုက်လာခဲ့ရ၏။

သူ့ဖေဖေအိမ် ရောက်စတွင် ပျင်းရိငြီးငွေ့စွာ စိတ်ကျဉ်းကျပ်လျက်နေခဲ့ရသော်လည်း တစ်စတစ်စ သမီးအပေါ်တွင် ညာတာတတ်သော ဦးထွန်းတင်၏ အပြုအမူများကြောင့် တဖြည်းဖြည်း စိတ်ပြေပျောက်သွားသလိုလို ဖြစ်ကာ နေ့ထိုင်ရသည်မှာလည်း စိတ်ကျယ်ဝန်းလာတော့သည်။ ဘယ်သွားသွား ဘာလုပ်လုပ် ကန့်ကွက်ခြင်း မရှိ။ ယုအပေါ်၌ အပြစ်တစ်စုံတစ်ရာရှိနေသည့်တိုင်အောင် အမြဲ ခွင့်လွှတ်နေကျ ဖြစ်၍၊ ယုသည် သူ့ဖေဖေကို ကြည်ညိုစိတ်ကလေးများပင် ဝင်စားခဲ့ပြန်သည်။

တကယ်ဆိုတော့ ဖေဖေဟာ ဆိုးမယ်မထင်ပါဘူး။ ဖေဖေ့ကြည့်ရတာ လူတစ်ဖက်သားကို မတရားနှိပ်စက်မယ့် လက္ခဏာတော့ မရှိပါဘူး။ ဒါပေမယ့်လေ မေမေတစ်သက်လုံး စိတ်ဆင်းဆင်းရဲရဲ နေသွားရတာကတော့ ယုမျက်မြင်ပဲ။

ယုသည် မကြာခဏ တွေးမိခဲ့၏။ တစ်ခါတစ်ခါတွင် ယုအပေါ်တွင် သူ့မေမေအိမ်၌ နေခဲ့စဉ်ကလို 'ဘယ်ကို မသွားရ၊ ဘာကို မလုပ်ရ၊ ဘယ်လို မပြောရ' ဟူသော ချုပ်ချယ်မှုကလေးများပင် မရှိတော့အောင် လွတ်လပ်လှသော သူ့ဖေဖေအိမ်၌ပင် ပိုပျော်သလို ထင်ခဲ့မိသည်။

တစ်ခါတစ်ခါ သူ့မေမေကို လွမ်းသည့်စိတ်ကလေးများပင် ပျောက်သွားကာ သီချင်းကလေး တအေးအေးနှင့် နေနိုင်ခဲ့သည်။ အိမ်မှာနေလျှင် ဖတ်စရာစာအုပ် အစုံအလင် ရှိသည်။ ရေဒီယို ရှိသည်။ ပန်းခြံရှိသည်။ လည်ချင်လျှင် အသိမိတ်ဆွေ ခင်မင်သူတွေ အတော်များအောင် သူ့ဖေဖေက မိတ်ဖွဲ့ပေးထားသည်။ ရုပ်ရှင်ကြည့်ချင်လျှင်လည်း အထူးခွင့်တောင်းနေစရာ မလို။ ဘယ်အခါမဆို အဖော်ကောင်းလျှင် လိုက်ကြည့်ရန် အခွင့်ပေးထားပြီး ဖြစ်သည်။

သူ့မေမေနှင့် နေခဲ့ရစဉ်က မလွတ်လပ်မှုများကို ယခုမှပြန်တွေးမိသော်လည်း တကယ်ဆိုတော့ ယုမေမေကိုသာ တကယ်ချစ်သည်။ သူ့ဖေဖေ အိမ်တွင် နေရသည်မှာ လွတ်လပ်လွန်းသဖြင့် တစ်ခါတစ်ခါ ညနေအိမ်ပြန်နောက်ကျ၍ပင် နေသေး၏။

ယနေ့လည်း သူ့ဖေဖေပေးထားသော လွတ်လပ်ရေးကြောင့် အိမ်ပြန် နောက်ကျပြန်ပြီ။ ယခုတစ်ကြိမ်တွင် ယုသည် လွတ်လပ်ခွင့်ကို အလွဲသုံးစား လုပ်လာခဲ့မိသဖြင့် အိမ်အဝင် ခက်၍ပင် နေခဲ့ပြီ မဟုတ်ပါလား။

ကိုတင့်မောင်တို့မောင်နှမနှင့် ရုပ်ရှင်လိုက်ကြည့်သည်။ ယခင်ကလည်း ယခုကဲ့သို့ လိုက်ကြည့်ဖူးသော်လည်း အပြန်တွင် စုစီပါ လိုက်ပို့လေ့ရှိသဖြင့် မထူးခြားခဲ့။ ယနေ့တော့ စုစီ ခေါင်းကိုက်သည်ဆို၍ အိမ်မှာ ဆင်းနေရစ်သောကြောင့် ယုကို ကိုတင့်မောင်တစ်ယောက်တည်း လိုက်ပို့ရသည်။ စုစီ ဉာဏ်ဆင်လိုက်တာလားတော့ မသိ။ ယုတို့ အိမ်ရောက်ခါနီး မလှမ်းမကမ်းတွင် ကားကိုထိုးရပ်ကာ အခါကောင်းအခွင့်ကောင်းကို ယူလိုက်သည်။ ယုကို ပိုင်စိုးပိုင်နင်းပင် နမ်းလွှတ်လိုက်၏။

စင်စစ် ကိုတင့်မောင်ကို 'လူရမ်းကား'ဟုဆိုလျှင် မှားချေတော့မည်။ ကိုတင့်မောင် ရမ်းကားသည် ထားဦး။ 'မတရားသဖြင့် ရမ်းကားသည်' ဟူ၍ကား မဆိုနိုင်။ အဘယ့်ကြောင့်ဆိုသော် ယု ကိုယ်တိုင်ကပင် ထိုအချိန်က အနည်းငယ် ရမ်းကားလိုက်မိသည် ထင်သည်။ ယု သတိမပြုမိဘဲ ရင်ထဲက တဒိတ်ဒိတ်ခုန်ကာ ဘာတွေပြော၍ ဘာတွေလုပ်ခဲ့မိသည် မသိ။ ထိုအချိန်က ယု သူ့မေမေကိုရော ဖေဖေကိုပါ ခဏတစ်ဖြုတ်မေ့နေသည်။ သူ့ကို ကိုတင့်မောင် အသာဖက်၍ထားလိုက်စဉ် သူ ငြိမ်နေခဲ့၏။ နောက် ကိုတင့်မောင်ကနမ်းတော့ ယုကလည်း ကျေကျေနပ်နပ်ပင် ပြန်နမ်းမိသေးသည်ဟု ထင်သည်။ 'ချစ်တယ်နော်' ဟု ကိုတင့်မောင်က ယုယစွာမေးစဉ်က ယု ပြုံး၍ ခေါင်းညိတ်လိုက်မိသေးသည်။ ဤသို့ အချစ်လှိုင်းစီးရင်း ချစ်ရေယဉ်ကြောဝယ်မျောနေရာမှ ကိုတင့်မောင်ကို တစ်ခုခုပြောရန် စကားရှာကြည့်မိသည်တွင်မှ 'ကိုတင့်မောင် နောက်တော့ ယုကို မုန်းသွားမှာလား'ဟု ပြောရန်စိတ်၌ ဖြစ်ပေါ်မိ၏။ ထိုအခါတွင် ယုသည် တစ်စုံတစ်ရာကို သတိရလာသလို ကိုတင့်မောင်၏ ရင်ခွင်မှ အလန့်တကြားရုန်းဖယ်၍ ထွက်လိုက်မိလေသည်။

'ယောကျ်ားဆိုတာ ဒီလိုပဲ။ အခုချစ်ပေမယ့် တော်တော်ကြာ မုန်းချင် မုန်းသွားကြတာမျိုး' ယု ဒါကို စဉ်းစားမိသည်။ နောက် သူ့မေမေ ပြောဖူးသော စကားများကို ပြေး၍သတိရသည်။

'အဲသည်လို ကြည်နူးစရာတွေလို့ ထင်လေလေ ကြောက်



mgyoe.com

စရာကောင်းတဲ့ သူတို့ရဲ့အတွင်းစိတ်ကို မမြင်ရလေလေပဲ’

ယုသည် စပါးကြီးအညို့ခံရရာမှ ရုတ်တရက် သတိလည်လာသူကဲ့သို့ ကိုတင့်မောင်ကို တွန်းဖယ်၍ ကားပေါ်မှဆင်းပြီး၊ ခပ်လှမ်းလှမ်းကရပ်၍ ကြောက်လန့်သောမျက်လုံးများဖြင့် ကိုတင့်မောင်ကို စိုက်ကြည့်နေခဲ့မိသည်။

“အို– ကိုတင့်မောင်၊ ရှင် ပြန်ပြန်။ နောက်ကို ယုဆီ ဘယ်တော့မှ မလာပါနဲ့”

ယုသည် ဤသို့ပြောပြီး အတင်းလှည့်ထွက်ပြေးသောကြောင့် ကိုတင့်မောင်ကလိုက်ဖမ်းပြီး အားရပါးရနမ်းပြီးမှ လွှတ်လိုက်သည်။ ယုလည်း ကြောက်အားနှင့် အိမ်ဝင်းဆီသို့ အပြေးကလေးလာခဲ့၏။ သူ့ရင်တွေ တဒိတ်ဒိတ်ခုန်နေသည်။ အမြင့်ကြီးမှ ကျလာသူကဲ့သို့ မကြာမီက သူရောက်ခဲ့သည့်ဘဝကို ပြန်၍ မျှော်ကြည့်ပြီး ကြောက်ဒူးတုန်နေ၏။ အိမ်ဝင်းသို့ဝင်မိမှ ခေတ္တရပ်နားကာ သတိကို မြဲမြဲထားလိုက်ရသည်။ သူ မှားခဲ့တာတော့ ဟုတ်သည်။ သို့သော် သူ့အမှားမှာ သူ့ဖေဖေ အသိခံ၍ဖြစ်သော အမှားမျိုးမဟုတ်၍ အိမ်အဝင်တွင် ဟန်လုပ်ရဦးမည်။

သူ ဟန်လုပ်၍ဝင်ခဲ့သော်လည်း မစိန်မေကတော့ သိသည်။ ယု တစ်ခုခုဖြစ်လာခဲ့ပြီကို နားလည်၏။ ယုမှာ ဣန္ဒြေဆည်နေသောကြောင့်လည်း ယုသဘောနှင့် ယုပင် ဖြစ်လာခဲ့သည်ကို သိသည်။

အိပ်ရာပေါ်တွင် ပက်လက်လှန်၍ သူကျူးလွန်ခဲ့မိသည့် အပြစ်၊ ‘အပြစ်’ဟုပင် ခေါ်ရမည်ဖြစ်သော အပြုအမူကို ပြန်၍ ကြက်သီးထမိသည်။ မေမေသည် အတော် အမြော်အမြင်ရှိသော မေမေပါတကား။

‘ယောက်ျားတွေဟာ သူတို့ရဲ့ ကြောက်စရာ ကောင်းတဲ့ အချက်တွေကို ဖုံးဝှက်ထားကြတော့ မိန်းမတွေကလည်း ဘယ်သတိထားနိုင်ကြပါ့မလဲ။ တချို့လည်း ယုံတောင် မယုံကြဘူး။ ယောက်ျားတွေဟာ ကြည်နူးစရာလို့ပဲ ထင်ခဲ့ကြတယ်’

ယခု သည်ကိုတင့်မောင်ကို အကြောက်ကြီးကြောက်သွားသည်။ တစ်နေ့နေ့တွင် သူ့ကို ဒုက္ခတွင်းသို့ ပစ်ချလိမ့်မည်ဟု ယုံကြည်ကာ ရင်ထဲ၌ တလှပ်လှပ်ဖြစ်နေမိသည်။ စင်စစ် ယခုပင်လျှင် ကိုတင့်မောင်အတွက် သူ စိတ်ဒုက္ခရောက်စ ပြုနေပြီကို သတိ မထားမိချေ။

ယောက်ျားနှင့် မိန်းမ။ တစ်ယောက်နှင့်တစ်ယောက် အပြန်အလှန် ချစ်နေကြမည်ဆိုလျှင်တော့ လောကကြီးသည် နေချင်စရာ အလွန်ကောင်းမည် ဖြစ်သော်လည်း၊ ထာဝရမဟုတ်သော ပျော်ရွှင်မှုကလေးကို တွယ်တာမိလျှင် ပင်ပန်းဆင်းရဲစွာနေရသည့်အချိန်များမှာ မကာမိအောင်ပင် များပြားချေတော့မည်။ ယုသည် ကိုတင့်မောင်နှင့် နေခဲ့ရသည့်အချိန်ကလေးကို မေ့မပစ်နိုင်အောင် စွဲလမ်းမိသည်။ ‘စွဲလမ်းနေပြီ’ဟု ယုကိုယ်တိုင် ဝန်မခံဝံ့သည့်တိုင်အောင် ယု စွဲလမ်းနေတာတော့ အမှန်ပင် ဖြစ်သည်။ တစ်ဖက်တစ်လမ်းက ခြောက်လှန့်လျက်ရှိသော ယောက်ျားစိတ်ကလေးများသည် ယုကို အသည်းပြတ်မတတ် မွှေနှောက်လိုက်ရာ ယုမှာ အိပ်ရာပေါ်တွင် လူးရင်းလှိမ့်ရင်း ဝေဒနာခံစားရရှာ၏။

‘ကိုတင့်မောင်– ကိုတင့်မောင်။ ကိုတင့်မောင်ကို ယု သဘောကျခဲ့မိတာကတော့ ကြာပြီ။ တကယ်ဆိုရင် ကိုတင့်မောင်တို့ယောက်ျားတွေကို ယု ရှောင်လို့မရခဲ့ဘူး။ မေမေ ပြောတာလို ကိုတင့်မောင်ဟာ ယုစိတ်ကို ယု စိတ်ကြည်နူးအောင် လှည့်စားတာကိုး။ ယုစိတ်ထဲမှာ ကိုတင့်မောင်ကို အဟုတ်ထင်ခဲ့တယ်။ ယု ကိုတင့်မောင်ကို တကယ်ပဲ ကြည်နူးခဲ့မိတယ်။ အခုလည်း ယုစိတ်ကို ဖြေဖျောက်လို့ မရနိုင်ဘူး။ ဒါပေမယ့် ယုတစ်သက်တာ အရေးအတွက် ခဏတဖြုတ်ကြည်နူးမှုကလေးကို ယု မကြည့်နိုင်ဘူး။ ကိုတင့်မောင် ဖောက်ပြားသွားတဲ့အချိန်မှာ ယု ဒီထက် စိတ်ဆင်းရဲမယ်။ အဲဒီအချိန်အထိ နေကြည့်ဖို့ ယု စွန့်ဝံ့ပါ့မလား။ အို–လောကမှာ ဘယ်သူ့ကိုမျှ မယုံရဘူး။ ယုဟာ မေမေလို ငြီးငွေ့စရာကောင်းတဲ့ဘဝမှာ အကြာကြီး နေဝံ့တဲ့သတ္တိ မရှိဘူး။ ကိုယ့်ကိုယ်ကို သတ်သေသွားတဲ့မိန်းမတွေလို ယု အဖြစ်မခံနိုင်ဘူး။ ကိုယ်က ချစ်ရသလောက် ဘယ်သူကမျှ သစ္စာရှိရှိနှင့် ပြန်ချစ်လိမ့်မယ်လို့ မယုံလေနှင့် သမီး။ မမျှော်လင့်လေနှင့်တဲ့။ မေမေက ပြောခဲ့တယ်။ ကိုတင့်မောင်ဟာ ယုချစ်သလို မှန်မှန်ကန်ကန်ချစ်လိမ့်မယ်လို့ ယု ယုံထားရင်၊ ယုထင်သလို မဖြစ်ရင်တော့ ယု အသည်းကွဲမယ်။ ယုမေမေလို ဘဝမျိုးကိုရောက်ရင် အို– မယုံဘူး၊ မယုံဘူး။ ဘယ်သူ့ကိုမျှ မယုံဘူး’

ယုသည် ယခုပင်လျှင် ကိုယ့်ဒုက္ခကို ကိုယ် ကြိတ်၍ခံရသည့်ဘဝ ရောက်နေသည်ကို သတိမထားမိဘဲ သူ့စိတ်ကို တင်း၍ဖြတ်နေသည်။ ကိုတင့်မောင်ကို သူချစ်သလောက် ပြန်မချစ်လျှင် သူ့အသည်းတွေ ကွဲရမည်ဟု သူထင်သည်။

အကယ်၍ ‘ကိုတင့်မောင်ကို သူ မချစ်ဘဲနေရလျှင်ကော၊ သူ့အသည်းတွေ ဘယ်လိုနေမလဲ’ သူ မတွေးမိ။ သို့ရာတွင် သူ့စိတ်ထဲမှ စွဲစွဲမြဲမြဲ ယုံကြည်ထားသော အစွဲကိုလည်း ဖျောက်ဖျက်ရန် မစွမ်းနိုင်သဖြင့် အိပ်ရာမှ အားတင်းထလိုက်ပြီး စာတစ်စောင်ရေးရန် စားပွဲသို့ လာခဲ့လေသည်။

**ကိုတင့်မောင်**

**ကိုတင့်မောင်ကို ယု မချစ်နိုင်တဲ့အကြောင်း–**

ယုသည် စာကို တစ်ကြောင်းရေးပြီး စိတ်ထဲမှ အလိုလို ဝမ်းနည်းလာလေသည်။ ဝမ်းနည်းမိသည့်အကြောင်းကို သူ့ဟာသူလည်း ရှာမတွေ့နိုင်သဖြင့် မျက်ရည်ကိုသုတ်၍ စာကို ဆက်ရေးရန် ကြိုးစားပြန်၏။

ကိုတင့်မောင်ကို ယု မချစ်ပါရစေနှင့်

mgyee.com SAMPLE BOOK

ယု၏မျက်ရည်တို့သည် အဆက်မပြတ် ကျဆင်းလာသည်နှင့် စာရေး၍ မဖြစ်။ သို့သော် တစ်ကြောင်းချင်း သူ ကြိုးစား၍ ရေးရန် အားခဲလိုက်၏။

ဟိုညက ဖြစ်ပျက်ခဲ့တာတွေကို ကိုတင့်မောင် မေ့လိုက်တော့။

**ယု ကိုတင့်မောင်ကိုဖြစ်ဖြစ်, ဘယ်သူ့ကိုဖြစ်ဖြစ် ယောကျ်ား တစ်ယောက်ကို ချစ်ဖုံတဲ့သတ္တိမရှိတာ အမှန်ပဲ။**

**ယုမေမေဟာ–**

ယုသည် ဤမျှသာ စာကိုစီ၍ရတော့သဖြင့် ကလောင်ကို ချကာ မျက်နှာကို လက် ၂ ဖက်နှင့်ပိတ်၍ စားပွဲပေါ်သို့ မှောက်ချလိုက်ပြီး ခပ်အုပ်အုပ် ရှိုက်ကာငိုလိုက်သည်။ ငိုလေ ဝမ်းနည်းလေ၊ ဝမ်းနည်းလေ ငိုလေဖြစ်သဖြင့် တော်တော်နှင့် အတောမသတ်နိုင်ဘဲ ရှိုက်၍ရှိုက်၍ နေမိသည်။ တကယ်ဆိုတော့ ဘယ်လိုအကြောင်းကြောင့် သူ ဤမျှ ဝမ်းနည်းမိသည်၊ ငိုချင်မိသည်ကို သူကိုယ်တိုင် မသိ။ အတွင်းမှ တလှိုက်လှိုက်ဆူနေသောကြောင့်သာ ဘာမျှမလုပ်တတ်တော့သည့်အဆုံး၌ ငိုချလိုက်ခြင်း ဖြစ်ပေလိမ့်မည်။

မည်မျှကြာအောင် ငိုနေမိသည် မသိ။ ယုခေါင်းပေါ်သို့ လက်တစ်ခု လာတင်လိုက်မှ ရုတ်တရက်လန့်၍ ခေါင်းထောင်ကြည့်မိရာတွင် သူ့ကို ကြင်နာစွာကြည့်နေသော ဦးထွန်းတင်ကို တွေ့ရလေသည်။ ယုသည် သူ ငိုနေသည်ကို သူ့ဖေဖေ မြင်သွားပြီဖြစ်၍ ဘာမျှ မလုပ်တတ်တော့သလို စားပွဲပေါ်သို့ ပြန်မှောက်ချလိုက်ကာ ငိုမြဲ ငိုနေလိုက်၏။

"သမီးလေး၊ သမီးလေး"

ယုသည် 'မထူးတော့ပြီ' ဟု အောက်မေ့၍ ရင်ထဲက တမြည့်မြည့် ဖြစ်နေသည်ကို အားရအောင် ဆက်ငိုလိုက်တော့သည်။

"သမီး၊ သမီး။ ဖေဖေ့ကို ပြောလေ။ ဘာဖြစ်ဖြစ် ဖေဖေ့ကို ပြောရမယ်လို့ ပြောထားတယ်မဟုတ်လား"

ယုသည် ယခုမှ ပို၍ ဝမ်းနည်းလာသလို ဆက်ကာဆက်ကာ ရှိုက်လိုက်၏။

"သမီး ဒီလိုငိုနေတော့ ဖေဖေ ဘာတတ်နိုင်မှာလဲ သမီးရဲ့။ ဖေဖေ့ကို ပြောပြရင် သမီးစိတ်ဆင်းရဲတာက လွတ်အောင် ဖေဖေ လုပ်ပေးနိုင်မှာပေါ့။ သမီးစိတ်ချမ်းသာအောင် ဖေဖေ တတ်နိုင်ပါလိမ့်မယ်။ ဖေဖေ့ကို ပြောလေ။ ဖအေတစ်ခု သမီးတစ်ခု ဖြစ်နေရတာ ဖေဖေ့ကိုမပြောရင် ဘယ်သူ့ကို ပြောမလဲ ဟင်"

ဦးထွန်းတင်သည် ယု၏ခေါင်းကို သပ်ပေးရင်း ကြင်နာစွာ မေးသော်လည်း၊ ယုမှာ အပြောရခက်သလို ခေါင်းကို မသိမသာ ယမ်းလိုက်၏။

"သမီး ဘာကြောင့် စိတ်ဆင်းရဲနေတယ်ဆိုတာသာ ပြောလေ။ ဖေဖေ ဘာမဆို သမီးကို စိတ်ချမ်းသာအောင် လုပ်ပေးမလို့ပေါ့။ ဖေဖေ ဘာမျှ မသိဘူး။ သိလည်း ဘာမျှ မတတ်နိုင်ဘူးလို့ သမီးထင်လို့ မပြောတာလား။ ဒီလိုလည်း ဘယ်ဟုတ်မလဲ သမီးရယ်။ ဖေဖေ့ကို အားကိုးချင်တဲ့စိတ်များ နည်းနည်းမျှ မရှိတော့ဘူးလား။ သမီးအဖို့ ဖေဖေပဲ အဖေ, ဖေဖေပဲ အမေ ဖြစ်နေတော့ ဖေဖေ့ကို အဖေတစ်ယောက်အနေနှင့် အားမကိုးရင် အမေတစ်ယောက်အနေနှင့် အားကိုးကြည့်စမ်း သမီး"

ယုသည် ပို၍ပို၍ ဝမ်းနည်းလာလေသည်။ စောစောက ဝမ်းနည်းခြင်းကို အမည်မတပ်တတ်သော်လည်း အားငယ်သော ဝမ်းနည်းခြင်းဖြစ်ကြောင်း ယခု သူ့ကို အားပေးမည့်သူ ဖေဖေ ရှိနေမှ သိသည်။ ယခု ပို၍လာသောဝမ်းနည်းခြင်းကား သူ့ဖေဖေ၏စကားများကြောင့် ကြေကွဲဝမ်းနည်းခြင်း ဖြစ်သည်။

ယုသည် ၁ ချက်–၂ ချက် ရှိုက်လိုက်ပြီး မျက်ရည်ကို သုတ်ကာ ခေါင်းထောင်၍ သူ့ဖေဖေကို ကြည့်လိုက်သည်။ နောက် သူ့ဖေဖေကိုဖက်၍ ငိုပြန်သည်။

"အို– သမီးသမီး။ အလကားပဲ ငိုနေတော့တာကိုး။ ထ–ထ၊ ဖေဖေ ပြောမယ်။ တိတ်လိုက်စမ်းကွယ်"

"ဖေဖေ"

"ပြောစမ်း သမီးလေး။ ပြောစမ်း"

"ဖေဖေဟာ မေမေ့အပေါ်မှာ သိပ်ရက်စက်တာပဲတဲ့"

ယုသည် ငိုသံမပျောက်သေးဘဲ သူ့ဖေဖေကို ပြောလိုက်သည်။ ဦးထွန်းတင်သည် တစ်ချက်မျှ သက်ပြင်းချလိုက်ပြီး

"အေး–အေး။ သမီး ဒါတွေကို တစ်နေ့သိရမယ်လို့ ဖေဖေ နားလည်ခဲ့ပါတယ်။ သမီးကိုပြောပြဖို့ ဖေဖေ အမြဲ စိတ်ကူးနေတာပဲ။ အခု ဒါကို တွေးမိလို့ ငိုနေတာလား။ ဟုတ်လား သမီး"

"ဒါကြောင့်ရယ်လို့တော့ မဟုတ်ဘူး။ ဒါပေမယ့် ဒါပေမယ့်"

"ပြောလေသမီး"

"ယောကျ်ားတွေဟာ မိန်းမတွေအပေါ်မှာ ဘယ်တော့မှ မကောင်းဘူး။ ယုဖေဖေဟာ မေမေ့အပေါ်မှာ မကြင်နာတာတွေကလည်း မျက်မြင်ဖြစ်ခဲ့တော့ ယု ယု"

"အို–အို၊ သမီးလေး မငိုနှင့်လေ။ ပြောပါ။ ဖေဖေ့ကို ပြောပါ။ ဖေဖေ့သမီး နားလည်အောင် ပြောပြမှာပေါ့။ အခု သမီး စိတ်ဆင်းရဲနေတဲ့ကိစ္စကိုသာ ပြောပါ။ သမီးကို ဖေဖေ ရှင်းပြီး ပြောပြမှာပေါ့"

"ချစ်ကိစ္စဖေဖေ"

ယုသည် အရဲစွန့်၍ ပြောလိုက်ပြီး ခေါင်းငုံ့ကာ သူ့ဖေဖေ



mgyee.com

ပြောမည့်စကားကို စောင့်နေသလို ရပ်ထားလိုက်၏။ SAMPLE BOOK

ဦးထွန်းတင်လည်း ခပ်အေးအေးရယ်လိုက်ပြီး–

"အို–ဟိုဟို၊ ဒါကို ဖေဖေ အတွေးမိသားပေါ့။ ချစ်ကိစ္စနှင့် ကြုံလာရင် သမီး ဒီလို စိတ်ဆင်းရဲလိမ့်မယ်ဆိုတာ ဖေဖေ အစောကြီးက သိတယ်။ ကဲလေ– အခု သမီး အပြောရခက်နေတယ်ဆိုရင် ဖေဖေကပဲ ပြောပြမယ်နော်။ နားထောင်–

"ဖေဖေ သမီးတို့ဆီက ထွက်လာခဲ့တယ်ဆိုတာက စပြီး ပြောရမယ်။ ဒါပေမယ့် ဒါကိုနောက်ထားပြီး အခု သမီး ဖေဖေ့ဆီကို ရောက်တဲ့အချိန်ကစပြီး ပြောမယ်"

"သမီး ဖေဖေ့ဆီရောက်လာတော့ သမီးစိတ်ထဲမှာ ဘယ်လို အစွဲအလမ်းရှိနေတယ်ဆိုတာ ဖေဖေ သိတယ်။ ပြီးတော့ သမီး တစ်သက်တာအဖို့ ချစ်ရေးနှင့် အိမ်ထောင်ရေးကို တွေးရာမှာ ဘယ်လို အယူအဆတွေ ရှိလိမ့်မယ်ဆိုတာ ဖေဖေတွက်မိတယ်။ သမီးဟာ သမီးမေမေရဲ့အယူအဆတွေအတိုင်း ဖေဖေ့ကို စိတ်နာနေတာရယ်၊ ဒုတိယအချက်က ဖေဖေ့ကိုအကြောင်းပြုပြီး ယောကျ်ားတွေကို စိတ်နာနေတဲ့ သမီးမေမေရဲ့ဝါဒတွေ သမီး ရထားတဲ့ အယူအစွဲတွေဟာ လူ့ဘဝနေရေးထိုင်ရေး အားလုံး မှားတယ်လို့ မဆိုနိုင်တောင် အမှားတွေများတယ်ဆိုတာ ဖေဖေ သိတယ်။ ဒီတော့ ဒီအယူအစွဲတွေ လက်ကိုင်ထားပြီး သမီးလည်း သမီးရဲ့မေမေလို စိတ်မဆင်းရဲစေချင်လို့ သမီးကို ပြုပြင်ဖို့ ဖေဖေ မရမကခေါ်လာခဲ့တယ်။ ဒီရောက်တော့ သမီးကို ဘာမဆို လွတ်လွတ်လပ်လပ်နေခွင့်ပေးထားတာပဲ။ ဒီလို သမီး လွတ်လွတ်လပ်လပ်သွားလာနေရတော့ သမီးစိတ်မှာ လွတ်လပ်မှုရရဲ့ မဟုတ်လား။ အေး–ဒါပေမယ့်လို့ သမီးဟာ အကာအကွယ်မရှိ၊ အစောင့်အရှောက်မရှိဘဲ သွားလာနေရတယ် မထင်နှင့်။ သမီးကို ဖေဖေကိုယ်တိုင် အမြဲလိုက်ပြီး စောင့်ရှောက်ခဲ့တယ်။

"ချစ်ကိစ္စဆိုတာ အယူအဆလွဲရင် ဒုက္ခနှင့်ချည်း ရင်ဆိုင်တိုးရတတ်တာမျိုးပဲ သမီး။ သမီးဟာ ဒီလို လူမှုရေးရာတွေကို အမှန် ဘာမျှ မသိခဲ့ရဘူး။ သိခွင့်လည်း မရခဲ့ဘူး။ ယောကျ်ားနှင့် မိန်းမ၊ လင်နှင့် မယား ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာ နေကြတာကို သမီး မြင်ခွင့် မရခဲ့ဘူး။ ကိုယ့်မိဘတွေကိုတောင် တစ်ယောက်နှင့်တစ်ယောက် ကြင်ကြင်နာနာမမြင်ခဲ့ဖူးတဲ့အပြင်၊ သမီးရဲ့မေမေကလည်း ယောကျ်ားတွေ မကြင်နာတာကိုသာ သမီးကို ပြောခဲ့လိမ့်မယ်။ ဒီတော့ သမီးအဖို့ ဘယ်မှာ အမြင်မှန် ရနိုင်ပါတော့မလဲ။ ဒါ သမီးအပြစ် မဟုတ်ဘူး။ သမီးရဲ့ပတ်ဝန်းကျင်ကြောင့် ဒီလိုဖြစ်ရတာ။ ဒါတွေကို တစ်နေ့ ဖေဖေ ပြုပြင်ပေးရမယ်လို့ အမြဲစိတ်ကူးခဲ့တာ။ အခု အခွင့်ပေါ်လာတာနှင့် အဆင်သင့်ပဲ။

"ဒီမှာ သမီး။ 'လောကမှာ ချစ်တတ်တဲ့သူဟာ အပျော်ဆုံးပဲ'လို့ သမီး ယုံစမ်း။ လောကကြီးဟာ ချစ်နိုင်လေ ပျော်စရာကောင်းလေဆိုတာ တွေးကြည့်စမ်း။ သမီးအဖို့ ချစ်ရမှာ တွေးပြီး သိပ်ကြောက်နေတယ်လို့ ဖေဖေ ထင်တယ်။ ဒီလိုဆိုရင် ဖေဖေ မှားမလား"

"မမှားပါဘူးဖေဖေ"

"အေး– သမီးကို ချစ်ရမှာကြောက်နေအောင် သမီးမေမေက သင်ပေးခဲ့တာကိုး။ ချစ်ရမယ် သမီး၊ ချစ်ရမယ်။ လူရယ်လို့ ဖြစ်လာပြီး ချစ်တတ်တဲ့အရွယ်ရောက်လာရင် ချစ်ရမယ်။ ဒါမှလည်း လူရဲ့အခွင့်အရေးကို တင်းပြည့်ကျပ်ပြည့် ခံစားရမယ်။ တစ်သက်တာအရေးမှာ အချစ်ကို ကြောက်နေရင် မှားတော့မပေါ့။ တစ်ယောက်နှင့် တစ်ယောက် အိမ်ထောင်ဖက်ပြုပြီး တစ်သက်လုံး တည်မြဲသွားကြဖို့အရေးမှာ အချစ်ဟာ အရေးအကြီးဆုံးဆိုတာ စွဲစွဲမြဲမြဲမှတ်ထား သမီး"

"ဖေဖေ မေမေ့ကို ယူတုန်းက ချစ်လို့ယူတာပဲ မဟုတ်လား ဖေဖေ"

"အေး– ဒါလည်း မေးထိုက်တာပဲ။ ဖေဖေနှင့် မေမေဟာ တစ်ယောက်ကိုတစ်ယောက် ချစ်ကြတာမဟုတ်ဘူးသမီး။ လင်ရယ်၊ မယားရယ်လို့ ဖြစ်လာကြရပေမယ်လို့ တစ်ယောက်နှင့် တစ်ယောက် ချစ်လို့ မဟုတ်ဘူး။ ဒါဟာ ဖေဖေတို့အပြစ်ပဲ။ ဖေဖေတို့ရဲ့အမှားပဲ။ မှားတာကို ပြန်ပြီးတွေးနေမယ့်အစား ဒါ မှားတယ်ဆိုတာသိရင် မှန်တာကိုရှာကြည့်ပါ သမီးရယ်။ ဖေဖေတို့ မေမေတို့ရဲ့ အမှားအမွေတွေကို သမီးခံဖို့ အကြောင်း မရှိပါဘူး။ ဖေဖေတို့ မေမေတို့ကို အခြေခံထားပြီး ချစ်ကိစ္စများ စဉ်းစားရင် သမီးတို့လည်း ဖေဖေတို့မေမေတို့လိုပဲ မှားကုန်တော့မပေါ့"

"မေမေဟာ ဖေဖေထွက်သွားတော့ သေမလောက် စိတ်ဆင်းရဲပြီး ကျန်ရစ်တာဟာ ဒါဖေဖေ့ကို မချစ်လို့လား။ ဖေဖေ့ကို ချစ်လို့ပေါ့"

"ဒီအချိန်မှာ ဖေဖေလည်း မေမေ့လိုပဲ စိတ်ဆင်းရဲခဲ့လိမ့်မယ်ဆိုတာကိုတော့ သမီးက မတွေးတတ်ဘဲကိုး။ မချစ်တတ်တဲ့ လူတွေအဖို့ စိတ်ဆင်းရဲတာဟာ အဆန်းမဟုတ်ဘူးသမီး။ အဲဒီအချိန်က ဖေဖေနှင့် မေမေ တစ်ယောက်ယောက်ကသာ တကယ်ချစ်တတ်ရင် ဒီလိုမဖြစ်ဘူးလို့ ဖေဖေ ယုံတယ်။ ၂ယောက်စလုံး ဘယ်သူ့ဘယ်သူမှ မချစ်ခဲ့ကြဘူး။ ဟုတ်တယ် သမီး။ မချစ်ခဲ့ကြဘူး"

ဦးထွန်းတင်သည် ပြောရင်းပြောရင်းက နောက်ကြောင်းကို ပြန်၍တွေးမိရာတွင် ဝမ်းနည်းသွားသလို အသံတိမ်သွားပြီး တံတွေးမျိုလိုက်ပြီးမှ ဆက်လက်၍

"ကဲ– သမီးလေးရယ်။ သမီးလေးဟာ မေမေ့ဝါဒတွေကို တယူသန် စွဲမနေပါနှင့်တော့။ လောကကြီးကို သာယာတဲ့ဘက်က နေပြီး ကြည့်စမ်းပါ။ ဖေဖေ ပြောမယ်။ ညနေက သမီး မောင်တင်မောင်ရဲ့ကားနှင့် အိမ်ပြန်လာတော့ ဘာဖြစ်ခဲ့တယ်ဆိုတာ

mgyee.com

mgyoe.com SAMPLE BOOK

ဖေဖေ အားလုံးသိတယ်ဆိုရင် သမီးအံ့သြမလား"

"ဖေဖေ"

ယုသည် ဦးထွန်းတင်ကို တစ်ချက်မျှ မော့ကြည့်လိုက်ပြီး ငုံ့မြဲငုံ့နေ၏။

"ဒါကို ဖေဖေ မပြောဘဲထားသင့်ပေမယ့် သမီး သိစေချင်လို့ ပြောမယ်။ ဖေဖေဟာ သမီးကို လွတ်လွတ်လပ်လပ်နေဖို့ ခွင့်ပေးထားပြီး အမှတ်မဲ့နေတယ်လို့ သမီးကတော့ ထင်မယ်။ သမီးတို့အရွယ်ဟာ ဘယ်အရာမျိုးမဆို အမှား၊အမှန်ကို ဝေဖန်နိုင်ခဲတဲ့အရွယ်မို့ မမှားရအောင်၊ မဖြစ်ထိုက်တာ မဖြစ်ရအောင် ကြိုတင်ကာကွယ်ဖို့ ဖေဖေ့တာဝန် ဖြစ်တယ်။ ဒါကြောင့် ဖေဖေကိုယ်တိုင် အမြဲလိုက်ပြီး စောင့်ရှောက်နေခဲ့တယ်လို့ ဖေဖေ ပြောခဲ့တယ်မဟုတ်လား။ ဖေဖေ လိုက်ပြီး ကြည့်နေတာကို သမီးသိသွားရင် သမီးစိတ်က မလွတ်လပ်ဘဲနေမှာစိုးလို့ သမီး မသိအောင်သာ လိုက်ကြည့်နေခဲ့တယ်။ ညနေက မောင်တင့်မောင်ရဲ့ကားနောက် မလှမ်းမကမ်းနေရာရောက်တော့ မောင်တင့်မောင် ကားထိုးရပ်လိုက်တာနှင့် ဖေဖေလည်း ခပ်လှမ်းလှမ်းကနေရပ်ပြီး အကဲခတ်နေခဲ့တယ်"

ယု အတော်ပင်ထိတ်လန့်သွားသည်။ ကိုတင့်မောင်က ဖက်နမ်းသည်ကို သူ့ဖေဖေမြင်သွားကြောင်း သိလိုက်ရ၍ ရှက်လည်း အတော်ပင် ရှက်သွားသဖြင့် စားပွဲပေါ်တင်ထားသော လက်ပေါ်သို့ ခေါင်းချလိုက်၏။ ဘာဆက်ပြောမည်ကို မရဲတရဲ မျှော်လင့်ရင်း အသက်ပင်မရှူမိဘဲ နားထောင်နေလိုက်မိသည်။

"သမီးကို ဖေဖေ အပြစ်မတင်ပါဘူး။ ဖေဖေဟာ သမီးကို အမေလည်း ဟုတ်တယ်။ အခု သမီးကို အမေတစ်ယောက်အနေနှင့် ပြောပြတာမို့ ရှက်ဖို့လည်းမရှိဘူး။ သမီး မမှားလည်း မမှားပါဘူး။ ဒါဟာ သမီး လူတစ်ယောက်အဖြစ်နှင့် ကိုယ်ရသင့်တဲ့အခွင့်အရေးကို ယူတာ။ ဖေဖေ ဘာမျှ ပြောပိုင်ခွင့်မရှိဘူး။ တကယ်ဆိုတော့ ပြောစရာလည်း မလိုဘူး။ မောင်တင့်မောင်ဟာ ရိုးသားတယ်။ သစ္စာရှိတယ်။ ချစ်တတ်တယ်။ ဒီလိုလူတစ်ယောက်ဟာ ချစ်သင့်ချစ်ထိုက်တဲ့လူပဲ။ အိမ်ထောင်ဖက်အဖြစ်နှင့် ရာသက်ပန် သမီးစိတ်ချမ်းသာမှုကို ပေးနိုင်မယ့်လူလို့လည်း ဖေဖေယုံတယ်။ ကဲ–ကဲ၊ ဖေဖေပြောတာတွေကို နားလည်ပြီ မဟုတ်လား။ သေသေချာချာ ပြန်စဉ်းစားပြီး ဖေဖေ မှန်တယ်ထင်ရင် လောကကို ပျော်စရာကောင်းတဲ့အပိုင်း ရှာ။ ဒီအပိုင်းမှာပဲ နေလိုက်စမ်းပါ သမီးရယ်။ ဖေဖေ့သမီး အဖြစ်နှင့် ဆင်းရဲနေတဲ့ သမီးစိတ်တွေကို ဖေဖေ့သမီးအဖြစ်နှင့် ပျော်ပျော်ကြီး ထားလိုက်စမ်း။ ပျော်ပျော်ကြီး ထားလိုက်စမ်း"

ဦးထွန်းတင်သည် ဤသို့ပြောရင်း ယုအနီးမှခွာ၍ ဘုရားခန်းဘက်သို့ လျှောက်သွားလေရာ၊ ယုမှာ ရုတ်တရက် ဘာကိုမျှ မတွေးမိနိုင်သေးဘဲ တွေဝေနေပြီး၊ အငြိမ်းသတ် တစ်ချက်ရှိုက်ကာ ထိုင်ရာမှထ၍ မှန်ရှေ့တွင် သွားရပ်လိုက်သည်။ ကပိုကရိုဖြစ်နေသော သူ့ကိုယ်သူမြင်ရသဖြင့် ရှက်သွားသလိုလို ဖြစ်ပြီးမှ တစ်စုံတစ်ခုကို တွေးမိသလို မျက်နှာကလေးတစ်ခုလုံးမှာ ဝင်းလာလေတော့သတည်း။ ။



mgyoe.com

mgyoe.com SAMPLE BOOK

## ရန်ကင်း

နေအရှိန်သည်လည်း တဖြည်းဖြည်း လျော့ခဲ့လေပြီ။ ကျွန်တော်တို့စီးလာသော လှည်းကလေးသည် တစ်ခုသော ထန်းတောကလေး၏အဝင်တွင် ခြေကျင်နေသော နွားများကို အနားပေးရန် ရပ်တန့်လိုက်ပါသည်။

မြန်မာစာဆိုတော် ဝန်ကြီးပဒေသရာဇာသည် ထန်းတက်သမားများကို မြင်၍ ကဗျာဉာဏ်ဝင်စားကာ 'နွေဦးကာလ၊ မြူထသောအခါ၊ ရင်းထောင်ရင်းဆွဲ၊ ဆောင်မြဲ အိုးလွယ်ကာ၊ ဓားနီးငယ်ထက်စွာ၊ ခါးမှာချိတ်လျက်၊ ထန်းပွင့်ထန်းခိုင်၊ ရှန်းမြိုင်မြိုင်၊ ကလိုင်သာလွယ်လို့ တက်သည်နှင့်လေး' ဟူသော တျာချင်းကို စပ်ဆိုခဲ့ပေသည်။

နေကလေးညိုညို လေကလေးချိုချို မိုးကုပ်စက်ဝိုင်းကို နောက်ခံထားသည့် သဘာဝပန်းချီကားတွင် မြင့်မားသော ထန်းပင်လုံးများသည် ခံ့ညားစွာ တည်နေရာဝယ် အဘယ်စာရေးဆရာ, ကဗျာဆရာတို့သည် ဤသဘာဝအလှကို စိတ်မဝင်စားဘဲ နေနိုင်ချိမ့်မည်နည်း။

စပါးလှည်းကလေးပေါ်တွင် မိုင် ၂၀ ခန့်မျှ စီးနင်းလာကြရသဖြင့် ပင်ပန်းနွမ်းနယ်နေသော ကျွန်တော်တို့ ၂ ယောက်မှာလည်း အညောင်းအညာဖြေရင်း လှည်းပေါ်မှ ဆင်းကာ လှည်း၏ရှေ့နား လမ်းဘေးရှိထန်းတုံးကြီးတစ်တုံးပေါ်တွင် အေးအေး ဆေးဆေးပင် ထိုင်လိုက်ကြပါသည်။ လှည်းသမား ကိုဘိုးဆင်လည်း ဘူးထဲ၌ ကျန်နေသေးသော ရေကလေးဖြင့် သူ့နွားတစ်ရှဉ်းကို နှာရေမှုတ်ပေးနေတော့သည်။

"တကယ့်သဘာဝသာယာမှုက တောမှာမှ ရှိတာ ကိုထွန်းအောင်။ ကြည့်စမ်း။ ဘယ်လောက် စိတ်အေးချမ်းသလဲ။ ကျွန်တော်ဖြင့် လာခဲ့ရတဲ့ ခရီးကြမ်းကို တောင် မေ့သလို ဖြစ်သွားတာပဲ"

"အင်း– ခင်ဗျားကလည်း ကဗျာလေးဘာလေး စပ်ပါဦးလား။ ထန်းပင် အကြောင်း, လယ်ကွင်းအကြောင်း"

"ဟုတ်တယ်။ ကဗျာဉာဏ်ရှင်တဲ့ ပုဂ္ဂိုလ်များဆိုရင် သေသေချာချာကောင်းတဲ့ ကဗျာတစ်ပုဒ်တော့ ရမှာပဲ။ ပန်းချီဆရာဆိုလည်း ကားကောင်းတစ်ချပ်တော့ ထွက်မှာပဲ"

ကိုထွန်းအောင်သည် သူ့ခေါင်းတွင်ပတ်ထားသော မျက်နှာသုတ်ပဝါကို ပြင်ပတ် လိုက်ပြီး၊ ပုံမကျလှသော ကျွဲချိုရိုးတပ် ကျွန်းသားဆေးတံကြီးကို မီးညှိ၍ ဖွာလိုက်သည်။ ထို့နောက် "ခင်ဗျားကသာ သာယာတာတွေဘာတွေ မြင်နေတာ။ ကျွန်တော်ဖြင့် လာရတဲ့ကိစ္စကို ခေါင်းထဲက မထွက်နိုင်ဘူး။ ကျလာတဲ့ တာဝန်ကလည်း မငယ်လှတော့ ဘယ်ထိအောင်များ သွားရဦးမှာလဲ ဆိုတာသာ တွက်နေမိတာပဲ။ ဖိမ် မရှိလိုက်တာဗျာ။ အလုပ်လုပ်ရတာများလည်း တစ်ခါတစ်ခါတော့ စိတ်ပျက်စရာ တယ်ကောင်း"

"ဒါတော့ ဒါပေါ့ဗျာ။ အလို–အလို ဘာလဲဗျို့။ ဟိုမှာ မြင်းနှင့်လူတစ်ယောက်"

မြင်းသမားသည် ကျွန်တော်၏ လှည်းနောက်နားတွင် မြင်းဇက်ကိုသတ်၍ ရပ်လိုက်ကာ၊ အာဏာသံပါပါဖြင့်–

"ဟေ့– လှည်းဆရာ။ ဒါ ဘယ်ကို မောင်းမလို့လဲ"

■ လူကောင်းက လူဆိုးဖြစ်ရန် လွယ်သလောက် လူဆိုးက လူကောင်းပြန်ဖြစ်ရန် မလွယ်သည်ကို လည်းကောင်း၊ လူဆိုးအခေါ်ခံသူများ တရားဥပဒေတံတိုင်း၏ တစ်ဖက်တစ်ချက်တွင် မည်သို့ ရှိနေကြပုံကိုလည်းကောင်း ဖော်ပြလို၍ စိတ်ကူးကစားထားသော ဝတ္ထု ဖြစ်ပါသည်။



mgyoe.com

ကိုထွန်းအောင်နှင့် ကျွန်တော်တို့သည် မြင်းသမားဆီသို့ စူးစိုက်ကြည့်နေမိပါသည်။ လှည်းက ကွယ်ထားသဖြင့် သူ့တစ်ကိုယ်လုံး မမြင်ရပါ။ ကိုဘိုးဆင်သည် လှည်းဝင်ရိုးထဲသို့ ရေနံဖတ်များထိုးသွင်းရင်းက တစ်ချက်မျှမော်ကြည့်လိုက်ပြီး၊ "ဖလံဖြူကုန်း"ကိုဟု ခပ်တိုတိုဖြေကာ သူ့အလုပ်ကို သူ ဆက်လုပ်နေလိုက်ပါသည်။

"ရေ ပါသလား"

ကိုဘိုးဆင်သည် မြင်းပေါ်ကလူအား တစ်ချက်ကြည့်လိုက်ပြီး၊ ကျွန်တော်တို့ဘက်သို့ လှမ်းမျှော်ကြည့်လိုက်သဖြင့် မြင်းသမားကလည်း ကျွန်တော်တို့ထံ ကြည့်ကာ–

"ဗျို–ဆရာ။ ရေပါရင် တစ်ပေါက်လောက် သောက်ချင်သဗျ"

"ကိုဘိုးဆင်၊ ကျွန်တော့်ရေဘူးထဲမှာ ရှိပါသေးတယ် ထင်ပါရဲ့ဗျာ။ ပေးလိုက်ပါ"

ကိုထွန်းအောင်သည် ကျွန်တော့်အား လက်ကုတ်လိုက်သည်။ မြင်းသမားသည် ကိုဘိုးဆင်ယူပေးသော ဘူးထဲမှ ရေကို အားရပါးရမော့်လိုက်ပြီး ရေဘူးကို ပြန်ပေးလိုက်ရင်း၊ လှည်းကိုကွင်းရှောင်ကာ ကျွန်တော်တို့ထိုင်နေရာသို့ လာ၍ ရပ်လိုက်ပါသည်။

ကျွန်တော်တို့ ၂ ယောက်မှာ တစ်ယောက်မျက်နှာတစ်ယောက် လှည့်ကြည့်လိုက်မိကြပါသည်။ မြင်းသမားကြီးမှာ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးထူလှသည့် လူထွားကြီးတစ်ယောက်ဖြစ်ရုံမက ညစ်ထေးလှသော ကာကီအောင်းဘီရှည်၊ ဟောင်းနွမ်းနေသော အစိမ်းကွက်ဆင် ရှပ်လက်ရှည်နှင့် ပုံပန်းပျက်နေသော စစ်သားဆောင်းသက္ကလပ်ဦးထုပ်များကိုဝတ်ဆင်ကာ စစ် ခါးပတ်ကြီးကိုပတ်လျက် ခါးတစ်ဖက်တစ်ချက်စီတွင် ၄၅ ဗိုဲ့ စစ်ခြောက်လုံးပြူးကြီးတစ်လက်စီ ချိတ်လျက်သား မြင်ကြရပါသည်။ သူ့အရပ်အမောင်းနှင့် ဝတ်ဆင်ထားသည်တို့ကို ကြည့်ရသည်မှာ ရုပ်ရှင်ကားများတွင်တွေ့ရတတ်သော တောပုန်းဓာတ်လိုက်တစ်ယောက်နှင့် တူလှပါတော့သည်။

"မိတ်ဆွေတို့ ဘယ်ကလဲ"

"ယင်းဆွဲကပါဗျာ"

ကိုထွန်းအောင်သည် ထိုသူအား ကြည့်၍ ဖြေလိုက်သည်။

"အခု ဖလံဖြူကုန်းကို ဘာကိစ္စသွားကြမလို့လဲ"

"ပဲကလေးများ ရမလားလို့ပါဗျာ။ စပါးနှင့် လဲမလို့"

"သြော်– ပွဲစားတွေဆိုပါတော့။ ဟုတ်လား"

"ပွဲစားမဟုတ်ပါဘူး မိတ်ဆွေ။ လုပ်ရကိုင်ရတာများ ဘာမျှ အပေါက်အလမ်းမတည့်နိုင်တာနှင့် ထလာခဲ့ရတာပါ။ မိုးကလည်းခေါင်တော့ ဘာမျှကို ဟန်မရနိုင်ဘူးခင်ဗျ"

"ဟုတ်မှာပဲ။ ဒါနှင့် မိတ်ဆွေတို့ဆီမှာ ဓားပြတွေဘာတွေ မထဘူးလား။ နယ် အေးရဲ့လား"

"မအေးပါဘူးဗျာ။ ဓားပြတွေက တော်တော်ရယ်ပါ။ ဓားပြဆိုတာ လိုချင်တာယူထွက်သွားတော့ အေးရော။ ဓားပြတိုက်ပြီး အကြာကြီးနေမှ ရောက်ရောက်လာတဲ့ ကိုရွှေပုလိပ်တို့က နှိပ်စက်နေတာပါ။ လယ်ယာကိုင်းကျွန်း လုပ်ရက်ပါဆိုလို့လည်း မရ။ ဂတ်ကနေ ခဏခဏခေါ်စစ်၊ တစ်ခါတစ်ခါလည်း မစစ်ဘဲနှင့် အလကားခေါ်၊ အော်လိုက် ငေါက်လိုက်နှင့် စိတ်ပဲ ပျက်မိပါရဲ့ဗျာ"

"အင်း– ဒါလည်း ဟုတ်တာပဲ"

မြင်းသမားသည် မြင်းပေါ်မှလွှားခနဲ ဆင်းလိုက်တော့ သူ့မြင်းကြီးကို အနီးရှိလစ်ပင်တစ်ပင်တွင် ချိတ်လိုက်ပြီး ကျွန်တော်တို့ရှေ့တွင် လာ၍ရပ်လိုက်ပါသည်။

"'ဝရမ်းပြေးရန်ကင်း' ဆိုတာ ကြားဖူးကြသလား"

ကျွန်တော်သည် ထိုအသံကို ကြားလိုက်ရလျှင် အံ့အားသင့်သွား၏။ ပြီး–ကိုထွန်းအောင်ကို လှည့်ကြည့်မိပါသည်။ ကိုထွန်းအောင်က ဣန္ဒြေမပျက်ပင် "ကြားဖူးတာပေါ့ဗျာ။ ဗိုလ်ရန်ကင်းဆိုတာ နာမည်ကြီးပဲ။ သူ့နာမည်ကို ကလေးကတောင် သိတာပေါ့"ဟု ပြောလိုက်ပါသည်။

"မြင်ကော မြင်ဖူးရဲ့လား"

"မြင်တော့ မမြင်ဖူးဘူးဗျ"

"ဟဲ ဟဲ။ ကျုပ်ပဲ"

ကျွန်တော်တို့ ၂ ယောက်စလုံး အံ့အားသင့်သွားကာ ထိုင်ရာမှ ပြိုင်တူ ထလိုက်မိကြပါသည်။ ထိုအခါ ဗိုလ်ရန်ကင်းက လေးလေးပင် ရယ်လိုက်ရင်း– "ထိုင်ကြပါ မိတ်ဆွေ။ ခင်ဗျားတို့ကို ရန်မူဖို့ မဟုတ်ပါဘူး။ သိအောင်လို့ ပြောပြတာပါ။ ခင်ဗျားတို့ရဲ့ ရေတစ်ပေါက်ကျေးဇူး ကျုပ်အပေါ်မှာ ရှိပါတယ်။ ခင်ဗျားတို့ လူရိုးတွေပဲဆိုတာ ယုံကြည်လို့ စကားလေး ဘာလေး ပြောရအောင်လို့"

ကိုထွန်းအောင်နှင့် ကျွန်တော်လည်း နေရာတွင် ပြန်ထိုင်ရင်း တစ်ယောက်ကိုတစ်ယောက် ကြည့်မိကြပါသည်။ ကိုထွန်းအောင် မျက်လုံးများမှာမူ လှည်းဆီသို့ မကြာမကြာ ရောက်နေပါတော့သည်။

"ကျုပ် လွန်ခဲ့တဲ့ ၁ နှစ်လောက်ကစပြီး လူကောင်းသူကောင်းတွေနှင့် အေးအေးဆေးဆေး စကားမပြောခဲ့ရဘူး။ တစ်ယောက်တည်းနေရတာ ကြာလာတော့လည်း ပျင်းတာပဲ"

"ဟုတ်မှာပေါ့။ ကိုရန်ကင်းက နောက်လိုက်မှ မထားတာဘဲကိုး။ ဒါကြောင့်လည်း ပုလိပ်တွေ မမိနိုင်တာပေါ့"

"ဟား–ဟား–ဟား။ ပုလိပ်တွေလား။ ကျွန်တော့်ကို ဘယ်တော့မှ မမိဘူး။ မှတ်ထား။ ခင်ဗျားပြောတာ ဟုတ်တယ်။ နောက်လိုက်ဆိုတာ တစ်ယောက်တည်းဖြစ်ဖြစ် စိတ်မချရဘူး။

mgyoe.com SAMPLE BOOK

တကယ်တမ်းကျတော့ နောက်လိုက်ကြောင့် သေရတာများတယ်။ ရွှေဘိုနယ်က ကျုပ်လို တစ်ယောက်တည်းသမား တောပုန်း တစ်ယောက်လည်း နောက်လိုက်ထားမိလို့ သေရတာပဲ၊ ကြားဖူးတယ် မဟုတ်လား"

"ကြားဖူးပါရဲ့ဗျာ"

"ကျုပ် တောပုန်းဘဝနှင့် မနေချင်ပါဘူး။ မနေရင် မဖြစ်တော့လို့သာ နေရတာပါ။ တစ်ခါတစ်ခါတော့လည်း လူကောင်းသူကောင်းလို အေးအေးချမ်းချမ်း နေချင်တာပေါ့ဗျာ။ ဒါပေမယ့် လူဆိုးဟာ လူကောင်းဖြစ်လာဖို့ အခွင့်အရေးမရှိဘူးဗျ။ ကောင်းတဲ့လူက ဆိုးချင်ရင် လွယ်တယ်။ ဆိုးတဲ့လူ ကောင်းဖို့ မလွယ်ဘူး။ လူဆိုးနှင့် လူကောင်းဟာ လူချင်း အတူတူပေမယ့်လို့ ဘဝချင်း ခြားနားနေသလိုပဲ။ တွဲလို့ကို မရနိုင်ဘူး။ ပြီးတော့ ဘယ်သူ့ဘယ်သူမှလည်း မယုံရဘူး။ ဒါပေမယ့် ကျုပ်ကတော့ တစ်ခါတစ်ခါ လူကောင်းသူကောင်း အခေါ်ခံတဲ့လူတွေနှင့် အေးအေးလူလူ စကားပြောချင်တဲ့စိတ် ပေါ်ပေါက်လာတယ်။ ကျုပ်ကို 'တောပုန်း' ဆိုတဲ့ နာမည် စဉ်းစားရင် လူဆိုးတစ်ယောက်ပဲလို့ ဆိုကြမှာပဲ။ ကျုပ်ဆိုးခဲ့တာလည်း ဝန်ခံပါတယ်။ ဒါပေမယ့် ကျုပ်ထက် အဆ ၁၀၀ ဆိုးယုတ်နေကြတဲ့ လူကောင်းအခေါ်ခံချင်တဲ့ လူတွေလည်း ရှိကြပါသေးတယ်ဆိုတာကို ပြောပြချင်တာပါ"

ကျွန်တော်တို့ ၂ ယောက်မှာ ကိုရန်ကင်း၏စကားများကို ပိုမိုစိတ်ဝင်စားစွာ နားထောင်နေမိကြပါသည်။

"ကျုပ်လည်း အစက လူကောင်းပါပဲ။ တကယ်စိတ်ကောင်းထားတဲ့ လူကောင်းထဲကပေါ့ဗျာ။ နောက် စိတ်ကောက်ကွေ့တဲ့ လူကောင်းတွေရဲ့ ညည်းပန်းတာကို မခံနိုင်လို့ လူဆိုးဖြစ်ခဲ့ရတာပါပဲ။ တိုတိုပြောပြရဦးမယ်။ ကျုပ် အစတုန်းက သစ်တောဘက်မှာ ဒုတိယတောအုပ်တစ်ယောက်ပါဗျာ။ မိတ်ဆွေတို့လည်း တစ်စွန်းတစ်စ ကြားဖူးပါလိမ့်မယ်။ အလုပ် လုပ်ရင်း နယ်လှည့်ရင်း ဆိုသလိုပဲ။ ညောင်ညိုဆိုတဲ့ရွာက သူကြီးသမီး မအေးရင် ဆိုတာနှင့် ချစ်ကြိုက်ခဲ့ကြတယ်။ မအေးရင်က တော်တော်ပဲချော, တော်တော်ပဲ လှပါပေ့ဗျာ။ တောသူတစ်ယောက် မဟုတ်သလိုပါပဲ။ အဲသလို ကျုပ်နှင့် မေတ္တာရှိနေတုန်း ဖြုန်းဆို မမျှော်လင့်ဘဲနှင့် အကြီးအကျယ်သစ်ခိုးမှုကြီး တစ်ခု ကျုပ် ဖမ်းမိတယ်။ အမှုထဲမှာ ပါနေတာက အေးရင်တို့ အဖေ သူကြီးကိုလူမော်ရဲ့ ညီအရင်း ကိုလူကျော်ကိုးဗျ။ ပြီးတော့ သူက အရေးအကြီးဆုံးတရားခံ ဖြစ်နေတော့ သူကြီး ကိုလူမော်ဟာ ကျွန်တော့်ဆီလာပြီး ဒီအမှုကို ဖျောက်ဖျက်ပေးဖို့ ပြောလာတယ်ဗျ။ ကျွန်တော်က ယောက္ခမလောင်းကြီး လာပြောတာ နားတော့ ထောင်ချင်ပါရဲ့။ ဒါပေမယ့် အလုပ်က အလုပ်ကိုးဗျ။ ငွေပေးတာလည်း ကျုပ်က လက်မခံလိုက်ဘဲ၊ 'တတ်နိုင်သမျှ သက်သာအောင် ကြည့်လုပ်ပါ့မယ်' လို့ ပြောလိုက်ရတယ်။

"အမှုက အမှုကြီးပေကိုး။ ရည်းစားရဲ့ဦးလေး မှန်းတော့ သိပါရဲ့။ ဒါပေမယ့် အမှုက တစ်စပေါ်တော့ နောက်နောက်က ခိုးခဲ့တာတွေပါ ပေါ်တော့မလို ဖြစ်နေတော့၊ သက်သာအောင် ကြည့်လုပ်လို့ကို မရတော့ဘူးဗျ။ အမှုက ကြာလေ ထင်ရှားလေ ဖြစ်နေတော့ ကျုပ်တောင် မအေးရင်ရဲ့သံယောဇဉ်နှင့် စိတ်ပူသလိုလိုဖြစ်လာတယ်။ ဒီလိုနှင့်ပဲ အမှုကြီးမပြီးခင်မှာ ကျုပ် ညောင်ညိုကို တစ်ခေါက် ရောက်ခဲ့ရပြန်တယ်။ အမှုနှင့် ပတ်သက်ပြီး မျက်နှာပူတာနှင့် ကိုလူမော်ရဲ့အိမ်မှာတောင် မတည်းတော့ဘူးလို့ အောက်မေ့ပေမယ့် ကိုလူမော်က ဖော်ဖော်ရွေရွေနှင့် အမှုနှင့်ပတ်သက်ပြီး အားနာဖို့မရှိတဲ့အကြောင်း, ခင်မင်ပြီး လူချင်း မမုန်းသင့်ကြောင်းက အစ၊ အလုပ်ဝတ္တရားမို့ ဆောင်ရွက်ရတာကို သူ ဘာမျှ စိတ်ဆိုးဖို့ မရှိတဲ့အကြောင်း ပြောတာနှင့် ကျုပ်လည်း အားနာပါးနာနှင့် တည်းလိုက်ရတယ်"

ကိုရန်ကင်းသည် စကားကို ခေတ္တရပ်ထားလိုက်ပြီး သူ့အိတ်ထဲမှ ဆေးတံကောက်ကြီးကိုထုတ်ကာ ဆေးပြင်းလိပ်များကို ချိုးချေထည့်ပြီး မီးညှိရင်း ဆက်လက်ပြောပြန်ပါသည်။

"တည်းလို့သာ တည်းရတယ်၊ စိတ်ထဲကတော့ တထင့်ထင့်ပဲ။ ကြာကြာတောင် မနေပါဘူး။ ၂ ရက်လောက်နေပြီး ပြန်ခဲ့တာပဲ။ ပြန်မယ့်ညမှာ မအေးရင်နှင့်ချိန်းတွေ့ရင်း သူ လိုချင်တာကလေးတွေ နောက်တစ်ခေါက်လာတော့ ဝယ်ခဲ့ဖို့ ဆိုပြီး ကျုပ်ကို သူစုထားတဲ့ ငွေ ၂၀၀ ပေးလိုက်တယ်။ ကျုပ်ကလည်း ငွေ ၂၀၀ ဖိုးထိအောင် စိုက်ဝယ်မပေးနိုင်သေးတာနှင့် လက်ခံခဲ့ရတယ်ဗျ။ ဒီ ငွေ ၂၀၀ ယူပြီး ပြန်အလာမှာ အိမ်ရောက်လို့ တစ်နေမကုန်ခင် ကျုပ်အိမ်ကို ပုလိပ် အင်စပက်တော်တစ်ယောက်နှင့် အရပ်လူကြီးတွေ အမှုထမ်းတွေ လာကြတော့တာပဲဗျာ။ ဒါနှင့် တိုတိုပဲ ကျုပ်ကို ကိုလူကျော်ရဲ့ သစ်ခိုးမှုနှင့် ပတ်သက်လို့ လာဘ်စားတယ်ဆိုပြီး မသင်္ကာလို့ လာရှာကြတာကိုးဗျ။ ငွေတွေ ဘာတွေ စစ်ကြည့်ပြီး နံပါတ်တွေတိုက်ကြည့်တော့ မအေးရင်ပေးလိုက်တဲ့ ငွေစက္ကူနံပါတ်တွေက တူနေတာကိုး။ ကျုပ်ကလည်း 'မအေးရင်က သူမှာတာတွေ ဝယ်ဖို့ ပေးလိုက်တဲ့ငွေပါ' ဆိုတာ ပြောပြပေမယ့် ခက်တာက သက်သေ မပြနိုင်ဘဲကိုးဗျ။ ပေးလိုက်တာကလည်း ၂ ယောက်တည်း ချိန်းတွေ့ရင်း ပေးလိုက်တာဆိုတော့ ဘယ်မှာ သက်သေ ရနိုင်ပါ့မလဲဗျာ။ ကဲဗျာ– လူကောင်းလုပ်ပုံ ဘယ်လောက် အကြံပိုင်လိုက်သလဲ။ ဟုတ်တိုင်းမှန်ရာ ပြောပေမယ့် မရဘူး။ အမှုကတော့ ဖြစ်ရတော့တာပဲ။ ဒါနှင့်တောင် ကျုပ်က မကျေနပ်နိုင်သေးဘူး။ 'မအေးရင် တစ်ယောက်တော့ဖြင့် ကျုပ်အပေါ်မှာ ကရုဏာရှိကောင်းရဲ့' ဆိုပြီး ကျုပ်ဘက်က သက်သေ ပြလိုက်မိသေးတယ်။ မရတော့ပါဘူးဗျာ။ ကျုပ် ရှုံးတာပါပဲ။ သူတို့က

ငွေတတ်နိုင်တာကိုး။ ကျုပ်ကို အငြိုးနှင့် လုပ်လိုက်ကြတာ ထောင် ၆ လ အကျခံရတယ်"

mgyoe.com SAMPLE BOOK

ကိုရန်ကင်းသည် သူ့ဆေးတံကို မီးထပ်ညှိလိုက်စဉ် ကျွန်တော်က ထောက်၍ "ဒါနှင့် ဦးလူကျော်ရဲ့ အမှုကကောဗျ။ ဟိုလူ ထောင်ကျသေးလား"ဟု မေးလိုက်ပါသည်။

"ဘယ် ကျလိမ့်မလဲ။ ငွေရှိတဲ့လူ ဘာမှုမဖြစ်ဘူး မိတ်ဆွေ။ သူ့အမှုကြီးလည်း ငွေနှင့်ဖိကြဲလိုက်တာ သူလည်း ငွေ အတော်ကုန်ရော၊ ပုလိပ်တွေလည်း အတော်ဒွေးရော။ အပြစ်ဒဏ်ကျတော့ ဒဏ်ငွေလောက်ပဲ ထင်ပါရဲ့။ ကျုပ်မှာသာ ငွေမရှိတဲ့လူမို့ မှန်ရက်နှင့် ခံနေရတာကိုးဗျ။ ပုလိပ်ကလည်း ဟိုဘက်က ငွေရတော့ အစိုးရဖက်သားချင်းသောဘာသော နားမလည်ဘူးဗျ။ ဝိုင်းပြီး နှိပ်လိုက်ကြတာနှင့် ကျုပ်ခံရတာပေါ့။

"ဒါတွေတွေးလိုက်တိုင်း မကျေမချမ်းဖြစ်ပြီး ထောင်က ထွက်လာတော့ ဒင်းတို့တစ်တွေကို မိအေးရင်ကအစ လက်စားချေချင်တဲ့စိတ်က နှိမ်ထားလို့ကို မရဘူးဗျို့။ ချက်ကောင်းကို ရရင် ဆော်ဖို့ရာ ချောင်းနေတာ။ တစ်နေ့တော့ ညောင်ညိုကို တိတ်တဆိတ်လာခဲ့တယ်။ ရွာအပြင်ကစောင့်ပြီး မိအေးရင် ရေခပ်ထွက်လာတော့ တွေ့ရတာပေါ့။ တွေ့တယ်ဆိုရင်ပဲ သူက ငိုယိုပြီး သူ ဘာမှု မသိရတဲ့အကြောင်း၊ သူ့အဖေက ငွေထုတ်ပေးလိုက်ပြီး 'ငါကလို့ မပြောနှင့်၊ လိုချင်တာ မှာလိုက်' လို့ ပေးရကြောင်း ပြောရှာတယ်။ အမှုမှာ သက်သေထွက်ရတာလည်း သူ့အဖေက ကျုပ်အပြစ်မကျရင် သူ့သူကြီးရာထူးက ပြုတ်ပြီး ထောင်ထဲနေရမယ်ဆိုလို့ အဖေ့ကိုသနားတာနှင့် ဖွတ်မှိတ်ပြီး လိမ်လိုက်ရကြောင်း ပြောတော့ ကျုပ်လည်း သနားပြီး သူ့ကို ချမ်းသာပေးခဲ့တယ်။

"နောက် ညောင်ညိုကိုလာတယ်ဆိုတာ သူတို့က သိတာနှင့် တစ်ပြိုင်နက် ဘာအကြံရှိတယ်ဆိုတာ ရိပ်မိကြရောဗျို့။ ဒါနှင့်ပဲ ကိုလူမော်တို့ညီအစ်ကိုဟာ ပုလိပ်နှင့်ပေါင်းပြီး ကျုပ်ကို ရန်ရှာကြပြန်တယ်။ ထောင်ကထွက်လာပြီး အလုပ်အကိုင်ရယ် ဘာရယ်လို့ မရှိသေးတော့ ကျုပ်လည်း ဟိုသွားလိုက် ဒီသွားလိုက်နှင့်မို့ သူတို့ကြံလို့ လွယ်တာပေါ့ဗျာ။ မလွယ်ဘဲ နေပါ့မလားဗျ။ ဥပဒေဆိုတာက ပုလိပ်လက်ထဲနှင့် ပိုက်ဆံရှိတဲ့သူတွေရဲ့ လက်ထဲမှာကိုး။ ကျုပ်ကို 'ဓားပြ' ဆိုပြီး ပုလိပ်က ဖမ်းပြန်ရောဗျာ။ ဒီတော့ ကျုပ်စိတ်တွေ ထောင်းခနဲ ထလာခဲ့တယ်။

"ကျုပ်က သူတို့ကို လက်စားချေချင်တာက စိတ်ကူးရုံ ရှိသေးတယ်။ ကျုပ်ကို သူတို့က ဆက်ခါဆက်ခါဆိုသလိုပဲ ခံရတော့ ဘုရားအလောင်းမှ မဟုတ်ဘဲဗျာ။ ဒေါသကို ဘယ် ထိန်းထားနိုင်တော့မလဲ။ ကျုပ်မှာ ဘာအပြစ်မှု မရှိဘဲနှင့် ခဏခဏခံနေရရင် နောက်လည်း ဒီလိုပဲ ခံနေရမှာပဲ ဆိုပြီး အာမခံနှင့်နေရတဲ့ ရက်အတွင်း တောထဲ ဝင်ခိုခဲ့တာပဲ။ ခင်ဗျား စဉ်းစားကြည့်လေ။ ပထမ အလုပ်တာဝန်ကိုကျေပွန်လို့ လူမုန်းခံခဲ့ရတယ်။ နောက် အဲဒီလိုမုန်းလို့ ငွေကြေးတတ်နိုင်တဲ့ လူနှင့် အမှုဖက်ဖြစ်ရတော့ ထောင်ကျခံခဲ့ရတယ်။ ကျုပ်လည်း လောကကြီးက လူတွေနှင့် ငါနှင့် အတူတူနေလို့ မဖြစ်တော့ဘူး ဆိုပြီး ကျုပ်ကို နှိပ်စက်တဲ့ သူကြီးညီအစ်ကိုကို အသေသတ်ပစ်မယ် ဆိုပြီး ညောင်ညိုနားတစ်ဝိုက်မှာပဲ လှည့်ချောင်းနေခဲ့တယ်ဗျ။

"သူတို့ညီအစ်ကိုက တော်တော် မိုက်သတ္တိရှိတဲ့လူတွေ ဆိုတော့ သူတို့ကို လုပ်ကြံဖို့ရာက မလွယ်ကူလှဘူး။ ကျုပ် ထွက်ပြေးတယ်ဆိုတာ သိရင်ပဲ သူတို့ကိုယ်သူတို့ လုံခြုံရေးကို သိပ်ဂရုစိုက်ပြီး သေနတ်တွေဘာတွေ တောင့်တင်းအောင် လုပ်ထားကြတယ်။ ကျုပ်လက်ထဲမှာလည်း လက်နက်ရှိတာက ဓားလောက်ပဲဆိုတော့ မတတ်နိုင်အောင် ဖြစ်နေတုန်းမှာ တစ်နေ့တော့ ညောင်ညိုရွာကို 'ရောင်နီ' ဆိုတဲ့ ဓားပြအဖွဲ့က ဝင်တိုက်ပါလေရော။ သူကြီးညီအစ်ကိုကလည်း သူတို့အင်အားရှိသလောက် ခုခံကြတာပေါ့ဗျာ။ ရောင်နီက လူအင်အား လက်နက်သာလေတော့ အညံ့ခံလိုက်ကြရပြီး၊ ညီအစ်ကို ၂ ယောက် မလွယ်ပေါက်ကအထွက်မှာ ကင်းတွေနှင့်မိသွားတော့ ၂ ယောက်စလုံးပဲ ရောင်နီက သတ်ပစ်ခဲ့သတဲ့ဗျ။

"ဒါနှင့် ဒီဓားပြတိုက်မှုကြီးနှင့် ပတ်သက်ပြီး သူကြီးကိုလူမော်တို့ညီအစ်ကိုကို ရန်ငြိုးရှိနေတဲ့ ကျုပ်ကလည်း ဝရမ်းပြေးဆိုတော့ ကျုပ်သတ်တယ်လို့ပဲ အတပ်စွဲကြတာပေါ့။ အစကတော့ ဒင်းတို့ညီအစ်ကို သေသွားတာကိုပဲ အတော်ကျေနပ်မိတယ်။ ဒါပေမယ့် စဉ်းစားကြည့်ရင် ကျုပ်မှာ ပြစ်မှုရယ်လို့ ဘာမှ ကိုယ်ထိလက်ရောက် မကျူးလွန်ရဘူးပေါ့ဗျ။ 'ရောင်နီ' ဆိုတာနှင့် နောက်တော့ လူချင်းတွေ့ကြရပါရဲ့။ ဒါပေမယ့် ကျုပ်က သူတို့အသင်းထဲ မဝင်ပါဘူး။ သူတို့ကလည်း ဆန့်ကျင်ဘက်မလုပ်သမျှ အတင်းမခေါ်ပါဘူး။ ရန်လည်းမမူတဲ့အပြင် ငွေနှင့်ဝယ်ရင် လက်နက်တောင် ထုတ်ရောင်းရှာပါတယ်။ ဒီလိုနှင့်ပဲ ကျုပ်လည်း တောပုန်းအစစ် ဖြစ်သွားရတော့တာပါပဲ။

"ရောင်နီရဲ့ ကျေးဇူးနှင့် နာမည်ကလေးကလည်းကြီးနေတော့ ပုလိပ်ကလည်း အတော်ဂရုစိုက်ပြီး လိုက်တာနှင့် တစ်စတစ်စ တောနက်ရာ ခို၊ စားစရာဝတ်စရာလိုမှ ထတိုက်နှင့်ပဲ နေခဲ့ရတယ်။ တစ်ခါတစ်ခါတော့လည်း ကိုယ့်ဘဝကိုယ် အင်မတန် စိတ်ညစ်မိတယ်။ တိုက်ရခိုက်ရတယ်ဆိုပေမယ့် ဒီနေ့ထိ ကျုပ်ဟာ လူတစ်ယောက်ရဲ့အသက်ကို ရက်ရက်စက်စက် မသတ်ခဲ့ပါဘူးဗျာ။ ပုံ မတော်လှလို့ ကိုယ့် အသက်ဘေးအတွက် အလွတ်ရုန်းရတဲ့ အခါမျိုးမှာဆိုရင်သာ မလွှဲသာမရှောင်သာ လက်နက်ကို သုံးခဲ့ရတယ်။ ဘယ်နှစ်ယောက် သေတယ်ရယ် လို့တော့ မသိဘူး။ 'တိုက်သမျှ ခိုက်သမျှ ရန်ကင်း၊ သတ်မျှ ဖြတ်သမျှ ရန်ကင်း' ဆိုတာလို ဟိုးလေးတကျော် ဖြစ်နေတော့


mgyoe.com

mgyoe.com SAMPLE BOOK

ရာဇဝတ်တွေကလည်း ကျုပ်နောက်က တစ်သီတစ်တန်းကြီး ဖြစ်နေတော့တာကိုးဗျ။

"တကယ်လို့ ကျုပ်အခု နောင်တ ရနေပါပြီ။ လူကောင်းလို နေချင်ပါတယ် ဆိုပြီး မှန်တာတွေ ပြောပြပေမယ့် ယုံကြည်ပါ တော့မလား။ ဥပဒေက ခွင့်ပြုနိုင်ပါဦးမလား။ ဒီတော့ ကျုပ် လူကောင်းပြန်ပြီးဖြစ်ဖို့ လမ်း မရှိတော့ဘူး။ အခွင့်အရေး မရှိတော့ဘူးလို့ ဆိုရမှာပေါ့လေ။ ဒါပေမယ့် ကျုပ်စိတ်ကတော့ ဒီနေ့ထိ ကောင်းလျက်ပဲ။ ကျုပ်ဘဝက လူဆိုးဖြစ်နေတော့ ကျုပ်စိတ် ဘယ်လိုကောင်းကောင်း ဥပဒေက လက်မခံဘူးဗျ။ ဥပဒေစည်းဝိုင်းထဲမှာ နေတဲ့လူတွေဟာလည်း အကုန်လူကောင်း ချည်း မဟုတ်ကြပါဘူးဗျ။

"လူ ၁၀၀ မှာ ၅၀ ထက်မနည်းက ကျုပ်ထက် အဆ ပေါင်းများစွာ ဆိုးနေတဲ့လူတွေ ရှိတာပါပဲ။ ဒီတော့ ကျုပ်နာမည် ကြားဖူးရုံနှင့် ကျုပ်ကို လူဆိုးတစ်ယောက်ပဲလို့ ယူဆနေကြတဲ့ လူတွေကို ကျုပ်က ပြောပြချင်တာဟာ ဒါတွေပါပဲ။ တစ်ယောက် တည်း အမြဲတွေးနေခဲ့တာတွေ ပြောမပြရတော့ ဝမ်းထဲ မနေနိုင် ဘူး။ ခုလိုပြောပြလိုက်ရမှ အတော်ကလေး ကျေနပ်သွားတယ်ဗျာ။ ပြောလိုက်ကြစမ်းပါဗျာ ခင်ဗျားတို့ မိတ်ဆွေတွေကို။ သူတို့ သိထားသလို ရန်ကင်းဟာ သစ်တောမှူငွေစားပြီး ထောင်ကျ သွားရာက ထွက်လာတော့ ဓားပြနှင့်ပေါင်း၊ သူခိုးနှင့်ပေါင်း၊ နောက် ဝရမ်းပြေး ဓားပြတိုက်၊ လူသတ်မှုဆိုတာတွေ အကုန် မမှန်တဲ့အကြောင်း"

ကိုရန်ကင်းသည် ကျွန်တော်တို့၏ရှေ့တွင် မတ်တပ်ရပ် ရင်းက အေးအေးဆေးဆေးပင် သူ့အဖြစ်အပျက်များကို ပြောပြ၍ ပြီးဆုံးသွားလေရာ၊ ကျွန်တော်တို့မှာ တစ်စုံတစ်ရာ ဆက်လက် မေးမြန်းခြင်းမပြုမိဘဲ သူ ပြောပြသွားသည်တို့ကိုသာ တွေးနေမိ ကြပါသည်။

အနောက်ဘက်ဆီတွင် ဝင်လုဆဲဆဲ နေ၏အရောင်ဖြင့် တိမ်တောင်တွေမှာလည်း အနီရောင်သမ်းကာ ထန်းပင်များ အကြားမှ နီရဲသောနေလုံးကို မြင်နေရပေပြီ။ ကိုဘိုးဆင်မှာလည်း လှည်းပေါ်တွင် ငုတ်တုပ်ထိုင်ရင်း ပျင်းရိစွာ စောင့်နေရှာပေသည်။ ကိုရန်ကင်းလည်း သူ့မြင်းဇက်ကို သစ်ပင်မှဖြုတ်ရင်း "ကဲ- ကဲ- မိတ်ဆွေတို့လည်း မောင်းချင်ကြရော့မယ်။ ကျုပ်လည်း ပြောချင်တာတွေ အကြာကြီးအောင့်ထားရလို့သာ ပြောလိုက်ရ တယ်။ စိတ်ချလက်ချ ပြောရတာကိုပဲ ကျေးဇူးတင်ရဦးမယ်။ အမှန်ကတော့ လူဆိုးဖြစ်နေမှတော့ လူကောင်းတစ်ယောက်နှင့် အေးအေးလူလူ စကားပြောဖို့ မသင့်ပေဘူးကိုးဗျ။ လူဆိုးနှင့် လူကောင်းဆိုတာ ဘယ်သူ့ဘယ်သူမှ ယုံရတာ မဟုတ်ဘူး မိတ်ဆွေ။ ကဲ-သွားဦးမယ်။ ဖြည်းဖြည်း မောင်းခဲ့ကြပေဦး တော့"ဟု ပြောကာ မြင်းပေါ်သို့ လွှားခနဲတက်၍ အနောက်ဘက် သို့ ရှေးရှုထွက်သွားပါသည်။

ကျွန်တော်မှာ ကိုရန်ကင်းထွက်သွားရာဆီသို့ ငေးမော ကြည့်နေမိသော်လည်း ကိုထွန်းအောင်မှာမူ ထိုင်ရာမှ လျင်မြန်စွာ ထလိုက်၍ လှည်းဆီသို့ ခပ်သွက်သွက်သွားကာ ကောက်ရိုးများ အောက်တွင်ဝှက်ထားသော ကာဘိုင်သေနတ်ကို ဆွဲထုတ်လိုက် သည်။ ထို့နောက် ကိုက် ၅၀ ခန့်ရောက်သွားပြီဖြစ်သော ကိုရန်ကင်းအား တည့်တည့်ချိန်၍ ဒိုင်း-ဒိုင်း-ဒိုင်းဟု ၃ ချက်မျှ ဆက်ဆွဲလိုက်သည့်ခဏ၌ မြင်းပေါ်မှ ကျွမ်းပြန်ကျသွားသော ကိုရန်ကင်းကို မြင်လိုက်ပါသည်။

အဖြစ်အပျက်မှာ မြန်လွန်းလှသဖြင့် ကျွန်တော်လည်း ကြက်သေသေ ငေးကြည့်နေစဉ်တွင် ကိုရန်ကင်းကျသည့်နေရာမှ ဒိုင်းခနဲ သေနတ်သံတစ်ချက် ကြားလိုက်ရသဖြင့် မြေပေါ်သို့ ဝပ်ချလိုက်ရပါတော့သည်။

အတန်ကြာအောင် စောင့်နေကြပြီး နောက်ထပ် သေနတ်သံ ပေါ်မလာတော့မှ ကျွန်တော်တို့လည်း ထန်းတစ်ပင်မှ တစ်ပင် ကူးပြောင်းအကာအကွယ်ယူကာ ရှေ့သို့တိုးသွားကြရပါသည်။ အနီးသို့ရောက်လျှင် သေနတ်ဒဏ်ရာနှင့် သွေးအိုင်ထဲတွင် လဲနေသောကို ရန်ကင်းနှင့် သစ္စာရှိစွာ အနီးတွင်ပင် ၄ ဖက် ရပ်နေသော သူ့မြင်းဖြူကြီးကို တွေ့ကြရပါသည်။

ကိုရန်ကင်းကား မလှုပ်နိုင်ရှာတော့ပြီ။

ကျွန်တော်၏နားထဲတွင် မကြာမီအချိန်ကလေးက သူ ပြောသွားသော 'လူဆိုးနှင့် လူကောင်းဆိုတာ ဘယ်သူ့ဘယ်သူမှ ယုံကြရတာ မဟုတ်ဘူး မိတ်ဆွေ' ဟူသော စကားလုံးများကို ကြားယောင်လိုက်မိသော်လည်း-

ကိုရန်ကင်းအား အသေရရ အရှင်ရရ ဖမ်းဆီးရန် တာဝန် နှင့် လာခဲ့သော ပုလိပ်အရာရှိ ကိုထွန်းအောင်အဖို့မှာမူ ရာဇဝတ် ဝန်မှအစ ပုလိပ်ဌာနဆိုင်ရာ အာဏာပိုင်တို့၏ ချီးကျူးသံနှင့် ဘီ-ပီ-အမ်တို့ကိုသာ ကြားယောင်မြင်ယောင်နေမည် ဖြစ်ပါ တော့သည်။ ။

ပဒေသာရုပ်စုံမဂ္ဂဇင်း(အထူး) အတွဲ ၁- အမှတ် ၁၊ ၁၉၅၉ ခု။

mgyoe.com

mgyoe.com SAMPLE BOOK

# မောင့် တစ်ယောက်သာပဲ

"မောင် ကျေနပ်အောင် အမာ ဘယ်လိုများ ပြောရပါ့မလဲ မောင်ရယ်"

* * *

၃ နှစ်ကပင် ကျော်ခဲ့ပါပြီ။ မောင့်မျက်နှာကို အမာ တစ်ခါမျှ ဤသို့ မမြင်ဘူးခဲ့။ အမာ့အပေါ်တွင် 'သူတကာတွေ ချစ်သမျှထက် ၈ ဆလောက် ပို'ခဲ့သည့် မောင်။ 'ချစ်'ဆိုသည့် စကားနှင့်ပင် မလုံလောက်အောင် ယုယခဲ့, ကြင်နာခဲ့သည့် မောင်။ မောင့်အဖို့ တစ်လောကလုံးတွင် အမာ့အပြင် ဘာမျှ မရှိတော့သလို 'အမာဆိုမှ အမာ' မြတ်နိုးရှာသည့် မောင်။ ယခုတော့ အမာ့ကိုပင် စကားမပြောချင်တော့သလို မျက်နှာအိုခဲ့ပြီ။ အမာ မယုံနိုင်လောက်အောင်ပင် မောင့်မျက်နှာက သုန်မှုန်ခဲ့ပြီ။

မောင့်ကို အမာ နားမလည်အောင် ဖြစ်ရသည်။ အမာကတော့ မောင် ဤသို့ ဖြစ်သွားလိမ့်မည် ဟူ၍ အိပ်မက်ပင် မမက်ခဲ့မိ။ မောင် ဘယ်လောက်ချစ်သည်ကို အမာ သိသည်။ သိ၍လည်း မောင့်အချစ်ကို အမြဲ လေးစားခဲ့သည်။ ဘာပဲဖြစ်နေနေ ကမ္ဘာကြီးတစ်ခုလုံး မီးလောင်သွားတောင်မှ မောင် အမာ့ကို ချစ်နေဦးမည်ဟု ယုံကြည်ပြီးဖြစ်သောကြောင့် ဤသို့တွေ့လာရသောအခါ အမာ့မှာ ဘာမျှ နားမလည်နိုင်သလို ဖြစ်ရသည်။

"ပြည်ပန်းညို ချိုချင်လျက်ကယ်နှင့် ဆားဖျက်လို့ရယ်"

ဒါကိုတော့ အမာ သိပါသည်။ သတိနှင့်လည်း နေခဲ့ပါသည်။ မောင်ကသာ တစ်လောကလုံး 'အမာဆိုမှ အမာ'မဟုတ်ပါ။ အမာကလည်း 'မောင်ဆိုမှ မောင်' 'ရွှေမြင်းမိုရ် တစ်တောင်လုံး တုံးမှတ်လို့ခုန်'ခဲ့ပါသည်။ ပြည်ပန်းညို အချိုသင့်အောင် သတိနှင့်လည်း နေခဲ့ပါသည်။

'မောင်နှင့်အမာချည်းပဲဆိုရင် အပျော်ဆုံးပဲကွယ်'

အမာ မေမေ့ကိုတော့ မချစ်၍ မဟုတ်ပါ။ 'လောကမှာ အမာ့အဖို့ မောင့်ကို အချစ်ဆုံးပါပဲ မောင်' ဟု ပြောပြီးမှတော့ 'မေမေမို့ နည်းနည်း လျှော့ပါရစေဦး မောင်ရယ်'ဟု ပြင်မပြောချင်တော့။ သို့နှင့် မေမေ့ကို ခွဲခဲ့ရသည်။ မေမေ့မှာတော့ မျက်ရည်စက်လက်နှင့် ဖြစ်သည်။ အမာ့မှတော့ 'မောင်'ရှိပြီ။

အမာ့ကို မောင်တစ်ယောက်တည်း ပိုင်ချင်သည်။ အငြင်းအခုံရှိ၍တော့ မဟုတ်ပါ။ မောင့်မှာ အမာ့ကို ချစ်သည့်အချစ်က ပြောပြ၍မဖြစ်အောင် ကြီးမားရှာသောကြောင့် 'အမာ့ကို သူပိုင်တာ တကယ်မှ ဟုတ်ပါလေစ' ဟူသောသံသယကို မပျောက်နိုင်ရှာခြင်း ဖြစ်ပါလိမ့်မည်။

မောင်နှင့်ရမှ အမာ ပွဲလမ်းသဘင် အထွက်နည်းရသည်။ မောင်က အမာ့ကို ဘယ်သူနှင့်မျှ မနေစေချင်။ အမာ သူတစ်ပါးနှင့် စကားပြောဖို့ပင် မောင် ခွင့်မပြုချင်။ မိန်းမချင်းပင် ဖြစ်စေ၊ အမာနှင့် တကယ်ခင်မင်နေလျှင် မောင် မနှစ်လိုချင်။ သို့နှင့် အမာ့မှာ အပြင်သို့ထွက်သော်လည်း ဘယ်နေရာမှာမျှ ကြာကြာမနေနိုင်။ ဘယ်ပါတီ ဘယ်ပွဲတွင်မှလည်း စကားလက်ဆုံကျအောင် မထိုင်ခဲ့ပေ။

သူ့သဘောနှင့်သူ အမာ့ဆီသို့ ယခုမှပင် လာတော့သည်။

အမာ့ စိတ်ထဲက အလုံးကြီးတစ်ခု ကျသွားသလို ရှိသည်နှင့် အိပ်နေရာမှ ထ၍ ထိုင်ကာ မောင့်ကို ကြည့်နေလိုက်သည်။



mgyoe.com

mgyoe.com SAMPLE BOOK

သို့သော် အမာ ကျေနပ်ပါသည်။ တစ်လောကလုံး မောင်နှင့်သာနေရလျှင် ဘာမဆို အမာ စွန့်လွှတ်နိုင်ပါသည်။ မောင်နှင့် မရခင်ကတည်းက အမာ မောင့်အကြောင်းသိပြီး ဖြစ်၍ မထူးဆန်းပါ။ ဒါမျိုးကို အမာ မျှော်လင့်ပြီး၊ ဝမ်းမြောက် ဝမ်းသာလက်ခံပြီး ဖြစ်ပါသည်။

မောင်နှင့် မရခင်ကဆိုလျှင် အမာသည် ယခုအနေ မဟုတ်ခဲ့ချေ။ မောင်ဖားမိဘများအပြင် ခင်မင်သူမိတ်ဆွေ တွေ, သူငယ်ချင်းတွေနှင့် တပျော်တပါးနေခဲ့သော အမာ ဖြစ် လေသည်။ အစ်ကိုတွေနှင့်အတူ ဘိုင်စကုပ်, ပြဇာတ်မှ အစ ပွဲအမျိုးမျိုးသို့ လိုက်ခဲ့သည်။ အစ်ကိုတွေနှင့်ပတ်သက်၍ သူတို့ သူငယ်ချင်းတွေကိုပါ ခင်မင်ရင်းနှီးအောင် ပေါင်းတတ်ခဲ့သော အမာ ဖြစ်သည်။ လူချစ်လူခင်များခဲ့သော ခေတ်ပညာတတ် မိန်းမချောကလေးတစ်ယောက် ဖြစ်ရုံမက၊ သွက်လက်ချက်ချာ၍ ဘာအကြောင်းဖြစ်ဖြစ် ကောက်ကာငင်ကာ ပြောတတ်ခဲ့သော အမာ ဖြစ်ခဲ့သည်။

ယခုတော့ မောင်က အမာ ပေါ်ပြူလာဖြစ်လေသူ တစ်ဦး တည်းပိုင် မဟုတ်ဘူး ထင်လေသောကြောင့် အမာ ဆင်ခြင် လိုက်ပြီ။ ဒါတွေကို အမာက ကျေကျေနပ်နပ် စွန့်လွှတ်လိုက်ပြီ။

"အမာ ဒီလိုမနေပါနှင့်။ မောင် သဘောမကျလို့ပါ"ဟူ၍ တော့ မောင်က ထုတ်မပြော။ သို့သော် အမာက မောင့် သဘောကို စာဖတ်သလို ဖတ်နိုင်အောင် လေ့လာထားပြီးဖြစ်၍ မောင့်အပြစ်တွေကို အချစ်နှင့် လွှမ်းထားလိုက်ပြီ။ မောင်မို့ တစ်ချက်ညိုလျှင်၊ 'မောင် ဘာကိုမကြိုက်လို့'ဟု အမာသိသည်။ ညစ်ခံပွဲတစ်ခုခုမှာ တစ်ယောက်ယောက်နှင့် အမာ စကားပြောနေ စဉ် မောင်က စိတ်မဝင်စားသလိုပျင်းသလို လမ်းဘက်ကို မျှော်လိုက်လျှင် အမာကပင် စတင်၍–

"မောင်ရေ။ အမာ ပြန်ချင်ပြီ"ဟု ဆိုလိုက်ရသည်။

မောင်နှင့် မရခင်က အကြောင်းများကို အမာက ပြန်ပြော လျှင် မောင် မကြိုက်ချင်။ ကိုကိုကြီး သူငယ်ချင်းတွေက အမာ့ ကိုခင်မင်ပုံများ စပ်မိ၍ ပြောလိုက်လျှင် မောင့်မျက်နှာ တစ်ခါ တည်း အိုဆင်းသွားသည်ကို အမာ မြင်ခဲ့ရဖူးပြီ။

"ဒါတွေကတော့ ဟုတ်ပါပြီ မောင်ရယ်။ မောင့်ကို အမာအပြစ်မတင်မပါဘူး။ မောင့်မှာ ဒါတွေရှိနေတာ အမာ့ကို ချစ်လွန်းအားကြီးလို့ မောင့်မှာ မနာလိုစိတ်တွေ များနေတာ ဘာပဲဖြစ်ဖြစ် အမာ ဒါကို နားလည်နိုင်ပါတယ်။ ဒါပေမယ့် အခုဟာကတော့"

အမာ မောင့်ကို နားလည်ခဲ့သမျှ ယခုမှပင် အံ့အားသင့် ရတော့သည်။ မောင် ဘာ့ကြောင့် အမာ့ကိုတောင် စကား မပြောချင်အောင် ဖြစ်သွားသည်ကို အမာ သိတော့သိပါသည်။

သို့သော် အမာ့မှာ သူ သိသည့် အသိကိုပင် မယုံချင်။ အမာက တော့ သူလုပ်သမျှ, ကိုင်သမျှ, ပြောသမျှ မောင်သဘောကျဖို့ ချည်းဟု သဘောထားပြီး ပြောခဲ့မိသည်။ မောင်ကတော့ "အမာ နှင့် မောင်တို့အကြားမှာ ဘယ်သူ့ကိုမျှ အဝင်မခံနိုင်ပါဘူး အမာရယ်"ဟူသောစကားကို ယခုထိ မလျှော့။

"မောင် စိတ်မချမ်းသာရင် အမာလည်း စိတ်မချမ်းသာဖို့ ပါပဲ မောင်။ ဒါပေမယ့် ဒါကတော့ အမာ့အပြစ် မဟုတ်ပါဘူး မောင်ရယ်"

မောင့်စိတ် ဤသို့ဖြစ်နေမှန်း အမာ ချက်ချင်း မသိခဲ့ပါ။ ယခင်က မောင့်မျက်နှာ အရိပ်အကဲကို တစ်ချက်မလွဲ ခတ်နိုင် သော်လည်း ယခုတော့ အမာ လွဲခဲ့ပြီ။ သူ့ကိုယ်သူ ယုံလွန်း သောကြောင့် မှားသွားလေသလားတော့ မပြောတတ်။ လွန်ခဲ့ သည့် ၃–၄ ရက်ကစ၍ မောင့် အမူအရာတွေ အမာ့အပေါ်မှာ အေးစက်စက် ဖြစ်ခဲ့သည်ကို အမာ သတိမပြုမိခဲ့။ အမာ့မှာ ခါတိုင်းလိုပင် ပျော်ပျော်ရွှင်ရွှင်နှင့် မောင့်ရင်ခွင်ထဲမှာ မွေ့လျော် နေခဲ့သည်။ စိတ်ကူး အသစ်အဆန်းတွေနှင့် ရွှင်လန်းနေခဲ့သည်။ ဒါကြောင့်လည်း မောင့် မျက်နှာကဲကို မခတ်လိုက်မိခြင်း ဖြစ် ချင်ဖြစ်မည်။

မျက်နှာကဲကို မခတ်မိသော်လည်း အမာ သိတော့ သိပါ ပြီ။ မောင် တစ်ခုခုကို မကျေနပ်နေသည်မှာ တစ်ရက်ထက် တစ်ရက် ထင်ရှားလာပါပြီ။ စကားပြောသည်ကပင် ခါတိုင်းနှင့် မတူ။ အေးစက်စက် နိုင်လှသည်။ ချစ်သက်ချစ်ငွေ့ကင်းလှ သည်။ အမာချစ်သောမောင်က အမာ့အား အေးစက်စက် စကား ပြောခြင်းမှာ အမာ့အဖို့ ရက်စက်လွန်းရာကျလှသည်။

တကယ်ပင် အမာ သတိမထားခဲ့မိပါ။ သတိထားမိတော့ လည်း အမာ မောင့်ကို ကျေနပ်အောင် ဘယ်လို ပြောရမည်ကိုပင် မသိနိုင်တော့ပါ။

၁ ရက်–၂ ရက်ပဲ ရှိဦးမည်။ အမာ့မှာတော့ စိတ်ကူး ကလေးတယဉ်ယဉ်နှင့် ပန်းပင်ကလေးတွေကို ပြုစုလိုက်၊ အိမ်ကလေးကို ရှင်းလင်းသုတ်သင် အလှပြင်လိုက်နှင့် မောင့် အရိပ်မှာခိုပြီး ပျော်နေခဲ့သည်။

တစ်နေ့နံနက်က မောင့်ဖို့ ကော်ဖီဖျော်တော့ အမာကလည်း သီချင်းကလေး တအေးအေးနှင့် ဆိုတော့ မေ့ပြီး နို့မထည့်ဘဲ ပေးလိုက်မိသည်။

အမာကတော့ အမာ့ကိုယ်အမာ ရယ်ချင်လွန်းလို့ တခစ် ခစ်နှင့် ဖြစ်နေသည်။ မောင့်မှာတော့ မျက်နှာကြီး ၈ ခေါက်ချိုး နှင့် အောက်သိုးသိုးကြီးဖြစ်နေသည်။

"မောင် သိပါတယ်။ အမာ မောင့်ကို နည်းနည်းမျှ ဂရု မစိုက်တော့ပါဘူး။ မောင့်ကိုတော့ ရှိတယ်လို့တောင် မအောက်မေ့ တော့ဘူး မဟုတ်လား"

mgyoe.com

mgyoe.com SAMPLE BOOK

**အမှာ့ကို မြင်မနေရလျှင် သူ့စိတ်က မကျေနပ်ချက်များ သက်သာလေမည်လားဟု တွေးမိသည်။ သို့သော် မဖြစ်နိုင်။**

အမာ တခစ်ခစ်ရယ်ရာက ရင်ထဲတွင် နင့်ခနဲ ဖြစ်သွားသည်။

"မောင်"

မောင် ဘာမျှ မပြောတော့။ နို့တွေ အများကြီးထည့်ပေးပြီး အမာကမွှေပေးနေသော ကော်ဖီပန်းကန်ကို ခပ်ကြမ်းကြမ်းဆွဲယူ၍ ၁ ကျိုက် – ၂ ကျိုက်သောက်ကာ ထသွားသည်။ အမာ စိတ်ရှုပ်ရပြီ။ အမာ စိတ်ကူးကလေးနှင့် သီချင်းတအေးအေး ဆိုမနေနိုင်တော့။

မောင် ကျေနပ်အောင် အမာ ဘယ်လိုများ ပြောရပါ့မလဲ မောင်ရယ်"

ဤသို့သာ အမာ ညည်းမိတော့သည်။ တကယ်ပင် သူ မကြဲတတ်တော့။ ကြဲလည်း မကြဲချင်တော့။ တကယ်ဆိုလျှင် မောင့်ကို နားလည်အောင် အမာက ပြောပြနေရမှတော့ ကောင်းနိုင်ပါ့မလား။ ပြောပြလို့ နားလည်နိုင်မည့် ကိစ္စမျိုးဆိုလျှင်ကော မောင် သည်လို ဖြစ်ပါမည်လား။ မောင်က သည်လိုဖြစ်နေမှတော့ ပြောပြလို့ကော နားလည်ပါမည်လား။

ဘယ့်နယ်မျှလည်း မတတ်နိုင်။ အမာက ပျော်ပျော်ကြီးနေချင်သော အချိန်တွင် မထင်ဘဲနှင့် မောင်က မှုန်နေပြီ။ တစ်စကစ်စ အမှာ့အပေါ် စိမ်းကားလာပြီ။ ယခင်က ညနေ မောင်အလုပ်က ပြန်ချိန်ဆိုလျှင် အမာ ဝင်းပေါက်က ထွက်ကြိုနေလေ့ရှိသည်။ တစ်ခါတစ်ခါ အိမ်တံခါးအကွယ်မှထွက်ပြီး မောင့်လည်ကို ဖက်၍ ဟီးလေးခိုရသည်။ ယခုတော့ မောင့်ကို အမာ အလိုလို ကြောက်နေတော့သည်။ ဝင်းပေါက်က ကြိုပြန်လည်း ကြိုရုံပဲရှိသည်။ ဟီးလေးထွက်ခိုပြန်လည်း ခိုရုံပဲရှိသည်။ မောင့်မျက်နှာမှာတော့ အရင်လို တစ်စက်မျှ မဟုတ်တော့။

အမာ တစ်ယောက်ယောက်ကို ပြောပြလိုက်ချင်သည်။ ဝမ်းထဲက တအုံနွေးနွေး ဖြစ်နေရသမျှ တစ်ယောက်ယောက်ကို ပြောပြလိုက်ရလျှင် ပေါ့သင့်သလောက် ပေါ့သွားမည်ကို သိသော်လည်း အသို့လုပ် ပြော၍ ဖြစ်နိုင်ပါမည်နည်း။ မောင်နှင့်အမာသာ သက်ဆိုင်သောအရေးကို အခြားသူ တစ်ဦးဦးကို အသိပေး၍ အသို့လျှင် ဖြစ်နိုင်ပါမည်နည်း။

အမာ တခြားတစ်နေရာ သွားပြီး မောင် စိတ်ချမ်းသာအောင် နေဖို့ စိတ်ကူးမိသေးသည်။ အမှာ့ကို မြင်မနေရလျှင် သူ့စိတ်က မကျေနပ်ချက်များ သက်သာလေမည်လားဟု တွေးမိသည်။ သို့သော် မဖြစ်နိုင်။ အမာ စိတ်ညစ်ပြီ။ ဘာမျှလည်း လုပ်ချင်စိတ် မရှိတော့။ တစ်ချောင်ချောင်မှာ ဖျာကလေးတစ်ချပ်ခင်းပြီး ခွေ၍သာ နေချင်တော့သည်။ နေလည်း နေလိုက်ပြီ။ ခါတိုင်းလို မောင့်ကိုလည်း ထွက်မကြိုတော့၊ ဂီးလေး မခိုတော့၊ တစ်ခါတစ်ခါ ခွေအိပ်ရာမှပင် မထလိုက်မိတော့။ မေ့မေ့လျော့လျော့ကြီး ဖြစ်နေပြီ။

လှေကားမှ ခြေသံကြားသည်။ မောင် ပြန်လာပြီကို သိသော်လည်း ထွက်ကြို၍ အကြောင်းမထူးလှသည်ကို သိသဖြင့် ကြမ်းပေါ်တွင် ဖျာခင်း၍ ခွေနေရာက မထတော့။ သို့သော် အသံတော့ ပြုလိုက်သေးသည်။

"မောင်ရေ– အမာ ဒီက–"

ခြေသံသည် သူ့ထံသို့ တန်တန်းမတ်မတ် ဝင်လာသည်။

"အမာရေ"

သို့တိုင် အမာက နေရာမှ မရွေ့သေး။ အမှာ့ အနီးသို့ မောင်လာပြီး ထိုင်လိုက်သည်။ အမာ မောင့်ကို မော့ကြည့်လိုက်ပြီး ရင်တဒိတ်ဒိတ် ခုန်လာ၏။ သို့နှင့် တံတောင်ထောက်၍ ထရန် ကြိုးစားလိုက်သည်။

"မောင် ဒီနေ့ညနေ ထမင်း အပြင်ကစားခဲ့ပြီ"

အမှာ့ကို သူ ဤသို့ အရေးတယူ စကားပြောသည်မှာ ယခု တစ်ပတ်အတွင်း ပထမဆုံးအကြိမ် ဖြစ်သည်။ သူ့သဘောနှင့်သူ အမှာ့ဆီသို့ ယခုမှပင် လာတော့သည်။

အမှာ့ စိတ်ထဲက အလုံးကြီးတစ်ခု ကျသွားသလို ရှိသည်နှင့် အိပ်နေရာမှ ထ၍ထိုင်ကာ မောင့်ကို ကြည့်နေလိုက်သည်။

"ဘယ်က စားခဲ့တာလဲ မောင်"

"အို– မဂိုလမ်းမှာပါ"

"မဂိုလမ်း"

အရင်ကတော့ မောင် သည်နေရာမျိုးမှာ ထမင်းမစားတတ်သည်ကို အမာ သိသည်။ ထို့ကြောင့် အမာက မောင့်အသံကို ပဲ့တင်ထပ်၍ နားမလည်နိုင်သလိုပင် မောင့်ကို ကြည့်လိုက်ခြင်း ဖြစ်သည်။

"ဒီနေ့ ကိုခင်က ဝင်ခေါ်လို့ ဈေးဘက်လိုက်သွားရတာနှင့်ပဲ"

"ဩော်– ကိုခင်နှင့်မို့ကိုး။ ကိုခင်က ဈေးဘက်မှာ ဘာဝယ်စရာ ရှိလို့တဲ့လဲ မောင်"

အမာ မောင့်စကားများကို စိတ်အဝင်စားဆုံး လေသံနှင့် မေးလိုက်ရသည်။

"အို– အိမ်ဆောက်တဲ့ပစ္စည်းကလေးတွေပါ။ သူက မဝယ်တတ်လို့ မောင့်ကို ခေါ်သွားတာ"

"ဩော်– ကိုခင်က အခု ချမ်းသာနေပြီကိုး။ အဆောက်အအုံအင်ဂျင်နီယာမို့ အကြံပေးဖို့ပေါ့။ ဒါထက် ဈေးဘက်မှ

mgyoe.com

SAMPLE BOOK

အိမ်ဆောက်ဖို့ပစ္စည်းက ဝယ်လို့ရသလားမောင်ရဲ့ ကြံကြံဖန်ဖန်"

"ကလေးကစားတဲ့ဟာပါ အမာရဲ့။ ကစားစရာဆိုင်တွေမှာ ရတာပေါ့"

"သြော်–သြော်– သူ့ကလေးဖို့ ထင်ပါရဲ့"

"သူ့သား မွေးနေ့မှာ လက်ဆောင်ပေးဖို့တဲ့။ အင်္ဂလန်က လာတဲ့ ပစ္စည်းကလေးတွေ၊ ကောင်းက ကောင်းနှင့်။ အစုံပါတယ်။ အိမ်ပုံစံအမျိုးမျိုးဆောက်လို့ ရတယ်။ လှေကားတွေ ပြတင်းပေါက်တွေနှင့် အိမ်လှလှကလေးတွေ ဆောက်တဲ့ 'ဘလော့ခ်' ကလေးတွေ။ သိပ်သပ်ရပ်တာပဲ"

"သြော်– ချစ်စရာနေမှာပဲနော် မောင်။ သူ့သားလေးကတော့ သိပ်သဘောကျမှာပဲ။ ဘယ်လောက်ပေးရမလဲ မသိဘူး"

"မနည်းလှဘူး။ ၃၀ ကျော်ကျော် ကျတယ်။ မောင်တို့ ငယ်ငယ်က ဒါမျိုးဆို သိပ်သဘောကျခဲ့တာ၊ သိလား အမာ။ တစ်ချိန်လုံး ဒါနှင့်နေတာပဲ"

"ဒါကြောင့်လည်း မောင် အင်ဂျင်နီယာကြီးဖြစ်တာပဲပေါ့ နော် မောင်"

မောင်က ပြုံးနေသည်။ ယခုအချိန်အထိ အမာကတော့ သူ့ကိုယ်သူ ဘာပြောနေမှန်း မသိ။ မောင့်မျက်နှာကို ကြည့်ပြီး အလိုက်သင့် စိတ်ဝင်စားဟန်နှင့် ပြောနေရသည်ကိုသာ သိသေးသည်။

မောင်သည် ထိုင်ရာမှထ၍ အပြင်ဘက်ဆီသို့ ရှောင်ထွက်သွားသည်။ အမာလည်း ငေးကြည့်နေလိုက်သည်။ မကြာမီပင် မောင် ပြန်ဝင်လာသည်။ လက်ထဲ၌ သေတ္တာနှင့်တူသော လေးထောင့်အထုပ်တစ်ထုပ် ပါလာသည်။

"ဒါက ဘာတုံး။ အမာ့ဖို့လား မောင်။ ဟင်"

"အမာ့ဖို့တော့ မဟုတ်ဘူး။ ဒါပေမယ့် မောင် ပြမပေါ့"

မောင်သည် အထုပ်ကို ဖြည်လိုက်သည်။ အမာလည်း 'ဘာများပါလိမ့်'ဟု တထင့်ထင့်နှင့် မျက်တောင်မခတ်ဘဲ စိုက်ကြည့်နေမိသည်။ စက္ကူကို ဖြည်လိုက်လျှင် လှပသပ်ရပ်သော ဆေးရောင်စုံ ထင်းရှူးသေတ္တာငယ်တစ်ခု ပေါ်လာသည်။ အမာ ဘာမျှ မပြောလိုက်နိုင်မီ မောင်က သေတ္တာကလေးကို ဖွင့်လိုက်သည်။ အတွင်း၌ စီကာစဉ်ကာ ထည့်ထားသော ချစ်စဖွယ် သစ်သားတုံးကလေးများကို မြင်ရသည်။ အမာ မောင့်ကို မော့်ကြည့်လိုက်သည်။

မောင်က သစ်သားတုံးကလေးများကို သွန်ချပြီး အဖုံးအတွင်းမှ စာအုပ်ကို လှန်လိုက်သည်။ အိမ်ပုံစံကလေးများဖြစ်၏။ ထိုနောက် မောင်က အလှဆုံး တိုက်ကလေးတစ်ခု၏ ပုံစံအတိုင်း သစ်တုံးကလေးများဖြင့် စီ၍ ဆောက်လိုက်သည်။ အမာလည်း စိတ်ဝင်စားစွာ ကြည့်နေလိုက်မိ၏။ အသက်ရှူသံများကိုပင် ကြားနေရ၏။ ပြီးသွားပြီ။

"လှတယ်နော် မောင်။ ချစ်စရာပဲ"

အမာသည် ဝမ်းမြောက်ဝမ်းသာ အော်လိုက်သည်။ နောက်မှ တစ်စုံတစ်ခု သတိရမိသဖြင့် "ဒါ ဒါ ကိုခင်က သူ့သားဖို့ ဝယ်ခဲ့တာဆို မောင်။ သူ ဘာဖြစ်လို့ ယူမသွားသေးလဲ ဟင်" ဟု မေးလိုက်သည်။ မောင်က ဣန္ဒြေမပျက် ပြုံးရင်းက ဖြေသည်။

"မောင်တို့ ကလေးလည်း ကြီးလာတော့ တခြားကလေးတွေလို ကစားရမှာပဲမဟုတ်လား အမာရဲ့"

အမာ ထ၍ပင် ခုန်မိသည်။ နောက် မောင့်ရင်ခွင်ထဲသို့ တစ်ကိုယ်လုံးပစ်၍ ဝင်လိုက်သည်။ မောင်က အလိုက်သင့်ဖမ်း၍ ပွေ့ထားလိုက်၏။ အမာ ပျော်လွန်းလို့ စကားပင် ပြီးအောင် မပြောနိုင်တော့။ "မောင် မောင်– မာတို့ကလေးက ဒါမျိုး ကြိုက်ပါ့မလားမောင်ရဲ့"ဟု အပြေးကလေး မေးလိုက်သည်။

"မောင့်သားသမီးပဲ။ ဒါကို ကြိုက်ရမှာပေါ့ မာရဲ့။ ဟုတ်ဘူးလား"

အမာ တစ်ခါ ထ၍ ခုန်လိုက်ချင်သေးသည်။

"မောင်"

အမာ ဘာမျှ ဆက်မပြောတတ်တော့။ ပြောချင်သည့်စကားတွေကလည်း သူ့ထက်ငါ လု၍တိုးလာကြသည်နှင့် 'မောင်' တစ်ခွန်းသာပြောလို့ ဖြစ်တော့သည်။ တော်လောက်ပါပြီ။ ပြောလို့ဖြစ်ဖြစ် မဖြစ်ဖြစ် အမာမှာ ဖျာကလေးနှင့်တခွေခွေ အတွေးပင်လယ် ဝေနေခဲ့ရသည့်ဒုက္ခတွေ ငြိမ်းပါပြီ။ မောင့်အတွက်လည်း ပူစရာမရှိတော့။ မောင် ယခု နားလည်လာပြီ။ အမာ့ကိုလည်းပဲ ချစ်တတ်လာပြီ။ ကလေးကြောင့် အမာ့ကို မောင်တစ်ယောက်တည်း မပိုင်ရတော့ဘူးလို့ အယူသီးပြီး မနာလိုတဲ့စိတ်တွေလည်း မောင့်မှာ ကုန်ခဲ့ပါပြီ။

မြဝတီမဂ္ဂဇင်း။ ဇွန်လ ၁၉၅၁။



mgyoe.com

mgyoe.com SAMPLE BOOK

## ခင်ဆွေဝင်း

'လူဖြစ်ရကျိုး နပ်ခဲ့သည်' ဟု ဆိုရမည်လော။

သို့တည်းမဟုတ်မူ၍၊ 'ရှုံးခဲ့သည်' ဟူ၍ပင် ဆိုရတော့မည်လော။

ဆရာကြီး ဦးဘဇံသည် သူ့ဘဝနောက်ကြောင်းကို ပြန်ပြောင်းတွေးတောမိသော အခါတိုင်း၊ သူ့ကိုယ်သူ ဤသို့ မေးခွန်းထုတ်၍ ကြည့်မိတတ်သည်။ သူ လူ့ဘဝသို့ ရောက်ခဲ့သည့် အချိန်မှစ၍ ယခုအချိန်အထိ ၅၃ နှစ်မျှ ကာလအတွင်းတွင် သူ အောင်မြင်ခဲ့သည်လည်း ရှိသည်၊ ဆုံးရှုံးခဲ့သည်လည်း ရှိသည်။ လောကဓမ္မတာ များစွာသောလူတို့တွင် ဤနည်းနှင်နှင် ဖြစ်ကြသော်လည်း ဆရာဘဇံ၏ အောင်မြင်မှု နှင့် အဆုံးအရှုံးတို့မှာကား အက္ခရာသင်္ချာတွက်ရာတွင် အမျိုးမတူသော အက္ခရာ ၂ ခုကဲ့သို့ တစ်ခုအထဲမှ တစ်ခုနုတ်၍ ယတိပြတ်အကြွင်း ဟူ၍ မထွက်နိုင်ဘဲ ရှိလေသည်။ ဤပုစ္ဆာကို တွက်ကြည့်မိတိုင်း သူ စိတ်အမျိုးမျိုး ဝေခဲ့သည်။ အဖြေ ကလည်း အမျိုးမျိုး ထွက်ခဲ့သည်။ အောင်မြင်မှုများဘက်မှစ၍ တွက်မိသောအခါ များတွင် 'ဩော်– ငါ လုပ်ကိုင်ဆောင်ရွက်ခဲ့သမျှ၊ ကြံစည်ကြိုးစားခဲ့သမျှ အထမြောက် ခဲ့ပေသားပဲလေ။ တော်ပြီ၊ တော်ပြီ။ ဒါကိုပဲ လူဖြစ်ရကျိုးနပ်တယ်လို့ ခေါ်ရတော့ မှာပဲ'ဟု သူ့ကိုယ်သူ နှစ်သိမ့်နိုင်စရာအဖြေမျိုးကို ရခဲ့သော်လည်း၊ အရှုံးဘက်မှ စမိပြီဆိုလျှင်ကား အဆုံးအရှုံးမှန်သမျှကို တရားချ၍ ဖြေနေရသည်ကပင် သူ့အဖို့ အရှုံးတစ်မျိုး ဖြစ်နေပြန်လေသည်။ သူ့မှာ ဖိနှိပ် မျိုသိပ်ခဲ့ရသည်။ အမြတ်နိုးဆုံး, အခင်တွယ်ဆုံးတို့ကို အဆုံးအရှုံး ခံခဲ့ရသည်။ ပြီးတော့ ရှုံးခဲ့သောလူကပင် ဘာမဆို ခွင့်လွှတ်နိုင်ဖို့ ကြိုးစားခဲ့ရသည်။ ခွင့်လွှတ်ခြင်း။ မှန်ပါသည်။ သူ လူ့ဘဝရောက်လာ ရခြင်း၏ အရှုံးအမြတ်စာရင်းတွင် အရှုံးလား, အမြတ်လား အမျိုးအမည်မထင်ရှား သော အကြွင်းဂဏန်းကား ဤမျှသာတည်း။

ဆရာဘဇံ၏ အောင်မြင်မှုများကို အကြမ်းဖျင်း တွက်ကိန်းချ၍ ကြည့်လိုက်သော်၊ အသက် ၂၀ ကျော် အရွယ်မှစ၍ သူ ဝါသနာပါလှသော ကျောင်းအုပ်ဆရာ အလုပ်ဖြင့် အသက်မွေးခဲ့ရာတွင် ကျောင်းသားတပည့်များ၏ လေးစားချစ်ခင်ခြင်း ခံရသော ဆရာကောင်းအဖြစ် ထင်ရှားခဲ့သူ ဖြစ်သည်။ သူကိုယ်တိုင်ကလည်း တပည့်များအပေါ်တွင် သားသမီးအရင်းများကဲ့သို့ သံယောဇဉ်ဖြစ်လျက် စိတ်စေတနာ အပြည့်ဖြင့် သင်ပြဆုံးမခဲ့သောကြောင့် လက်ထောက်ဆရာကလေးဘဝကပင် ဆရာ ဘဇံ၏အမည်သည် ပညာရေးဌာနတွင်သာမက၊ ကျောင်းသားမိဘလောကတွင်လည်း လေးစားလောက်သောအမည် ဖြစ်ခဲ့သည်။

သူ့စေတနာအလျောက် အချိန်ပြည့်စိတ်ဝင်စားကာ ကြိုးစားပမ်းစားလုပ်ကိုင် သဖြင့် တပည့်များအား ပညာပေးရာတွင်လည်းကောင်း၊ အဆုံးအမပေးရာတွင် လည်းကောင်း သူ မှန်းဆသလောက် ပေါက်မြောက်အောင်မြင်ခဲ့သည်သာ ဖြစ်၏။ ရည်မှန်းသည့်အချိန်တွင် ရည်မှန်းသည့်အခြေသို့ ရောက်ခဲ့သည်သာ ဖြစ်၏။ ယခု အခါတွင် သူသည် ကျောင်းအုပ်ဆရာကြီးအဖြစ်ဖြင့် တစ်ကျောင်းလုံးရှိ ဆရာ ဆရာမများနှင့်တကွ ကျောင်းသား ကျောင်းသူအားလုံး၏ ချစ် ကြောက် ရိုသေခြင်းကို ခံယူခဲ့ရရုံမျှမက၊ သူ အုပ်ချုပ်သည့် ကျောင်းမှာလည်း စာအသင် အပြ ကောင်းခြင်း၊

■ ယခုဝတ္ထုမှာ ၁၉၅၂ ခုနှစ် မတ်လထုတ် 'ရှုမဝ' မဂ္ဂဇင်း အတွဲ ၅ အမှတ် ၅၈ တွင် 'ဆုဆ' ကလောင်အမည်ဖြင့် ရေးသားခဲ့သော ဝတ္ထု ဖြစ်ပါသည်။

ဤဝတ္ထု၏ ကာလအပိုင်းအခြားမှာ ၁၉၃၀ ပြည့်ပတ်လည်နှင့် ၁၉၄၉–၅၀ ပတ်လည်ဟု ခန့်မှန်းနိုင်ပါသည်။ မြတ်လေးမဂ္ဂဇင်းတွင် ၁၉၈၇ ခုနှစ် အောက်တိုဘာလ၌ ထပ်မံ ဖော်ပြ ခဲ့ပါသည်။

mgyoe.com SAMPLE BOOK

စည်းကမ်းသေဝပ်ခြင်း၊ ကစားခုန်စားဘက် တွင် ထွက်ပေါက်ခြင်း စသည့် ဂုဏ်သတင်းများဖြင့် ပျံ့သင်း ကြိုင်လှိုင်ခဲ့ပေသည်။

ဤသို့ လုပ်ကိုင်ကြံစည်သမျှ အထမြောက်အောင်မြင်ကာ လူ့လောကကောင်းကျိုးများကို ဆောင်ရွက်ရင်း လူ့လောက အလယ်တွင် ထည်ဝါသည့်နေရာကို ယူနိုင်ခဲ့ခြင်းကြောင့် ဆရာကြီး ဦးဘဇံမှာ 'လူဖြစ်ရကျိုး နပ်ခဲ့ပြီ' ဟု ဆိုရတော့မည် လော။

သို့တည်းမဟုတ်မူ၍

* * *

"ဆရာ–ဆရာ။ တံခါးဖွင့်ပေးပါ"

မိုးသည် တဖျောက်ဖျောက်ရွာလျက် ရှိသည်။ သူ့ဘဝတွင် သူ နှစ်ခြိုက်လျက်ရှိသောကြောင့် အသက် ၃၀ ကျော်သည်အထိ တစ်ကိုယ်တည်း အေးချမ်းစွာနေလာခဲ့သော ဆရာလေး ကိုဘဇံ၏ အိမ်အဝင်တံခါးဆီမှ ခေါ်သံကြားလိုက်ရသည့်အချိန်ကား ညဥ့် ၈ နာရီခန့် ဖြစ်လေသည်။

သတင်းစာများတွင် ၁၀ တန်းအောင်စာရင်း ပါလာသည့် နေ့ဖြစ်၍ သူ့တပည့် ၃၀ ကျော်အနက် ၂၁ ယောက်အောင်မြင် သည်ကို နှစ်သိမ့်ကျေနပ်လျက်၊ ညဘက်တွင် 'အောင်မြင်သူ ကျောင်းသားများ လာကြလိမ့်မည်'ဟု မျှော်ရင်း စာဖတ်နေသူ ဆရာဘဇံလည်း သွပ်မိုးပေါ်သို့ မိုးပေါက်များကျသည့်အသံ ကြောင့် ခေါ်သံကို မသဲမကွဲသာ ကြားလိုက်ရသည်။

"အေး–အေး။ လာမယ်ဟေ့"ဟု လှမ်းပြောရင်း လက်ထဲ ကစာအုပ်ကို စားပွဲပေါ်တွင်အသာချပြီး ထိုင်ရာမှထ,ကာ တံခါးဆီ လျှောက်လာခဲ့သည်။

"ဘယ်သူလဲဟေ့၊ မောင်မင်းဟန်လား"

သူ့စိတ်က ကြိုတင်တွေးတောပြီးဖြစ်၍ အထင်နှင့် လှမ်း မေးရင်း တံခါးကို ဖွင့်လိုက်သောအခါ၊ ဆရာဘဇံမှာ အတော် အံ့အားသင့်သွား၏။ သူ့ရှေ့တွင် ရပ်နေသူကား ဆံပင်ဖားလျား နှင့် ကပိုကရိုဖြစ်နေသော အသက် ၁၇ နှစ်အရွယ် မိန်းကလေး တစ်ယောက် ဖြစ်၏။ ပထမတွင် သူ့မျက်လုံးများကို သူ မယုံ နိုင်သေးသလို ခပ်ကြောင်ကြောင်ငေးကြည့်နေမိပြီးမှ "ဟဲ့– ခင်ခင်ဆွေပါလား။ တစ်ယောက်တည်းလား။ မိုးချုပ်ပါပကော" ဟု ဆိုလိုက်ရလေသည်။

"တစ်ယောက်တည်းပဲ ဆရာ။ ဆွေ နေလို့မရဘူး။ ဘယ် သွားနေရမှန်း မသိတာနှင့် ဆရာ့ဆီ ပြေးလာခဲ့တာပဲ။ ဆွေတော့ သေချင်တာပဲ ဆရာရယ်"

ဆရာဘဇံသည် ဘာမျှ ပြန်မပြောဘဲ ခင်ခင်ဆွေအား ကရုဏာသက်သည့်မျက်လုံးများဖြင့် ကြည့်နေရာမှ သက်ပြင်း တစ်ချက် ချလိုက်၏။ ခင်ခင်ဆွေ၏မျက်နှာမှာ ငိုထားသဖြင့် နီနေ၏။ ခင်ခင်ဆွေ ဘာကြောင့် ငိုထားသည်ကိုလည်း ဆရာ ဘဇံအသိပင် ဖြစ်ပေသည်။

ထိုအခိုက် စောစောက ဖွဲဖွဲမျှသာ ရွာလျက်ရှိသောမိုးသည် ရုတ်တရက် သွန်ချလိုက်သလို သည်း၍လာခဲ့လေသည်။

"ကဲ–ကဲ။ ထိုင်ဦး–ထိုင်ဦး ခင်ခင်ဆွေ"

ခင်ခင်ဆွေသည် ဆရာဘဇံကိုကွင်းရှောင်လျက် အိမ်ထဲ သို့ပြေးဝင်ကာ ဧည့်ခန်းရှိ ကုလားထိုင်တစ်လုံးပေါ်တွင် ထိုင်ချ လိုက်ပြီး မျက်နှာကို လက်ဖြင့်အုပ်၍ တရှုပ်ရှုပ် ငိုပြန်လေတော့ သည်။

"စာမေးပွဲမအောင်တာနှင့် ဒါလောက် ဝမ်းနည်းနေဖို့ မလိုဘူးလို့ ဆရာထင်တယ် ခင်ခင်ဆွေ။ ခင်ခင်ဆွေက တယ် ပြီး စိတ်ငယ်တတ်တာကိုး။ ဆရာ့တပည့် မဟုတ်ဘူးလား။ ရှေ့နှစ် ခင်ခင်ဆွေ အောင်ရမှာပေါ့"

"ဆရာ့တပည့်ပေမယ့် ဆွေ ဒါကို မဖြေနိုင်ဘူးဆရာ။ အောင်တဲ့ကျောင်းသားတွေက ဒက်ဒီ့ဆီ ပြေးပြေးလာကြတယ်။ ပျော်မြူးလို့ပဲ။ သူတို့ပျော်တာကို ဆွေ မနာလိုလို့တော့ မဟုတ် ပါဘူး။ ဒါပေမယ့် အခုအချိန်အခါတော့ ဆွေ သူတို့ကို မကြည့် ချင်တာ အမှန်ပဲဆရာ"

ခင်ခင်ဆွေက ငိုရင်းရှိုက်ရင်းပြောသည်။

ဆရာဘဇံ သက်ပြင်းချလိုက်မိသည်။ ခင်ခင်ဆွေ စာမေးပွဲ ရှုံးသည်ကို သူကိုယ်တိုင်ကလည်း အကြီးအကျယ် စိတ်မကောင်း ဖြစ်လျက်ရှိသဖြင့်၊ ခင်ခင်ဆွေ စိတ်သက်သာရာရအောင် မည်သို့ အားပေးစကားပြောရမည်ကို ရုတ်တရက် တွေး၍မရနိုင်သလို အဝေးသို့သာ ငေးကြည့်နေလိုက်သည်။ မိုးသည် ထန်သည်ထက် ထန်၍ လာခဲ့လေသည်။

"ရှေ့နှစ် ခင်ခင်ဆွေ မုချ အောင်ရမယ်ကွယ်။ ဆရာ တာဝန်ခံလိုက်မယ်။ ဒီနှစ် ခင်ခင်ဆွေ အောင်ဖို့ပေမယ့် စာမေး ပွဲဆိုတာ ကံကလည်း အများကြီးပါတယ်ဆိုတာ ယုံရမလို ဖြစ်နေတယ်။ မတော်တဆ ခြေချော်လက်ချော်လည်း ကျတတ် တာပဲ။ စာမေးပွဲကျတိုင်း လူညံ့မဟုတ်ဘူးကွယ့်။ ခင်ခင်ဆွေ မညံ့တာ ဆရာ အသိဆုံးပေါ့။ မတော်တဆ ကျရတယ်ဆိုတာ ဆရာ ပြောနိုင်တယ်"

"ဘာဖြစ်လို့ပဲ ကျကျ၊ ကျတာဟာ ကျတာပါပဲ ဆရာရယ်"

ခင်ခင်ဆွေက နှစ်သိမ့်ရ ခက်နေပြန်သည်။

ထိုအခိုက်မှာပင် တံခါးကို ခပ်ပြင်းပြင်း ခေါက်လိုက်သည့် အသံနှင့်အတူ 'ဆရာ–ဆရာ'ဟု ခေါ်လိုက်သည့်အသံကို မိုးသံ တဖျောင်းဖျောင်းကြားမှ ကြားလိုက်ရ၏။ ခင်ခင်ဆွေသည် ခေါင်းကို ဆတ်ခနဲမော့၍ ဆရာဘဇံအား လှမ်းကြည့်လိုက်သည်။

"ဘယ်သူလဲဟေ့"

"မင်းဟန်ပါ ဆရာ"



mgyoe.com

mgyoe.com SAMPLE BOOK

ဆရာဘဇံသည် ခင်ခင်ဆွေအား လှမ်းကြည့်လိုက်ပြီး တံခါးဆီသို့သွားရန် ထိုင်ရာမှ ထလိုက်၏။ ခင်ခင်ဆွေလည်း ကပျာကယာ ထိုင်ရာမှထ၍ ဆရာဘဇံ၏ရှေ့မှ ရပ်လိုက်ပြီး၊ ခပ်အုပ်အုပ်လေသံဖြင့် "ဆွေ ဘယ်သူနှင့်မှ မတွေ့ချင်ဘူး ဆရာ။ ဆွေ ပုန်းနေပါရစေဆရာရယ်"ဟု အရေးတကြီး ပြောလိုက်သည်။ ဆရာဘဇံက ဘာပြန်ပြောရမည်ကို စဉ်းစားလျက်ရှိစဉ် ခင်ခင်ဆွေသည် ဆရာဘဇံ၏အိပ်ခန်းဘက်သို့ စွပ်ခနဲ ပြေးဝင်သွားလေတော့သည်။

"ဆရာ ဆရာ။ တံခါးဖွင့်ပါဦးဆရာ"

ဆရာဘဇံလည်း နေရာမှမရွေ့သေးဘဲ တစ်စုံတစ်ခုကို တွေး၍ စဉ်းစားနေလေသည်။ အပြင်ဘက်မှာလည်း တံခါးကို အဆက်မပြတ်ခေါက်ရင်း ခေါ်နေသည်။ အတန်ကြာမှ ဆရာဘဇံ အသက်ဝင်လာသလို၊

"မောင်မင်းဟန်"

"ဟုတ်တယ်ဆရာ။ တံခါးဖွင့်ပါဦး။ အရေးကြီးတဲ့ကိစ္စတွေ့လာလို့ဆရာ"

စိတ်ထဲက တထင့်ထင့်နှင့်ပင် အိပ်ခန်းဘက်ဆီသို့ တစ်ချက်မျှလှမ်းကြည့်လိုက်ပြီး၊ တံခါးကို သွား၍ ဖွင့်လိုက်သည်။ မင်းဟန်သည် ထီးကိုပိတ်၍ အတွင်းသို့ဝင်လိုက်ပြီး ဖိနပ်ချွတ်ရင်း တစ်စုံတစ်ခုကို သတိပြုမိလိုက်သဖြင့် ဆရာဘဇံကို မော့်ကြည့်လိုက်၏။

ဆရာဘဇံက "ကွန်ကရက်ကျူလေးရှင်း မောင်မင်းဟန်" ဟု ပြုံး၍ ဆိုလိုက်သည်ကို၊ မင်းဟန်က "သိုင်းကျူး ဆရာ"ဟု ဝတ္တရားကျေရုံ အရေးတကြီး ဖြေလိုက်ပြီး၊ "ဆရာ တစ်ယောက်တည်းလား"ဟု ဆက်မေးကာ ဆရာဘဇံကို အကဲခတ်လိုက်သည်။ ဆရာဘဇံက အဖြေမပေးဘဲ တံခါးကိုသာ ပြန်ပိတ်နေ၏။ ထို့နောက် ၂ ယောက်စလုံး ဧည့်ခန်းကုလားထိုင်များရှိရာသို့ လာခဲ့ကြသည်။

မင်းဟန်သည် စောစောက ခင်ခင်ဆွေထိုင်သွားသည့် ကုလားထိုင်တွင် ဝင်၍ထိုင်လိုက်ပြီး၊ ယခုလို နေ့မျိုးတွင်ပင် ခါတိုင်းကဲ့သို့ ရွှင်ရွှင်ပျပျ သွက်သွက်လက်လက် မဟုတ်လှသော သူ့ဆရာအား အကဲခတ်သလို ကြည့်နေပြီးမှ "အခု ကျွန်တော် ဆရာကြီးအိမ်ကလာခဲ့တာ ဆရာ။ ဆရာကြီးတော့ ဒုက္ခများနေပြီ။ ခင်ခင်ဆွေတစ်ယောက် ပျောက်နေလို့တဲ့"ဟု ပြောလိုက်၏။

ထိုအခါတွင်မှ ဆရာဘဇံမှာ အသက်ဝင်လာသလို "ဟယ်– ဆရာကြီးတို့ အခု ရှာနေကြပြီလား"ဟု အရေးတကြီးမေးလိုက်ရလေသည်။

"ဟုတ်တယ်ဆရာ။ ၇ နာရီလောက်ကတည်းကပဲ။ ခါတိုင်းဆို ကိစ္စမရှိဘူး။ အခု စာမေးပွဲကျတာနှင့်ဘာနှင့် ဆိုတော့ စိတ်ညစ်ပြီး ထင်ရာတွေလျှောက်လုပ်မှာတောင် စိုးရတယ်။ ဆရာသွားနိုင်ရင် သွားလိုက်ပါဦး"

"ခက်သကွယ်"

သည့်အပြင်လည်း ဆရာဘဇံ ဘာမျှ မပြောတတ်တော့။ ရုတ်တရက် ဘာလုပ်ရမည်ကိုလည်း စဉ်းစား၍မရနိုင်သလို ခေါင်းကို ကုတ်မိသည်။

ဆရာကြီးကို ချက်ချင်းသွားတွေ့မှ ဖြစ်မည်ကိုလည်း သူသိပါသည်။ ခင်ခင်ဆွေကို ပြန်ခေါ်သွား ရမည်ကိုလည်း သူသိပါသည်။ သို့သော် မင်းဟန် အပြင်ထွက် သွားမှ ခင်ခင်ဆွေကို ခေါ်လို့ရမည်။

ခါတိုင်းဆိုလျှင် မင်းဟန်သည် မိုးချုပ်သန်းခေါင် နေလေ့ရှိသည်။ ယခုများ ခါတိုင်းလိုနေနေလျှင် မိုးချုပ်လေ မကောင်းလေ ဖြစ်တော့မည်။ မိုးကလည်း သည်းနေပြန်သဖြင့် ပိုဆိုးသည်။

ခါတိုင်းလို မင်းဟန်က 'ဆရာ သွားချင်သွားလေ။ ကျွန်တော် အိမ်စောင့်နေရစ်မယ်' ဟုများ ဆိုလိုက်လေမည်လားစိုးရိမ်ရသည်က တစ်မျိုး။

"ဆရာလည်း ကောင်းကောင်း နေလို့မကောင်းတာနှင့် မိုးရွာကြီးထဲ သွားလို့မှ ဖြစ်ပါ့မလား မသိဘူး မောင်မင်းဟန်။ ဆရာကြီးကို သွားကူညီဖို့တော့ လိုတာပဲ"

ဤသို့ပြောလိုက်ရသည်ကို ဆရာဘဇံစိတ်ထဲက မကောင်း။ ကိုယ့်တပည့်ကိုပင် လိမ်ပြောလိုက်ရသလို ဖြစ်နေ၍ သူ့စိတ်က မရှင်း။ သူ့အိပ်ခန်းထဲ ခင်ခင်ဆွေ ရောက်နေသည့်အတွက်ကြောင့်လည်း စိတ်ထဲက လှုပ်ရှားလျက်။ အမူအရာမပျက်အောင်လည်း သတိထားနေရလေသည်။ သို့ရာတွင် မင်းဟန်ကမူ ဆရာဘဇံ၏ အမူအရာကို သိပ် အကဲခတ်နေစရာ မလိုလှ။ တံခါးဝတွင် ရေစိုနေသော မိန်းမစီး ပန်းရေးကတ္တီပါ ဖိနပ်ကလေးတစ်ရံကို တွေ့ခဲ့ပြီး ဖြစ်သည်။ သူထိုင်နေသော ကုလားထိုင်လက်တင် အောက်တွင် စိုထိုင်းနေသော မိန်းမကိုင်လက်ကိုင်ပဝါလေး တစ်ထည်ကိုလည်း တွေ့ပြီးဖြစ်လေသည်။

"ဆရာ နေမကောင်းလည်း မိုးထဲတော့ မသွားပါနှင့်တော့ဆရာ။ မိုးတိတ်မှဖြစ်ဖြစ် သွားလိုက်ပေါ့။ ကျွန်တော်ကော စောင့်နေရဦးမလား ဆရာ"

"မလိုပါဘူးကွယ်။ ကဲ– မောင်မင်းဟန် မိုးချုပ်နေမယ်။ ပြန်တော့။ ဆရာ မိုးနည်းနည်းစဲရင် ဆရာကြီးဆီ သွားလိုက်မယ်"

မင်းဟန်သည် သူ့ဆရာအား တစ်ချက်မျှ အကဲခတ်သလို လှမ်းကြည့်လိုက်ပြီး ထိုင်ရာမှ ထလိုက်၏။ အထတွင် ဆရာဘဇံမမြင်အောင် လက်ကိုင်ပဝါလေးကို ကောက်ယူခဲ့၏။

"ကဲ– ဒါဖြင့် ကျွန်တော်ပြန်မယ်ဆရာ။ ခင်ခင်ဆွေ သတင်းလည်း မနက်တော့ ကြားရမှာပါပဲ"ဟု နှုတ်ဆက်ကာ

mgyoe.com

SAMPLE BOOK

တံခါးဆီသို့ ထွက်သွားသည်။

ဆရာဘဇံလည်း တံခါးလိုက်ပိတ် ထားခဲ့ပြီး၊ သူ့ အိပ်ခန်း ပေါက်ဆီသို့ လာခဲ့၏။ အထဲတွင် မှောင်မည်းနေ၍ အပြင်ဘက် စားပွဲပေါ်၌ ထွန်းထားသော လသာမီးအိမ်ကို သွားယူခဲ့ရ၏။

ခင်ခင်ဆွေသည် ဆရာဘဇံ၏ ခုတင်ပေါ်တွင် တစ်ဘက်သို့ လှည့်၍ အိပ်နေ၏။ အိပ်ပျော်များ နေပြီလား၊ ငိုနေတုန်းပဲလား မသိ။ ဆရာဘဇံလည်း လက်ထဲက လသာမှန်အိမ်အရောင်၌ အရိပ်များယိမ်းထိုးနေအောင် ရင်တထိတ်ထိတ်ခုန်လျက် ရှိလေသည်။

"ခင်ခင်ဆွေ"

ခင်ခင်ဆွေက မထူး။ လှည့်၍လည်း မကြည့်။ သို့နှင့် ဆရာဘဇံ အပြင်သို့ တစ်ခေါက်ပြန်ထွက်ခဲ့ပြီး မီးအိမ်ကို စားပွဲပေါ်၌ ပြန်တင်လိုက်သည်။ ထို့နောက် ဘာလုပ်ရမှန်းမသိသလို စားပွဲ၌ စိတ်ပျက်လက်ပျက်ထိုင်မိသည်။ ထို့နောက် ထိုင်ရာမှထ၍ မီးအိမ်ကိုယူကာ အိပ်ခန်းဝသို့ လာခဲ့ပြန်သည်။ အခန်းဝသို့ရောက်လျှင် "ခင်ခင်ဆွေ-ခင်ခင်ဆွေ" ဟု ခေါ်ပြန်၏။

ခင်ခင်ဆွေကား နေရာမပျက်၊ ထူးလည်း မထူး၊ လှုပ်လည်း မလှုပ်၊ ဆရာနှင့်တပည့်ပင် ဖြစ်သော်လည်း ခင်ခင်ဆွေမှာ ကလေးအရွယ် မဟုတ်။ ဆရာဘဇံစိတ်ထဲတွင် လှုပ်ရှားနေသည်မှာလည်း မဆန်း။

ဆရာဘဇံ ရှေ့သို့ ၁ လှမ်း-၂ လှမ်းတိုး၍ အခန်းထဲသို့ဝင်ကာ "ခင်ခင်ဆွေ-ခင်ခင်ဆွေ"ဟု ခပ်အုပ်အုပ် ခေါ်ကြည့်ပြန်သည်။ အတန်ကြာအောင် ရပ်ကြည့်နေပြီး ဆရာဘဇံလည်း "ခက်ကုန်တော့မှာပဲ"ဟု တစ်ကိုယ်တည်း ညည်းတွားရင်း သူ့ခေါင်း သူကုတ်ကာ အပြင်သို့ ထွက်လာခဲ့ပြန်လေသည်။

မီးအိမ်ကို စားပွဲပေါ်တွင် ပြန်ချ၍ စိတ်ပျက်လက်ပျက် ထိုင်ချလိုက်မိသော်လည်း သူ့စိတ်က မငြိမ်။ ဤကိစ္စ အလွယ်နှင့် မပြီးဘဲ၊ အပျက်ပျက်နှင့် နှဲခေါင်းသွေး ထွက်ရတော့မည်လောဟု တွေးတောပူပန်နေမိသည်။ ယခုချက်ချင်းပင် ဆရာကြီးနှင့် သွားတွေ့ပြီး အကျိုးအကြောင်း ရှင်းလင်းပြောပြလျှင် အကောင်းဆုံးဖြစ်မည်ကို သူ စဉ်းစားမိသော်လည်း၊ ခင်ခင်ဆွေကို ဤအတိုင်း တစ်ယောက်တည်း ထားမပစ်ခဲ့ချင်။ မထားခဲ့ချင်၍ အိမ်နီးချင်း မိန်းမကြီးတစ်ယောက်ယောက်ကို အစောင့်ခေါ်ထားခဲ့ရမည်ကလည်း ဤကိစ္စ အခြားလူ သိသွားမည်ကိုလည်း စိုးရသည်။ လူပျိုဆရာ တစ်ယောက်တည်းနေသည့် အိမ်အိပ်ခန်းထဲတွင် အပျိုအရွယ် ကျောင်းသူတစ်ယောက်ကို အချိန်မတော် တွေ့မြင်ရလျှင် မည်သို့ဖြစ်မှန်ကို ပြော၍ ဘယ်သူမျှ ယုံကြည်ချင်ကြတော့မည် မဟုတ်။

မည်မျှကြာအောင် တွေးတော မောနေမိသည်မသိ။ တံခါး၏အပြင်ဘက်ဆီမှ ထီးပေါ်သို့ မိုးပေါက်ကျသည့်အသံများ ကြားလိုက်ရပြီး၊ "မောင်ဘဇံ-မောင်ဘဇံ"ဟု ခေါ်လိုက်သည့် အသံကို ကြားလိုက်ရမှ ရုတ်တရက် အသက်ဝင်လာသလို လန့်၍ ထိုင်ရာမှ ထလိုက်သည်။ သူ့တစ်ကိုယ်လုံး လေထဲသို့ မြောက်တက်သွားပြီး အတော်ကြာမှ အရှိန်ပြင်းစွာ ပြန်ကျလာသည်ဟု ထင်လိုက်မိ၏။ သို့သော် ဤအရေးကား သူ တုန်လှုပ်နေရမည့်အရေး မဟုတ်။ ဘာကိုမျှ တွေးကြောက်နေဖို့လည်း မဟုတ်။ တကယ်က သူ့မှာ စဉ်းစားနေစရာပင် အချိန်မရတော့။ ဘာပဲဖြစ်ဖြစ် တံခါးကို ခပ်သွက်သွက် သွား၍ ဖွင့်လိုက်ရလေသည်။

ဆရာကြီးသည် ထီးကိုပိတ်၍ အိမ်ထဲသို့ ဝင်လိုက်သည်။ ဆရာဘဇံက ဆရာကြီး၏လက်မှ ရေတစက်စက်ကျနေသော ထီးကို လှမ်းယူရင်း "ကျွန်တော်လည်း အခုပဲ ဆရာကြီးဆီကို လာတော့မလို့ပဲ။ မိုးနည်းနည်း ထန်နေသေးတာနှင့်"ဟု ပြောလိုက်သည်။

ဆရာကြီးက မောဟိုက်စွာပင် သက်မချလိုက်ပြီး "အေး-အေး၊ ဆရာ့မှာတော့ သမီးကိုကွယ်။ မိုးထန်လို့လည်း မနေနိုင်ဘူး။ ကဲ-ကဲ၊ လာကွယ် ထိုင်ရအောင်"ဟု ပြောပြောဆိုဆို အတွင်းဘက်သို့ လျှောက်သွားသဖြင့်၊ ဆရာဘဇံလည်း လက်ထဲကထီးကို ထောင်ထားခဲ့ကာ ဆရာကြီးနောက်က ထက်ကြပ်လိုက်ခဲ့ရလေ၏။ မီးရောင်တွင် ထိုင်မိကြသောအခါတွင်မှ ဆရာကြီး၏မျက်နှာကို ကောင်းစွာမြင်ရသည်။ သို့ရာတွင် ဆရာဘဇံမျှော်လင့်ထားသလို ဆရာကြီး၏မျက်နှာပေါ်တွင် ဒေါသအရိပ်အယောင်များကို မတွေ့ရ။ အရေးကြီးနေသော အသွင်များကိုလည်း မမြင်ရဘဲ၊ ပင်ပန်းနွမ်းနယ်နေသော အသွင်များကိုသာ တွေ့မြင်ရလေသည်။

ဆရာဘဇံလည်း ညဦးပိုင်းက သူ့အိမ်သို့ ခင်ခင်ဆွေ ရောက်လာပုံမှအစ ဖြစ်ပျက်သမျှအားလုံးကို ဣန္ဒြေရစွာပင် ရှင်းလင်းပြောပြလိုက်သည်။ သို့သော် ဆရာကြီးသည် တစ်စုံတစ်ရာ မထူးခြားသလို ငြိမ်သက်စွာ ငေးစိုက်နားထောင်နေရာမှ သက်ပြင်းတစ်ချက်ချလိုက်ပြီး

"အင်း- ဒါကတော့ ဟုတ်တယ် မောင်ဘဇံ။ မောင်ဘဇံ ပြောပြတာ အဖြစ်မှန်ပဲဆိုတာ ဆရာ ယုံပါတယ်။ ဒါပေမယ့် အခုခက်တာက ဆရာတို့ အမှန်ကို ဘယ်သူမျှ လက်မခံနိုင်တဲ့ အခြေကို ရောက်နေပြီလေ"

"ဆရာ"

"အေး။ အခု ဖြစ်ရတဲ့ကိစ္စက အမှတ်မထင် ဖြစ်ခဲ့တာပေမယ့် လူတွေကတော့ အထင်အမြင်လွဲကုန်ကြပြီ မောင်ဘဇံ။ လူတွေ သိသွားကြရတာကလည်း ဆရာ့ကြောင့်ပါပဲ။ ဆရာ့ အပြစ်လို့ ဆိုမလား။ ဆရာလည်း ရုတ်တရက်ဆိုတော့ ခေါင်း



mgyoe.com

SAMPLE BOOK

မီးတောက်ပြီး ဟိုလိုက်မေးသည်လိုက်မေး မေးမိတယ်။ စာမေးပွဲအောင်လို့ ဆရာ့ဆီလာကြတဲ့ ကျောင်းသားတွေကိုလည်း ဟိုလွတ်သည်လွတ် လွတ်ပြီး စုံစမ်းနိုင်းမိပေတယ်ကွဲ။ မောင်ဘဇံဆီ ဆရာကိုယ်တိုင် တောက်လျှောက်လာခဲ့မိရင်လည်း အကောင်းသား။ သတိမရဘူးလေ"

"ဆရာကြီးသည် မောဟိုက်စွာပင် သက်ပြင်းချလိုက်ပြန်သည်။ ကိစ္စက ထင်ထားသည်ထက် ကြီးကျယ်၍ လာခဲ့ပြီဖြစ်သဖြင့် ဆရာဘဇံလည်း ဘာမျှထပ်မပြောဘဲ ကြမ်းပြင်ကို စိုက်ကြည့်ရင်းက ဆရာကြီးပြောသမျှကိုသာ တွေး၍ စဉ်းစားနေလိုက်မိလေသည်။

"ဆရာ့မှာလည်း အသက်အရွယ်က ကြီး၊ သည်သမီးလေး တစ်ယောက်နှင့်။ အခုနေ ဆရာ သေသွားလို့မှ စိတ်ချရလောက်အောင် မမြင်ခဲ့ရရင် အခက်ပဲ မောင်ဘဇံ။ တစ်ရက်မျှ စိတ်ထဲက မအေးလှဘူး။ ဒီသမီးကလေးအပေါ်မှာ ဆရာချစ်သလို၊ ဆရာ အလိုလိုက်သလို ချစ်နိုင်၊ အလိုလိုက်နိုင်တဲ့လူရဲ့ လက်ထဲ ယုံယုံကြည်ကြည်အပ်ခဲ့ဖို့ ဆရာ့မှာ ဝန်လေးနေတာလည်း ကြာပြီ မောင်ဘဇံ။ မောင်ဘဇံကတော့ ကျောင်းမှာလည်း ဆရာ့လက်ရုံးလို ဖြစ်နေတော့ ဒါကို မောင်ဘဇံနှင့်တိုင်ပင်ဖို့ စိတ်ကူးရခဲ့တာလည်း ကြာပြီ"

အေးဆေးတည်ငြိမ်စွာ တစ်ခွန်းချင်း ရှင်းလင်းပြောပြနေသော ဆရာကြီး၏စကားများကို ဆရာဘဇံလည်း ငြိမ်သက်စွာပင် နားထောင်နေမိသည်။ စိတ်ထဲ၌လည်း တမျှော်တခေါ်ကြီး တွေးတောနေမိသည်။

အတန်ကြာအောင် ငြိမ်သက်နေပြီးမှ "ကဲ– မောင်ဘဇံ။ ဘယ်မလဲ သမီးလေး။ ခေါ်စမ်းပါဦး။ ဆရာ့အိမ်ကို သွားကြရအောင်။ မောင်ဘဇံလည်း လိုက်ခဲ့။ အိမ်စောင့်မယ့်လူ ရှိရဲ့လား" ဟု မေးလိုက်သည်။

ထိုအချိန်တွင် ခင်ခင်ဆွေလည်း အိပ်ခန်းထဲမှ ပြေးထွက်လာကာ ဆရာကြီး၏ ဒူးပေါ်တွင် မျက်နှာမှောက်ကာ ရှိုက်ကြီးတငင် ငိုလိုက်လေသည်။ ဆရာကြီးလည်း သမီးလေး၏ဆံပင်ကို ယုယစွာသပ်ပေးရင်းမှ မျက်ရည်များ လည်၍လာခဲ့၏။ အတော်ကြီးကြာသွားမှ ဆရာကြီးကပင် "ကဲ ကဲ– သွားကြစို့"ဟု ပြောကာ ထိုင်ရာမှ ထ,သဖြင့် ၃ ယောက်သား ဆရာဘဇံ၏ အိမ်ထဲမှ ထွက်ခဲ့ကြလေတော့သည်။

အပျက်အပျက်ဖြင့် နှာခေါင်းသွေးထွက် ဆိုသကဲ့သို့ ဖြစ်ကြရပြီဖြစ်သော်လည်း၊ ဆရာကြီး၏အစီအစဉ်ကို ခင်ခင်ဆွေကပါ ကြည်ဖြူစွာ လက်ခံလိုက်ကြသောကြောင့် နောက်ဆုံးတွင် လူပျိုကြီးစာရင်းဝင်ခါနီး ဆရာဘဇံမှာ 'ခင်ခင်ဆွေ'တည်းဟူသော ဇနီးချောကလေးတစ်ယောက် ကောက်ရသလို ရလိုက်ခြင်းဖြင့် ပြေပြစ်စွာ ပြီးဆုံးသွားခဲ့လေသည်။

**အလိုလိုက်တတ်သော ဖခင်၏ လက်မှ ချစ်တတ်ယုယတတ်သော ခင်ပွန်း၏လက်သို့ ညင်သာစွာ ပြောင်းလာခဲ့သူဖြစ်၍ ချစ်တတ်သောသဘောနှင့် မကင်းသော်လည်း ကြီးစိတ်က မဝင်နိုင်သေး။**

အစတွင် ယုံနိုင်စရာ မရှိလောက်အောင်ရှိသော ဤအဖြစ်အပျက်များကို ဆရာဘဇံ အသက်ရှင်နေသရွေ့ မေ့လို့ရနိုင်တော့မည် မဟုတ်ချေ။ သူ့ဘဝအခြေအနေကို တစ်မျိုးတစ်ဖုံ ပြောင်းလဲပေးလိုက်သည့်အချိန်လည်း ဖြစ်လေသည်။ သူ လူဖြစ်လာရခြင်း၏ အရှုံးအမြတ်ကိုတွက်ချက်ရာတွင် ဤအချက်ကို တည်ကိန်းထား၍ မြှောက်စား ပေါင်းနုတ်၍ ကြည့်လိုက်ကြပါဦးစို့။

* * *

"ဒီသမီးကလေးရဲ့အပေါ်မှာ ဆရာ့လို ချစ်နိုင်၊ အလိုလိုက်နိုင်တဲ့သူရဲ့လက်ထဲ ယုံယုံကြည်ကြည်နှင့် အပ်ခဲ့ဖို့"

ဆရာဘဇံသည် ဤစကားများကို ဦးနှောက်ထဲမှတစ်ဆင့် အသည်းနှလုံးကြားသို့ သိမ်းမှတ်သားမိပြီး ဖြစ်လေသည်။ ခင်ခင်ဆွေမှာလည်း ဆရာဘဇံ၏ ချစ်ခင်မှု၊ ယုယမှု၊ ကြင်နာမှု၊ အလိုလိုက်မှုကလေးများကို အပြည့်အဝ ခံယူရလျက်ရှိသဖြင့် ပျော်ရွှင်ချမ်းမြေ့သောဆရာကတော်ကလေး ဖြစ်ခဲ့ရသည်။ သို့ရာတွင် သူ့စိတ်၌ကား အိမ်ထောင်သည်တို့၏ဘဝကို အလုံးစုံဝင်စား၍ မရနိုင်သေး။ ကလေးစိတ် မကုန့်တကုန်နှင့်ပင် ဆရာဘဇံ၏ ကြီးမားလှသောနှလုံးသားမှ စီးဆင်းလာသည့် မေတ္တာရေလှိုင်းများအကြား၌ ပျော်မြူးစွာကစားလျက်ပင် ရှိပေသေးသည်။

ဆရာဘဇံကလည်း တက္ကပဏ္ဍိတရသေ့လို 'ရေထဲက ရထားတာကလေးမို့' တထွေးထွေးတပိုက်ပိုက်နှင့် အလိုလိုက်၍ပင် အားမရနိုင်။ သူ၏အသည်းစိုင်တွင်လည်း ခိုင်ခံ့လှစွာသော သမုဒ္ဒယသစ္စာ မေတ္တာအအုံအဖွဲ့ကြီးကို တည်ဆောက်ခဲ့ရှာလေသည်။

တစ်ခါတစ်ခါတွင် ခင်ခင်ဆွေက မျက်နှာကလေးအိုအိုဖြင့် ဆရာဘဇံကို ကပ်၍ချွဲတတ်သည်။ သူနှင့်ရွယ်တူ ကျောင်းနေဖက် သွားဖော်လာဖော်တွေမှာတော့ ကျောင်းက မထွက်ကြရသေး။ စာအုပ်များနှင့် မဝေးကြသေး။ သူ့မှာတော့ 'ဆရာကတော်'ဟူသောဂုဏ်ပုဒ်နှင့် လူကြီးလုပ်၍ နေရပြီး၊ အသက်အရွယ်က ငယ်သေးသဖြင့် သူရောက်နေသည့် လူ့အဖွဲ့အစည်း

mgoogoo.com

နေရာတွင် အခြေက မကျတတ်သေး။ ကလေးလို နေချင်သေးသည်။ ကျောင်းကိုလည်း ဆက်တက်ချင်သေးသည်။ 'ဆရာကတော်'ရယ်လို့ ဖြစ်နေမှတော့ ကျောင်းဆက်တက်နေလို့ တင့်တယ်ပါတော့မလား။ ဒါကို သူ သိပ်လေးလေးနက်နက် မစဉ်းစားမိ။

ခင်ခင်ဆွေအဖို့ ဆရာဘဇံနှင့် နေရသည်မှာ တစ်ခါတစ်ခါတော့ သူ့ဒက်ဒီနှင့် နေရသလိုပင်။ သူ ဆိုးချင်သလို ဆိုးလို့ရသည်။ နွဲ့ချင်သလို နွဲ့လို့ရသည်။ သို့သော် ခင်ခင်ဆွေအဖို့ အိမ်ထောင်သည်အဖြစ်ကို သတိဖော်ပေးရန် ဆရာဘဇံတစ်ယောက်သာမက၊ နောက်တစ်ယောက်က ပေါ်လာချေဦးတော့မည်။ သူ့စိတ်တွင် များစွာ မထူးခြားလှဟု ဆိုရသော်လည်း၊ ဝမ်းနည်းရမလို ဝမ်းသာရမလို ရင်ထဲ၌ ဖိုခဲ့ရသည်ကိုတော့ သူ သိသည်။ တစ်ခါတစ်ခါတော့လည်း ဒါကို သူ သိပ် အမှတ်မရ။ ဆရာဘဇံ၏ ကြီးမားအေးမြသော မေတ္တာ၏အရိပ်တွင် နှစ်နှစ်ခြိုက်ခြိုက်ပင် အိပ်ပျော်၍နေလိုက်မိလေသည်။

* * *

သမီးကလေး

သူ့အဖို့ 'သမီး'ဟု ခေါ်စရာ ကလေးတစ်ယောက် တိုးလာသည့်အချိန်ထိ ခင်ခင်ဆွေမှာ လူ့လောကထဲ၌ ယောင်ချာချာပင် ရှိသေးသည်ဟု ဆိုရပေမည်။ ဆရာဘဇံအဖို့မှုကား ကိုယ်တိုင် စိုက်ပျိုးပြုစု၍ထားသော ပန်းဥယျာဉ်ဝယ် သစ်လွင်လန်းဆန်းသော ပန်းပင်ကလေးတစ်ပင် ပေါက်လာသည်ကို တွေ့မြင်လိုက်ရသော ဥယျာဉ်မှူးကဲ့သို့ ရွှင်မြူးအားရ ထ,၍ပင် ခုန်မိတော့မတတ် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရရှာလေသည်။

သမီးကလေးတစ်ယောက် တိုးလာမှ ဆရာဘဇံ၏အိမ်မှာ ဆူဆူညံညံ မြိုင်မြိုင်ဆိုင်ဆိုင်ဖြစ်လာသည်။ ခင်ခင်ဆွေတို့ အိမ်၌ ငယ်ကစ၍ အတူနေကာ သူတို့သားအဖကို စောင့်ရှောက်၍ လာခဲ့သော ဒေါ်အေးကိုပင် ခေါ်ထားပြီး၊ ကလေးကိုလည်း နို့ဘူးနှင့် ထားသည်။ ကျောင်းပြန်ချိန်များတွင် ဆရာဘဇံ၏ အသံဝါကြီးဖြင့် သမီးချော့သံကို ကြားရတတ်သည်။ ကလေးငိုငို မငိုငို ဆရာဘဇံကတော့ သီချင်းဆို၍သာ ချော့နေတော့သည်။ ခင်ခင်ဆွေမှုကား 'သားသည်အမေ' ဟုသာ ခေါ်ရသော်လည်း လင်အတွက်၊ သမီးအတွက် တစ်စက်မျှ သူ့အပူ မရှိရုံမျှမက၊ မူလအနေပင် မပျက်တတ်သေး။ အလိုလိုက်တတ်သော ဖခင်၏ လက်မှ ချစ်တတ်ယုယတတ်သော ခင်ပွန်း၏လက်သို့ ညင်သာစွာ ပြောင်းလာခဲ့သူဖြစ်၍ ချစ်တတ်သောသဘောနှင့် မကင်းသော်လည်း ကြီးစိတ်က မဝင်နိုင်သေး။

"ဆွေလေးရေ၊ အမယ်လေး– သမီးကလည်း မအေလို လှတာပါပဲကလား။ ဆွေ့မျက်နှာပုံ အတိုင်းပဲကွယ်။ ချစ်စရာကြီး"

အတန်းတူတက်ခဲ့ဖူးသော ခင်ခင်ဆွေ့သူငယ်ချင်းများ ကောလိပ်က ကျောင်းပိတ်၍ ပြန်လာကြသည်။ သူတို့တစ်တွေမှာ ကောလိပ်ကျောင်းသူတွေဖြစ်ပြီး တသွေးတမွေးလှလာ၊ ယဉ်လာကြသည်။ ဟန်တွေပန်တွေ အမူအရာတွေကပင် အထင်ကြီးစရာ၊ အားကျစရာ ဖြစ်လာကြသည်ဟု ခင်ခင်ဆွေက ထင်သည်။ သူတို့ကိုမြင်တော့ ခင်ခင်ဆွေ ငိုချင်သည်။ အသက် ၁၈ နှစ်ဆိုသည်မှာ အများကြီး ငယ်ပါသေးသည်။ သူ့ သူငယ်ချင်းတွေက အိမ်သို့အလည်လာပြီး ကောလိပ်က အကြောင်းတွေ ပြောကြလျှင်၊ ခင်ခင်ဆွေမှာ များစွာ စိတ်ဝင်စားလျက် နားထောင်နေမိတတ်သည်။ သူတို့ပြန်သွားတော့ တစ်ယောက်တည်း ငေး၍ ကျန်ရစ်တတ်လေသည်။

"ကိုယ်တို့အတန်းမှာ ကုလားမလေးတစ်ယောက် ရှိတယ်ဆရာ။ သူက ယူ့လိုပဲ အိမ်ထောင်နှင့်တဲ့။ ကုလားများ သိပ်ပညာလိုချင်တာနော်။ မြန်မာတွေနှင့် နည်းနည်းမျှ မတူဘူး"

သူငယ်ချင်းကပြောပြတော့ ခင်ခင်ဆွေက 'တူပါတယ်ကွယ်။ ကြည့်နေပါ။ ကိုယ် တူအောင်လုပ်ပြပါ့မယ်' စိတ်ထဲက ချေပနေမိသည်။

သူ့စိတ်ထဲတွင် ဒါကိုချည်း တွေးနေသည်။ တွေးပြီးတော့လည်း တွက်ကိန်းချမိပြန်သည်။ ၁၈ နှစ်၊ ၁၀ တန်းအောင် ကောလိပ်ရောက်၊ ၁၉ နှစ်–၂၀။ အို– ဆွေ့မှာ နေဖို့အချိန်တွေ အများကြီး ရှိသေးတာပဲ။

'ဒါထက် သမီး သမီးကလေးအတွက်တော့ကော'။ ခဏတော့ ခင်ခင်ဆွေက ခေါင်းကုတ်ပြီး ငိုင်သွားပါသေးသည်။ သို့သော် မကြာမီပင် 'အို– သမီးက ဒေါ်အေးသမီးပဲ။ ဆွေက မွေးပေးရုံ မွေးပေးရတာ။ ဒေါ်အေးနှင့်ပဲ အနေများတာပဲ'ဟု တွေးလာတတ်သည်။

ပြီးတော့ ဆရာဘဇံကို သူ ခေါင်းနှင့်ခွေ့၍ ၁ ချက်–၂ ချက် ရှိုက်လိုက်သည်။ ဘာမဆို ဘယ်တုန်းကမျှ ၂ ခွန်း အထိ ပြောမနေရသော ဆရာဘဇံသည်ပင်လျှင် သည်တစ်ခါတော့ အကြပ်ရိုက်သွားသည်။ သူ့ခေါင်းထဲတွင် 'ခင်ခင်ဆွေ ဤသို့များ စိတ်ကူးရလိမ့်လေလား'ဟု ဘယ်သောအခါကမျှ ထည့်သွင်း မစဉ်းစားခဲ့မိသောကြောင့် ပြောစတွင် မယုံကြည်နိုင်သလို ဖြစ်ရသေးသည်။ နောက် ခင်ခင်ဆွေက တကယ်ပြောနေသည်ကိုတွေ့ရမှ သူ မျက်လုံးပြူးရတော့သည်။ ဖြစ်နိုင်၊ မဖြစ်နိုင် သူကပင် စတင်၍ဆွေးနွေးကြည့်ရာ၊ ခင်ခင်ဆွေက ဖြစ်နိုင်သည့်ဘက်ကနေ၍ အနိုင်ယူခဲ့သည်။ သင့်တော်၊ မသင့်တော် စဉ်းစားကြပြန်သောအခါတွင်လည်း မသင့်တော်ဘူးထင်သော ဆရာဘဇံကပင် အရှုံးပေးခဲ့ရသည်။ ဘယ်အခါမဆို သည်လိုချည်း မဟုတ်လား။

mgyoe.com SAMPLE BOOK

အကူအညီရလိုရငြား ဆရာကြီးထံ သွားတော့လည်း 'ခက်တယ်မောင်ဘဇံရယ်။ ဆရာ့ကိုပဲ အပြစ်ဆိုပါတော့။ ဆရာ အလိုလိုက်ခဲ့မိတယ်။ မိတဆိုးကလေးမို့ အလိုလိုက်ခဲ့မိတယ်' ဟူသော စကားကိုသာ ကြားခဲ့ရသည်။

သမီးကလေးကို အကြောင်းပြု၍ ခင်ခင်ဆွေထံ အယူခံပြန်ပါလည်း 'သမီးကို ဆွေ မချစ်လို့ မဟုတ်ပါဘူး။ ကိုယ်မွေးထားတာပဲ။ ချစ်ဘာပေါ့။ ဒါပေမယ့် ဆွေ သမီးကို တစ်ခါတည်း ပစ်ထွက်သွားတာမှ မဟုတ်ဘဲ။ ပြီးတော့ ဆွေ့သမီးသာ ဆိုရတာ၊ တကယ်က ဒေါ်အေးသမီးလို ဖြစ်နေတာပဲ။ ဆွေမရှိလည်း ဖြစ်ပါတယ်' ဟုသာ အဆုံးအဖြတ်ပေးသည်။

ပြော၍မရလှသည့်အဆုံးတွင် ဆရာဘဇံလည်း တစ်ခုတည်းသော မျှော်လင့်ချက်ဖြင့် ခင်ခင်ဆွေ '၁၀ တန်းကို အိမ်မှာပင် စာကျက်ပြီး အလွတ်ဖြေ၍၊ တစ်ကြိမ်နှင့်အောင်မှ ကောလိပ်ကို သွားပါမည်' ဟူသောကတိကို တောင်းရတော့သည်။ ထိုကတိကို ခင်ခင်ဆွေက ကျေကျေနပ်နပ် ပေးသောအခါတွင်မူ သူ့စိတ်ထဲ ကျိတ်၍ တစ်သက်နှင့်တစ်ကိုယ် ဆုမတောင်းစဘူး 'ခင်ခင်ဆွေ တစ်ယောက် စာမေးပွဲ မအောင်ပါစေနှင့်'ဟု ဆုတောင်းမိတော့သည်။ သို့ရာတွင် သူ၏ဆုတောင်းကား မပြည့်ခဲ့တော့ချေ။

'ဆွေ တစ်ခါတည်းပစ်ထွက်သွားတာမှ မဟုတ်ဘဲ'

ဟုတ်တော့လည်း ဟုတ်ပါသည်။ ဆရာဘဇံလည်း ဤစကားကို ယုံကြည်၍ ထားလိုက်ရတော့သည်။ သူ့အဖို့ အရေးအကြီးဆုံးမှာ ဘာမဆို ခင်ခင်ဆွေ စိတ်ချမ်းသာဖို့။ ယခု ခင်ခင်ဆွေ သူ့ဆန္ဒပြည့်ဝပြီး စိတ်ချမ်းသာသွားပြီဖြစ်၍ ဆရာဘဇံလည်း ကျေနပ်လိုက်ရပြီ ဖြစ်လေသည်။ အချိန်ရတိုင်းလည်း ဆရာဘဇံမှာ ဘာမျှ နားမလည်ရှာသေးသော သမီးကလေးအား သူ့အမေ ကောလိပ်ကျောင်းသူကြီး ကျောင်းပိတ်၍ ပြန်လာမည့်ရက်ကို လက်ချိုးရေတွက်၍ပြရင်း အပျင်းဖြေနေရပြီ ဖြစ်လေသည်။

လက်ချိုး၍သာ တွက်ခဲ့ရသည်။ နှစ်တစ်ဝက်ကျိုး၍ သီတင်းကျွတ်ကျောင်းပိတ်ရက်များသို့ရောက်လျှင် အခြားကျောင်းသားများ အသီးသီး ပြန်ရောက်လာကြသော်လည်း ခင်ခင်ဆွေကား ရောက်မလာခဲ့ချေ။ သူ့မိတ်ဆွေ မော်လမြိုင်သူ တစ်ယောက်နှင့် အလည်လိုက်သွားသည်ဟူသော စာကလေး တစ်စောင်သာ ပါလာလေသည်။ ဆရာဘဇံမှာ စိတ်ရောလူရော မောသွားကာ ခင်ခင်ဆွေအတွက် မီးခိုးမဆုံးမိုးမဆုံး တွေးတောပူပန်စ ပြုခဲ့ရလေတော့သည်။ သူ့စာထဲတွင် ဒီဇင်ဘာလ ကျောင်းပိတ်ရက်တွင်မှ သမီးကလေးထံ ပြန်ဖြစ်အောင် ပြန်လာခဲ့ပါမည်ဟူသော ကတိကလေးတော့ ပါသေး၏။ သို့နှင့်ပင် ဆရာဘဇံမှာ ရင်ထဲက တအုံနွေးနွေးဖြင့် ဒီဇင်ဘာလကို မျှော်ခဲ့ရပြန်လေသည်။

ဤတစ်ကြိမ်တွင်တော့ ကျောင်းပိတ်ချိန်အထိ မျှော်မနေရတော့။ နိုဝင်ဘာလကုန်ခါနီးဆီကပင် ခင်ခင်ဆွေထံမှ စာတစ်စောင် ရသည်။ ဤကျောင်းပိတ်ရက်တွင်လည်း အဖော်ကောင်းသဖြင့် ကျိုက်ထီးရိုးသို့ ဘုရားဖူးလိုက်ပါသွားမည့် အကြောင်း ဖြစ်၏။ 'ပျော်ချင်ပါးချင်လွန်းလှလို့တော့ မဟုတ်ပါဘူး သမီးကလေးရယ်။ သမီးကိုလည်း မလွမ်းလို့ မဟုတ်ပါဘူး' ဆရာဘဇံ ဤစာကြောင်းကလေးများကို ဖတ်ရင်း သက်ပြင်းချမိသည်။ နောက်ဆုံးကျတော့ သူ့စိတ်ကို သူ ကြိုးစားဖြေကာ ခင်ခင်ဆွေ ဘာကြောင့် အိမ်မပြန်ချင်သည်ကို အကောင်းဘက်ကလှည့်၍ နားလည်ထားလိုက်ရတော့သည်။ ခင်ခင်ဆွေ မှန်ပါသည်။ ကျောင်းနေဖို့ အင်မတန် စိတ်သန်မှတော့ သူ့အဖို့ အခြားကျောင်းသူများကဲ့သို့ မိဘထံ ပြန်ရခြင်းမဟုတ်သဖြင့် အိမ်ပြန်လျှင် မမျှော်လင့်သော၊ သူ မတတ်နိုင်သော အနှောင့်အယှက်များ ဝင်ရောက်ပေါ်ပေါက်လာနိုင်သည်။

ယခုတစ်ပတ် ကျောင်းပိတ်ရက်အတွင်း မင်းဟန် အလည်လာ၍ ပြောသွားသော စကားများအရဆိုလျှင်၊ ခင်ခင်ဆွေအတွက် စိုးရိမ်မကင်းစရာ ဖြစ်သော်လည်း သူ့စကားက အသေအချာကြီးတော့မဟုတ်။ 'ကောလိပ်မှာတော့ ဆရာရယ်။ ချောချောလှလှကလေးများဆို ရောက်တာနှင့် တစ်ခါတည်း နာမည်ကျော်သွားတာပဲ။ ကျောင်းသားတွေထဲမှာလည်း အဲသလို ချောချောလှလှကလေးတွေကို လိုက်ပြီးပိုးနေတဲ့ ကောလိပ်ဂျပိုးတွေ ရှိတာပဲ' ဟု တစ်ခေါက် ပြောသွားသည်။ နောက်တစ်ခေါက်တွင် ကောလိပ်ဂျပိုး ကိုမြင့်စိုး ဆိုသူတစ်ယောက်၏အကြောင်းကို ပြောသွားသည်။ ကိုမြင့်စိုးဆိုသူမှာ ကျောင်းသူများလောကတွင်လည်းကောင်း၊ ကျောင်းသူမဟုတ်သော အခြား လူကုံထံပိုင်းမှ အမျိုးသမီးပျိုများ၏ လောကတွင်လည်းကောင်း အတော်ပင် ဝင်အံ့သူ လူပေါ်ကြော့ကလေးတစ်ယောက်ဖြစ်၍၊ ကြုံရာတွင် ရည်းစားထားကာ ဘယ်အခါမျှ စကားတည်သူတစ်ယောက် မဟုတ်။ သူ့အား 'လေဒီကင်းလား' (မေတို့ သေမင်း)ဟုပင် ခေါ်နေကြကြောင်း ပြောသွားသည်။

နောက်တစ်ခေါက် အမှတ်မထင် စကားပြောရင်းက စပ်မိလေဟန်ဖြင့် မင်းဟန်က ခင်ခင်ဆွေကို ကိုမြင့်စိုးနှင့်အတူ ရုပ်ရှင်ရုံတစ်ရုံရှေ့တွင် တွေ့ခဲ့ရကြောင်း ခပ်အေးအေးပင် ပြောသွားသည်။ စကားအရာ၌ လိမ္မာ၍ နေရာတကာတွင် အကင်းပါးလှသော သူ့တပည့် မင်းဟန်၏စကားများကို ဆက်စပ်၍ တွေးမိသောအခါ ဆရာဘဇံမှာ စိတ်လေး၍ လာလေတော့သည်။

ဆရာဘဇံ သူ့အတွက်ချည်းသက်သက်ဆိုလျှင် ခင်ခင်ဆွေ ပျော်သလိုနေသည်ကို ဘယ်အခါမဆို ခွင့်လွှတ်ထားရန် ဝန်မလေး။ ဝန်လေးနေသည့်တိုင်အောင်လည်း ခွင့်လွှတ်ထားမည်သာ ဖြစ်သည်။ ယခုမူ သမီးကလေးက ရှိနေသည်။ သမီး

mgyoe.com

mgyoe.com SAMPLE BOOK

ကလေးအတွက် သူ ရင်ပူရသည်။ သူ့အဖို့ ဇနီးချောကလေး တစ်ယောက်ကို လက်လွှတ်လိုက်ရမည့် အရေးထက်၊ သမီးကလေးအတွက် အမေတစ်ယောက် ပျောက်ဆုံးသွားမည်ကို ပိုမို အသည်းနာနေမိလေသည်။

ကောလိပ်ကျောင်း ပြန်ဖွင့်ပြီး တစ်လခန့်အကြာ တစ်နေ့တွင် မင်းဟန်ထံမှ ဆရာဘဇံထံသို့ စာတစ်စောင် ရောက်လာလေသည်။ စာမှာ အလွန်လိမ္မာပါးနပ်စွာ ရေးထား၍ ထိတ်လန့်စရာ တစ်စုံတစ်ရာမပါဟု ထင်ရသော်လည်း၊ ခင်ခင်ဆွေ တစ်ယောက် ဖောက်ပြားနေပြီဖြစ်၍ ဤအတိုင်း လွှတ်မထားဘဲ ဆရာဘဇံကိုယ်တိုင်လာပြီး အခြေအနေအရ တစ်ခုခုလုပ်သင့်ပြီ ဟူ၍တော့ ဆရာဘဇံ နားလည်သည်။ သို့တိုင်အောင် ဆရာဘဇံမှာ လိုက်သွားဖို့၊ မသွားဖို့အရေးကို အလွယ်တကူ ကောက်ကာငင်ကာမဆုံးဖြတ်လိုက်နိုင်။ သေးငယ်သည့်အရေး မဟုတ်၍ မင်းဟန် စာရေးသည်ကို သူ သိသည်။ သူ၏အကြံပေးချက်ကို လက်ခံသင့်သည် ဟူ၍လည်း စဉ်းစားမိသည်။ သို့သော် သူ လိုက်သွားတော့ကော သူ ဘာတတ်နိုင်လိမ့်မည်နည်း။ ကြားသည့်သတင်း မှန်သည်ဖြစ်စေ၊ မမှန်သည်ဖြစ်စေ၊ ခင်ခင်ဆွေကတော့ သူ လိုက်လာသည်ကို ကြိုက်နိုင်မည် မဟုတ်။ အတိအကျ ဘာဖြစ်နေပြီဆိုသည်ကို မပြောနိုင်ဘဲနှင့်လည်း ဆရာကြီးထံ အကူအညီ သွားတောင်း၍ မဖြစ်။ ဆရာကြီးမှာလည်း ကြီးပြီ။ သူလည်း ဘာမျှတတ်နိုင်မည်မဟုတ်။ သူ ဘာမျှမတတ်နိုင်သည့်အရေးနှင့် သူ့ကိုသွားပြီး ဒုက္ခမပေးချင်။ စိတ်ဒုက္ခရောက်ရုံတော့ဖြင့် အသိမပေးချင်။ ခင်ခင်ဆွေ ပြန်မလာသည့်ကိစ္စနှင့် ဆရာကြီးကမေးသည်ကိုပင် သူက ဆရာကြီးသောကအေးအောင် ဖေးဖေးမမပြောထားခဲ့ရသေးသည်။ နောက်ဆုံးတွင် ဆရာဘဇံ စိတ်နှလုံးတုံးတုံးချကာ၊ 'ဖြစ်လာသမျှကို အသည်းကောင်းကောင်းနှင့် ခံတော့မည်'ဟု ဆုံးဖြတ်လိုက်ရတော့သည်။

သို့တိုင်အောင်လည်း 'ခင်ခင်ဆွေ နွေရာသီကျောင်းရက်ရှည်ပိတ်လျှင်လည်း မုချပြန်လာလိမ့်မည်၊ ပြန်လာရမည်'ဟူသော မျှော်လင့်ချက်ကိုတော့ ဖျောက်ဖျက်၍ မပစ်နိုင်သေး။ ယခုအခါ 'တွတ်တီးတွတ်တာနှင့် ခရာလှပြီဖြစ်သော သမီးကလေးကို တွေ့ရမြင်ရလျှင် ခင်ခင်ဆွေ စိတ်လည်၍ လာကောင်းပါလိမ့်မည်' ဟုလည်း ဝိုးတဝါး မျှော်လင့်ထားမိသေးသည်။ သို့နှင့်ပင် နွေရာသီကျောင်းပိတ်ရက် နီးကပ်လာလေလေ ဆရာဘဇံ ရင်ဖိုလေလေဖြစ်နေခဲ့ရာမှ တစ်နေ့တွင် မမျှော်လင့်သော ကြေးနန်းတစ်စောင် ရောက်လာလေသည်။

ခင်ခင်ဆွေ အသည်းအသန် မမာမကျန်းဖြစ်နေ၍ အမြန်လိုက်လာပါ။ ကျွန်တော်တို့ စောင့်ရှောက်နေပါသည်။

မင်းဟန်

ဆရာဘဇံမှာ ထိပ်ကိုမြွေခဲသလို မိုက်ခနဲဖြစ်သွားပြီးမှ ခင်ခင်ဆွေကို အိမ်သို့ပြန်ခေါ်ခဲ့ရန် အခါအခွင့်ကောင်းဖြစ်သည်ကို သတိရကာ၊ သောကကြားမှ အားတက်မိသလိုလိုဖြစ်လျက် မီရာရထားဖြင့် ရန်ကုန်သို့ လိုက်လာခဲ့ရလေသည်။

* * *

ရန်ကုန်ဘူတာကြီးအတွင်း ပလက်ဖောင်းပေါ်တွင် မင်းဟန်ကို တွေ့လိုက်ရသည်။ မင်းဟန်မှာ မျက်နှာမကောင်းလှ။ ဘာအကြောင်းမျှလည်း စုံစုံလင်လင် ဆီး၍မပြောသေးဘဲ၊ ခင်ခင်ဆွေကို ကျောင်းဆောင်မှ ရွှေ့ပြောင်းထားရာ တည်းအိမ်သို့ တက္ကစီတစ်စီးဖြင့် လာခဲ့ကြသည်။ ထိုအိမ်တွင် ဆရာဘဇံ၏ တပည့်ဟောင်း ကျောင်းသူအချို့ကိုလည်း တွေ့ရသည်။ သာမန်အားဖြင့် တိုက်ဖွိုက်ဖြစ်သည်ဟုသာ သိရသည်။ သူငယ်ချင်းများက ဆေးရုံသို့တက်၍ကုသရန် စီမံကြသော်လည်း၊ ခင်ခင်ဆွေက ဇွတ်အတင်းငြင်းဆန်ပြီး 'ဆရာဘဇံကိုသာ ခေါ်ပေးပါ။ အိမ်ကိုသာ ပြန်လိုပါသည်' ဆို၍ ဤသို့ စီစဉ်ကြရကြောင်း ပြောပြကြသည်။

အိပ်ရာထဲ၌ ပက်လက်ဖြစ်နေသော ခင်ခင်ဆွေသည် ဆရာဘဇံအား မြင်လိုက်သောအခါ ဘာမျှမပြောနိုင်ဘဲ မျက်ရည်များသာ စီးကျလာတော့သည်။ ဆရာဘဇံအဖို့ ပျောက်ဆုံးနေပြီးဖြစ်သော သူ့ချစ်ဇနီးကလေးကို သူ ပြန်ရတော့မည်ဖြစ်၍ စိတ်အားတက်ခဲ့သော်လည်း ခဏတာမျှသာ ဖြစ်၏။ ခင်ခင်ဆွေသည် ဆရာဘဇံ ရောက်လာပြီး နောက်တစ်ရက်တွင် သူ၏အမှားများကို မျက်ရည်စက်လက်ဖြင့်ဝန်ခံရင်း ဆရာဘဇံ၏လက်ပေါ်၌ပင် အသက်ပျောက်ခဲ့လေတော့သည်။

* * *

ဆရာဘဇံအဖို့ ထောက်ထားစရာ သမီးကလေးသာမရှိခဲ့လျှင်၊ လူ့လောကကြီးထဲ၌ တဝဲလည်လည် အသက်ရှင်၍နေချင်စိတ်ပင် ကုန်ခန်းလောက်ပေသည်။ သူ့အဖို့ အိပ်မက်ပမာ ခဏတာကြုံတွေ့လိုက်ရသော ဘဝအပြောင်းအလဲကလေးအတွက် တစ်သက်လုံး စိတ်အေးချမ်းမှုသည် ကွဲပျက်ခဲ့ရလေပြီ။ သူ ချစ်ခဲ့မြတ်နိုးခဲ့ရသည့် ဇနီးကလေးအား အလွယ်တကူ မေ့ပျောက်ပစ်လိုက်၍ မရနိုင်။ သူ၏လက်ရာခြေရာပစ္စည်းကလေးများကိုလည်း တရိုတသေ သိမ်းဆည်း၍ ထားခဲ့လေသည်။

ခင်ခင်ဆွေ သေဆုံးပြီးနောက်တွင် ခင်ခင်ဆွေအကြောင်း ဘယ်သူမျှလည်း မပြောကြတော့။ မသေမီ ဘာတွေ ဘယ်လိုဖြစ်ခဲ့သည်ကိုပင် ဆရာဘဇံ မသိရတော့။ တစ်ခါတစ်ခါတော့လည်း သူတစ်ကိုယ်တည်း ရှေးဖြစ်ဟောင်းများကို ပြန်ပြောင်းတွေးတောရင်း သူသိခဲ့သော အကြောင်းများနှင့် သူမသိခဲ့သော

အကြောင်းများသည် တရေးရေးတရိပ်ရိပ် ပေါ်လာတတ်သည်။ သူကတော့ ဘာမဆို ခွင့်လွှတ်လိုက်သည်။ သွားလေသူ ခင်မင်ခဲ့သည်ဆိုသော ကိုမြင့်စိုးကိုပင် သူ့စိတ်ထဲက ခွင့်လွှတ်ထားလိုက်၏။ ခင်ခင်ဆွေ ကွယ်လွန်သွားသည့်အချိန်အထိ ထိုသူငယ်ကို ဆရာဘဇံ မမြင်ဘူးခဲ့ချေ။ နောက်မှ ခင်ခင်ဆွေ၏ သေတ္တာထဲ၌ တရိုတသေသိမ်းဆည်းထားသော ရွှေဘောင်သေးသေးကလေးနှင့် ပို့စကတ်အရွယ်ဓာတ်ပုံတစ်ပုံကို တွေ့လိုက်ရသည်။ လူငယ်လူချောကလေးဖြစ်၍ ခင်ခင်ဆွေ နှစ်သက်စုံမက်မိသည်ကိုလည်း သဘောထားကြီးစွာဖြင့် နားလည်ထားလိုက်ရသည်။ ဓာတ်ပုံ၏ကျောဘက်၌ ‘မောင့်အချစ် ဆွေသို့’ ဟု စာရေးပြီး၊ ‘မြင့်စိုး’ဟု လက်မှတ်ထိုးထားသည်။ ‘သူပဲ သူပဲ။ ငါ့အသည်း ခွဲပစ်ခဲ့တာ’ဟု စိတ်ထဲက ရေရွတ်မိသည့်တိုင်အောင် ချစ်ဇနီးကလေး ချစ်ခဲ့သူဖြစ်၍ ဆုတ်မပစ်လိုက်နိုင်။ သို့ရာတွင် ဤရွှေ ဘောင်လှလှကလေးဖြင့် စားပွဲပေါ်မှာလည်း တင်ထား၍ မလျော်လှ။ သို့ဖြင့် ဓာတ်ပုံကလေးကို အသာဖြုတ်သိမ်းထားလိုက်ပြီး ရွှေဘောင်ကလေးထဲတွင် ခင်ခင်ဆွေ၏ ပုံကိုထည့်ကာ စားပွဲပေါ်တွင် တင်ထားလိုက်သည်။ တော်ပြီ။ သူ့အဖို့ ဒါလောက်ဆိုလျှင် အစအဆုံး သတိရနိုင်လောက်ပါပြီ။

* * *

ရက်များ၊ လများ၊ နှစ်များသည် တရွေ့ရွေ့ကုန်ခဲ့သည်။ ဆရာဘဇံ အသည်းကွဲခဲ့ရသည့်အနာကိုလည်း အချိန်က ကုစား၍လာခဲ့သည်။ ထိုမှတစ်ပါး ချစ်ဇနီး ကိုယ်စားထားခဲ့သော သမီးကလေး ခင်ခင်ဝင်းကလည်း ကုစားပေးခဲ့သည်။ သူ့အမေနှင့် မျက်နှာပုံ မျက်နှာပန်း၊ ကိုယ်လုံးကိုယ်ထည် အချိုးအစားမှစ၍ တူလှသောသမီးငယ်ကလေးကို အရိပ်တကြည့်ကြည့်ဖြင့် ဆရာဘဇံသည် သူ၏အဆုံးအရှုံးများကို ဖြေသိမ့်လာခဲ့နိုင်သည်။ ခင်ခင်ဆွေကိုကား တစ်နေ့ကလေးမျှ မေ့နေသည် မရှိ။ သူ့သမီးကလေး ဘာလုပ်လုပ်ဘာပြောပြော ‘အင်း–သူ့အမေအတိုင်းပဲ။ သူ့အမေလည်း ဒီလိုပဲ’ဟု စိတ်ထဲက သတိမရဘဲမနေနိုင်။

ဆရာကြီးလည်း ကွယ်လွန်ခဲ့ပြီဖြစ်ကာ ဆရာဘဇံလည်း ဆရာကြီး၏နေရာသို့ ရောက်လာသည်။

‘ရာဇဝင်သည် အလိုအလျောက် နောက်ကြောင်းပြန်တတ်သည်’

ထိုစကားကို ဆရာဘဇံ စဉ်းစားမိပြီး မိတဆိုးသမီးကလေးတစ်ယောက်ကို အရိပ်တကြည့်ကြည့်မွေးလာခဲ့သော ဆရာကြီး၏အဖြစ်ကို သူ့အဖြစ်နှင့်ယှဉ်၍ တွေးမိသည်။ ‘ဘုရား–ဘုရား။ သမီးကလေး သူ့အမေလိုအဖြစ်မျိုးနှင့် မကြုံပါစေနှင့်တော့’ဟု စိတ်ထဲက ဆုတောင်းနေမိလေသည်။ အမေကိုမမြင်ဘူးဖူးလိုက်သော သမီးကလေးကများမေးလျှင် ဆင်ခြင်နိုင်စေရန် သူ့အမေအကြောင်း စောင်းပါးရိပ်ခြည် ပြောပြထားရ ကောင်းလေမည်လားဟု စဉ်းစားမိသော်လည်း၊ တစ်ခါမျှ ပြောမပြဖြစ်ခဲ့။ တကယ်တော့ သူ့အသက်လောက် မြတ်နိုးခဲ့ရသူ၏ မကောင်းလှသောအကြောင်းကို တစ်စွန်းတစ်စမျှ သူ မဟ,ရက်သည်က တစ်ကြောင်း၊ ဖြူစင် သန့်ရှင်း၍ အပြစ်ကင်းစွာပျော်ရွှင်နေသော သမီးကလေး၏ ဦးနှောက်ထဲသို့ အမည်းကွက်ကလေးတစ်ကွက် ထည့်မပေးရက်နိုင်သည်က တစ်ကြောင်း။ သူ့မှာ နှုတ်လေး၍ နေခဲ့ရသည့် တိုင်အောင် ခင်ခင်ဆွေလိုအဖြစ်မျိုးကို ရှောင်ဖို့ဆိုလျှင် သူရော သမီးပါ သတိရှိဖို့လိုသည်ကိုတော့ သူ သိသည်။

အချို့မိတ်ဆွေများကတော့ ဆရာဘဇံ နောက်အိမ်ထောင်ပြုစေချင်ကြသည်။ သို့ရာတွင် ဆရာဘဇံမှာ သမီးကလေး၏ တစ်မျက်နှာဖြင့် သူ့အဆုံးအရှုံးကို အစားမထိုးတော့ဘဲ ယခင်က အတိုင်း အေးအေးပင်နေလိုက်ဖို့ ဆုံးဖြတ်ထားသည်။ အသက်ကြီးပြီဖြစ်သော ဒေါ်အေးပင်လျှင် သူတို့သားအဖပေါ်၌ မိခင်အရင်းပမာ စောင့်ရှောက်ပေးနေမှတော့ နောက်ထပ် ဘာမျှမလိုတော့ဟုလည်း ရောင့်ရဲနိုင်သောကြောင့် ဖြစ်လေသည်။

* * *

သမီးကလေးခင်ခင်ဝင်း ဆယ်တန်းအောင်၍ ကောလိပ်သို့သွားချိန်တွင် ခင်ခင်ဆွေကို ဆရာဘဇံ များစွာသတိရမိလေသည်။ မျက်လုံးထဲတွင်လည်း မြင်ယောင်မိသည်။ ‘သည်အချိန်၊ သည်အရွယ်၊ သည်လို တက်ကြွတဲ့စိတ်နှင့် ကောလိပ်သွားချင်ခဲ့သည့် ခင်ခင်ဆွေ။ ကောလိပ်ရောက်ပြီး အပျော်လွန်ကာ မတော်သည့်လူနှင့်တွေ့ခဲ့ပြီး လူ့လောကကို စွန့်ရသည်အထိ ဖြစ်ခဲ့သော ခင်ခင်ဆွေ’ သူကတော့ ဤသို့သာ မြင်နေသည်။

ကောလိပ်သို့ သွားခါနီး သမီးကလေးကို ဘယ်လိုများ သတိပေးစကား ပြောလိုက်ရပါမလဲဟု ဆရာဘဇံစိတ်ထဲက တွေးတောရင်း အိပ်မပျော်သောညများ များခဲ့ပြီဖြစ်သော်လည်း သူ့နှုတ်ဖျားကတော့ တစ်လုံးတလေမျှ မထွက်ရက်။ ‘သမီး၊ စာတတ်အောင်သာ ဂရုစိုက်ကြိုးစားနော်။ ကျောင်းပိတ်ရက် ဒက်ဒီ့ဆီ ပြန်ခဲ့’ဒါလောက်သာ မှာလိုက်နိုင်လေသည်။

ကောလိပ်သို့ရောက်သွားသော သမီးထံမှစာများ မကြာမကြာရသည်။ စာကြိုးစားကြောင်း၊ အတုအပ မလုပ်ကြောင်း၊ အပျော်အပါး ရုပ်ရှင်၊ ပွဲဓာတ်မသွားကြောင်း စသည်ဖြင့် သမီးအလိမ္မာကလေးထံမှ မပြတ်ကြားနေရတော့သည်။ သူ့စိတ်ထဲက တအုံ့နွေးနွေးဖြစ်နေခဲ့ရသော သံသယစိတ်ကလေးများမှာ ငြိမ်းအေးစပြု၍လာခဲ့သည်။

တစ်ခါတစ်ခါ သမီးထံသို့ ရေးသည့်စာများ၌ ‘ကျောင်းပိတ်ရက်တိုင်း ပြန်လာစေချင်ကြောင်း’ထည့်ရေးလိုက်မိသည်။ သမီးထံမှ ‘စာကျက်ပျက်မည်စိုး၍ တစ်ကြောင်း၊ ကုန်းလမ်း

ခရီး မသာမယာလှ၍ တစ်ကြောင်း၊ လေကြောင်းမှ ပြန်လျှင်လည်း စရိတ်အကုန်အကျများလှ၍ တစ်ကြောင်း၊ တစ်လထက်နည်းသည့် ကျောင်းပိတ်ရက်များဆိုလျှင် သူ ပြန်လာဖို့ စိတ်မကူးကြောင်း စာပြန်လာတတ်သည်။ သူ့အကြောင်းပြချက်ကကောင်းနေ၍ သာမန်အားဖြင့်သာ ဆရာဘဇံ လက်ခံခဲ့သော်လည်း၊ သူ့စိတ်ထဲကမူ ဘာကိုမျှ လက်မခံချင်။ သူ့မှာ သမီးကလေးကို မျက်စိအောက်က အပျောက်မခံချင်သည့် စိတ်တစ်ခုသာ ရှိသည်။ သူကိုယ်တိုင် ကျောင်းဆရာဖြစ်၍၊ ပညာသင်ကြားရေးတွင် အားပေးလိုစိတ် ကင်းမဲ့သည်ကား မဟုတ်။ သို့ရာတွင် ဆရာဘဇံမှာ ကိုယ့်ဝမ်းနာ ကိုယ်သာသိဆိုသကဲ့သို့ ဖြစ်လေသည်။ သူ့ဘဝတစ်ခုလုံးတွင် အဖိုးအတန်ဆုံးမှာ ဒီသမီးကလေးတစ်ယောက်သာ ရှိတော့သည်ဟု သူ စွဲမှတ်ထားခဲ့သည်။ အထူးသဖြင့် သူ ချစ်မြတ်နိုးခဲ့ရသူ၏ ကိုယ်စားအမွေကလေးဖြစ်၍ ချစ်သည်ဆိုသော စကားတစ်လုံးနှင့်ပင် မလုံလောက်နိုင်အောင် ချစ်ခဲ့၊ မြတ်နိုးခဲ့၊ မျှော်ကိုးခဲ့ရသော သမီးကလေးပါတကား။

ဒီသမီးကလေး အိမ်မှ ထွက်သွားသည့်အချိန်မှစ၍ ဤဝေဒနာများနှင့် တအုံတနွေး သမီးကလေးအတွက် စိတ်လက်မအေးနိုင်ဘဲ ရှိခဲ့ရသည်မှာ နှစ်တစ်ဝက်ကျိုး၍ ကျောင်းတစ်လအပိတ်တွင် ခင်ခင်ဝင်း ပြန်ရောက်လာသည်အထိသာ ဖြစ်တော့သည်။ ကျောင်းဖွင့်၍ တစ်ဖန် သမီးကလေး ပြန်သွားလျှင်လည်း ရေးနည်းတူ ပူမြဲပူရပြန်လျက်၊ နောက်တစ်ခါ ကျောင်းပိတ်မည့်ရက်များကို စောင့်စားရပြန်တော့သည်။

ကျောင်းရက်ရှည်ပိတ်၍ သမီးကလေး ပြန်ရောက်လာသောအခါ ဆရာဘဇံ၏ဘဝမှာလည်း သာယာရွှင်မြူးစရာအတိဖြစ်လာပြန်သည်။ အစစအရာရာတွင် လိမ္မာဖျတ်လတ်၍ ခေတ်နှင့်အညီ နေတတ်ထိုင်တတ်၊ ပြောတတ်ဆိုတတ်လှပြီဖြစ်သောသမီးကလေးကို ဆရာကြီးက သူ့သမီးခင်ခင်ဆွေကို အလိုလိုက်သည်ထက် အလိုလိုက်ခဲ့ရပြီ။ ထိုထက်ပင် ချစ်ခဲ့ခင်ခဲ့၊ တင်စားခဲ့ရပြန်သည်။ ဤတွင် သမီးကလေး၏နောင်ရေးအတွက် ဆရာကြီးစိတ်မအေးခဲ့ရသလို သူ့မှာလည်း မအေးနိုင်အောင်ရှိသော်လည်း ဆရာဘဇံမှာ ဆရာကြီး ခင်ခင်ဆွေအတွက် စီမံလိုက်သလို စီမံလိုက်ဖို့ကိုတော့ စိတ်ကူး မထည့်ချင်ချေ။ မည်သို့ပင်ဖြစ်စေ၊ သမီးကလေးက တစ်နေ့တခြား အချိန်တန်အရွယ်ရောက်လာပြီဖြစ်၍ ဤစိုးရိမ်ပူပန်မှုကလည်း သူ့အပေါ်ဆင့်လာခဲ့ပြန်သည်။ အဝေးသို့ လွှတ်ထားရသဖြင့် ပိုမို စိုးရိမ်နေလေသလားတော့ မသိ။ မသင့်သည့်လူများနှင့် တွေ့လာမည်လား။ အပေါင်းအသင်း အတုအပဖြင့် မသင့်သည့်အလေ့များကိုလိုက်စားမိလေမည်လား စသည်ဖြင့် ကြောင့်ကြ၍ နေရသည်မှာလည်း၊ ခဲမှန်ဖူးသည့်စာသူငယ် ဆရာဘဇံအတွက် သူများထက်ပို၍ နေရသလို ဖြစ်လေသည်။

ဤသို့ ဆရာဘဇံစိတ်အတွင်း၌ သောကမကင်းနိုင်အောင်ဖြစ်နေရသော်လည်း၊ သမီးကလေးကမူ သတိပြုမိဟန် မတူချေ။ တစ်ခါတစ်ခါ ဓာတ်ပုံများကိုကြည့်၍ သူ့အမေအကြောင်းတွေမေးနေတတ်သည်။ ဆရာဘဇံက မကောင်းတာတွေချန်လှပ်၍ကောင်းတာတွေကိုသာ ပြောပြသည်။

တစ်နေ့တော့ ခင်ခင်ဝင်းသည် ဆရာဘဇံ လုံခြုံစွာသိမ်းဆည်းထားသော ဓာတ်ပုံတစ်ပုံကို တွေ့လာသည်။

"ဒက်ဒီ၊ ဒါ ဘယ်သူ့ပုံလဲ ဒက်ဒီ။ အန်ကယ်မြင့်စိုးနှင့်တူလိုက်တာ"

ဆရာဘဇံ ရုတ်တရက် မိုးကြိုးပစ်သံကို အနီးကပ်ကြားလိုက်ရသလို ထိတ်လန့်တကြား ဖြစ်သွားရသည်။

"ဘာ၊ သမီး။ ဘယ်သူ၊ မှန်း"

"အန်ကယ်မြင့်စိုးလို့ ခေါ်တယ်လေ။ သိပ်တော့ မကြီးသေးပါဘူး။ ဝင်းတို့ ယူနီဗာစီတီမှာ ဥပဒေတန်းတက်နေတာ။ တူလို့ပဲလား မသိဘူး။ တူတော့ သိပ်တူတာပဲ။ ဟုတ်လား ဒက်ဒီ"

ဆရာဘဇံ ရုတ်တရက် ဘာမျှမဖြေသေးဘဲ ခင်ခင်ဝင်း၏ လက်ထဲကဓာတ်ပုံကို ဆွဲယူလိုက်သည်။ 'ဘုရား–ဘုရား၊ နောက်ကျောကရေးထားတဲ့စာကို သူ မကြည့်မိသေးလို့ တော်တော့တာပါကလား'

"သမီး ဒီလူ၊ အေးလေ၊ သူနှင့်တူတဲ့လူကို သိလို့လား။ ဘယ်ကတဲ့လဲ"

"သိတာပေါ့ ဒက်ဒီ။ ကျောင်းမှာဆို မမနယ်လီတို့၊ မမရွှေတို့နှင့် သိပ်ခင်တာ။ ဝင်းနှင့်လည်း သိပ်ခင်တာ။ သူက ဟိုဒင်းဒက်ဒီရယ်၊ ဘာတဲ့– အတွင်းဝန်ကလေးလေ။ အခုမှ ကျောင်းမှာ ဥပဒေတန်း ပြန်လာတက်နေတာ။ ဝင်းတို့ဆီကို ခဏခဏ လာတယ်"

ဆရာဘဇံ ဘာမျှဆက်မမေးနိုင်တော့။ သူ့မျက်နှာမှာ ရွာတော့မည့်မိုးကဲ့သို့ မှိုင်းညို့၍ တက်လာခဲ့လေသည်။ ခင်ခင်ဝင်းသည် သူ့ဒက်ဒီ အမူအရာပျက်သွားသည်ကို အကဲခတ်ရင်းစိုက်၍ကြည့်နေမိသည်။

"ဘာဖြစ်လို့လဲ ဒက်ဒီ"

"ဘာမှမဖြစ်ပါဘူး သမီးရယ်"

"အန်ကယ်မြင့်စိုးကတော့ ဟုတ်သလား ဒက်ဒီ။ ဒါဖြင့်"

ဆရာဘဇံက ခင်ဝင်းဝင်းမေးသည်ကို မဖြေဘဲ၊

"အဲဒီ သမီးပြောတဲ့ အန်ကယ်မြင့်စိုးဆိုတဲ့လူက ဘယ်အရွယ်လောက် ရှိပြီလဲ။ အိမ်ထောင်နှင့်လား"ဟု မေးလိုက်၏။

"သူ့ကြည့်ရတာတော့ ၃၀ ကျော်ကျော်လောက် ရှိမလားဒက်ဒီရယ်။ ဝင်းတော့ မမှန်းတတ်ပါဘူး။ သူက ကျန်းမာရေး

mgyoe.com SAMPLE BOOK

လိုက်စားတယ်။ ရေကူးတယ်။ လေလှော်တယ်။ အဲဒီလို အလေ့အကျင့်တွေနှင့်မို့ ငယ်နေပုံ ရနေတာလား မသိဘူး။ မိန်းမတော့ မရှိသေးဘူး ဒက်ဒီရဲ့။ အဲဒါတော့ မမနယ်လီတို့ပြောလို့ ဝင်း သိတယ်။ သူကလည်း ပြောတယ်။ သူက ဒီလိုနေရတာ ပျော်လို့တဲ့"

ဆရာဘဇံ နှုတ်ဆိတ်သွားပြန်သည်။ အေးငြိမ်းစပြုနေသော သူ၏ရင်တွင်း၌ ပူရပြန်ပြီ၊ စိုးရိမ်ရပြန်ပြီ။ ဒီ 'မြင့်စိုး'ဆိုသည့် လူနှင့်ပဲ မလွတ်နိုင်တော့ဘူးလား။ သူကလည်း အခုအချိန်ထိအောင် သားမယားမယူသေးဘဲ တက္ကသိုလ်နယ်မြေထဲမှာ တဝဲလည်လည်ဖြင့် သမီးပျိုကလေးတွေကို ဖျက်ဆီးနေတော့ တာပဲလား။ သူ့အဖို့တော့ ဒီလိုနေရတာ ပျော်ပေမပေါ့။ ဆေးသမားမထောင်းတာ လူနာမခံချည့်။ သူပျော်သည့်အတွက် အသက်ကိုစွန့်သူက စွန့်သွားရပြီ။ အမြတ်နိုးဆုံးကို အဆုံးရှုံးခံသူက ခံလိုက်ရပြီ မဟုတ်လား။

လျှပ်တစ်ပြက်အချိန်ကလေးအတွင်းမှာပင် ဆရာဘဇံသည် ကျယ်ဝန်းစွာ တွေးကြည့်လိုက်မိသည်။ သို့သော်လည်း ဒီလိုတွေးတောနေရုံမျှဖြင့် အရေးကပြီးမည် မဟုတ်။ သမီးကလေး အန္တရာယ်ကင်းဖို့က သူ့အပေါ် ဝန်လေး၍လာခဲ့ပြန်ပြီ။ ကျောင်းဖွင့်ရက်ကလည်း နီးလာပြီ။ ဒီအတိုင်းဆိုလျှင် သမီးကို ကျောင်းသို့ပြန်လွှတ်ရန်ကိုပင် စိတ်မချနိုင်တော့။ ဆရာဘဇံ ဘယ်နည်းနှင့်မျှ စိတ်မချချင်တော့။

"သမီးလေးရယ်။ ဒက်ဒီနှင့်ပဲ အတူနေပါတော့ကွယ်။ သမီးကို ဒက်ဒီ မျက်စိအောက်က အပျောက်မခံချင်တော့ဘူး။ ဒက်ဒီ စိတ်မချတော့ဘူး"

သူ ဤသို့သာ ပြောလိုက်ချင်တော့သည်။ 'ဘာဖြစ်လို့လဲ'။ သမီးက သိချင်တော့မည်။ သိချင်ပြီဆိုလျှင် သူ အဖြစ်မှန်ကို ပြောပြရတော့မည်။ ပြောမှလည်း ဖြစ်မည်။ သမီးမှာ အန္တရာယ်နီးကပ်နေပြီကို ပြောဖို့၊ သတိပေးဖို့က အဖေ့မှာ တာဝန်ရှိသည် မဟုတ်လား။ ပြောတော့မည်၊ ပြောရတော့မည်။ သို့သော်-

ကျောင်းဆက်မနေတော့ဘူးဆိုလျှင် သမီး ဘယ်သို့ ရှိရာလိမ့်မည်နည်း။ ယခုပင်လျှင် ကျောင်းဖွင့်ရက် နီးပြီဖြစ်၍ ကျောင်းသို့ပြန်ရန် ပြင်လှဆင်လှပြီ။ အတ်အစားတွေ, စာအုပ်တွေ စုလှပြီ။ သူ့သူငယ်ချင်းတွေဆီ စာတိုစာရှည် ရေးလှပြီ။ သူ့စိတ်ကူးနှင့် သူ ပျော်နေရှာသော သမီးကလေးအား ဖြန်းခနဲ စိတ်ဆင်းရဲစေမည့်စကားမျိုးကို ပြောဖို့ကလည်း ခက်လှချေသည်။ ကျောင်းနေချင်စိတ် မကုန်မီ ကျောင်းထွက်၍ နေလိုက်ရသော ခင်ခင်ဆွေကို ပြေး၍ သတိရလိုက်မိရာတွင်၊ ဆရာဘဇံ ဘာမဆိုနားလည်ဖို့ သူ့ကိုယ်သူ ဆုံးမလိုက်ရပြန်ပါပြီ။ တကယ်ဆိုတော့ သမီးသာ ဆိုရသည်။ သမီးမှာလည်း သူ့လောကနှင့်သူ၊ သူ့အခွင့်အရေးနှင့်သူ ပါတကား။

သူ့စိတ်ထဲ၌ရှိသမျှ စိတ်မချနိုင်သော အထင်အတွေးတို့ကို သမီးကလေးနားလည်သွားအောင် မည်သို့ ပြောပြလိုက်ရမည်ကို စဉ်းစား၍ မရနိုင်။ သမီးကလေး ကျောင်းသို့ ယခုတစ်ခေါက် အပြန်တွင် သူ အမှာလိုက်ချင်ဆုံးမှာ 'အန်ကယ်မြင့်စိုးဆိုသူကို ဝေးဝေးက ရှောင်နေဖို့' ဖြစ်၏။ သို့သော် 'ဘာဖြစ်လို့လဲ' ဆိုသည်ကို သူက မပြောနိုင်၊ မပြောချင်။ နောက်ဆုံးတွင် ဤအကြောင်းနှင့်စပ်လျဉ်း၍ ဘာတစ်ခွန်းမျှ မဟ,တော့ဟု ဆုံးဖြတ်ချက်ချလိုက်ရသည်။ တကယ်ဆိုတော့ သူ့မှာ မိုးပြိုမှာကိုတွေးပြီး ချွေးပြန်ပြီး ကြောက်နေရသူပမာသာ ဖြစ်ပါတကားဟု သူ့ကိုယ်သူ အပြစ်တင်မိသောကြောင့်လည်း ဤဆုံးဖြတ်ချက်ကို ချလိုက်ခြင်း ဖြစ်သည်။ 'သမီးလေး လိမ္မာပါစေ'။ ဒါပဲ သူ ဆုတောင်းတော့မည်။

* * *

ဒက်ဒီ

သိတင်းကျွတ်ကျောင်းပိတ်ရက်အတွက် ဒက်ဒီတော့ သမီးကို မျှော်နေတော့မှာပဲဆိုတာ သမီး သိပါတယ်။ သမီးလည်း အလွန် ပြန်လာချင်တယ်။ ဒါပေမယ့် ရထားလမ်းတွေပျက်နေတော့ အသွားအလာသိပ်ခက်တယ် ဒက်ဒီ။ လမ်းခရီးဘေး အန္တရာယ်ကလည်းများတော့ သမီးပြန်လာမယ်ဆိုတောင် ဒက်ဒီ စိတ်မချနိုင်မှာ မဟုတ်ဘူး ဒက်ဒီ။ တိုင်းပြည်အခြေအနေကလည်း မကောင်းတော့ အခု အောက်တိုဘာကျောင်းပိတ်ရက် အတွင်း ဘေးကင်းရန်ကင်း ကျောင်းမှာတင်ပဲ စာကျက်နေလိုက်တော့မယ် စိတ်ကူးတယ် ဒက်ဒီ။ ဒီမှာတော့ ဒက်ဒီ စိုးရိမ်စရာ ဘာမျှမရှိပါဘူး။ မိတ်ဆွေတွေကလည်း စောင့်ရှောက်ကြပါတယ်။ အန်ကယ်မြင့်စိုးလည်း အမြဲလိုလို လာပါတယ်။ ဘာမျှ မစိုးရိမ်ဖို့, အားမငယ်ဖို့လည်း ပြောပါတယ်။ အရေးကြီးရင် သူ ပြေးလာခဲ့မယ်လို့လည်း အထပ်ထပ်ပြောပါတယ်။ သမီးအတွက် ဒက်ဒီ စိတ်ချအောင်လို့ ထည့်ရေးလိုက်တာပါ။

ဒက်ဒီ ကျန်းမာအောင်နေပါ။ ဒေါ်အေးကိုလည်း ပြောလိုက်ပါ။

၂၄-၉-၄၈
သမီးချစ် ဝင်း

ဆရာဘဇံ စိတ်မခိုင်သူဖြစ်လျှင် ဟစ်၍ ငိုမိလိမ့်မည်လား မပြောတတ်ပေ။ သူ့အဖို့ ၄ လလုံးလုံး သမီးကလေး၏မျက်နှာကိုတမြင်မြင်ဖြင့် စောင့်မျှော်နေခဲ့ရပြီးမှ၊ ယခု သမီးက ပြန်မလာတော့ မောသွားသည်။ မလာသည်ကို ထားလိုက်ပါတော့။

'သူ့အတွက် ဘေးကင်းရန်ကင်းရှိရန် အန်ကယ်မြင့်စိုး ရှိနေသည်ကို ဒက်ဒီစိတ်ချအောင်လို့' ထည့်၍များ ရေးလိုက်ရသေးသည်။ သမီးက ယုံယုံကြည်ကြည်ပင် အားကိုး၍နေလိုက်ပြန်သေးသည်။ တစ်ခါသေဖူးထားသော ဆရာဘဇံကတော့ ပျဉ်ဖိုးကို နားလည်သည်။ 'သမီးလေးရယ်။ ဒက်ဒီ သည်တစ်ခါတော့ အဆုံးရှုံး မခံပါရစေနှင့်တော့'

အဆက်အသွယ်ကလည်း ပြတ်လှသည်။ စာထည့်လျှင်ပင် ဖြောင့်ဖြောင့်မရောက်။ သူကိုယ်တိုင် စွန့်စားပြီးလိုက်သွားရန်ပင် မလွယ်သည့်အချိန် ဖြစ်သည်။ ဆရာဘဇံကတော့ စွန့်စားစရာရှိလျှင် စွန့်စားဝံ့သည်။ သွားဝံ့သည်။ ဘာဆိုဘာကိုမျှ မကြောက်။ သို့သော် သူ့မှာ တာဝန်ကတစ်ဖက်။ မြို့ရွာများက မငြိမ်မသက်ရှိရာတွင် ကျောင်းများကလည်း ပိတ်ထားရမလို ဖြစ်နေခိုက် ကျောင်းတွင် ဆရာကြီးမရှိလျှင် ခက်ဦးမည်။ သိတင်းကျွတ်ကျောင်းပိတ်ရက်ကလည်း ကောလိပ်မှာလို တစ်လအထိ မရှိ။ နှစ်ဝက်စာမေးပွဲတွေ စစ်ရဦးမည်။ တကယ်ဆိုလျှင် သူ့ကျောင်းသူကျောင်းသားများသည်လည်း သူ၏သားသမီးများပင် မဟုတ်ပါလား။

အောက်တိုဘာလ။ နိုဝင်ဘာ။ ဒီဇင်ဘာ။

မြို့ပြပြည်ရွာ အရေးများကလည်း အေးသည် ဟူ၍ မရှိ။ ဆူသည်ထက်သာ ဆူပူ၍လာခဲ့သည်။ နေ့စဉ်နှင့်အမျှ စိတ်မချမ်းမြေ့ဖွယ်ရာသတင်းများကို ကြားနေကြရပြီး၊ အချို့ မြို့ရွာများမှာ ကိုယ်ထိလက်ရောက် ခံလိုက်ကြရပြီ။ စာတစ်စောင်တလေ ရောက်ဖို့ကပင် မလွယ်တော့။ ခဲခဲယဉ်းယဉ်း အန္တရာယ်ကြား၌ စွန့်စားသွားလာသောသူများ, စစ်ဘက်ဆိုင်ရာများနှင့် ကြုံတောင့်ကြုံခဲကြုံမှ တစ်နေရာနှင့်တစ်နေရာ သတင်းရောက်နိုင်သည်။

ဒယ်ဒီ

ဒီအချိန်ဆို– ဒက်ဒီ သိပ်စိုးရိမ်နေတော့မယ်ဆိုတာ သမီး သိပါတယ်။ စိုးရိမ်မယ်ဆိုရင်လည်း စိုးရိမ်စရာအချိန်ပဲ ဒက်ဒီ။ ဒက်ဒီတို့ဆီမှာ ဘယ်လိုနေတယ်တော့ မသိဘူး။ သမီးတို့ဆီမှာတော့ သေနတ်သံ, အမြောက်သံ တဒိန်းဒိန်းနှင့် မပြတ်အောင် ကြားနေရတယ်။ စာမေးပွဲလည်း မတ်လမှာ မစစ်ဖြစ်တော့ဘူး။ ကျောင်းလည်း ပိတ်ပေးလိုက်တယ်။ ကျောင်းသားကျောင်းသူများလည်း အိမ်ပြန်နိုင်သူများ ပြန်ကြတယ်။ မပြန်နိုင်သူများကတော့ မြို့ထဲ နီးရာဆွေမျိုးများ, မိတ်ဆွေများနှင့် ရွှေ့နေကြလို့ ကျောင်းဆောင်မှာတောင် လူအတော်နည်းနေတယ် ဒက်ဒီ။ သမီးလည်း ကြောက်လှလို့တော့မဟုတ်ပါဘူး။ မနေ့က အန်ကယ်မြင့်စိုးလာပြီး မြို့ထဲက သူ့နှမများနှင့်အတူ ရွှေ့နေဖို့ ပြောလို့ ဒီနေ့ပဲ သမီးရွှေ့ပါမယ်။ သမီး လုံခြုံဘေးကင်းရာကို ရောက်နေတယ်ဆိုတာ ဒက်ဒီသိရမှ စိတ်အေးရမှာမို့ ဒီစာကို ဒက်ဒီဆီ မရောက်ရောက်အောင်ပို့နိုင်မယ့် လူကြုံကို မတွေ့တွေ့အောင် မနေ့က အန်ကယ်မြင့်စိုးနှင့်အတူ လိုက်ရှာရတယ်။ ဒီနေ့ ဒီစာကို သွားပေးတယ်။ ဒက်ဒီ ဘာမျှ ပူပန်သောက မဖြစ်ပါနှင့်။ တိုင်းပြည်အေးချမ်းလို့ စာမေးပွဲတွေ စစ်ပြီးတဲ့အခါ၊ ဒါမှမဟုတ် မစစ်သေးဘဲ ရက်ဝေးဝေးရွှေ့ပေးတဲ့အခါ သမီး ဒက်ဒီဆီ အရောက် ပြန်ခဲ့ပါမယ်။

ဒက်ဒီ ကျန်းမာအောင်နေပါ။ ဒေါ်အေးကိုလည်း ပြောလိုက်ပါ။

၁၂–၂–၄၉
သမီးချစ် ဝင်း

P.S ဒီစာရေးပြီး သမီးမြို့ထဲရွှေ့ဖို့ စောင့်နေတုန်းမှာ အန်ကယ်မင်းဟန် သမီးတို့အဆောင်ကို ရောက်လာတယ် ဒက်ဒီ။ သမီး ပြန်ချင်ရင် သူတို့စစ်ဘက်က လေယာဉ်ပျံနှင့် ထည့်ပေးလိုက်မယ် ပြောပါတယ်။ ဒါပေမယ့် အခုအချိန်အခါမှာ ခရီးသွားလို့ မကောင်းဘူး။ လေယာဉ်ပျံက အိမ်ထိတောင် ရောက်မှာမဟုတ်တဲ့အတွက် သမီး မလိုက်တော့ဘူး။ မြို့ထဲကိုပဲ ခဏရွှေ့နေတော့မယ်လို့ ပြောလိုက်ပါတယ်။

'သမီးလေးရယ်' ဆရာဘဇံ အားလျော့စွာ ဆိုလိုက်မိသည်။ 'သမီးလေးရယ် ဒက်ဒီ့ဆီ ပြန်ဖို့ အဆင်သင့်နေတာတောင် ဒက်ဒီ့ထက် အားကိုးစရာကောင်းတဲ့လူ ရှိလို့ မပြန်ခဲ့တော့ဘူးလား။ ဒီတစ်ခါလည်း ဒက်ဒီအချစ်ဆုံး အဖိုးအတန်ဆုံး သမီးကလေးတစ်ယောက် ဆုံးရှုံးရဦးတော့မယ် ထင်ပါရဲ့။ အင်း၊ ဝဋ်ကြွေးရှိရင်လည်း ကျေပါစေတော့၊ ကျေပါစေတော့။

အသက်အရွယ်ကလည်း ကြီး၊ လူကလည်း ကောင်းစွာ မမာတော့သဖြင့် စိတ်သွားတိုင်း ကိုယ်မပါနိုင်တော့။ ယခုကဲ့သို့ လမ်းပန်းအဆက်အသွယ်ပြတ်၍ ဘေးအန္တရာယ်ထူထပ်လှသည့် အချိန်အခါမျိုးတွင် ဆရာဘဇံအဖို့ ခရီးသွားနိုင်ရန် ခက်ခဲလှတော့သည်။ သမီးကလေးအတွက် ရတက်မအေးနိုင်တိုင်း ထလိုက်, ထိုင်လိုက်, လမ်းလျှောက်လိုက်လိုက်နှင့် အိမ်ထဲတွင်ပင် မိုင်ပေါင်းများစွာ ပေါက်ခဲ့ရလေတော့သည်။

ဒက်ဒီ

ရန်ကုန်မှာတော့ အေးချမ်းပြီလို့ ဆိုနိုင်ပါတယ်။ စာမေးပွဲများကို လာမယ့်ဇူလိုင်လမှာ စပြီး စစ်ဆေးပါလိမ့်မယ်။ အချိန်အနည်းငယ် လိုသေးပေမယ့် သမီးပြန်လာဖို့ မလွယ်လို့ စာကျက်ရင်း ဒီမှာပဲ စာမေးပွဲစောင့်တော့မယ် စိတ်ကူးပါတယ်။ ကျောင်းဆောင်ကိုတော့ မပြန်ရသေးပါ။ အန်ကယ်မြင့်စိုးတို့နှင့်ပဲ နေပါဦးမယ်။ ဒက်ဒီ


mgyoe.com

mgyoe.com SAMPLE BOOK

ဘာမှ စိုးရိမ်စရာမရှိပါ။ အားလုံးကပဲ သမီးကို ဂရုစိုက် စောင့်ရှောက်ကြပါတယ်။ အထူးကတော့ ဒက်ဒီ နေကောင်းလို့ လမ်းခရီးအဆက်အသွယ်ကောင်းရင် ရန်ကုန်ကို ခဏဆင်းခဲ့ပါလား ဒက်ဒီ။

၂၅-၅-၄၉
သမီးချစ် ဝင်း

၃-၄ လ အဆက်အသွယ်ပြတ်နေ၍ သမီးကလေး ငွေကြေးလိုနေမည်ဟု ဆရာဘဇံ တွေးတောပူပန်ခဲ့သော်လည်း၊ စာ ရောက်လာပြန်တော့လည်း ငွေကြေးအကြောင်း တစ်စုံတစ်ရာ မပါ။ သူ့မှာ အန်ကယ်မြင့်စိုး၏အထောက်အပံ့ဖြင့် နေနေဟန် တူပေသည်။ 'လူပေါ်ကြော့၊ ကြာသမားတစ်ယောက်ရဲ့ အထောက်အပံ့နှင့်များ နေနေရသလားသမီးလေးရယ်' ဟု သူ့စိတ်ထဲမှာ မသက်မသာတွေးမိပြီး ရင်ထဲတွင် နင့်သွားသည်။ ယခု 'ဒက်ဒီ ရန်ကုန်ကို ခဏလာစေချင်ပြန်သည်'။ ဘာကိစ္စများပါလိမ့်။ ဒုက္ခတွေ့နေ၍ ခေါ်သည်နှင့်တော့ မတူ။

ဘယ်ဘက်က လှည့်တွေးတွေး သူ့အဖို့တော့ စိတ်ချမ်းသာစရာ မမြင်။ စိတ်ပူစရာချည်းဖြစ်နေ၍ စာရပြီး ကြာကြာမဆိုင်းတော့ဘဲ 'ကဲ- ဒီတစ်ခါတော့ ဘာပဲဖြစ်ဖြစ် သမီးလေးကို အိမ်ပြန်ခေါ်ခဲ့ရတော့မှာပဲ။ ၂ ခါအထိတော့ အဆုံးအရှုံး မခံနိုင်တော့ဘူး'ဟု သူ့ကိုယ်သူ ပြောကာ ရန်ကုန်သို့ လေယာဉ်ပျံဖြင့် လာခဲ့လေတော့သည်။

ရန်ကုန်သို့ရောက်ပြီး ဆရာဘဇံ သူ့မိတ်ဆွေတစ်ယောက်၏ အိမ်၌တည်းခိုကာ၊ သမီးရှိရာသို့ ပေးထားသည့် လိပ်စာအတိုင်း လာခဲ့သည်။ အိမ်ကိုတော့ တွေ့ပါ၏။ သမီးကိုကား ရောက်ရောက်ချင်း မတွေ့ရ။ 'ခင်ခင်ဝင်း၏အဖေပါ'ဟု သူကပြောတော့ အိမ်ကလူများ ပျာပျာသလဲဂရုစိုက်ပြုစုကြသည်။ သူ အတော်ကြာအောင် ထိုင်စောင့်နေရ၏။ အတန်ကြာမှ ခင်ခင်ဝင်းနှင့် လူရွယ်တစ်ယောက် ကားကလေးနှင့် ပြန်ရောက်လာကြသည်။

"ဟော-ဒက်ဒီ ဘယ်တုန်းက ရောက်လဲ။ ဝင်းလည်း ဒက်ဒီကို မျှော်နေတာ။ ဒီမှာ ဒါ အန်ကယ်မြင့်စိုး ဒက်ဒီ"

ကားပေါ်က သမီးနှင့်အတူ ဆင်းလာခဲ့သော လူရွယ်သည် ဆရာဘဇံအား ဖော်ရွေစွာပြုံး၍ နှုတ်ဆက်လိုက်ပြီး၊ "သမီးကလေးကဖြင့် မျှော်လိုက်ရတာ အမောပဲ အန်ကယ်။ အန်ကယ်မလာရင် ကျွန်တော် လိုက်ပို့ရတော့မလို ဖြစ်နေတာ"ဟု သွက်လက်စွာ ပြောသည်။ နှစ်လိုဖွယ်ရှိပါ၏။ ပွင့်လင်းပါ၏။ ဆရာဘဇံကလည်း အထိုက်အလျောက် ပြုံးရယ်ပြလိုက်ရသည်။ ကိုမြင့်စိုးကို သူ ယခုမှ မြင်ဖူးသည်။ သူ့ကိုမြင်လိုက်လျှင် သူ့လက်ပေါ်တွင်ပင် အသက်ပျောက်သွားခဲ့သော ခင်ခင်ဆွေကို ပြေး၍သတိရလိုက်မိပြီး၊ 'ဩော်-ဩော်၊ မောင်ရင်ပဲကိုးနော်'ဟု စိတ်ထဲက ပြောနေမိလေသည်။

ကိုမြင့်စိုးနှင့် သူ့အိမ်ကလူများကတော့ ဆရာဘဇံကို သမီးနှင့်အတူနေရအောင် သူတို့အိမ်သို့ ရွှေ့ခဲ့စေချင်သည်။ ဝင်းခြံကျယ်ကျယ် အိမ်ကျယ်ကျယ်နှင့် လည်ဖို့ပတ်ဖို့လည်း ကားရှိသည်။ သမီးကလည်း အတင်းရွှေ့ခိုင်းနေပြန်သည်။ ဆရာဘဇံ ငြင်းလို့မရ။ ရွှေ့ရပြန်သည်။

အားလုံးကပင် ဖော်ရွေပျူငှာ ပြုစုကြသော်လည်း ဆရာဘဇံမှာ စိတ်ကျဉ်းကျပ်လျက်ရှိသည်။ သို့ရာတွင် သူမှတစ်ပါး ကျန်လူအားလုံးမှာ စိတ်အေးချမ်းသာ နေထိုင်သွားလာလျက်ရှိသည်။ ကိုမြင့်စိုးဆိုသူမှာ အသက် ၃၅ နှစ်ခန့် ရှိမည် ဖြစ်သော်လည်း၊ အသက်အရွယ်အလိုက် တည်ကြည်ခဲ့ညားမှုမရှိဟု ဆရာဘဇံက ထင်သည်။ 'သူ့မှာ ဤသို့ပင် ငယ်ရွယ်ငယ်သွေးနှင့် ကျောင်းသားကလေးတစ်ယောက်လိုနေပြီး၊ သမီးကလေးကို သွေးဆောင်ဖြားယောင်း နေတော့တာပဲလား' ဤသို့သော အတွေးများဖြင့် ဆရာဘဇံမှာ ဖော်ရွေလှသော သူ့အိမ်ရှင်များ၏ စေတနာကို လက်ခံ၍မရနိုင်အောင် ဖြစ်နေခဲ့သည်။ သူ့မှာ ရန်သူအချုပ်ခန်းအတွင်းသို့ ကျနေရသူနှင့်သာ တူသည်ဟု သူ့ကိုယ်သူ ထင်နေမိလေသည်။ သမီးကလေးကို မြင်တွေ့နေရသည်ကိုတော့ စိတ်ချမ်းမြေ့ပါ၏။

"ဒက်ဒီ၊ ဒက်ဒီကို မပြောလို့မပြီးတဲ့ ကိစ္စမို့ ပြောရဦးမယ်။ ဒက်ဒီကို မှာလိုက်တဲ့ကိစ္စက သမီး စာမေးပွဲပြီးရင် အန်ကယ်မြင့်စိုးနှင့် လက်ထပ်ကြတော့မယ်လို့"

ဆိုင်းမဆင့်ဗုံမပါ ရှင်းလင်းစွာပြောချလိုက်သော သမီး၏ စကားများသည် ဆရာဘဇံ၏နားထဲသို့ ဓားဖြင့် ကလန့်၍သွင်းလိုက်သလို ဝင်သွားကာ၊ အသည်းနှလုံးကို ချေမှုန်းပစ်လိုက်သကဲ့သို့ ရှိလေသည်။ သို့သော် သူ့မှာ ဤစကားများလို မဟုတ်စေကာမူ ဤသို့ဖြစ်မည်ကိုတော့ တွက်မိပြီးသား။ မတွေးဝံ့၍ မတွေးဘဲထားခဲ့သည်။ သိတော့ သိပြီးသား။ သူ့အဖို့ သေဖို့အမိန့်ကတော့ ကျပြီးသား။ မည်ကဲ့သို့ သေရမည်ကိုသာ ရင်တမမ စောင့်နေခဲ့ရသူကဲ့သို့ ဖြစ်ပြီး၊ ယခုတော့ သူမ မတွေးဝံ့အောင် ကြောက်သည့်အဖြစ်က အချိန်ကျလာပြီ။

"သမီး-သမီးလေးရယ်။ ဒက်ဒီ ဒါကို စိုးရိမ်လာခဲ့တာ ကြာလှပါပြီကွယ်။ ဒီလူနှင့် သမီးကလေး ခင်မင်တယ်ဆို ကတည်းက သူ့အကြောင်း ဒက်ဒီ ပြောလှပြောလှနှင့် မပြောဖြစ်ခဲ့ဘူး။ သမီး လိမ္မာမှာပါလို့ ယုံကြည်ပြီး ဒက်ဒီ နှုတ်လေးနေခဲ့တာ။ အခု ဒက်ဒီထင်တဲ့အတိုင်း ဖြစ်လာတာပဲ။ ဒက်ဒီ ဒါကိုတော့ ခွင့်မပြုနိုင်ဘူး သမီးရယ်။ အခု ဒက်ဒီ လိုက်လာခဲ့တာ သမီးကို ပြန်ခေါ်ဖို့"

"ဘာဖြစ်လို့လဲ ဒက်ဒီ။ အန်ကယ်မြင့်စိုးမှာ ဘာအပြစ်တွေ ရှိလို့လဲ"

mgyoe.com

mgyoe.com SAMPLE BOOK

သမီးက တအံ့တသြဆိုသည်။

"ရှိတယ်၊ ရှိတယ်။ အများကြီး ရှိတယ်"

ဆရာဘဇံ ဤသို့ပြောရင်း ဆက်လက်၍ ခင်ခင်ဆွေ လက်ထက်က ဖြစ်ပျက်ခဲ့သမျှ အကြောင်းများကို ပြောပြလိုက်တော့မည်ဟု နောက်ဆုံးအကြိမ်အဖြစ် ချိန်ဆစဉ်းစားလျက် ရှိစဉ်

"ဒါပေမယ့် နောက်ကျပါပြီဒက်ဒီရယ်"

ဆရာဘဇံ ရှုံးရပြန်ပါပြီ။ သူ့အဖို့ ရှုံး၍ပဲ အတောမသတ်နိုင်တော့ပါလား။ နောက်ဆုံးကျတော့ သမီးကလေးကပင် သူ့ဘက်သား မဟုတ်တော့။ သူ လျှော့လိုက်ရသည်။ ရှေ့လျှောက်ဘာတွေဖြစ်ဦးမည်ကိုပင် သူ ကျော်၍ မြင်လိုက်မိသေးသည်။ ရှုံးဦးမည်။

* * *

ဒေါ်အေးနှင့် သူပဲ ရှိတော့သည်။

သမီးကလေးထံမှ စာများ မကြာမကြာ ရောက်ရောက်လာတတ်သော်လည်း သူ ပြန်မရေးချင်တော့။ ရေးစရာအကြောင်းလည်း စဉ်းစား၍မရတော့။ တကယ်တော့လည်း သမီးကလေးအပေါ်တွင် အတွယ်အတာကိုမဖြတ်နိုင်၍ တစ်ခါတစ်ခါ စာ ၁ ကြောင်း ၂ ကြောင်း ကောက်ရေးမိသည်။ ရေးတိုင်းလည်း 'သမီး၊ စိတ်မချမ်းသာသောနေ့ ဒက်ဒီထံ အမြန်အကြောင်းကြားလိုက်။ ဒက်ဒီ ချက်ချင်းလာခေါ်မည်။ ဘယ်အချိန်မဆို သမီးအဖို့ ဒက်ဒီရှိသည်ကို သတိရပါ'ဟူသော စာကြောင်းများကတော့ ပါသည်ချည်း ဖြစ်လေသည်။

အမှန်မှာလည်း ဆရာဘဇံမှာ ဤသို့သာ အမြဲတွေးထင်လျက်ရှိသည်။ တစ်နေ့နေ့တွင် သူ့သမီးကလေးသည် အရှုံးနှင့်ပင် သူ့ထံသို့ ပြန်ရောက်လာလိမ့်မည် မုချဟု စိတ်ထဲ၌ စွဲစွဲမြဲမြဲ ယုံကြည်နေမိသောကြောင့်ပင်။ ခင်ခင်ဝင်းထံမှ စာလာတိုင်း စာအိတ်ကိုမဖောက်မီ သမီးကလေး 'စိတ်ဆင်းရဲ နေရပြီ။ ဒက်ဒီကို ခေါ်ပြီ။ သွားခေါ်ရတော့မည်'ဟု သူ့ကိုယ်သူ ပြောမိသည်ချည်း ဖြစ်၏။ သို့ရာတွင် ခင်ခင်ဝင်းထံမှလာသော စာများတွင် သူ တွေးထင်ထားသကဲ့သို့ စိတ်မချမ်းသာစရာ အကြောင်းများ တစ်ခုတလေမျှ မပါတတ်။ အစစအရာရာတွင် အဆင်ပြေသည့်အကြောင်းများသာ ပါတတ်ပေသည်။

'အေးလေ။ ဒီလူ မဖောက်ပြားခင်တော့ သမီး ဒက်ဒီ့ကို သတိရဖို့မလိုပါဘူး။ သမီး စိတ်ချမ်းသာနေသမျှတော့ ဒက်ဒီကလည်း ပြန်လာဖို့ မခေါ်ပါဘူး။ ဒါပေမယ့် တစ်နေ့တော့ သမီး ဒက်ဒီ့ဆီကိုပဲ ပြန်ရမှာပါကွယ်။ ဒက်ဒီ သိပါတယ်'

'၁ နှစ်ပင် ကုန်ခဲ့ပြန်ပြီ။ ဒီအချိန်အထိ သမီးကလေး တကယ် စိတ်ချမ်းသာနေတာမှ ဟုတ်ရှာရဲ့လား' ဟူသော သံသယကလေးများမှာ မပျောက်နိုင်သေး။ ယခုဆိုလျှင် သမီးထံမှ စာမလာသည်မှာ အတော်ကလေး ကြာသွားပြီ။ ဘာကြောင့်ပါလိမ့်။ ဒက်ဒီ့ဆီ ရေးစရာကောင်းတဲ့အကြောင်းတွေ မရှိတော့လို့လား။ နေလို့ထိုင်လို့မှ ကောင်းပါလေစ။ မောင်မြင့်စိုးဆိုသည့်လူကတော့ သားမယားအပေါ်မှာ ကြင်နာစိတ် ရှိမည့်လူ မဟုတ်။ ပျော်ပျော်နေတတ်သည့် လူစား။ မယားကိုပင် ပျော်လို့ ယူသည်။ စိတ်ညစ်စရာရှိလာလျှင် လက်ခံတတ်သည့် လူစား မဟုတ်။ သမီးကလေး နေထိုင်မကောင်းဖြစ်ရလျှင်တော့ အမှန်ပင် စိတ်အားငယ်ရရှာတော့မည်။ သမီးကတော့ ဒက်ဒီ စိတ်မကောင်းစရာဆိုလျှင် ဘာမျှရေးမည်၊ ပြောမည် မဟုတ်။

သူ့စိတ်က ပူပန်စပြုလာသည့်အချိန်တွင် အိမ်ပေါက်သို့ စာပို့လုလင်တစ်ယောက် ရောက်လာသည်။ 'အလို၊ ဘုရား ကြေးနန်းစာပါကလား'ဆရာဘဇံ ကြေးနန်းစာကို တုန်ရင်စွာပင် ဖွင့်၍ဖတ်လိုက်သည်။

'ဒက်ဒီ အမြန်လာခဲ့ပါ။ ဝင်း'

"ဒေါ်အေး၊ ဒေါ်အေး"

အဘွားအိုသည် အတွင်းခန်းတစ်နေရာ၌ ပုတီးစိပ်နေရာမှ ခပ်ဖြည်းဖြည်းထ၍ အိမ်ရှေ့သို့ လာခဲ့သည်။

"သမီးကလေး ပြန်လာတော့မယ်။ အခု ကျုပ် သွားခေါ်မယ်"

အဘွားအို၏မျက်နှာသည် အံ့သြရာမှပင် ရွှင်လန်းလာသည်။ သူ့အဖို့လည်း ဝမ်းနှင့်သာ မလွယ်ခဲ့ရသည်။ ခင်ခင်ဆွေရော ခင်ခင်ဝင်းပါ သူ့သမီးတွေချည်း မဟုတ်ပါလား။

'မနက်ဖြန် လေယာဉ်ပျံနှင့် လိုက်ခဲ့မည်။ ဒက်ဒီ'

ဆရာဘဇံ ချက်ချင်းဆိုသလိုပင် အကြောင်းပြန်လိုက်ပြီး၊ နောက်တစ်ရက်တွင် ရန်ကုန်လေဆိပ်သို့ ရောက်ခဲ့လေသည်။ လေဆိပ်တွင် သူ့အား ပြုံးရွှင်စွာဆီးကြိုနေသော ကိုမြင့်စိုးကို တွေ့လိုက်ရသည်။ ရုတ်တရက်တော့ သူ့အား ကိုမြင့်စိုး လာကြိုနေသည်ဟူ၍ပင် မထင်။ သူ့ကိုတော့ ဒီလိုပဲ ပြုံးပြုံးရွှင်ရွှင်နှင့် နေရာတကာမှာ တွေ့နိုင်တာပဲဟုသာ ထင်မိသည်။

"ကျွန်တော် အစောကြီးကတည်းက ရောက်နေတာ ဒက်ဒီ။ ကျွန်တော်က စောပါသေးတယ်လို့ ပြောတာ ဝင်းက 'သွားပါတော့ သွားပါတော့'နှင့် အတင်းခိုင်းနေတာနှင့် ထွက်လာခဲ့ရတာ။ သူလည်း နေကောင်းပါတယ်။ သိပ် စိတ်မချရတာနှင့်"

"ဟင်– ဘာဖြစ်လို့ လိုက်မလာတာလဲ။ သမီး ဘာဖြစ်လို့လဲ"

"အခုတော့ အိမ်မှာပါပဲ။ ဒက်ဒီ ရောက်တော့မှ ဆေးတိုက်ကိုရွှေ့မယ်တဲ့"

"ဟင်– ဆေးတိုက်။ သမီး ဘာဖြစ်လို့တုံး"



mgyoe.com

mgyoe.com SAMPLE BOOK

ကိုမြင့်စိုးက ကားမောင်းရင်း ခပ်အေးအေးပင် ရယ်လိုက်သည်။ ဆရာဘဇံသည် ကိုမြင့်စိုးအား တအံ့တသြ ကြည့်နေလိုက်၏။

"ဒက်ဒီမှာ ချစ်ဖို့ရာ မြေးကလေးရတော့မယ်လေ"

"အို– အို"

ဆရာဘဇံ မျက်နှာအမူအရာ ရုတ်တရက် ပြောင်းလဲသွားသည်။ စိတ်ထဲမှာ 'သြော်–သြော်၊ ဒီလိုလား'ဟု အောက်မေ့ကာ သူ တွေးထင်လာခဲ့သည့်အတိုင်း မဟုတ်သည်ကို သတိပြုလိုက်မိသည်။

အိမ်သို့ရောက်လျှင် စိတ်ထဲက တွေးထင်လာသည်နှင့် တက်တက်စင်လွဲနေသည်ကိုသာ တွေ့ရပြန်သည်။ ကိုယ်ဝန်အရင့်အမာနှင့် ခင်ခင်ဝင်းမှာ ရွှင်ရွှင်ပျပျပင်ရှိရုံမက၊ ကိုမြင့်စိုးနှင့်တကွ အိမ်ရှိလူအားလုံးက သူ့အား အထူးဂရုစိုက်၍ ပြုစုယုယလျက် ရှိကြသည်ကိုသာ မြင်လိုက်ရသည်။ ဒီတော့မှ ဆရာဘဇံ သက်မ ချလိုက်မိသည်။ မောလွန်းလို့လား၊ အမောပြေသွားလို့လား ဆိုသည်ကိုတော့ ဘုရားမှသာ သိနိုင်တော့မည် ထင် သည်။

ကိုမြင့်စိုးမှာလည်း ယခုတော့ ဆရာဘဇံနှင့် အေးအေးဆေးဆေး စကားပြောခွင့်ရပါပြီ။ ဘာမဆို လျှော့လိုက်ရပြီဖြစ်သော ဆရာဘဇံကလည်း အထိုက်အလျောက် ပြုံးလိုက်ရပါပြီ။

"ကျွန်တော် စိတ်ထဲမှာ တစ်နေ့နေ့ ဝင်းကို ကျွန်တော် လက်လွှတ်လိုက်ရလိမ့်မယ်ထင်ပြီး တထင့်ထင့်ဖြစ်နေခဲ့ရတာ"

"ဘာ၊ ဘာလဲ"

"သြော်– ဝင်းက ကျွန်တော့်ထက် အများကြီးငယ်လို့ တစ်နေ့နေ့ သူ့ဒက်ဒီဆီ ပြန်ပြေးမှာပဲလို့ စိုးရိမ်နေခဲ့တာ။ အခုတော့ သူ ပြန်တော့မယ် မဟုတ်ပါဘူး။ သူသာ ပြန်ပြေးရင် ကျွန်တော်အဖို့ ဒုတိယအကြိမ်ဆုံးရှုံးရတာနှင့် အတူတူ ဖြစ်သွားမှာပဲ"

ဆရာဘဇံလည်း ကိုမြင့်စိုးကို အံ့အားသင့်စွာ ကြည့်လိုက်မိသည်။ သူ ဘယ်သူဘယ်ဝါဆိုတာကိုသိလို့ ပြောနေတာများလား၊ မသိဘဲနှင့် ပြောနေတာလား။ သို့သော် ကိုမြင့်စိုးကတော့ တည်ငြိမ်စွာပင်ပြောလျက် ရှိသည်။ 'ဒုတိယအကြိမ်ဆိုတော့ ပထမအကြိမ်က မောင်မြင့်စိုး ဘာတွေများ ဆုံးရှုံးခဲ့ပါလိမ့်။'

"ဟုတ်တယ်။ ကျွန်တော်ဟာ ကျောင်းမှာနေတုန်းက အတော်ကလေး ပျော်ပျော်ရွှင်ရွှင်နေခဲ့တယ်။ မိန်းကလေးမိတ်ဆွေတွေလည်း အတော်ကို များခဲ့ပါတယ်။ အများရဲ့အမြင်မှာတော့ ကျွန်တော်ဟာ လူကုံထံသား လူပေါ်ကြော့တစ်ယောက်ပဲပေါ့။ ဟုတ်သလောက်လည်း ဟုတ်ခဲ့ပါတယ်။ ဒါပေမယ့် ကျွန်တော်ဟာ ပျော်သလိုနေခဲ့ပေမယ့် တစ်ခုတော့ ဆင်ခြင်ခဲ့ပါတယ်။ ဘာလဲဆိုတော့ ဘယ်အခါမှ ကျွန်တော်ကြောင့် တခြားလူ မနစ်နာမဆုံးရှုံးစေရဘူး ဆိုတာပါပဲ"

"သြော်–သြော်"

ဆရာဘဇံ၏ 'သြော်–သြော်'မှာ ခနဲ့သံပါသွားသော်လည်း ကိုမြင့်စိုးကတော့ ဂရုမစိုက်မိဟန်ဖြင့် ဆက်ပြောနေသည်။ သူ ပြောပြနေပုံမှာ အေးဆေးတည်ငြိမ်လှသည်။

"အဲသလို မိန်းကလေးမိတ်ဆွေတွေ အများကြီးက ထူးထူးဆန်းဆန်းဆိုသလိုပဲ၊ အိုင်အေ ဂျူနီယာ ကျောင်းသူကလေး တစ်ယောက်ကို ကျွန်တော်ဟာ စွဲလမ်းခဲ့မိတယ်။ ကြာပြီ။ ၁၉၃၃–၃၄ ခုနှစ်လောက်ဆီကပေါ့။ ကျွန်တော်က အဲဒီတုန်းက အတော်လည်းငယ်ပါသေးတယ်။ အရူးအမူးဖြစ်တတ်တဲ့ အရွယ်ပေါ့။ ဒါပေမယ့် အဲဒီမိန်းကလေးရဲ့ မျက်နှာကိုတော့ ကျွန်တော် ဒီနေ့အထိ မမေ့ပါဘူး"

ဆရာဘဇံသည် သူသိခဲ့သော ဖြစ်ရပ်တစ်ခု၏ သူ မသိသေးသော အပိုင်းဖြစ်၍ စိတ်ဝင်စားစွာ နားထောင်နေမိလေသည်။ ကိုမြင့်စိုးကလည်း စကားစမိသည့်အခါ သူ့စိတ်ထဲ၌ နှစ်ရှည်လများ မျိုသိပ်၍ ထားခဲ့ရသည့်အကြောင်းများကို အစအဆုံး ပြောတော့မည်ကဲ့သို့ ခပ်အေးအေးခပ်မှန်မှန်ပင် ပြောနေသည်။

"အဲဒီမိန်းကလေးကို ကျွန်တော်ကတော့ ကျောင်းသူမို့ လွတ်လွတ်လပ်လပ်ပဲလို့ ယုံကြည်ပြီး လက်ထပ်ဖို့အထိ စိတ်ကူးယဉ်ခဲ့ပါတယ်။ ဒါပေမယ့် တစ်နေ့တော့ ကျွန်တော့်ကို စီနီယာ ကျောင်းသားတစ်ယောက်က လာပြီး သတိပေးတယ်။ အဲဒီမိန်းကလေးမှာ ယောကျ်ားနှင့်တဲ့။ ကျွန်တော်လည်း အတော်စိတ်ဆင်းရဲသွားရတယ်။ ဒါနှင့် ကျွန်တော် မှန်,မမှန်စုံစမ်းပြီး၊ အမှန်ပဲ ယောကျ်ားနှင့် ကလေးတစ်ယောက်နှင့် ဆိုတာလည်း သိရရော။ ကျွန်တော်လည်း ရှောင်ထွက်ခဲ့ရော။ မသင့်လွန်းလို့သာရှောင်ခဲ့ရတာ ကျွန်တော့်အဖို့တော့ အဲဒီမိန်းမကို စွဲလမ်းတဲ့စိတ်ဟာ ပျောက်ဖျက်လို့ကို မရတော့ဘူး။

"ကျောင်းမှာဆက်နေလည်း တွေ့မြင်ရမှာပဲ။ တွေ့မြင်နေရလို့ စိတ်ကိုမထိန်းနိုင်ဘဲ သူများရဲ့အိမ်ထောင်ကို ဖျက်မိပြန်ရင် ကိုယ့်ကိုယ်ကိုယ် တစ်သက်လုံး ခွင့်မလွှတ်နိုင်မယ့်ကိစ္စမို့ ကျွန်တော်လည်း ကျောင်းကထွက်ပြီး ၁ နှစ်လောက် မြန်မာပြည်အနှံ့အပြား လျှောက်လည်နေခဲ့တယ်။ ကျွန်တော် ထွက်လာခဲ့တဲ့အချိန်မှာတော့ ဘယ်သူတွေ ဘာဖြစ်နေရစ်တယ်ဆိုတာ မသိဘူး။ ကျွန်တော်လည်း ကိုယ့်စိတ်ကို အတင်းဖြတ်ပြီးတော့ နောက်ထပ် ဘာဆိုဘာမျှကို မစုံစမ်းမိအောင်ပဲ နေလိုက်တယ်"

ကိုမြင့်စိုးက အေးအေးဆေးဆေးပင် ပြောနေသည်။ သူ့မှာ ဤကဲ့သို့ ပြောပြရန်အခါအခွင့်ကို ယခုမှ ရဟန်းတူလေသည်။

"ကျွန်တော် ကျောင်းပြန်တက်တဲ့ အချိန်မှာတော့ ကျောင်း



mgyoe.com

SAMPLE BOOK

မှာ သူ မရှိတော့ဘူး။ ကျွန်တော်ဟာ ပျော်ပျော်နေတတ်တဲ့လူ ဖြစ်ပေမယ့်၊ အထိကနာထားတော့ အိမ်ထောင်ပြုဖို့တောင် စိတ်ကူးထဲ မထည့်တော့ဘူး။ ကျောင်းကပြီးတော့ တစ်ခါ အလုပ်တွေ ဘာတွေဝင်၊ နယ်ဘက်တစ်ခေါက် အလုပ်နှင့်ထွက်ခဲ့ရပြန်၊ ပြီး ဒီဘက်ခေတ် ရန်ကုန်ပြန်ရောက်လာတော့ အဆင်သင့်တာနှင့် ဥပဒေတန်းတက်ရင်း ကျောင်းကို ပြန်ရောက်ခဲ့ပြန်တယ်"

ဆရာဘဇံ၏ စိတ်ကူးအာရုံထဲတွင် ခင်ခင်ဆွေ၏ရုပ်အသွင်သည် ကြည်လင်လာလိုက်, မှေးမှိန်သွားလိုက်နှင့် ရှိလေသည်။

"ကျွန်တော် ကျောင်းပြန်ရောက်လာပြီး တစ်ရက်မှာ ကျွန်တော့်မှာ အတော်ကလေး တုန်လှုပ်သွားပြီး အယောင်ယောင်အမှားမှားတောင် ဖြစ်သွားတယ်။ အစတော့ ကျွန်တော့်စိတ်ထဲမှာ မဖြစ်နိုင်တာ, ဖြစ်နိုင်တာကို မတွေးမိဘူး။ သူ ပြန်ရောက်လာတယ်လို့တောင် ထင်လိုက်မိတယ်။ ကျွန်တော် ပြောခဲ့တဲ့ မိန်းမဟာ မျက်နှာပုံပန်း, မျက်လုံးမျက်ဖန်, ကိုယ်ဟန်အမူအရာကအစ ဝင်းအတိုင်းပဲ။ ဝင်းကို မြင်လိုက်တော့ ကျွန်တော့်မှာ ဒီကိစ္စ ၂၅ နှစ်လောက် ကြာခဲ့ပြီဆိုတာတောင် မေ့သွားသလိုပဲ"

ဆရာဘဇံသည် နှစ်ပေါင်းများစွာ သူ့အတွေးအာရုံထဲတွင် ရှိနေခဲ့သော ကိုမြင့်စိုးနှင့် ယခု သူနှင့် အေးအေးလူလူ ထိုင်၍ စကားပြောနေသော ကိုမြင့်စိုးတို့၏ပုံသဏ္ဍာန်ကို စပ်ဟပ်၍ ကြည့်နေမိလေသည်။

"ကျွန်တော့်အဖို့ မိန်းကလေးတွေနှင့် အသိအကျွမ်းဖြစ်ဖို့ ဆိုတာ သိပ်ခက်ခဲလှတာ မဟုတ်လေတော့ ကျွန်တော်လည်း ဝင်းနှင့် အရောဝင်မိအောင်၊ ခင်မင်လာအောင် နီးစပ်ရာတွေနှင့် ကြိုးစားခဲ့ပါတယ်။ အမှန်ကိုပြောရရင် ကျွန်တော် သူ့ကို လက်ထပ်ဖို့အထိ အခွင့်အရေးရလိမ့်မယ်လို့ မမျှော်လင့်ခဲ့ပါဘူး။ အသက်ချင်းကလည်း အတော်ကလေးကွာနေတော့ သူ့ကို ရိုးရိုးခင်မင်မှုမျိုးကလွဲပြီး ဘယ်လိုမျှ မမျှော်လင့်ခဲ့တာ အမှန်ပါပဲ။ ဒီလိုနှင့် ဝင်းကို ခင်မင်လာတော့ စိတ်ထဲကလည်း ဒီတစ်ခါတော့ ဘယ်လိုမျှ လက်လွှတ်မခံနိုင်တော့သလို ဖြစ်လာတာနှင့် ဝင်းကို နှမကလေးတစ်ယောက်လို မွေးစားလို့များ ရမလား စဉ်းစားကြည့်သေးတယ်။ သူ့ဆီကိုတော့ မသွားဘဲ မနေနိုင်အောင်ပဲ။

"ဘယ်လိုဖြစ်ဖြစ် မထင့်တထင်နှင့်ပဲ ဝင်းကို စပ်မိတာနှင့် ဒီအကြောင်း ပြောပြမိတယ်။ ဝင်းကလည်း ကျွန်တော့်ကို ခင်မင်နေလေတော့ လက်ထပ်ဖို့အထိ သဘောတူခဲ့တယ် ဆိုပါတော့။ လက်ထပ်ဖို့ကို ဒက်ဒီက သဘောမတူနိုင်ဘူးဆိုတာ ကျွန်တော် နားလည်နိုင်ပါတယ်။ ဒါပေမယ့် ကျွန်တော် အမှန်ပြောရရင် ဝင်းကို လက်လွှတ်မခံနိုင်တော့ဘူး။ လက်ထပ်ပြီးကြလို့ အရင်ကဆုံးရှုံးခဲ့ဖူးတဲ့သူ့ရဲ့ ကိုယ်စားရပြီလို့ ဆိုတာတောင် ဝင်းက အသက်ကလည်း တစ်ဝက်လောက် ငယ်နေပြန်၊ ဒက်ဒီကလည်း 'သမီးလေး စိတ်မချမ်းသာတဲ့နေ့ ဒက်ဒီဆီပြန်လာခဲ့' ဆိုတဲ့စာတွေ မကြာမကြာ လာနေပြန်ဆိုတော့ ကျွန်တော့်မှာ သူ တစ်နေ့ တကယ်များပြန်ပြေးလေမလား၊ ပြန်ပြေးလေမလားဆိုတာ တထင့်ထင့်တွေးပြီး ပူပန်နေခဲ့ရတယ်။ သူ ကျီစားပြီး 'ဒက်ဒီဆီ ပြန်တော့မယ်' လို့ပြောရင်တောင် ကျွန်တော့်ရင်ထဲမှာ ဒိတ်ခနဲ ဖြစ်ရသည်အထိပဲ။ သူသာ တကယ်ပြန်ပြေးရင် ကျွန်တော့်အဖို့ ဒီတစ်ခါတော့ အစားရဖို့ဆိုတာ မမျှော်လင့်နိုင်တော့ဘူး"

ဆရာဘဇံသည် သူ့အကြောင်းနှင့် ကိုမြင့်စိုးတို့အကြောင်းတို့ကို ပေါင်းစပ်၍ ကြည့်နေလိုက်မိသည်။ အကြောင်းမှန်အစုံအလင်က အခုမှပဲ သိရတော့သည်။ ဇာတ်ရေလည်သည်ဟုပင် ခေါ်ရမည်လား။

ကဲ– ဇာတ်ရေလည်တော့ ဆရာဘဇံအဖို့ ဘာများ ကျန်ခဲ့ပါသနည်း။

ခင်ခင်ဝင်းက သမီးဦးကလေးတစ်ယောက်ကို ချောမောစွာ မွေးဖွားလိုက်သောအခါတွင် ဖအေရော အမေပါ မော်တပြုံးပြုံးနှင့် ပျော်မဆုံးနိုင်အောင် ရှိကြပေသည်။ ဆရာဘဇံသည် နီနီထွေးထွေး မွေးခါစကလေးငယ်ကို အနီးဖြင့်ထွေးလျက် ပွေ့ရင်းက သူ့ဘဝကို သူ ပြန်ပြောင်းကာ တမျှော်တခေါ် တွေးလိုက်မိပြန်သည်။ သူ့ဘဝမှာ ညာတာစရာလူ, လျှော့ပေးစရာလူ, ခွင့်လွှတ်ပေးစရာလူတွေနှင့် အပြည့်ဖြစ်နေသည်ကို သူ သတိပြုမိလာသည်။ နောက်ဆုံးမှာတော့ သူ ကိုမြင့်စိုးကိုပင် အမြင်တစ်မျိုးဖြင့် သူ့ဘဝထဲက ချစ်ရခင်ရ ညာတာရသူများ၏ စာရင်းထဲသို့ ထည့်သွင်းလိုက်ရပြီ၊ ခွင့်လွှတ်လိုက်ရပြီ၊ ညာတာလိုက်ရပြီ၊ ဆိုပါစို့။ သူလည်း တကယ်တော့ အဆုံးရှုံးခံခဲ့ရသူပင် မဟုတ်ပါလား။

ဇာတ်ရေတော့ လည်ပါပြီ။ မှန်ပါသည်။ ဆရာဘဇံ သူ့ဘက်ကအကြောင်းစုံကို ကိုမြင့်စိုးအားလည်းကောင်း၊ သမီးခင်ခင်ဝင်းအားလည်းကောင်း ဖွင့်ဟ၍ မပြောတော့ဟု သန္နိဋ္ဌာန်ချလိုက်သည်။ သို့သော် သူ့မြေးဦးကလေးကိုတော့ သူကိုယ်တိုင်နာမည်ပေးထားခဲ့သည်။

"ခင်ဆွေဝင်း"

သည်လောက်ဆိုလျှင် သူ သိသိ, မသိသိ ကိုမြင့်စိုးအဖို့တော့ သူ့အရှုံးတွေ ကျေလောက်ပါပြီ။

ဆရာဘဇံအဖို့တော့ အရှုံးတွေ ကျေသည်ဖြစ်စေ၊ မကျေသည်ဖြစ်စေ၊ သူက ချစ်သလောက် သူ့ကို ပြန်၍ချစ်သော၊ သူ့သံယောဇဉ် စာသင်ခန်းများနှင့် မြစ်ရေအလျဉ်သဖွယ် စီးဆင်းလျက်ရှိသော တပည့်သားသမီးများအတွက် လူ့မြေပြည်တွင် ဆက်လက်၍ အသက်ရှည်နေရပေဦးမည်။ ။

mgyoe.com

mgyoe.com SAMPLE BOOK

## ဘဝပန်းဥယျာဉ်ကလေး

ကိုဖိုးလှက မမြမေကို ကြောက်ရသည်ဟု အချို့ အိမ်နီးချင်းများက ပြောကြသော်လည်း အချို့ကမူ "မမြမေက အသံသာကျယ်ပါသည်။ ကိုဖိုးလှက သူထင်ရာသူ လုပ်တာချည်းပဲ"ဟု ပြောကြ၏။ သူတို့လင်မယားမှာ အမြဲတစေ ခိုက်ရန်ဖြစ်၍ ချည်းနေကြသည်မဟုတ်သော်လည်း ကိုဖိုးလှက မမြမေအား မခံချိမခံသာ စ,တတ်သဖြင့် မမြမေ၏ ဒေါသတကြီး အော်ဟစ်သံများကိုမူ မကြာမကြာ ကြားရတတ်ပေသည်။

သူတို့အကြောင်းပါခဲ့ကြသည်မှာ အနှစ် ၂၀ ပြည့်ခဲ့ပြီဖြစ်သော်လည်း သားသမီးဆို၍ တစ်ကောင်တစ်မြီးမျှ မထွန်းကားခဲ့ချေ။ ကိုဖိုးလှက ဧည့်သည်များလာလျှင် သူ့မိန်းမ ဝသလောက်ညှံ့ဖျင်းနေ၍ အိမ်မှ အလွန်ခြောက်သွေ့နေကြောင်း၊ မသကာ ကလေးတစ်ယောက်လောက်သာ မွေးတတ်ပါဘိမူ မည်မျှ စိုစိုပြည်ပြည် ရှိမည့်အကြောင်းတို့ကို ပြောတတ်သည်။ ဤသို့ ပြောသည်ကို မမြမေက မကြိုက်။ ရှက်ဖွယ်စကားကို လူများရှေ့၌ ပြောရပါမည်လားဟု အော်ကြီးဟစ်ကျယ် ရန်တွေ့လေ့ရှိ၏။ မမြမေက ဤသို့ ရန်တွေ့ဆူပူနေသောအခါ ကိုဖိုးလှသည် ခေါင်းရင်းတိုင်ရှိ သမင်ချိုမှ ဦးထုပ်ကို ဖြုတ်ဆောင်းကာ အသာအယာ လစ်တတ်လေသည်။ အိမ်မှာဆူဆူပူပူရှိတိုင်း ဤသို့လစ်၍လစ်၍ သွားတတ်ရာမှ ပိုကာ ကစားတတ်သောအလေ့တစ်ခု ဖြစ်လာခဲ့၏။ တစ်ခါတစ်ခါ အိတ်ထဲတွင် ပိုက်ဆံကုန်နေသောအခါနှင့်ကြုံ၍ ဖဲရိုက်မထွက်နိုင်လျှင် မမြမေ ဆူပူသံများကို ကြားလျက်နှင့် ခေါင်းရင်းခန်းတွင် တခေါခေါဟောက်၍ အိပ်ဟန်ဆောင်နေတတ်လေသည်။

မပြောပေမယ့် 'သွားကြားထိုးတံအောက်ကျသွားလို့ပါ' ဆိုတော့ ရှင်ကောက်မလို့ ဆင်းတာမဟုတ်လား။ ကောက်ပြီးတော့ ဘာလုပ်ဦးမှာလဲ။ ပြန်ထိုးမှာပဲ မဟုတ်လား။

အိမ်တွင် တောက်တိုမယ်ရ ပြင်စရာ ဆင်စရာကလေးများရှိလျှင် ကိုဖိုးလှမှာ မပြီးမချင်း အပြင်သို့ မထွက်ရချေ။ အိမ်အမိုးယိုခြင်း၊ ပြတင်းပေါက် မင်းတုံးကျပ်နေခြင်း၊ ရေပိုက်ခေါင်းပျက်ခြင်း၊ နံရံတွင် စင်ရိုက်ခြင်း၊ ကြောင်အိမ်သံဆန်ခါလဲလှယ်ခြင်း၊ ရေနံဆီမီးဖို လေပိုက်ပျက်ခြင်း စသည်တို့ကို ကိုဖိုးလှက ပြင်ပေးရသည်။

ကိုဖိုးလှက ဟာသရှိသူ ဖြစ်သည်။ မမြမေက စိတ်တိုသူ ဖြစ်သည်။ တစ်ခါက ရေပိုက်ခေါင်းကို ပြောင်းပြန်တပ်ထားခဲ့ပြီး အလစ်တွင် ဖဲရိုက်ထွက်သွားသဖြင့် မမြမေတစ်ယောက်တည်း အိမ်တွင် ဒေါသူပုန်ထ၍ ကျန်ရစ်လေရာ အိမ်နီးချင်းများ အလန့်တကြား ပြေးလာကြ၏။ အကြောင်းရင်းကို သိရသောအခါ အတောမသတ်နိုင်အောင် ရယ်ကြရသောဟူ၏။

ကိုဖိုးလှက ညည ဆာတတ်သည်။ ဆာလျှင် မီးဖိုထဲဝင်ကာ နံနက်စားဖို့ထားသော သားငါးဟင်းလျာများကို စားပစ်တတ်သဖြင့် မမြမေက ကြောင်အိမ်ကို သော့ခတ်ထားလေ့ရှိသည်။ သော့ခတ်ပါလျက်လည်း ဟင်းများ မကြာမကြာ ပျောက်မြဲပျောက်နေသဖြင့် မမြမေက 'ကိုဖိုးလှတွင် သော့တူရှိသည်'ဟု စွပ်စွဲသည်။ ကိုဖိုးလှက သူ့မှာ သော့တူမရှိကြောင်း ရဲဝံ့စွာကျိန်တွယ်၍ ပြောသည်။ 'သော့တူ သူ့ထံမှာ တွေ့ပါက လည်ပင်းကိုပင် အဖြတ်ခံမည်'ဟု ဆိုလေသည်။ တကယ်လည်း မရှိပေ။ အထက်က အံဆွဲကို ထုတ်ယူလိုက်ရုံဖြင့် အထဲကဟင်းခွက်များကို နှိုက်၍ ရကြောင်း ကိုဖိုးလှ ကောင်းကောင်းသိထားမှတော့ သော့တူလည်း မလိုချေ။



mgyoe.com

'ဦးဖိုးလှ–ဒေါ်မြမေ'ဟု လိပ်တပ်၍ ရောက်လာတတ်သော အလှူမင်္ဂလာ ဖိတ်စာများတွင် ကိုဖိုးလှက 'ဒေါ်မြမေ' ဟူသောအမည်ကို ခဲနီဖြင့်ကြောင်းပစ်ကာ စားပွဲပေါ်အသာချထားတတ်၏။ မမြမေ တွေ့သွားလျှင် ဖိတ်စာပါ ဆုတ်ဖြဲပစ်လိုက်တတ်လေသည်။

"ကိုဖိုးလှ။ ဒါ ဘယ်လဲ"

"ငါလား။ ငါ ဖဲရိုက်။ အဲလေ–ဟုတ်ပေါင်"

"အမယ်– စောစောစီးစီး"

"ဘယ်ကလာ စောရမလဲကွ။ ဒီအချိန် မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးတောင် ဆွမ်းခံပြန်ပြီ"

"ကြီးကြီးကျယ်ကျယ် မြတ်စွာဘုရားတွေဘာတွေနှင့်"

"မစောတဲ့အကြောင်း ပြောရတာကိုးကွ"

"စောစော မစောစော မနေ့က ရှင် ကျိုးခြောက်ရင်းလောက်လေးနှင့်ပစ်လို့ ကွဲသွားတဲ့ အထပ်ခိုးပြတင်းမှန်ပေါက်က (အသံကိုမြှင့်လျက်) အမယ်– ကိုဖိုးလှ။ ကြည့်စမ်း။ ဘာရမလဲ။ လာခဲ့၊ အခု ပြန်တက်ခဲ့"

ကိုဖိုးလှ လှေကားရင်းရောက်မှ မယောင်မလည်နှင့် ရပ်နေပြီး "ငါဘယ်မှ မသွားသေးပါဘူးကွ။ သွားကြားထိုးတံကလေးကျသွားလို့ပါ"ဟု ခပ်တည်တည် ဖြီးလိုက်သည်။

"အောင်မယ်– အောက်ကျသွားတဲ့ သွားကြားထိုးတံကို ကောက်ပြီး ပြန်ထိုးဦးမလို့လား။ မရွံ့မရှာတော်– ထွီ"

"ပြန်ထိုးဦးမယ်လို့ မင်းကို ဘယ်သူပြောလို့လဲ"

"ရှင်ပဲ"

"အလို– ဘုရား။ ငါ မပြောမိပါကလား။ ကျားသားမိုးကြိုး"

"မပြောပေမယ့် 'သွားကြားထိုးတံ အောက်ကျသွားလို့ပါ' ဆိုတော့ ရှင် ကောက်မလို့ ဆင်းတာမဟုတ်လား။ ကောက်ပြီးတော့ ဘာလုပ်ဦးမှာလဲ။ ပြန်ထိုးမှာပဲ မဟုတ်လား။ ပြီးတော့ ဒါကလေး ဆင်းကောက်တာများ ဦးထုပ်ကြီး ဆောင်းလို့ပါလား။ ရှင် ညာနေတာ မသိဘူးမှတ်လို့လား။ လာ– အခု ပြန်တက်ခဲ့ပါ"

"မင်း မခေါ်လည်း ငါ့ဟာငါ ပြန်တက်တော့မလို့ပါပဲကွ"

ကိုဖိုးလှလည်း လှေကားမှ ခပ်တည်တည် တက်လာရင်း မမြမေကို ပြုံးစိစိ တစ်ချက်ကြည့်၍ မျက်စိတစ်ဝက်မှိတ်ပြလိုက်သည်။ မမြမေလည်း မျက်စောင်းထိုးလိုက်ပြီး ကီရိယာတန်ဆာပလာများထည့်သော ပုံးတစ်ခုနှင့် မှန်တစ်ချပ်ကိုယူလာကာ ကိုဖိုးလှလက်ထဲသို့ အတင်းထည့်ပေးလိုက်၏။

ကိုဖိုးလှလည်း မမြမေလက်က ပစ္စည်းများကို ဆွဲယူကာ အထပ်ခိုးလှေကားကလေးပေါ်သို့ တက်ခဲ့လေသည်။ အထပ်ခိုးပေါ်သို့ရောက်လျှင် ကွဲကျနေသော မှန်ပေါက်ကို မျက်နှာမှုလျက် တင်ပျဉ်ခွေကာ ကျကျနနထိုင်လိုက်သည်။ ပြီးလျှင် အိတ်ထဲမှ ဆေးပေါ့လိပ်နှင့် မီးခြစ်ကိုထုတ်ကာ စိမ်ပြေနပြေ မီးညှိ၍ဖွာကာ လုပ်စရာမရှိသလို အေးအေးဆေးဆေး နေလေ၏။ တစ်ချက်တွင် ကွဲနေသော မှန်ပေါက်မှ လေဝှေ့ဝင်လိုက်သောကြောင့် ဆေးလိပ်မီးပွားများ အနှံ့အပြား လွင့်လေသည်။ ကိုဖိုးလှမှာ ပျာယီးပျာယာလိုက်၍ ငြိမ်းသတ်ရ၏။ မနိုင်မနင်း ဝရုန်းသုန်းကား ဖြစ်ရသောကြောင့် အနီးရှိ စာအုပ်သေတ္တာတစ်ခု ပြုကျပြီးလျှင် အထဲမှ စာအုပ်များနှင့် အခြားပစ္စည်းများ ထွက်ကျလာ၏။ ကိုဖိုးလှသည် ကျလာသောစာအုပ်နှင့် ပစ္စည်းများကို ပြန်စီရင်း ဟောင်းနွမ်းသော အထုပ်ကလေးတစ်ခုကို အမှတ်မဲ့ တွေ့လေသည်။

ကိုဖိုးလှလည်း ထိုအထုပ်ကလေးကို ဖြန့်၍ ကြည့်၏။ အထုပ်ကလေးမှာ အပြာနုရောင် စာရွက်ခေါက်ကလေးများကို တရိုတသေသိမ်းဆည်းထားသော အထုပ်ကလေး ဖြစ်၏။ ကိုဖိုးလှသည် ထိုအပြာနုရောင်စာရွက်ကလေးများကို တစ်ရွက်ချင်း ဖြန့်၍ကြည့်၏။ ဤစာရွက်ကလေးများသည် မည်မျှထူးဆန်းသည်တော့ မသိ။ ကိုဖိုးလှမှာ ဖတ်ရင်းဖတ်ရင်း ပြုံးကာရယ်ကာနှင့် လုပ်ရမည့်အလုပ်ကိုပင် မေ့လျော့ကာ စာများကို တစ်စောင်ချင်းဖြန့်၍ ဖတ်နေသည်ကိုသာ တွေ့ရလေသည်။ တစ်ချက်တစ်ချက်တွင်လည်း တဟားဟားနှင့် ရွှင်မြူးစွာ ရယ်လေသည်။

မြရေ–

မြနှင့်မောင် အတူတူနေကြရတဲ့ အခါကျတော့ မြနှင့်မောင်တို့ရဲ့ သာယာတဲ့ ဘဝပန်းဥယျာဉ်ကလေးကို အတူတကွ ဘယ်လို ဖန်တီးကြမယ်ဆိုတာကိုပဲ စိတ်စောပြီး ပျော်နေမိတယ် အချစ်ရယ်။ မောင့်အဖို့တော့လေ၊ မြရှိရင် လောကကြီးဟာ သာယာတာပဲ။ မြနှင့်နေရရင် လောကနိဗ္ဗာန်ပဲ။

"ဟားဟားဟားဟား– အမယ်လေးဟဲ့ လောကနိဗ္ဗာန်။ ဟားဟားဟားဟား"

ကိုဖိုးလှမှာ စာအုပ်များကို ပြန်ထည့်ရန် ကျန်သေးသည်ကို လည်းကောင်း၊ မှန်ပြန်တပ်ရန် ရှိသေးသည်ကို လည်းကောင်း မေ့လျော့ကာ ယခင်က သူရေးခဲ့သောစာများ၌ စိတ်ဝင်စားလျက် စာများကို ဖတ်လိုက်, ဟက်ဟက်ပက်ပက် ရယ်လိုက်နှင့် တစ်ယောက်တည်းပွဲကျလျက် ရှိလေရကား၊ လှေကားကို တစ်ထစ်ချင်း စမ်း၍တက်လာကာ နောက်နားမှ သူ့အား ဒေါသနှင့် ခါးထောက်၍ကြည့်နေသော သူ့ဇနီးမွတ်တားကြီး မမြမေကိုပင် မမြင်ချေ။

မြဝတီမဂ္ဂဇင်း။ စက်တင်ဘာလ၊ အတွဲ–၁၁၊ ၁၉၅၅။

mgyoe.com SAMPLE BOOK

# သပြေကန်သူ မမြညွန့်

– ၁ –

အစိုးရအရာထမ်းအမှုထမ်းတို့တွင် ခရိုင်သို့ ရောက်ဖူးပါက သပြေကန်ရွာကို မသိသူ မရှိသလောက် ရှားလေသည်။ သပြေကန်ရွာကား အလွန်ထင်ရှားသော ကျေးရွာတစ်ခု ဖြစ်ခဲ့၏။ သို့ရာတွင် သပြေကန်မှာ အခြားအခြားသော ကျေးရွာများထက် အခွန်တော်လည်း မများ။ ကြီးကျယ်စည်ကား လှသည်လည်းမဟုတ်။ စားဖွယ်သောက်ဖွယ်မှအစ အရောင်းအဝယ်၌ ဗဟိုကျသောနေရာလည်း မဟုတ်ချေ။ သပြေကန်မှာ အုပ်ချုပ်ရေး, စီးပွားရေး, လူမှုဆက်ဆံရေးတို့တွင် အခြားအခြားသော ကျေးရွာများနှင့် ဘာမျှ ခြားနားချက် မရှိ။ သို့စဉ်လျက် မည်သည့်အတွက် ထင်ရှားကျော်ကြားရလေသနည်း။

'သပြေကန်'ဟူသောအမည်ကို ရွာအနီးရှိ သပြေပင်အုပ်အုပ်ကြီးများနှင့် ရေကန်ကြီးတစ်ကန်ကို စွဲ၍ မှည့်ခေါ်ထားသည်ဟု အဆိုရှိသည်။ သို့သော် ထိုသပြေပင်ကြီးများနှင့် ရေကန်တို့သည်လည်း သပြေကန်ရွာ ထင်ရှားကျော်ကြားရခြင်း၏ အကြောင်းရင်းများ မဟုတ်ကြချေ။ ထိုသို့တပြီးကား သပြေကန်ရွာ ထင်ရှားရသော အကြောင်းရင်းသည် အခြား၌ ရှိရာ၏။ အစိုးရအရာထမ်းအမှုထမ်းများကို မေးရပေလိမ့်မည်။

"သပြေကန်ရွာကို သိသလား"ဟု မေးပါ။ အဖြေအလိုလို ပေါ်လာပါလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် အမေးခံရသူက "ဟာ– သိတာပေါ့။ သပြေကန်လည်း သိတယ်။ သူကြီးဦးထွန်းဘော်လည်း သိတယ်။ သူကြီးသမီး မမြညွန့်ကိုလည်း သိတယ်။ မမြညွန့်ဟာ သိပ်ချောတာပဲ။ ချစ်စရာ ရိုးရိုးအေးအေးကလေးပေမယ့် တောဆက် မဟုတ်ဘူး။ မြို့သူများလိုပဲ မွန်မွန်ရည်ရည် ရှိတယ်"ဟု အပိုအမိုတွေနှင့် တကွ စုံလင်စွာ ဖြေမည်ဖြစ်သောကြောင့်တည်း။

မှန်သည်။ အမည်က 'သပြေကန်' ဖြစ်နေသော်လည်း ထိုရွာကလေးသည် သူကြီးသမီး မမြညွန့်ကြောင့် ကျော်ကြားရပေသည်။ ထိုနယ်သို့ ရောက်လာသမျှ အရာထမ်းအမှုထမ်းတို့သည် အကြောင်းကိစ္စရှာ၍ သပြေကန်သို့ အနည်းဆုံးတစ်ခေါက်ဖြစ်စေ ရောက်အောင်သွားကြသည်။ သူကြီးဦးထွန်းဘော်က သဒ္ဓါကြည်ဖြူ ကျွေးမွေးသော ထမင်းဟင်း, အဖျော်ယမကာတို့ကို စားသောက်သုံးဆောင်ကြသည်။ သူကြီးသမီးနှင့် အာလာပသလ္လာပ စကားစမြည်ပြောဆိုကြသည်။

သဒ္ဓါတရားနှင့် ပြည့်စုံ၍ ဥစ္စာပစ္စည်းလည်းကုံလုံသော ဦးထွန်းဘော်မှာ အလုပ်ဝတ္တရားတွင် ကျေပွန်စွာထမ်းရွက်တတ်သော သူလည်းဖြစ်၍ ဆုလက်မှတ်, တံဆိပ်, ငွေဓား စသည်တို့အပြင် အထူးအာဏာပါ အပ်နှင်းခြင်းခံရသော သူကြီးဖြစ်ရုံမက၊ အစိုးရသားမှန်လျှင် သမွန် ပျာတာအစ, ရာဇဝတ်အုပ်အလယ်, အရာရှိကြီးယယ်အဆုံး ပြုံးရွှင်ကြည်ဖြူစွာ လာသမျှကို ထိုက်သည့်အားလျော်စွာ ကျေနပ်အောင် ပြုစုညှိခံတတ်သည်ဟုလည်း ကျော်ကြားလေသည်။ သို့ရာတွင် ဦးထွန်းဘော်၏ အိမ်၌ တည်းခိုဖူးသော အစိုးရသားဧည့်သည်များကမူ ဦးထွန်းဘော်၏ သဒ္ဓါတရားကို ကျေးဇူးတင်သည်ထက် မမြညွန့်၏ မျက်နှာကလေးကို မြင်ရခြင်း, မမြညွန့်၏ သာယာသော အသံကလေးကိုကြားရခြင်း တို့သည်သာလျှင် ပိုမိုထူးမြတ်သော

ကျွန်တော်၏မိတ်ဆွေ ဖြစ်သော နယ်ပိုင်ဝန်ထောက်မင်းက မှာလိုက်ပါသည်။ "သပြေကန်မှာတော့ သောင်တင်မနေလေနှင့်နော်။ ငါဟဲ့ယောက်ျား ဆိုပြီး အားတင်းပြီး ပြန်ဖြစ်အောင် ပြန်ခဲ့ဗျ"ဟု ရယ်စရာအဖြစ် ပြောလိုက်သေးသည်။ ပြောစဉ်ကတော့ ကျွန်တော့်မှာ အမှတ်မဲ့သာဖြစ်သည်။

ကျေးဇူးဟူ၍ မှတ်ယူကြဟန် တူပေသည်။ ကုသိုလ်ထူးသော မပြည့်ဝွန့်ပေတည်း။

ကျွန်ုပ်သည်လည်း သပြေကန်ရွာသူကြီး ဦးထွန်းဘော်၏ အိမ်ဦးတည်းခိုကာ မပြည့်ဝွန့်နှင့် စကားစမြည်ပြောဖူးသော ပုဂ္ဂိုလ်များတွင် အပါအဝင် ဖြစ်ပေသည်။ မပြည့်ဝွန့်သည် နာမည်သတင်းမွှေးသလောက် ချောပါသည်။ လှပါသည်။ မွန်မွန်ရည်ရည်ရှိပါသည်။' သူ့ကိုမြင်လျှင် ချစ်ခင်သောစိတ် ဖြစ်ပေါ်မိပါသည်။ ဆုတောင်းကောင်းခဲ့သော မိန်းကလေးပါတကားဟုလည်း မှတ်ချက်ချမိပါသည်။

ကျွန်တော် သပြေကန်သို့မရောက်မီ ကျွန်တော်၏မိတ်ဆွေဖြစ်သော နယ်ပိုင်ဝန်ထောက်မင်းက မှာလိုက်ပါသည်။ "သပြေကန်မှာတော့ သောင်တင်မနေလေနှင့်နော်။ ငါဟဲ့ယောကျ်ားဆိုပြီး အားတင်းပြီး ပြန်ဖြစ်အောင် ပြန်ခဲ့ဗျ"ဟု ရယ်စရာအဖြစ် ပြောလိုက်သေးသည်။ ပြောစဉ်ကတော့ ကျွန်တော့်မှာ အမှတ်မဲ့သာဖြစ်သည်။

သပြေကန်သို့ မှောင်ရီရီအချိန် ရောက်သွားပါသည်။ သူကြီးဦးထွန်းဘော်က ကျွန်တော့်အတွက် အိပ်ရာနေရာမှအစ ချထားစီမံပေးပြီး သူနှင့် ဧည့်ခန်းတွင်ထိုင်ပြီး စကားပြောရသည်။ အေးအေးလူလူတော့ မဟုတ်။ ဦးထွန်းဘော်က အလုပ်လုပ်ရင်း စကားပြောသည်။

ကျွန်တော်လည်း သည်တော့မှ ဧည့်ခန်းနံရံတွင် ချိတ်ဆွဲထားသော ငွေဓားကြီးများ၊ ဆုတံဆိပ်များ၊ လက်မှတ်များကို ကြည့်မိသည်။ ဦးထွန်းဘော်ကား အနုပညာမျက်စိရှိသူ ဖြစ်တန်ရာသည်။ ဧည့်ခန်းပြင်ဆင်ပုံမှာ စနစ်တကျ ရှိလှသည်။ ပန်းချီကားကလေး ၁ ခု – ၂ ခုကိုလည်း အနေအထားမှန်ကန်စွာ ချိတ်ထားသည်။

ညစာအတွက် ချက်ပြုတ်ပြီးကြ၍ ထမင်းစားရတော့မည်ဆိုသောအခါမှ ကျွန်တော် မပြည့်ဝွန့်ကို မြင်ရတော့သည်။ ဧည့်ခန်းမှ အတွင်းခန်းဘက်သို့ဝင်သော တံခါး၌ တပ်ထားသည့် ခန်းဆီးကို အသာဖယ်ကာ "ဖေဖေ။ ထမင်းပြင်ပြီးပါပြီ။ ကဲ–အစ်ကိုကြီးလည်း ကြွပါရှင်"ဟု မပြည့်ဝွန့်က ဖိတ်ခေါ်သည်။ သူ့မျက်နှာမှာ ကြည်လင်ချိုအေးသလောက် သူ့အသံကလေးကလည်း သာယာသည်။

သည်တော့မှ ကျွန်တော့်မိတ်ဆွေဝန်ထောက်မင်း မှာလိုက်သောစကား မပိုကြောင်း သတိထားမိသည်။ ထမင်းစားကြသောအခါ မပြည့်ဝွန့်က အနီးမှ ယပ်ခတ်ရင်း ထမင်းပွဲကိုစောင့်ကြည့်ကာ လိုသောထမင်းဟင်းလျာတို့ကို ဖြည့်စွက်ရန် မလစ်တမ်းကြည့်လျက်ရှိသည်။ အားမနာဘဲ စားသောက်ရန်လည်း မကြာမကြာ ပြောလျက်ရှိသည်။ လိမ္မာသော မပြည့်ဝွန့်ပေတကား။

ဦးထွန်းဘော်ကလည်း သမီးတစ်ယောက်ဆို ဆိုသလောက် လိမ္မာရေးခြားရှိသော မပြည့်ဝွန့်အား အတော်ပင် ချစ်ခင်မြှောက်စားထားဟန် တူပါသည်။ "မအေကြီး မရှိကတည်းက ဒီသမီးကလေးတစ်ယောက် လူလားမြောက်လာပေလို့ အားကိုးရပါသဗျာ" ဟု ပြောစားရှာသည်။ သမီးအပေါ်၌ ကြင်နာယုယစွာရှိပုံကိုလည်း ကျွန်တော် မြင်ခဲ့ရသဖြင့်၊ သူတို့သားအဖကိုကြည့်ပြီး ပီတိများပင် ဖြစ်ခဲ့ရသေးသည်။

ထမင်းစားသောက်ပြီးကြရသောအခါ ခဏတစ်ဖြုတ်ထိုင်စကားပြောပြီး ဦးထွန်းဘော်က အလုပ်လုပ်စရာရှိသည်တို့ကို ထ၍ လုပ်ပြန်သည်။ မပြည့်ဝွန့်က မီးဖိုဘက်တွင် တပည့်တပန်းများအား ကြည့်ရှုသိမ်းဆည်းစေပြီး၊ ဧည့်ခန်းသို့လာကာ ကျွန်တော်နှင့် အာလာပသလ္လာပ စကားပြောသည်။ ကျေးရွာအကြောင်း၊ မြို့အကြောင်း၊ ဆင်းရဲသားတွေအကြောင်း၊ အစိုးရအကြောင်း အစုံပြောနိုင်သည်။ များများစားစားမသိသည့်တိုင်အောင် ထင်မြင်ချက်တော့ ပေးနိုင်သည်။ သူ့ထင်မြင်ချက်များမှာလည်း ယဉ်ကျေးသောထင်မြင်ချက်များ ဖြစ်ကြသည်။ တော်ပေ၏။ ကောင်းပေ၏။

အဘယ် အစိုးရအမှုထမ်းအရာထမ်းသည် သပြေကန်ရွာသို့ မလာချင်ဘဲနေမည်နည်း။ ဤသပြေကန် သူကြီးအိမ်သို့ ရောက်ဖူးသူ အဘယ်သူသည် အလုပ်မှန်မှန်လုပ်သော ဦးထွန်းဘော်နှင့် သမီး မပြည့်ဝွန့်တို့ကို မမှတ်မိဘဲ နေမည်နည်း။

အစိုးရ အရာရှိများတွင် ဆိုးသူလည်း ရှိသည်။ ကောင်းသူလည်း ရှိသည်။ ညဉ်းဆဲတတ်သူလည်း ရှိသည်။ မစတတ်သူလည်း ရှိသည်။ သို့သော် ထိုသို့ရှိသည်ကို ဦးထွန်းဘော်မသိရချေ။ သမီးကလေး၏ မျက်နှာပေလော ဟု ကျွန်ုပ်တော်တွေးကြည့်မိသည်။

ကျွန်တော် သပြေကန်တွင် ကြာကြာမနေပါ။ တစ်ရက်မျှနေပြီး ပြန်ခဲ့ပါသည်။ ဦးထွန်းဘော်နှင့်လည်း သိကျွမ်းခဲ့ပါသည်။ မပြည့်ဝွန့်နှင့်လည်း ခင်မင်ခဲ့ပါသည်။ ခဏတစ်ဖြုတ်မျှသာ သိကျွမ်းခင်မင်ခဲ့ရသော်လည်း မိဘဘိုးဘွားလက်ထက်မှစ၍ ရင်းနှီးခင်မင်လာခဲ့ကြသူများပမာ အပြန်အလှန် နှုတ်ခွန်းဆက်၍ ပြန်ခဲ့ရသည်။ ကျွန်တော် ဦးထွန်းဘော် သားအဖတို့ကို မေ့နိုင်ပါမည်လား။

## – ၂ –

နောက်တစ်ခေါက် ကျွန်တော် သပြေကန်ရွာသို့ သွားရန် အခွင့်ကြုံပြန်သောအခါ ၃ နှစ်မျှ ကြာခဲ့ပြီဖြစ်သော်လည်း ဦးထွန်းဘော်သားအဖကို မနေ့တစ်နေ့ကမှ တွေ့ခဲ့ရသလို မှတ်မိသည်။ ဤ ၃ နှစ်အတွင်း ပြောင်းလဲမှုအမျိုးမျိုးကို တွေ့ခဲ့ရသည်။ 'ဦးထွန်းဘော်သားအဖတို့လည်း ပြောင်းလဲ၍ များ



mgyoe.com SAMPLE BOOK

mgyoe.com SAMPLE

နေကြပြီလား’ဟု တွေးမိသည်။ ‘ယခုအချိန်ဆိုလျှင် ဦးထွန်းဘော် အတော်များ အိုမင်းနေပြီလား၊ မပြည့်ွန့်တစ်ယောက် အိမ်ထောင်များ ကျသွားရှာပြီလား၊ သူတို့အိမ်ကလေး ရှိမှရှိသေးရဲ့လား’ ဟူသော အတွေးများဖြင့် လာခဲ့ရသည်။

ကျွန်တော့်မိတ်ဆွေ နယ်ပိုင်ဝန်ထောက်မင်းလည်း ဒုတိယ အရေးပိုင်ဖြစ်၍ နယ်ပြောင်းသွားပြီ။ နယ်ပိုင်အသစ်ထံမှ စုံစမ်းကြည့်ရာ သူ့မှာ လူသစ်ဖြစ်၍ သပြေကန်ကို ကောင်းကောင်း မသိရှာသေး။ သူ့စာရေးတွေ မေးကြည့်တော့ သပြေကန်ရွာ၌ သူကြီးဦးထွန်းဘော်ပင် ရှိသေးသည်ဟု သိရ၏။ အခြားအစိုးရ အရာရှိများအား မေးကြည့်သောအခါတွင် ဦးထွန်းဘော်ကိုတော့ သိကြသည်။ ဦးထွန်းဘော် အလုပ်လုပ်ကြောင်း၊ ဖော်ရွေကြောင်း၊ အစိုးရသားတို့နှင့် သင့်မြတ်ကြောင်းတို့ကိုတော့ ပြောနိုင်သေးသည်။ မပြည့်ွန့်အကြောင်းတော့ မပြောကြတော့။ ကျွန်တော်လည်း မပြည့်ွန့်အကြောင်း မေးရမှာ စိတ်မလုံသဖြင့် မမေးခဲ့တော့။ သို့နှင့်ပင် စိတ်ထဲ၌ မပြည့်ွန့်အကြောင်း သို့လော သို့လော တွေးတောရင်း သပြေကန် ရွာသို့ ကျွန်တော် ရောက်လာခဲ့သည်။

ဦးထွန်းဘော်သည် ယခင် တစ်ခေါက်ကကဲ့သို့ပင် ဖော်ရွေစွာ ဆီးကြို၍ လောကဝတ်ပြုကာ နေရာထို ..င်း ပေးပါသည်။ ထိုနောက် အလုပ်လုပ်ရင်း ဧည့်ခံစကားပြောပါသည်။ ကျွန်တော့်စိတ်တွင် ဘယ်လိုဖြစ်နေသည် မသိ။ ဦးထွန်းဘော်ကို ယခင် တစ်ခါ ကျွန်တော်တွေ့ခဲ့စဉ်က ယခုထက် ပျော်ပျော်ရွှင်ရွှင် ရှိသည်ဟု ထင်နေသည်။ မပြည့်ွန့်ကိုလည်း မမြင်ရသေး။

လမ်းတစ်လျှောက်လုံး မပြည့်ွန့်ကိုရော ဦးထွန်းဘော်ကိုပါ ကျွန်တော် ထင်မြင်လာခဲ့သဖြင့် ရောက်ရောက်ချင်း ဦးထွန်းဘော်ကိုတွေ့ရာတွင် မပြည့်ွန့်ကိုပါမေးလိုက်ရန် သင့်ပါလျက် အဘယ်ကြောင့် ကျွန်တော် မမေးလိုက်မိသည် မသိ။ ယခုလည်း စကားပြောနေစဉ် ဖြတ်၍၊ ‘မပြည့်ွန့်တစ်ယောက်ကော ရှိရဲ့လား။ ကျန်းမာပါရဲ့လား’ဟု မေးမည်ကြံစည်မိသည်။ သို့သော် ဦးထွန်းဘော်အကဲ ကြည့်ရသည်မှာ ကျွန်တော် ယခင်က တစ်ခေါက် သူ့အိမ်သို့ ရောက်ဖူးကြောင်း မှတ်မိပုံမပေါ်သဖြင့် မပြည့်ွန့်ကိုမေးရန် နှုတ်လေးနေခြင်း ဖြစ်တန်ရာသည်။

“ကျွန်တော် ဦးရဲ့အိမ်မှာ ဧည့်သည်သစ် မဟုတ်ပါဘူး”

ကျွန်တော်က စကားစပ်မိအောင် ပြောလိုက်သည်။

“ဟုတ်မှာပေါ့”ဟု ဦးထွန်းဘော်က ဖြေသည်။

“ခင်မင်ပြီးလူတွေပဲ။ ကျန်းကျန်းမာမာပြန်တွေ့ရတာ ဝမ်းသာပါတယ်”

ကျွန်တော်က စကားစပ်ကို မလွတ်စေဘဲပြောလိုက်ရသည်။

“ဟုတ်မှာပေါ့လေ။ သည်ရွာက အစိုးရအရာရှိတွေ အလာများတော့ ရောက်လာတဲ့လူတိုင်း လူစိမ်း မဟုတ်ပေဘူးပေါ့”

ဟု ဦးထွန်းဘော်က စာအုပ်တစ်ခုတွင် မျဉ်းသားရင်း ပြောနေပြန်ပါသည်။ ဤတွင် သူ ကျွန်တော့်အား မှတ်မိပုံမပေါ်သောအခါ ကျွန်တော်က ဆက်လက်၍ “အရင်တစ်ခေါက်က ဦးတို့သားအဖ ကျွေးမွေးပြုစုလိုက်တာကို ကျွန်တော် မမေ့သေးပါဘူးဗျာ”ဟု ပြောလိုက်ရသည်။ ဦးထွန်းဘော်က ရိုးသားစွာပြုံး၍ ကျွန်တော့်အား ကြည့်နေပါသည်။

“ဒါထက် မပြည့်ွန့်တစ်ယောက်ကော ရှိရဲ့လား။ ကျန်းကျန်းမာမာပဲလား”ဟု ကျွန်တော်က မေးလိုက်ပါသည်။ ဦးထွန်းဘော်က မကြားချင်ပြုကာ ဗလာစာအုပ်ပေါ်ကျသွားသော မင်စက်ကို မင်နှိပ်စက္ကူဖြင့် အသာအယာ တို့နေလိုက်ပါသည်။ ကျွန်တော်နှင့် သူ ထိုင်နေကြသောနေရာမှာလည်း မဝေးလှ။ ကျွန်တော်မေးသည့်အသံမှာလည်း ရှုပ်ရှုပ်ထွေးထွေးလည်း မဟုတ်။ သူ ဘာကြောင့် မဖြေလေသနည်း။ ကျွန်တော် သိချင်စိတ်ကို မျိုသိပ်၍မရသဖြင့် နောက်ထပ် စကားစပ်ရှာကာ မေးလိုက်ပြန်ပါသည်။

“မပြည့်ွန့်တစ်ယောက် ရှိရဲ့လားဦး။ ကျန်းကျန်းမာမာပဲလား”

ဦးထွန်းဘော်က ကျွန်တော့်အား တစ်ချက်မျှ လှမ်းကြည့်ပြီး “မသိဘူးခင်ဗျ”ဟု ခပ်အေးအေးဖြေနေပါသည်။ ‘တစ်ခုခုတော့ ဖြစ်ပြီ’ဟု ကျွန်တော်တွေးမိ၏။ သူ အင်မတန်ချစ်၍ သူ အင်မတန်အားကိုးရသော သမီးကလေး၏အကြောင်း မေးပါသည်ကို အဘယ်ကြောင့် ‘မသိဘူးခင်ဗျ’ဟု အေးစက်စက် အဖြေပေးပြီး စကားစကို ဖြတ်လိုက်လေသနည်း။ ကျွန်တော် များစွာ သိချင်လာပါသည်။သို့ရာတွင် ‘မသိပါဘူး’ဟု အပြီး ပြောထားသော ဦးထွန်းဘော်အား ထပ်မံမေးမြန်းနေပါက အလိုလို မသိလွန်းရာသာ ကျမည်ဖြစ်၍၊ သိချင်လျက်နှင့်လည်း စကားစ ဖြတ်ထားလိုက်ရပါသည်။

ညနေစာ တည်ခင်းကျွေးမွေးသောအခါ ဦးထွန်းဘော်မှာ မည်သို့နေမည် မသိ။ ကျွန်တော့်မှာ မပြည့်ွန့်၏ ချိုအေးသော မျက်နှာကလေးကို များစွာတမ်းတမိသည်။ မပြည့်ွန့်၏ သာယာသောအသံကလေးကို များစွာကြားချင်မိသည်။ မပြည့်ွန့်ကား အိမ်တွင် မရှိတော့ချေ။ မပြည့်ွန့်ရှိစဉ်အခါက အိမ်တွင် လက်တို

**သူ့ကို တိုက်ပြီး မူးတဲ့အခါမှ မြည့်ွန့် အကြောင်း မေးပါ။ သူ ပြောပါလိမ့်မယ်ဆရာ။ ကျွန်တော်တို့ကတော့ နားစွန်နားဖျားပဲ ကြားဖူးတော့ ကောင်းကောင်းမသိဘူး ဆရာရဲ့။**

mgyoe.com

mgyoe.com SAMPLE BOOK

လက်ရှည် ခိုင်းစေနေသော မောင်တုတ်တစ်ယောက်သာ ထမင်းပွဲနားမှာ ရှိတော့သည်။ 'မောင်တုတ်ကို မေးကြည့်ရကောင်းမလား'ဟု ကြံမိသည်။ သင့်, မသင့်တော့ စဉ်းစားရသေး၏။ သို့သော် ကျွန်တော့်တွင် သိချင်နေသောစိတ်က အားကြီးလှသဖြင့် ဦးထွန်းဘော်မရှိခိုက်တွင် မောင်တုတ်ကို လက်တို့ခေါ်ပြီး မေးလိုက်ရတော့သည်။

"ဟော့–မောင်တုတ်။ မပြည့်ညွန့်တစ်ယောက် ဘယ်ရောက်သွားပြီလဲ"

"ဆရာ့ကို အဘိုးကြီးက ဘာမျှ မပြောဘူးလား"

"မပြောဘူးကွယ့်။ ငါမေးတော့' မသိဘူး'လို့ပဲ ဖြေတယ်"

မောင်တုတ်သည် တစ်စုံတစ်ခုကို စဉ်းစားသလို လုပ်နေပြီး အတန်ကြာမှ "ဆရာ အရက်သောက်တတ်သလား"ဟု မရဲတရဲ မေးပါသည်။

"နည်းနည်းပါးပါးတော့ သောက်တာပေါ့ကွယ်။ ဘာဖြစ်လို့လဲ"

"ဆရာ့မှာ နိုင်ငံခြားအရက်တို့ဘာတို့ ပါသလား ဒါဖြင့်"

"ဝီစကီတစ်ပုလင်းတော့ ပါတယ်။ ဒါထက် ဘာဖြစ်လို့လဲကွယ့် မောင်တုတ်ရဲ့။ ငါမေးတာတော့ မင်း မဖြေဘူး"

"ဒီလိုပါဆရာ။ အဘိုးကြီးက အခု အဲသလို ဝီစကီတို့, ဘရန်ဒီတို့ဆို သိပ်ကြိုက်တာ ဆရာရဲ့။ ဆရာ့မှာပါရင် သူ့ကို တိုက်ပြီး မူးတဲ့အခါမှ မြပြည့်ညွန့်အကြောင်းမေးပါ။ သူပြောပါလိမ့်မယ်ဆရာ။ ကျွန်တော်တို့ကတော့ နားစွန်နားဖျားပဲ ကြားဖူးတော့ ကောင်းကောင်းမသိဘူးဆရာရဲ့"

ကျွန်တော့်မှာ မောင်တုတ် ပြောစကားများကို 'ဟုတ်မှ ဟုတ်ပါလေစ'ဟု အံ့သြကာ ပါးစပ်အဟောင်းသားနှင့် နားထောင်၍ နေမိသည်။ ဦးထွန်းဘော် ဝီစကီ,ဘရန်ဒီကြိုက်တတ်သည်ကို ကျွန်တော် အခုမှပင် သိရတော့သည်။ ဤအကြောင်းကို သိရတော့လည်း စိတ်ထဲတွင် အမည်မမှည့်တတ်သော ဝမ်းနည်းခြင်းတစ်မျိုးလည်း ဖြစ်မိ၏။

"ဟုတ်ရဲ့လား မောင်တုတ်ရယ်။ ဦးထွန်းဘော် သောက်သလား"ဟူ၍လည်း ထပ်၍မေးမိပါသည်။

"သမီးရှိတုန်းက မသောက်ဘူးဆရာရဲ့။ နောက် သမီးထွက်သွားမှ စိတ်မချမ်းမသာဖြစ်ပြီး သောက်တာ။ သောက်သမှ အရမ်းပဲဆရာရေ့။ သို့သော်လည်း အလုပ်ဝတ္တရားတော့ မပျက်ရှာပါဘူး။ အစိုးရသား အရာရှိအရာခံများ လာတဲ့အခါ တာဝန်ကျေအောင် ပြုစုပြီးမှ မူးအောင်သောက်ပြီး အိပ်တာပဲ ဆရာရဲ့။ ဆူခြင်းပူခြင်းမရှိပါဘူး။ အဲ–တစ်ခုတော့ ရှိရဲ့။ သူ မူးတဲ့အခါ ကျရင် မြပြည့်ညွန့်အကြောင်း မေးတဲ့လူရှိရင် ပြောတယ်။ ဒါကြောင့် ဆရာ့ကို အဲသလို အကြံပေးရတာ။ မေးပါဆရာရယ် သူ ပြောပါလိမ့်မယ်"

ကျွန်တော့်မှာ မောင်တုတ်၏ စကားများကို မယုံတစ်ဝက် ယုံတစ်ဝက်နှင့်ပင် သို့လောသို့လောတွေးတောရင်း ထိုနေ့ည အဖို့ အိပ်ရာသို့ဝင်ခဲ့ရတော့သည်။ မောင်တုတ်ပြောသော စကားမှန်ဟန်တူသည်။ ထိုနေ့ညက ကျွန်တော် ဦးထွန်းဘော်နှင့် စကားမပြောရတော့ချေ။

နောက်တစ်ရက်တွင် ကျွန်တော့်အလုပ် ပြီးပြီဖြစ်သော်လည်း မပြန်သေးဘဲ တစ်ည ဆက်လက်၍ နေလိုက်ပါသည်။ တစ်နေ့လုံး ဦးထွန်းဘော်၏အရိပ်အကဲကို ကြည့်၍နေပြီး ညနေစောင်းတွင် ကျွန်တော်က သေတ္တာထဲမှ ဝီစကီပုလင်းကို ဦးထွန်းဘော်မြင်အောင် ထုတ်လိုက်ပါသည်။

ကျွန်တော်လည်း မောင်တုတ်၏စကားကို လုံးဝ ယုံကြည်ထားလိုက်ပြီး ဦးထွန်းဘော်အား ဖိတ်ခေါ်လိုက်ရသည်။ အစတွင် ဦးထွန်းဘော်က အားနာသလို ငြင်းဆန်နေသေးသော်လည်း ကျွန်တော်က လှည့်ကာပတ်ကာနှင့် မရမကခေါ်သောအခါ ကျွန်တော်နှင့် မျက်နှာချင်းဆိုင်တွင် လာ၍ ထိုင်ပါတော့သည်။ သို့နှင့် ကျွန်တော်လည်း မောင်တုတ်ယူလာသော ဖန်ခွက် ၂ ခွက်ကို ဦးထွန်းဘော်ရှေ့တစ်ခွက်, ကျွန်တော့်ရှေ့ တစ်ခွက်ထားကာ ပုလင်းကို ဖွင့်၍ ငှဲ့လိုက်ပါသည်။ အရက်နံ့ရသောအခါ ဦးထွန်းဘော် အနည်းငယ် စကားပြောလာသည်။ ပထမတွင် နိုင်ငံခြားအရက်များအကြောင်းမျှသာ ဖြစ်ပါသည်။

ကျွန်တော့်တပည့်ကို ခေါ်၍ ဆိုဒါပုလင်းများ တောင်းယူပြီး အရက် စတင်သောက်ကြပါသည်။ ဦးထွန်းဘော်သည် သူ့ခွက်ထဲတွင် ဆိုဒါအနည်းငယ်မျှသာထည့်ပြီး၊ ဝီစကီကို နှစ်ခြိုက်စွာ သောက်သည်ကို ကျွန်တော်လည်း တအံ့တသြပင် ကြည့်နေမိပါသည်။

မောင်တုတ်ပြောသော စကား ၄ ပုံ ၃ ပုံ မှန်နေပြီဖြစ်သဖြင့် ဦးထွန်းဘော် အတော်ကလေး ရစ်လာပြီဖြစ်သောအချိန်တွင် ကျွန်တော်က စကားစပ်ရှာ၍ မပြည့်ညွန့်အကြောင်းကို မေးလိုက်ပါတော့သည်။ ထိုသို့မေးလိုက်သောအခါ ဦးထွန်းဘော်မှာ မူးစပြုပြီဖြစ်၍ အခြားစကားများဖြင့် လျှာသွက်နေရာမှ ရုတ်တရက် ညှိုးငယ်သွားသလိုလို ထင်မိသည်။ သို့သော် သူ ပြောတော့ ပြောပါသည်။

သိချင်သောစိတ်က ပြင်းပြနေ၍သာ ဦးထွန်းဘော်ကို မေးမိသည်။ တကယ်တော့ ဦးထွန်းဘော်အား သူ့သမီးအကြောင်း မေးရသည်မှာ ရင်ပူစရာ ဖြစ်နေပါသည်။ သူ့ခမျာမှာ ရောဂါအခြေအနေကို သိလို၍ ဆေးဆရာက အနာကို တုတ်နှင့်မွှေခြင်းခံရသူကဲ့သို့ ဖြစ်ရရှာသည်။ ဦးထွန်းဘော်က ဒေါသဖြစ်ချည်တစ်ခါ, မျက်ရည်ကျချည် တစ်လှည့်နှင့် သူ့သမီးအကြောင်းကို ပြောပြပါသည်။ မူးတစ်ဝက်နှင့်ဖြစ်၍ သူ့စကားများမှာ အဆက်အစပ်ရှိသည့်အခါလည်း ရှိသည်။ မရှိသည့်အခါလည်း မရှိ။



mgyoe.com

သို့သော် ကျွန်တော် သိချင်နေသော မမြညွန့်၏အကြောင်းကိုတော့ သိရပေပြီ။

ကျွန်တော် ယခင်တစ်ခေါက် ဦးထွန်းဘော်တို့ အိမ်သို့ ရောက်ခဲ့သည့်နှစ်က မိုးဦးကျဆီတွင် သူတို့အိမ်သို့ မြို့အုပ်တစ်ယောက် တောတက်ရင်း ရောက်လာလေသည်။ ထိုမြို့အုပ်မှာ လူခပ်ငယ်ငယ်အရွယ်ဖြစ်၍ သန်မာထွားကျိုင်းပြီး ရုပ်ရည်ခံ့ညားသည်ဟု သိရသည်။ ဦးထွန်းဘော်၏အိမ်သို့ ရောက်လာသောအခါ မြို့အုပ်မင်းမှာ လမ်းကမိုးမိလာသဖြင့် တစ်ကိုယ်လုံး ရွှဲရွှဲစိုလျက် ခိုက်ခိုက်တုန်အောင် ချမ်းလာလေရော၊ ဦးထွန်းဘော်တို့ သားအဖက မြို့အုပ်မင်းအား ခြောက်သော အဝတ်အစားများ လဲလှယ်စေခြင်း၊ ရေနွေးတည်ကာ ကော်ဖီပူတိုက်ခြင်း၊ အိပ်ရာနေရာများပြင်ဆင်ကာ နွေးသောစောင်များဖြင့် ထွေးပတ်ပေးခြင်း စသည်တို့ဖြင့် ကိုယ်ဖိရင်ဖိ ပြုစုကြလေသည်။

မြို့အုပ်မင်းမှာ ရောက်ပြီး နောက်တစ်ရက်တွင် အတော်သက်သာသွားသော်လည်း အိပ်ရာမှ မထသေးဘဲ၊ သူ့တပည့်များအား မြို့သို့ ပြန်လွှတ်ကာ ဆရာဝန်ကို အခေါ်ခိုင်းလေသည်။ နောက်တစ်ရက်တွင် သူ့တပည့်များနှင့်အတူ ဆရာဝန်ပါလာ၍ စမ်းသပ်ကြည့်ပြီးလျှင် မြို့အုပ်မင်းမှာ အဖျား မရှိတော့သော်လည်း ခရီးသွား၍ မဖြစ်သေးကြောင်း ၇ ရက်ခန့် မလှုပ်မရှား အိပ်ရာထဲတွင် နေရမည်ဖြစ်ကြောင်း ပြောလေသည်။ မြို့အုပ်နှင့် ဆရာဝန်တို့မှာ အတော်ပင် ရင်းနှီးခင်မင်ကြဟန် တူပေသည်။ တစ်ရက်တာမျှ တွေ့ကြသည့်အတောအတွင်းပင် သူတို့ ၂ ဦး ရယ်ရယ်မောမောနှင့် အင်္ဂလိပ်စကား တရွှတ်ရွှတ် ပြောကြသည်။ အရက်လည်း သောက်ကြသည်။ သို့သော် ပြန်ခါနီးတွင် ဆရာဝန်က ဦးထွန်းဘော်သားအဖနှင့် စကားပြောရင်း 'မြို့အုပ်မင်းအား ၇ရက်မျှ ဘယ်မှမသွားစေဘဲ အိပ်ရာထဲမှာသာ ကျွေးရန်နှင့် နံနက် ၄ နာရီတိုင်း ဆန်ပြုတ်တစ်ပန်းကန်တိုက်ရန်' မှာခဲ့သေးသည်။ ရေကဲ့သို့ ကြည်လင်သော ဆေးပုလင်းတစ်လုံး၌ အမှတ်များကပ်ကာ ည ၁၂ နာရီတိုင်း တစ်မှတ်တစ်မှတ် တိုက်ရန်လည်း မှာခဲ့သေးသည်။ သဘောကောင်းသော ဦးထွန်းဘော်တို့ သားအဖကလည်း 'ဘာမျှမလစ်ဟင်းစေရပါ။ စိတ်ချပါ'ဟု ဆရာဝန်ထံ၌ အာမခံလိုက်ကြသည်။ ဆရာဝန်က 'ပြန်တော့မည်'ဟု နှုတ်ဆက်ရင်း၊ "မြို့အုပ်မင်းကလေး မိဝေးဖဝေးနှင့် သူ့ခမျာ တစ်ကိုယ်ရေတစ်ကာယ သူများမြို့ရွာ လာနေရရှာတာ။ ဦးတို့က မိဘသဖွယ် စောင့်ရှောက်ကြပါဗျာ"ဟုလည်း မှာသွားလေသည်။

နာမကျန်းဖြစ်နေသော မြို့အုပ်မင်းကလေး ဦးထွန်းဘော်တို့အိမ်၌ နေသွားသော ၇ ရက်အတွင်း ဦးထွန်းဘော်တို့ သားအဖက ဘာမျှလိုလေသေးမရှိရအောင် ပြုစုကြသည်။ နံနက် ၄ နာရီ ဆန်ပြုတ်နှင့် ည ၁၂ နာရီ ဆေးတို့ကို မမြညွန့်တို့က ဂရုစိုက်၍ တိုက်ကျွေးပြုစုသည်။ ဦးထွန်းဘော်မှာ ရုံးတော်အမိန့်စာ, အစီရင်ခံစာတို့နှင့် အလုပ်များနေ၍၊ မမြညွန့်သာ ဤမြို့အုပ် လူမမာကလေးအတွက် သူနာပြုဆရာမကလေး ဖြစ်နေတော့သည်။ သူ့သမီးကို သိပ်ချစ် သိပ်ယုံသော ဦးထွန်းဘော်မှာ ဤမြို့အုပ်ကလေးအပေါ်တွင် လည်းကောင်း၊ သူ့သမီးအပေါ်တွင် လည်းကောင်း ဘာမျှ မယုံသင်္ကာမဖြစ်မိရှာချေ။

၇ ရက်မြောက်သောနေ့ နံနက်တွင်ကား မြို့အုပ်မင်း ပြန်ရန် မြို့မှ မော်တော်ကား ရောက်လာလေသည်။ ထိုအချိန်တွင် မြို့အုပ်မင်းကလေးမှာ ဦးထွန်းဘော်တို့ အိမ်သားတစ်ယောက်ကဲ့သို့ ဖြစ်နေပြီး အတော်ပင် ခင်မင်ရင်းနှီးနေကြပြီဖြစ်၍၊ အပြန်တွင် မမြညွန့်က 'မြို့ရှိ ဆွေမျိုးများထံ အလည်လိုက်ပါရစေ'ဟု ပြောလေသည်။ သဘောအမှန်ကို မသိရှာသော ဦးထွန်းဘော်ကလည်း မည်သူ့ကိုမဆို ယုံကြည်ပြီးဖြစ်သည့် အတိုင်း မြို့အုပ်ကလေး၏ကားကြုံနှင့် မမြညွန့် မြို့သို့ သွားမည်ဆိုသည်ကို မကန့်ကွက်လိုက်မိချေ။

မူလက '၇ ရက်ခန့်အတွင်း အရောက်ပြန်ခဲ့မည်'ဟု ပြောသွားသော်လည်း ၁၀ ရက်ခန့်ကြာ၍ မမြညွန့် ပြန်မလာသောအခါ၊ စိတ်ပူစ ပြုလာသဖြင့် မြို့သို့လူလွှတ်၍ ဆွေမျိုးများထံ မမြညွန့် ပြန်ပို့ရန် စာရေးရလေသည်။ လွှတ်လိုက်သောလူ ပြန်လာသောအခါ၊ ဦးထွန်းဘော်မှာ မတ်တတ်က လဲမတတ်ဖြစ်အောင် သတင်းဆိုးကို ကြားရသည်။

မမြညွန့်သည် မြို့ရှိ ဆွေမျိုးများထံသို့ မည်သည့်အခါကမျှ မလာကြောင်းပင် ဖြစ်လေသည်။ သို့နှင့် ရင်တွင်း၌ မီးတောက်လျက် သူကိုယ်တိုင် မြို့သို့ တက်ခဲ့ရသည်။ ဆွေမျိုးမကင်းသူတို့အား အကျိုးအကြောင်းကို ပြောပြသောအခါ အားလုံးကပင် ဦးထွန်းဘော်အား အပြစ်ဆိုကြသည်။ မြို့အုပ်ကလေး ဆိုသူကို စုံစမ်းရာ ထိုမြို့တွင် မရှိတော့။ မကြာမီကပင် ခရိုင်ရုံးစိုက်မြို့ကြီးသို့ ပြန်ရလေပြီဟုသာ သိရသည်။ မြို့ပေါ်တွင် စုံစမ်းပြန်သောအခါ ထိုမြို့အုပ်ကလေးနှင့် မမြညွန့်ပါသွားသည်ကို မည်သူမျှ မမြင်ကြောင်း သိရသဖြင့် ဦးထွန်းဘော်မှာ စိတ်အေးရမလို စိတ်ပိုပူရမလိုဖြစ်ကာ ခရိုင်ရုံးစိုက်မြို့အထိ လိုက်ခဲ့ရပြန်သည်။

ရာထူးရာခံ, အမည်နာမနှင့်တကွ လိုက်လံစုံစမ်းလိုက်သောအခါ၊ မမြညွန့်အား ခေါ်သွားသော မြို့အုပ်ကို တွေ့ရလေသည်။

သမီးကလေးအတွက် မျက်နှာငယ်စွာ ပျာတာ, ထမင်းချက်တို့ကအစ ရှိခိုးမတတ် ကပ်ရပ်ပေါင်းသင်းကာ ထိုမြို့အုပ်၏ နေအိမ်သို့ ချဉ်းကပ်မိသောအခါ၊ ဦးထွန်းဘော်မှာ သာ၍ဆိုးသော အဖြစ်နှင့် တွေ့ရရှာသည်။ မြို့အုပ်မင်းမှာ ဆရာဝန်ပြောသွားသလို တစ်ကိုယ်ရေတစ်ကာယ မဟုတ်ရှာ။ သားနှင့် မယား

mgyee.com SAMPLE BOOK

နှင့်ဖြစ်နေပြန်သည်။

မြို့အုပ်မင်းထံမှ သမီးကလေးကို မတွေ့ရသောအခါ၊ ဦးထွန်းဘော်လည်း သူကောင်းစွာ မှတ်မိသော မြို့အုပ်မင်းထံသို့ ဝင်ကာ ထိုင်၍ရှိခိုးမတတ် မျက်နှာအောက်ချလျက် သမီးကလေး အကြောင်း စုံစမ်းရရှာတော့သည်။ မြို့အုပ်မင်းမှာ မျက်စိမျက်နှာ ပျက်လျက် ဦးထွန်းဘော်အား သူ့မင်းကတော်များ မမြင်နိုင်၊ မကြားနိုင်ရာသို့ ဆွဲခေါ်သွားပြီး တိုးတိုးတိတ်တိတ်စကားပြော လေသည်။

"ဦးထွန်းဘော် ပြန်သွားပါဗျာ။ မမြညွန့်လည်း ဒီမှာ ပျော်နေပါတယ်။ အိမ်တစ်ဆောင် မီးတပြောင်နှင့် ထားတာပါ"ဟု ပြောပြီး ဦးထွန်းဘော်၏လက်ထဲသို့ တစ်စုံတစ်ရာထည့်ပေးကာ အိမ်တွင်းမှ တွန်းပြီး အပြင်သို့ ထုတ်လိုက်သည်။ မကြာသေးမီက ကျွေးမွေးပြုစုလိုက်ရသော ကျေးဇူးပေတကား။

အပြင်သို့ရောက်လျှင် ဦးထွန်းဘော်လည်း လက်ထဲ၌ပါ လာသော အရာတို့ကို ကြည့်လိုက်မှ ငွေစက္ကူများဖြစ်သည်ကို သိရကာ၊ စိတ်ထဲ၌ တနုံ့နုံ့ဖြစ်လာသောကြောင့် အိမ်ရှေ့မှာပင် ထိုငွေစက္ကူများကို အစိတ်စိတ် အမြွာအမြွာ ဆုတ်ဖြဲပစ်လိုက် လေသည်။

ထို့နောက် ရင်ထဲ၌ မီးတောက်လျက်တည်း အိမ်သို့ ပြန်ကာ မိတ်ဆွေများနှင့် တိုင်ပင်ရပြန်သည်။ မိတ်ဆွေများ၏ အကူအညီဖြင့် လိုက်လံစုံစမ်းသောအခါ သမီးကလေးမမြညွန့် နေသောနေရာကို သိရလေသည်။ ထိုအခါ ဦးထွန်းဘော်လည်း ထိုအိမ်သို့ သွားကာ သမီးကလေးအား ဝင်ခေါ်ရန်ကြိုးစား သော်လည်း အစောင့်ထားသော မိန်းမကြီး၏ ခက်ထန်မှုကြောင့် အိမ်ဝင်းထဲသို့ပင် ရောက်အောင် မဝင်နိုင်ရှာချေ။

နေ့စဉ်နေ့တိုင်း ထိုအိမ်၏ အနီး၌ ရစ်သီရစ်သီလုပ်ကာ သမီးကလေး၏မျက်နှာကို မြင်ရနိုး မြင်ရနိုးနှင့် စောင့်နေပါသော် လည်း သူ့သမီးကလေးကိုကား သေချာစွာ မမြင်ရချေ။ ရိပ်ခနဲ ရိပ်ခနဲ မိန်းမတစ်ယောက်၏သဏ္ဌာန်ကို တစ်ခါတစ်ခါ မြင်လိုက် မိသော်လည်း ထိုမိန်းမမှာ 'အလွန်ခေတ်ဆန်၍ လှပစွာ ဝတ် စားထားသည်'ဟု ထင်သည်။ ဤမျှလော်လည်သော အဝတ် အစားများနှင့် သူ့သမီးနှင့် စပ်ဟပ်၍မရသဖြင့် 'မဟုတ်ဘူး' ဟူ၍သာ ယုံကြည်နေရှာသည်။

ဤသို့ နေ့စဉ်ရက်ဆက် မသူတရူလုပ်၍ စောင့်ဖန်များသော် အိမ်၏အရိပ်အခြည်ကို သိလာသည်။ အစောင့်မိန်းမကြီးနှင့် သူ့ယောကျ်ားဘိန်းစားအဖိုးကြီးတို့၏ လစ်ကွက်ကိုလည်း မြင်လာသည်။ သို့နှင့် ဦးထွန်းဘော်သည် လူကြီးလူကောင်း စင်စစ်က သူခိုးဖြစ်ရကာ ထိုအိမ်ပေါ်သို့ လျှို့ဝှက်၍ တက်ခဲ့မိ လေသည်။

အိမ်ပေါ်တွင် မြို့အုပ်မင်းဆိုသူ တက်လာသည်ကို ဦးထွန်း ဘော်က မီးဖိုအကွယ်မှနေ၍ မြင်လိုက်သည်။ မြို့အုပ်မင်း အပေါ်သို့ရောက်သောအခါ၊ သူလည်း မသူတရူလုပ်၍ လှေကား မှပင် တက်လိုက်သွားမိ၏။ စေ့ထားသော တံခါးမှနေ၍ အတွင်းဘက်သို့ လှမ်းကြည့်လိုက်သောအခါ၊ မြို့ပိုင်မင်းသည် ပက်လက်ကုလားထိုင်ကြီး တစ်လုံးပေါ်တွင် အစွင့်သားထိုင်လျက် ရှိသည်ကို တွေ့ရသည်။ များမကြာမီ မမြညွန့်က ခေတ်ဆန် လှပသော အဝတ်အစားများ ဝတ်ဆင်ကာ လက်ထဲမှ ပုလင်းနှင့် ဖန်ခွက်များကိုင်လျက် အိပ်ခန်းထဲမှ ထွက်လာ၍ "ကိုကိုရေ၊ ရောက်နေတာ ကြာပလား"ဟု ညုတုတုမေးရင်း ကုလားထိုင် လက်တင်ပေါ် တွင် တင်ပါးလွှဲထိုင်လိုက်သည်ကို ဦးထွန်းဘော် မြင်လိုက်ရသည်။ သူ မကြာခဏ ရိပ်ခနဲရိပ်ခနဲမြင်လိုက်ရသော မိန်းမသဏ္ဌာန်မှာ သူ့သမီးအစစ်ဖြစ်သည်ကို သိရခြင်း၊ ယခု သူ့မျက်စိနှင့် တပ်အပ် သမီးဖြစ်သူ၏မဖွယ်ရာသော မယားငယ် အဖြစ်ကို မြင်လိုက်ရခြင်းတို့ကြောင့် ဦးထွန်းဘော်မှာ ဘာလုပ် ရမှန်း မသိမီ စေ့ထားသောအခန်းတံခါးကို တွန်းကာ အထဲသို့ ဝင်လိုက်မိရှာလေတော့သည်။

"ဟော–ဘယ်သူလဲ"ဆိုပြီး မမြညွန့်က လှည့်အကြည့် လိုက်တွင် သူ့အဖေဟု မြင်လိုက်ရသဖြင့်၊ "ဖေဖေ"ဟု အလန့် တကြားအော်ကာ မူးမေ့လဲကျသွားလေသည်။ ထိုအခါ မြို့အုပ်မင်းထိုင်ရာမှ ဒေါသတကြီးထကာ ဦးထွန်းဘော်ရှိရာသို့ လာပြီးလျှင် "ခင်ဗျား ဒီမှာ ဘာလာလုပ်တာလဲ။ ကျုပ်ကို သတ်ဖို့ လိုက်နေတာလား။ ထွက်သွား။ ထွက်သွားပါ"ဟု အော်ဟစ်ကာ ဦးထွန်းဘော်အား လက်သီးလက်မောင်းတန်း၍ နှင်လေသည်။ ဦးထွန်းဘော်လည်း လူပင်ဖြစ်သောကြောင့် ဒေါသကို မချုပ်တတ်သောအလှည့်နှင့်ကြုံရကား ထိုနေရာတွင် ပင် မြို့အုပ်မင်းနှင့် သတ်မောင်းပုတ်မောင်း ဖြစ်ကြရတော့ သည်။

နောက်ဆုံးတွင် သမီးအတွက် မစားနိုင်မအိပ်နိုင်ဖြစ်ခဲ့ သည်မှာ ကြာပြီဖြစ်၍ အားနည်းတုန်ချည့်လျက်ရှိသော ဦးထွန်း ဘော်သည် မိမိ၏လည်ပင်း၌ သန်မာသော လက်ချောင်းကြီးများ လာ၍ ညှစ်ပြီးလျှင် မိမိအား လှေကားထိပ်မှ တွန်းချလိုက်သည် ကိုသာ သိလိုက်ရတော့သည်။ သတိရ၍ မျက်စိများကို ဖွင့်ကြည့် လိုက်သောအခါ ဦးထွန်းဘော်မှာ ဆေးရုံသို့ရောက်နေကြောင်း သိရလေသည်။ အနီးတွင် ပုလိပ်တစ်ယောက်စောင့်နေ၍ မေးကြည့်ရာ၊ မိမိမှာ မြို့အုပ်၏ မယားငယ်နေသော အိမ်တွင်းသို့ ဖောက်ထွင်းခိုးယူရန်ကြံစည်သော သူခိုးအဖြစ် အချုပ်နှင့် ဆေးရုံသို့ရောက်နေကြောင်းကို သိရပြန်သည်။

ဦးထွန်းဘော်၏ အကုသိုလ်ကံသည် သူ့အား နှိပ်စက်၍ပင် အားမရနိုင်။ ဦးထွန်းဘော်၏ အသိမိတ်ဆွေများက စုံစမ်းမေးမြန်း

mgyo...com SAMPLE BOOK

ပြီးလိုက်လာကာ အမှုမှကင်းလွတ်အောင် ကြံစည်လုပ်ကိုင်ပေးကြသည်။ စင်စစ် သူ့အမှုမှာ တကယ့်အမှုမဟုတ်။ လုပ်ကြံထားသော အမှုသာဖြစ်၍ ပျောက်ဖျက်ရန် မခက်လှ။ 'လှေကားပေါ်မှကျသော ဒဏ်ရာပျောက်လျှင် ဤမြို့မှ ထွက်ခွာသွားပါစေမည်'ဟူသော ကတိရရုံဖြင့် အမှုပျောက်သွားသည်။

သို့သော် ဦးထွန်းဘော်ကတော့ "အမှုဆိုင်ရလျှင်လည်း ဆိုင်ရပါစေ၊ ထောင်ကျတော့လည်း ကျပါစေ။ သူ့သမီးကလေးအဖြစ်ကို မြင်ရပြီးမှတော့ ဤလူ့ပြည်တွင် မသေလို့ နေရစေဦးတော့ ဘယ်မှာ နေရနေရ မထူးတော့ပါ"ဟု ဆိုသည်။

အဖြစ်မှန်ကိုသိကြသော မိတ်ဆွေအချို့က "ခံမနေနှင့်။ ဒီမြို့အုပ်စုတ်ကို ထောင်ချပစ်။ ကျုပ်တို့ဝိုင်းပြီး စောင့်ရှောက်ပါ့မယ်။ တရားစွဲပါ"ဟု မခံမရပ်နိုင်ဖြစ်ကာ ဦးထွန်းဘော်ကမူ "တရားလည်း မစွဲလိုတော့ပါ။ ဤအဖြစ်အပျက်များကို သူမေ့လိုက်ပါရစေတော့"ဟု ပြောကာ ဆေးရုံမှဆင်းဆင်းချင်း ရွာသို့သာ ပြန်ခဲ့လေတော့သည်။

"ကျုပ်ဗျာ–ကျုပ်သမီးကလေးတော့ မချစ်လို့ မဟုတ်ပါဘူး။ ဒါပေမယ့် သတိရတဲ့အခါတိုင်း 'သေပါစေ–သေပါစေ'လို့ ဆုတောင်းမိပါတယ်။ 'မြညွန့်၊ မြန်မြန်သေပါစေ။ ကျုပ်လည်း မြန်မြန်သေပါစေ'လို့ ဆုတောင်းတယ်"

ဦးထွန်းဘော်သည် အင်္ကျီလက်ကိုပင့်၍ ကျလာသော မျက်ရည်များကို သုတ်သည်။ ကျွန်တော့်မှာ မမြညွန့်၏အဖြစ်ကို လည်းကောင်း၊ ဦးထွန်းဘော်၏အဖြစ်ကို လည်းကောင်း၊ ရင်ထုမနာဖြစ်မိကာ၊ 'မေးမှမေးမိလေခြင်း၊ ဦးထွန်းဘော်၏ အနာဟောင်းကို ဆွမိလေခြင်း' ဟု နောင်တကြီးစွာ ရမိပါသည်။ စိတ်ထဲ၌ အဆင်းရဲဆုံးမှာ မမြညွန့်ကလေး လိမ္မာရှာပါလျက် ပျက်စီးခြင်းမလှ ပျက်စီးသွားရခြင်းပင် ဖြစ်ပါတော့သည်။ မမြညွန့်လို မိန်းကလေးတစ်ယောက်ကို လှည့်ဖြား၍ မယားငယ် ပြုဝံ့သော အရာရှိကိုလည်း စိတ်ထဲမှ မုန်းတီးရွံရှာမိသည်။ ဤအဖြစ်ဆိုးမျိုးနှင့် ကြုံရသည်မှာ မမြညွန့် ပထမဆုံး မဟုတ်၊ နောက်ဆုံးလည်း မဟုတ်ချေ။

ပထမတစ်ခေါက် သပြေကန်က ပြန်ခဲ့စဉ်က လမ်းတစ်လျှောက်လုံး မမြညွန့်တို့သားအဖ၏ ချမ်းမြေ့သောဘဝ၊ မမြညွန့်၏ ကြည်လင်သော မျက်နှာကလေးတို့ကို တစိမ့်စိမ့် ထင်မြင်ရင်း ချမ်းသာစွာပြန်ခဲ့ရသည်။ ယခုတစ်ခေါက်အပြန်တွင်မူ သူတို့အကြောင်းကို တွေးမိတိုင်း ရင်ထဲတွင် နင့်ခနဲနင့်ခနဲ ဖြစ်တတ်သော ဝေဒနာကြီးနှင့်သာ ပြန်ခဲ့ရပါသည်။

## – ၃ –

နောက် ၃ နှစ်ကျော်ကျော်ကြာသောအခါ ကျွန်တော် သပြေကန်ရွာဘက်သို့ တတိယအကြိမ် ရောက်ခဲ့ပြန်ပါသည်။ ကျွန်တော့်အသိဉာဏ်ထဲတွင် သပြေကန်ရွာနှင့် ဦးထွန်းဘော်သမီး မမြညွန့်တို့ ဆက်တွဲလျက် မထွက်ဘဲရှိသဖြင့် လမ်းတစ်လျှောက်လုံး သူတို့အကြောင်းကိုပင် စဉ်းစားလာခဲ့သည်။

'ခုလောက်ရှိ မမြညွန့်ကို မြို့အုပ်က စွန့်ပစ်လိုက်၍ သူ့အဖေ အိမ်ကိုများ ပြန်ရောက်နေလေပြီလား။ ပြန်ရောက်နေပြီဆိုလျှင် ယခင်ကကဲ့သို့ ချမ်းမြေ့သောဘဝသို့ ပြန်ရောက်နေမည်' ဟုလည်း စိတ်ကူးနှင့် ထင်မြင်ကြည့်မိသည်။

'အကယ်၍ မမြညွန့် အိမ်ပြန်ရောက်နေသည့်တိုင်အောင် ခံမှန်ဖူးသောစာသူငယ် ဖြစ်နေ၍ ရောက်လာသောဧည့်သည်များအပေါ် ရှေးကလို ဖော်ဖော်ရွေရွေမှ ရှိပါဦးမည်လား'ဟုလည်း သံသယဖြစ်မိ၏။ သို့သော် ကျွန်တော်၏စိတ်ကူးတို့မှာ စိတ်ကူးမျှသာ ဖြစ်လေသည်။

ကျွန်တော် ကောင်းစွာမှတ်မိသော ဦးထွန်းဘော်၏အိမ်ရှေ့သို့ ရောက်သောအခါ အိမ်ကလေးမှာ ဟေးလားဝါးလားနှင့် ကာလသားလူငယ်ကလေးများစုံလှသော လက်ဖက်ရည်ဆိုင်ကလေးတစ်ဆိုင် ဖြစ်၍ နေပါသည်။ လက်ဖက်ရည်ဆိုင်ဟု ဆိုရသော်လည်း ထန်းရည်နှင့် အရက်များလည်း ရနိုင်သည်ဟု သိရ၏။

ကျွန်တော်လည်း ရင်ထဲတွင် ဟာခနဲ ဖြစ်သွားပြီးလျှင် သတိကို ဖြစ်စေလျက် ဆိုင်ထဲသို့ဝင်၍ ဦးထွန်းဘော်ကို စုံစမ်းလိုက်ရပါတော့သည်။

"အဖိုးကြီး မနှစ်ကွေက ဆုံးရှာပြီခင်ဗျ"

ဆိုင်ရှင်က ကျွန်တော့်အမေးကို ခပ်အေးအေးဖြေလိုက်ပါသည်။ ကျွန်တော်လည်း "အို"ဟု ဆိုလိုက်မိပြီးမှ "ဘယ်လို ဘယ်လို၊ ဘယ်လို ဖြစ်တာလဲ။ ဘာရောဂါနှင့် ဆုံးရှာလဲ"ဟု ဆက်မေးလိုက်ရပါသည်။

"ကျုပ်လည်း ကောင်းကောင်းမသိပါဘူးဗျာ။ တချို့က ပြောတော့ အရက်အမူးလွန်ပြီးသေတယ် ပြောကြတာပါပဲ။ ကျုပ်က ဒီရွာကိုရောက်တာ မကြာသေးဘူး။ သိချင်ရင် ရွာကလူတွေ မေးပါလား"

ကျွန်တော်လည်း ရွာသားများကို လှည့်ကြည့်လိုက်သည်။ သူတို့ဟာနှင့်သူတို့ မူးယစ်အော်ဟစ် ငြင်းခုံနေကြသဖြင့် မမေးချင်တော့။

ကျွန်တော်မှာ ကိစ္စအထူးရှိ၍ မဟုတ်။ အလုပ်အနည်းငယ် အားလပ်သဖြင့် ဦးထွန်းဘော်ကို တွေ့လို၍ လာခဲ့ခြင်းသာ ဖြစ်ပါသည်။ ယခု ဦးထွန်းဘော်လည်း မရှိတော့၊ ကျွန်တော် ဘယ်မှာ တည်းခိုရမည်ပင်မသိ ဖြစ်နေတော့သည်။

SAMPLE BOOK

"ဒီရွာကို အစိုးရသားတွေဘာတွေလာတော့ ဘယ်မှာ တည်းတတ်ကြလဲ"

ကျွန်တော်က ဆိုင်ရှင်ထံမှ စုံစမ်းလိုက်ရသည်။ ဆိုင်ရှင်လည်း ဇဝေဇဝါဖြစ်နေပြီးမှ "အစိုးရသားရယ်လို့ ညအိပ်ညနေ မလာပါဘူးဗျာ။ ပုလိပ်သားတို့ သမ္မန်ပျာတာတို့တော့ လာရဲ့။ သင့်ရာသင့်ရာမိတ်ဆွေတွေဆီ တည်းသွားကြထင်ပါရဲ့။ ဆရာက အစိုးရဖက်ကလား"ဟု မေးပါသည်။

ကျွန်တော်လည်း ဆိုင်ရှင်အား ဘာမျှပြန်မပြောဘဲ တစ်ဖက်သို့လှည့်၍ စဉ်းစားနေလိုက်ပါသည်။ 'ယခုပင် လှည့်ပြန်ရ ကောင်းမလား။ သင့်ရာ တစ်နေရာရှာပြီး တစ်ည တည်းခိုရမလား'။

အချိန်ကလည်း စောသေးသည်နှင့် ကျွန်တော် စိတ်ကူးတစ်ခုရကာ ဆိုင်ရှင်ဘက်သို့လှည့်၍–

"ဦးထွန်းဘော်ကို သင်္ဂြိုဟ်တုန်းက ရှိတဲ့လူများ မရှိဘူးလား"ဟု မေးလိုက်ပါသည်။

"ကျုပ်တော့ မသိဘူး။ ဘာလုပ်ချင်လို့လဲ"

"သူ့မြေပုံကို သွားကြည့်ချင်လို့ဗျာ။ တစ်ယောက်ယောက် လိုက်မပြနိုင်ဘူးလား"

ဆိုင်ရှင်က အတန်ကြာစဉ်းစားနေပြီး ခပ်လှမ်းလှမ်း၌ ကစားနေသော ၁၂နှစ်သားအရွယ်ကလေးတစ်ယောက်ကို လှမ်း၍ ခေါ်လိုက်ပါသည်။

သူငယ်ကလေး ရောက်လာသောအခါ ဆိုင်ရှင်က "ဟေ့–ပေတိုး။ မင်း အရင် ဒီအိမ်က သူကြီးဟောင်းကြီးမြှုပ်တဲ့နေရာကို သိတယ်မဟုတ်လား"ဟု မေးရာ သူငယ်ကလေးက ခေါင်းညိတ်၍ ပြပါသည်။

ကျွန်တော်လည်း တပည့်များကို ထိုဆိုင်ကလေးမှ ခေတ္တစောင့်ရန် မှာခဲ့ပြီး၊ ထိုသူငယ်ကလေးနှင့်အတူ သုသာန်ကုန်းဘက်သို့ လာခဲ့သည်။ သူငယ်ကလေးက လမ်းလျှောက်ရင်း ကျွန်တော့်အား အထူးအဆန်းသဖွယ်ကြည့်ကာ မေးခွန်းများ ထုတ်၍လာပါသည်။

"ဦးလေး။ ဘယ်ရွာကလဲ"

ကျွန်တော်က ကျွန်တော့်အရပ်ကို ပြောပြရသည်။

"ဦးလေးနှင့် ဘိုးထွန်းဘော်ကြီးနှင့် ဘာတော်လဲ"

"မတော်ပါဘူးကွယ်။ မိတ်ဆွေမို့ပါ"

"အရင်တစ်ခါလည်း မိန်းမတစ်ယောက်လာတယ်။ ကလေး ၂ ယောက်နှင့်"

"ဟေ"

ကျွန်တော်လည်း မောင်ပေတိုး၏စကားကို စိတ်ဝင်စားလာကာ "ဘယ်က မိန်းမလဲကွယ့်။ ဘယ်သူတဲ့လဲ"ဟု ဆင့်ကာဆင့်ကာမေးလိုက်သည်။

"မသိပါဘူးဗျာ။ ကလေးလေး ၂ ယောက်။ မော်တော်ကားကြီးနှင့် လာတယ်။ အဲဒီဆိုင်ရှေ့ရောက်တော့ သူ ဆင်းမေးတယ်။ နောက် ဘိုးထွန်းဘော် မြှုပ်တဲ့နေရာကို သွားချင်တယ် ဆိုတာနှင့် ကျွန်တော်ပဲ လိုက်ပို့ရတယ်။ ကလေးတွေကိုတော့ မော်တော်ကားပေါ်မှာ ထားခဲ့တယ်"

ကျွန်တော်လည်း မပြည့်သွန်၏ပုံသဏ္ဌာန်ကို ထင်မြင်၍ ကြည့်မိသည်။ မောင်ပေတိုးက ဆက်လက်၍ပြောလာ၏။

"အဲဒီ မိန်းမကလေး ဦးလေး သိလား။ ဘိုးထွန်းဘော်ရဲ့ မြေပုံကို ကျွန်တော်ပြလိုက်တော့ ကျွန်တော့်ကို ငွေ ၂ ကျပ် ထုတ်ပေးတယ်ဗျာ။ သိပ်သဘောကောင်းတဲ့ မိန်းမကြီး။ ကျပ်တန်စက္ကူအသစ်ကလေးတွေ။ မြေပုံလည်း ပြပြီးရော– ပိုက်ဆံပေးပြီး 'မင်း ပြန်နှင့်ကွယ်–ငါပြန်တတ်ပါတယ်'ဆိုပြီး သူတစ်ယောက်တည်းနေရစ်တယ်ခင်ဗျ။ ကျွန်တော်လည်း ခပ်လှမ်းလှမ်းက ရပ်ကြည့်နေတော့ မြေပုံကို ဖက်ဖက်ပြီးငိုတာ မြင်ရတယ်။ ဘိုးထွန်းဘော်နှင့် ဘာတော်လဲမသိဘူး"

ကျွန်တော်လည်း မပြည့်သွန်ကိုသာ မျက်စိထဲ၌ မြင်နေသည်။ မောင်ပေတိုးကလည်း စကားတပြောပြောနှင့်ပင် သုသာန်ကုန်းသို့ ရောက်လာကြသည်၊

"ဟော–ဟောဒါပဲခင်ဗျ။ အဘိုးကြီးမြှုပ်တဲ့နေရာ"

အကာအရံ အမှတ်အသားမရှိသော မြေပုံတစ်ခုကို မောင်ပေတိုးက ညွှန်ပြလိုက်ပါသည်။ ကျွန်တော်လည်း အိတ်ထဲမှ အသစ်ဆုံး ကျပ်တန်စက္ကူ ၂ ရွက်ကို ထုတ်ယူကာ မောင်ပေတိုးအားပေးရင်း "ကျေးဇူးတင်ပါတယ်ကွယ်။ ကဲ–မင်းပြန်နှင့်ပေတော့။ ဦးလေး လမ်းသိပါပြီ"ဟု ပြောလိုက်ပါတော့သတည်း။

ရှုမဝမဂ္ဂဇင်း။ မတ်လ ၁၉၅၆။

mgyoe.com

mgyoe.com SAMPLE BOOK

# အရှူး ကိုတင်

– ၁ –

ထိုနေ့က ကျွန်တော့်တွင် ဘာကိစ္စမျှ အရေးတကြီးလုပ်ဆောင်ရန် မရှိတော့သဖြင့် ရေမိုးချိုးပြီး အေးအေးလူလူစာဖတ်လျက်ရှိစဉ် ရင်းနှီးသော မိတ်ဆွေတစ်ယောက် ရောက်လာပါသည်။ ရောက်မဆိုက်ပင် သူက "ဟေး–ကိုယ့်လူ၊ လိုက်ဦးမယ် မဟုတ်လား"ဟု မေးလိုက်ပါသည်။

ဘာမျှလည်း ချိန်းချက်မထားသဖြင့် ကျွန်တော်လည်း ခပ်ကြောင်ကြောင် ဖြစ်သွားပြီးမှ "ဘယ်ကိုလဲဗျ"ဟု မေးလိုက်ရ၏။

"မသာပို့လေ။ အို–ခင်ဗျား မသိဘူးလား"

"မသိဘူးဗျ။ ဘယ်သူ သေပြန်လို့လဲ"

"အို–ရှော်တဲ့လူပဲ။ သတင်းစာထဲမှာ မတွေ့ဘူးလား။ မလှဆင်လေ။ ကျုပ်တို့ကို ချစ်ခင်တဲ့မိန်းမ"

"ဟယ်–မလှဆင်လေ၊ ဆုံးရှာပလား"

"ဆုံးရှာလို့မှ သေတောင်ပြီးပြီ ဆရာရေ့။ အဲဒါ ဒီကနေ့ ချမယ်။ ခင်ဗျား လည်း လိုက်ပို့မှာပဲဆိုပြီး ဝင်လာတာ"

"ဟာ–လိုက်ရမှာပေါ့။ အင်း–ဖြစ်မှဖြစ်ရလေဗျာ။ နေမကောင်းဘူးလို့တော့ သတင်း အကြားသား။ ခပ်ပေါ့ပေါ့ပဲ အောက်မေ့တာ။ ဟောဒီ 'ကိုချစ်ခင်'ဆိုတဲ့ လူတစ်ယောက်လည်း အတော် မယားကံနည်းရှာတဲ့လူဗျာ။ မလှဆင်နှင့်ရတာ ဘာကြာသေးလို့လဲ။ သူ့ခမျာ ဒါပါနှင့်ဆိုရင် ၃ ယောက်ရှိရှာပြီ ထင်တယ်"

"ဘယ်နှယ့်–မယားကံနည်းရမလဲ။ မဟုတ်တာပဲ။ ဒါ မယားကံကောင်းတာ ခင်ဗျ။ ခင်ဗျားတို့ ကျုပ်တို့မှာ သူ့လို ၃ ယောက် မပြောနှင့်၊ ၁ ယောက်က ၂ ယောက် ရဖူးကြလို့လား။ ဟော–အခုဆို ဖိုးချစ်ခင်တို့ စန်းထချင်တော့ နောက် တစ်ယောက်ရဖို့ အလားအလာ ရှိပြန်ပြီလေ"

"တယ်နောက်တဲ့ လူပဲ။ ဟိုမှာ လူသေပါတယ်ဆိုမှ အာချောင်ပြီး အားကျ နေပြန်ပါပြီ။ ကိုချစ်ခင်ကို အားကျတာနှင့် အိမ်ကကြက်မကြီးလည်း ရိက်သတ် မနေပါနှင့်ဦးဗျာ။ ကဲ– လာ၊ သွားကြစို့"

ဤသို့လျှင် ကျွန်တော် မသာပို့ လိုက်ခဲ့ရလေသည်။ ကိုချစ်ခင်မှာ မိတ်ဆွေ အပေါင်းအသင်းပေါသူ ဖြစ်၍ သူ့မိန်းမ မသာမှာ အတော်ပင် လူစည်လေသည်။ ကိုချစ်ခင်နှင့် လည်းကောင်း၊ သေသူ မလှဆင်နှင့် လည်းကောင်း ပတ်သက်ကြသော ကြီးငယ်၊ ပျိုအို၊ ကျားမ အသင်းအဖွဲ့ စသည်တို့ကို တွေ့ရ၏။ အချို့က လွမ်းသူ့ ပန်းခွေများ ယူလာကြ၏။ မသာမချမီ ကိုယ့်အစုနှင့်ကိုယ် စကားစမြည်ပြောလျက် ရှိကြသည်။ အချို့ကလည်း ရယ်လားမောလားနှင့် မသာပို့လာသူများ မဟုတ်ကြ သကဲ့သို့ စကားလက်ဆုံကျလျက် ရှိကြသည်။ အချို့ လူငယ်လူရွယ်ကလေးများ ကလည်း မိန်းကလေးငယ်ငယ်ချောချောများရှိရာ အစုအနီး၌ ရစ်သီရစ်သီလုပ်ကြ ၏။ အချို့ကလည်း အချင်းချင်း မာကြောင်း သာကြောင်း၊ ကလေး အကြောင်း၊

"ဟုတ်ပါတယ်။ ကိုတင်က အရူး ပေမယ့်၊ အင်မတန် ညက်တယ် ဒကာ ကြီးရဲ့။ သူ့အကြောင်း မသိတဲ့လူဆိုရင် သူ့ကို 'အရူး' လို့ ဘယ်သူမျှ မထင်ဘူး"


mgyoe.com

လုပ်ငန်းကိုင်ငန်း အကြောင်း၊ အင်ပို့လိုင်စင် အကြောင်း၊ ဘယ်မြင်း ဘယ်သို့ ပြေးကြောင်းမှအစ သားရေး သမီးရေး၊ နိုင်ငံရေးများပါ ဆွေးနွေးပြောဆိုလျက် ရှိကြသည်။ သူတို့၏ စကားလက်စများသည် သင်္ချိုင်းကုန်းသို့ ရောက်သည် အထိပင် မဆုံးကြတော့ချေ။

သင်္ချိုင်းကုန်းသို့ရောက်ကြ၍ သရဏဂုံတင်ခြင်း၊ ရေစက်ချခြင်း၊ အမျှဝေခြင်းကိစ္စများကို မသာရှင်များက ပြုလုပ်လျက်ရှိနေစဉ်တွင်လည်း သူ့အစုနှင့်သူ စကားလက်စ မပြတ်ကြ။ မသာပို့ လိုက်လာသူများ လူစုကွဲသွားကြပုံမှာလည်း စိတ်ဝင်စားစရာပင်။ မသေသေးသူတို့ဘဝ အလုပ်ကိစ္စ တစ်ဖက်နှင့်ဖြစ်၍ မသာ သုသာန်ကုန်းသို့ ဝင်မိလျှင်ပင် လှည့်ပြန်သွားကြသူတွေလည်း ရှိ၏။

အချို့ကလည်း စကားလက်စမပြတ်၍ သရဏဂုံတင်၊ ရေစက်ချ၊ အမျှဝေသည်ကို စောင့်သလိုလိုနှင့် ရပ်၍ စကားပြောနေကြပြီးမှ မသာပို့လာရင်း စကားစပ်မိ၍ ပေါ်လာသော နောက်ဆက်တွဲကိစ္စကလေးများဖြင့် အလျှိုအလျှို ပြန်သွားကြသူတွေလည်း ရှိ၏။ သေသူအား မြုပ်နှံရဖို့ အလကားသက်သက် လိုက်ကြည့်ကြသူတွေလည်း ရှိ၏။ 'လူသေ မြေတစ်ဆုပ် ဖို့ ကောင်းသည်'ဟု ယုံကြည်ကြ၍ သုဘရာဇာများအလုပ်လုပ်ရာတွင် ဝင်ရှုပ်ရန်လိုက်ကြသည်လည်း ရှိ၏။

သေလွန်လေပြီးသော ဆွေမျိုးမိဘမောင်ဖွား လင်များ၊ ဇနီးများ၏ အုတ်ဂူများ၊ မြေပုံများသို့ သွား၍ ကန်တော့သူ၊ အမှိုက်ရှင်းသူ၊ မြက်နုတ်သူ၊ အမျှဝေသူများလည်း ရှိ၏။ အချို့က သေပြီးသူများကို သတိရသဖြင့် ငိုကြွေးကြ၏။ မျက်ရည်ကြီးငယ် ကျကြ၏။ မျက်ရည်စမ်းစမ်းနှင့်ပင် မြေပုံမှ ခွာခဲ့ပြီး မျက်နှာကို တို့ပတ်ပဝါဖြင့် ပွတ်၍ ကားပေါ်အတက်တွင် ရှက်ပြုံးပြုံးသွားသူများကိုလည်း မြင်ဖူးရလေသည်။

ထိုနေ့က ကျွန်တော် ကိုချစ်ခင်နှင့်တော့ စကားမပြောခဲ့ရတော့ချေ။ ကိုချစ်ခင်မှာ မျက်နှာညှိုးငယ်လှသည် မဟုတ်စေကာမူ မသာရှင်နှင့်တော့ တူရပေသည်။ သေသူ မလှဆင်၏ အမည်ကို ခေါ်၍ခေါ်၍ ငိုကြသည်။ အစ်မတစ်ယောက်မှာမူ သူ့ရင်ကို သူ ထု၍ထု၍ ငိုရှာသည်။ ကိုချစ်ခင်နှင့် အခြားမိန်းမပျိုတစ်ယောက်က သူ့ကို ဖေးမ၍ ထားရ၏။

'လှဆင်ရဲ့၊ ညီမရဲ့၊ ကံဆိုးလှချေးလားဟဲ့၊ အမိုက်မရဲ့၊ အသေစော သဟဲ့၊ ဘာဟဲ့ညာဟဲ့'နှင့် စာဖွဲ့၍လည်း ပြောလေသည်။ သူ့ကို ကြည့်ရသည်မှာ သနားစရာဖြစ်၏။

အတန်ကြာလျှင် စကားပြောသံ၊ ရယ်မောသံ၊ ငိုကြွေးသံတို့သည် တဖြည်းဖြည်း ငြိမ်သက်၍သွားကာ လူတွေလည်း ကြက်ပျောက်ငှက်ပျောက်ပျောက်လျက် သင်္ချိုင်းတစ်ခုလုံး တိတ်ဆိတ်၍ ကျန်ရစ်လေသည်။

ကျွန်တော်လည်း သုသာန်ကုန်းတစ်ဖက်ရှိ ဘုန်းကြီးကျောင်းသို့ဝင်ရန် စိတ်ကူးမိသည်နှင့် ကျွန်တော်၏မိတ်ဆွေအား ပြန်နှင့်ရန်ပြောလိုက်ပြီးလျှင် အုတ်ဂူများ၊ မြေပုံများအကြားမှ ဖြတ်လျက် ကျောင်းဆီသို့သွားသော လမ်းကလေးပေါ်သို့ တက်ခဲ့ပါသည်။ နေကလည်း အတော်ပူနေသေးသဖြင့် အေးမြသော သစ်ပင်ရိပ်ကလေးများကို ခိုကာ နားနားနေနေပင် လျှောက်ခဲ့၏။

ပတ်ဝန်းကျင်သည် နေပူလှသည်မှတစ်ပါး ငြိမ်သက်အေးချမ်းလှ၏။ တစ်ချက်တစ်ချက်တွင် လေပြည်ကလေး ဝှေ့၍ဝှေ့၍ တိုက်လိုက်သည်။ ကျွန်တော်လည်း ငြိမ်သက်အေးချမ်းမှုကို တစ်အောင့်တစ်နားခံစားရန် သစ်ပင်ရိပ်တစ်ခုတွင် ဝင်၍ထိုင်လိုက်သည်။ သေပြီးလူများသည် မသေသေးသောလူများကဲ့သို့ စကားလည်း မများကြ၊ မျက်စိ နောက်စရာလည်း မလုပ်ကြသဖြင့် ပန်းခြံများ၊ ကန်စောင်းများကဲ့သို့လည်း မဟုတ်ချေ။ လူတို့တွင် တကယ် အေးချမ်းငြိမ်သက်စွာ နားနေလိုသောအခါမျိုး ရှိတတ်သည်။ သင်္ချိုင်းကုန်းသစ်ပင်ရိပ်များသို့ သွားကြပါကုန်။

ကျွန်တော်လည်း ထိုင်နေရင်းမှ မျက်စိတဆုံးရှိသော သင်္ချိုင်းမြေကို မျှော်ငေးရာမှ အမှတ်မထင်ပင် အုတ်ဂူကလေးများ၊ ခြံကလေးများ၊ မှတ်တိုင်ကလေးများကို ကြည့်မိပြန်သည်။ စာရေးထားလျှင်လည်း ဖတ်လိုက်မိ၏။ အချို့ ငယ်ငယ်ရွယ်ရွယ် သေကြ၏။ အချို့လည်း အိုမင်းမှ သေကြ၏။ ဘယ်အရွယ် အသေများတတ်သည်ကိုပင် စာရင်းကောက်၍ ရနိုင်စရာ မရှိ။ အသက်ရှင်နေသူတွေ အသက်အရွယ်အမျိုးမျိုး၌ ရှိကြသကဲ့သို့၊ သေသူတွေလည်း အသက်အရွယ်မျိုးမျိုး၌ သေကြ၏။ ရှင်သူများတွင် အသက် ၁၀၀–၁၀၀ ကျော် မရှိသလောက် ရှား၏။ ရှင်သူများသည် အုတ်တိုက်၊ သစ်သားအိမ်၊ မြေအိမ်များ၌ နေသကဲ့သို့ပင် သေသူများလည်း အုတ်ဂူ၊ သစ်သားခြံ၊ မြေပုံများ၌ ရှိကြ၏။

ကျွန်တော် ဤသို့ အုတ်ဂူများ၊ မြေပုံများအကြား၌ တောင်စဉ်ရေမရ တွေးတောလျက်ရှိစဉ်တွင် မလှမ်းမကမ်းမှ ချောင်းဟန့်သံလိုလိုကြားလိုက်ရသဖြင့် အသံလာရာဆီသို့ လှည့်ကြည့်လိုက်ပါသည်။ လူတစ်ယောက်သည် မြေပုံတစ်ခု၏ အနီးတွင် မြက်နုတ်ခြင်း၊ မြေသစ် ထပ်ဖို့ခြင်းဖြင့် တစ်ကိုယ်တည်း အလုပ်များလျက်ရှိသည်ကို မြင်ရသည်။ ထိုလူ ပြုစုနေသော မြေပုံ၏ခေါင်းရင်းဘက်၌ အနက်ခံ အဖြူရေးကမ္ပည်း မှတ်တိုင်ကလေတစ်တိုင် ရှိသည်။ မြေပုံမှာ အသစ်မဟုတ်သော်လည်း အတော်ကလေး မို့မို့မောက်မောက် ရှိ၏။ သူ့ကျေးဇူးပင် ဖြစ်တန်ရာသည်။ မြေပုံ၏ ဘေးဘက်ခပ်ကျကျတစ်နေရာတွင် ပုလင်းတစ်လုံးနှင့် လက်ဖက်ရည်ပန်းကန်တစ်လုံးကိုလည်း မြင်ရ၏။ သူသည် မြေပုံပေါ်သို့ မြေခဲကလေးများ ထပ်ဖို့နေရာမှ တစ်ခါတစ်ခါတွင် အနီးရှိပုလင်းထဲမှ အရည်ကို



mgyee.com SAMPLE BOOK

mgyoe.com SAMPLE BOOK

ပန်းကန်ထဲသို့ ငုံ့၍ ငုံ့၍ သောက်သည်ကိုလည်း မြင်ရ၏။ သူ့အမူအရာကို ကြည့်ရသည်မှာ စိတ်ဝင်စားစရာကောင်းလှသည်။

မြေပုံထဲကသူသည် မည်သူ ဖြစ်လေသနည်း။ အဖေလော၊ အမိလော၊ သားလော၊ သမီးလော၊ ဇနီးလော။ ကျွန်တော်သည် ကမ္ပည်းစာတန်းကလေးကို ကြိုးစား၍ ဖတ်ကြည့်သေးသော်လည်း အတန်ငယ်ဝေး၍ ကောင်းစွာ မမြင်ရ။ ဘယ်အချိန် ဘယ်အရွယ် ဘယ်နှစ်က ဘာရောဂါနှင့် ဘယ်လို သေဆုံးလေသနည်း။ ထိုလူ ငုံ့၍ ငုံ့၍သောက်နေသော ပုလင်းထဲကအရည်သည် ဘာရည် ပါလိမ့်မည်နည်း။ အရက်လော၊ ရေလော ဆေးလော။ သို့တည်းမဟုတ် သံပုရာအဖျော်ရည်များပင် ဖြစ်သလော။ ကျွန်တော်လည်း အမှတ်မထင်ပင် သိချင်သမျှကို တွေးတောရင်း သူ့ကိုသာ ကြည့်နေမိပါသည်။

အတန်ကြာလျှင် သူ ကျွန်တော့်အား မြင်သွားဟန်တူသည်။ ကျွန်တော်ကလည်း ဆေးလိပ်တစ်လိပ်ကို မီးညှိ၍ ဖွာခိုက်နှင့် ကြုံသဖြင့် ထိုလူသည် ကျွန်တော်ရှိရာသို့ လျှောက်လာပြီး ဆေးလိပ်မီး တောင်းပါသည်။ ကျွန်တော်လည်း မီးခြစ်ဗူးကို ထုတ်၍ ပေးလိုက်၏။ သူလည်း အိတ်ထဲမှ ဗူးငယ်တစ်ခုတွင် သေချာစွာ ထည့်၍ယူလာသော ဆေးပြင်းလိပ် ၃ လိပ်အနက်မှ တစ်လိပ်ကိုထုတ်၍ ပါးစပ်တွင်တပ်ကာ မီးညှိလေသည်။ ကျွန်တော်လည်း သူလုပ်သမျှကို လိုက်ကြည့်နေမိ၏။

မီးညှိပြီး၍ ကျွန်တော့်အား မီးခြစ်ပြန်ပေးရင်း "ကျေးဇူးပါပဲဗျာ။ နေပူကြီးထဲ မီးခြစ်သွားဝယ်ရတော့မှာပဲ ဆိုပြီး ပျင်းနေတာ။ ဓာတ်မီးခြစ် ဓာတ်ဆီကုန်နေတာ ဒီရောက်မှ သိတယ်" ဟု ပြောကာ ပြုံးလိုက်သည်။

ကျွန်တော်ကလည်း ဖော်ရွေစွာပင် ပြန်ပြုံးလိုက်ကာ မီးခြစ်ကို ယူမည်ပြုပြီးမှ "ဒီလိုဆို ခင်ဗျား ယူချင် ယူထားလိုက်တော့လေ။ ကျွန်တော် အခုပြန်တော့မှာပဲ။ မီးခြစ်လည်း ဒါလောက် မလိုပါဘူး။ ခင်ဗျား ဒီမှာနေဦးမယ် မဟုတ်လား။ ယူလိုက်ပါ"ဟု ပြောလိုက်ပါသည်။

ထိုလူသည် ကျေးဇူးတင်ရမလို အားနာရမလိုနှင့် ကျွန်တော့်အား ကြည့်ကာ "ဟာ– နေပါစေဗျာ။ အားနာစရာကြီး"ဟု ဆိုပြန်သည်။

ကျွန်တော်က အားမနာရန် ထပ်ပြောရပြန်သည်။ သို့နှင့်ပင် သူနှင့် ကျွန်တော် ရင်းနှီးမှုရသလို ဖြစ်သွားကြသည်။

"နောင်ကြီးနှင့် ဘာတော်လဲ"

ကျွန်တော်က မြေပုံဆီသို့ မေးငေါ့ပြရင်း မေးလိုက်ပါသည်။

"ဟို မြေပုံလား။ ဘာမျှ မတော်ပါဘူး။ သူငယ်ချင်းပါ"

"သြော်–သြော်"

သူငယ်ချင်းတစ်ယောက်ကို သေပြီးသည့်အထိ ဤမျှ ဂရုတစိုက် လာရောက်ပြုစုတတ်သော သူ၏ရုပ်အသွင်ကို ယခုမှပင် ဂရုပြု၍ ကြည့်မိပါသည်။ သူ၏ အဝတ်အစားများမှာ ပြောင်လက်ခြင်း မရှိလှစေကာမူ စုတ်စုတ်နုတ်နုတ်တော့ မဟုတ်။ လူရုပ်လူရည်မှာလည်း သန့်ပြန့်သူပင် ဖြစ်လေသည်။

"သူငယ်ချင်းလည်း သူငယ်ချင်း၊ ဆရာလည်း ဆရာ ဆိုပါတော့ဗျာ။ သူ့ကျေးဇူး ကျွန်တော့်အပေါ်မှာ အတော်များများ ရှာပါတယ်။ အသေစောသွားလို့ သူ့အပေါ် ကျေးဇူးတောင် မဆပ်လိုက်ရဘူး။ ခုတော့ ၂ ရက် – ၁ ခါ၊ ၃ ရက် ၁ ခါ ဆိုသလို ခုလို လာလာပြီး သူ့အိပ်ရာကလေး ရှင်းလင်း ပြုပြင်ပေးနေရတာပဲ။ မှတ်တိုင်ကလေးတော ... ွားတွေနင်းလို့ ပြုတ်သွားတာနှင့် မကြာခင်ကမှ အသ... ထားရတာ"

"သြော်–ဆုံးတော့ ဘာရောဂါနှင့် ဆုံးရှာလဲ"

သူသည် ကျွန်တော်၏မေးခွန်းကို ရုတ်တရက် မဖြေသေးဘဲ ကျွန်တော့်အား တစ်ချက်မျှလှမ်းကြည့်လိုက်ပြီး မြေပုံဆီသို့ မျက်နှာလွှဲလိုက်ကာ "ဘာရောဂါနှင့် ဆုံးလဲဆို ပြောရမှာ ခပ်ခက်ခက်ပဲ"ဟု သူ့ကိုယ်သူ ပြောသလိုနှင့် ခပ်လေးလေးပြောလိုက်သည်။

ကျွန်တော်က သူ အပြောရခက်သည်ဆိုသည့် မေးခွန်းကို ထပ်ဆင့်၍မေးနေရန် ရည်ရွယ်ချက် မရှိပါ။ သို့ရာတွင် သူက ကျွန်တော့်အား အကဲခတ်သလို ကြည့်လိုက်ပြီး "ထွန်းလွင်ဟာ သတ္တိမရှိလို့ သေရတာ"ဟု ဆက်၍ ပြောလိုက် ပြန်ပါသည်။

"ဘယ်လိုတဲ့ ခင်ဗျာ"

ကျွန်တော်က စကားထောက် မေးလိုက်သည်။

သူသည် မြေပုံဘက်သို့ကြည့်ရင်း "ကျွန်တော့် သူငယ်ချင်း ထွန်းလွင်ဟာ သတ္တိမရှိလို့ သေရတာ။ ကိုယ့်ကိုယ်ကို သတ်သေကြတဲ့ လူတွေဟာ သတ္တိ မရှိကြလို့ပေါ့ဗျ"ဟု ပြောကာ၊ ကျွန်တော့်ဘက်သို့လှည့်၍ ခေါင်းညိတ်ရင်း "မဟုတ်ဘူးလား" ဟု မေးလိုက်ပြန်ပါသည်။

ကျွန်တော်က ဘာမျှပြန်မပြောမိ။ သို့သော် သူ၏ သူငယ်ချင်းလည်း သူငယ်ချင်း၊ ဆရာလည်း ဆရာဖြစ်သူ ကိုထွန်းလွင်သည် သတ္တိ မရှိသောကြောင့် သူ့ကိုယ်သူ သတ်သေသွားသည်။ 'မည်ကဲ့သို့သော အကြောင်းများ ရှိလေသနည်း'ဟူ၍တော့ တွေးတောကြည့်နေမိသည်။

ထိုလူက ကျွန်တော့်အား မကြည့်ဘဲ အဝေးသို့ ငေးရင်း "လူတွေဟာ ဒီလိုချည်းပါပဲလေ" ဟု သူ့တစ်ကိုယ်တည်း ပြောနေပြန်သည်။

အချိန်ကလည်း နည်းနေပြီဖြစ်၍ ကျွန်တော်လည်း သူ့အား ဘာမျှ ဆက်မေးမနေတော့ဘဲ နှုတ်ဆက်ကာ ဘုန်းကြီးကျောင်းဘက်သို့ ကူးလာခဲ့လေသည်။ သွားခါနီးတွင် သူက မီးခြစ်ဘူးကလေးကို ပြန်ပေးနေသေးသော်လည်း ကျွန်တော်က ယူထားလိုက်ရန် အတန်တန်ပြော၍ ပေးထားခဲ့သောကြောင့် သူလည်း

ကျေးဇူးတင်စွာပင် လက်ခံထားလိုက်ပြီး ကျွန်တော် ထွက်သွားရာ ဘက်သို့ မျက်စိတစ်ဆုံးငေးမျှော်ရင်း ကျန်ရစ်ခဲ့လေသည်။

– ၂ –

မလှဆင်၏အသုဘပို့ရင်း အမှတ်မထင် ရှောင်တခင် သူနှင့် တွေ့ခဲ့ရသော ဤအဖြစ်အပျက်ကလေးသည် မဆန်းလှသော်လည်း ကျွန်တော်၏ခေါင်းထဲတွင် အမှတ်မထင်ပင် စွဲမြဲနေပါသည်။ ထိုနေ့ ညနေက အိမ်သို့ပြန်ရောက်၍ ထမင်းစားပြီး တစ်ယောက်တည်း လမ်းလျှောက်ထွက်ခဲ့ရာတွင်လည်း ဤအကြောင်းများကိုပင် ပြန်ပြောင်းတွေးတောနေမိသည်။ ကျွန်တော်ကပင် အတွေးခေါင်လွန်းနေသလားတော့ မသိ။ သူပြောလိုက်သောစကားများတွင် စဉ်းစားစရာ များစွာရှိသည်ဟု ကျွန်တော် ထင်မိသည်။

"သူငယ်ချင်းလည်း သူငယ်ချင်း, ဆရာလည်း ဆရာ"ဟု ဆိုသည်။ ဤစကားကို ကျွန်တော် ကြံကြည့်သည်။ 'ဆရာ' ဟု ဆိုရမှာလည်း ဆရာမည်ကာမတ္တ ဟုတ်ဟန်မတူ။ သေသော်မှ မမေ့မလျော့နိုင်အောင် ကျေးဇူးကြီးသောဆရာ ဖြစ်သည်ဟု သူ့စကားအရ သိရ၏။ မည်ကဲ့သို့သော အသိ, မည်ကဲ့သို့သော ပညာမျိုးကို ပေးခဲ့သော ဆရာပေနည်း။

"သတ္တိမရှိလို့ သေရတာ"ဟု ပြောပြန်သည်။ 'သတ္တိရှိလျှင် နေရမည်'ဟု ကျွန်တော်က ခေါ်တွေးကြည့်သည်။ သို့ဖြစ်လျှင် 'ကျွန်တော်တို့တစ်တွေ နေနေကြသည်မှာ သတ္တိရှိကြလို့လား'ဟု မေးခွန်းထုတ်ကြည့်မိပြန်သည်။ အဖြေ တိတိကျကျကား မထွက်။

"သတ္တိမရှိလို့ ကိုယ့်ကိုယ်ကို သတ်သေကြတာပေါ့"ဟု ပြောပြီး၊ "လူတွေဟာ ဒီလိုချည်းပါပဲလေ"ဟု ဆက်၍ ပြောလိုက်ပြန်သည်။ ထူးဆန်းသော စကားများပေတကား။ ကျွန်တော်လည်း ဤအတွေးများနှင့်ပင် လုံးလည်ခတ်လျက် ရှိလေတော့သည်။

နောက်ရက်များတွင်လည်း ကျွန်တော့်မှာ အားလပ်ချိန်တိုင်း ဤပြဿနာကိုသာ ဖြေ၍ဖြေ၍ ကြည့်နေမိသည်။ ၂ ရက်– ၃ ရက်အကြာတွင် ဘုန်းကြီးကျောင်းသို့ရောက်သွားသဖြင့် အမှတ်တမဲ့ပင် သင်္ချိုင်းကုန်းထဲသို့ လမ်းလျှောက်၍ ယခင် ထိုလူကို တွေ့ခဲ့သော နေရာသို့ ရောက်သွားသည်။ အနက်ခံ အဖြူရေး ကမ္ပည်းတိုင်ကလေးနှင့် မြေပုံမို့မို့ကလေးကိုသာ မြင်ရခဲ့ပြီး ထိုလူကိုကား မတွေ့ခဲ့ရတော့ချေ။ အတန်ကြာအောင်ပင် ထိုနေရာ၌ရပ်လျက် တောင်,မြောက် ၄ ပါး လှည့်၍ ကြည့်မိသေးသော်လည်း လူရိပ်လူရောင် မမြင်ရသဖြင့် ကျောင်း ဘက်သို့ ပြန်၍ လျှောက်ခဲ့သည်။ '၂ ရက် ၁ ခါ–၃ ရက် ၁ ခါ ဤမြေပုံကို သူ လာလာပြီး ရှင်းသည်'ဟုဆိုသောကြောင့် ကျွန်တော် နေ့တိုင်း လာစောင့်လျှင်တော့ တွေ့နိုင်စရာ အကြောင်းရှိသည်။ သို့ရာတွင် ကျွန်တော်ကလည်း အားလပ်လှသည် မဟုတ်ပေ။

ဘုန်းကြီးကျောင်းသို့ ပြန်ရောက်သောအခါ အသိ ဦးပဉ္ဇင်းကလေးတစ်ပါးနှင့် စကားစမြည်ပြောရင်းမှ ကျွန်တော်က သင်္ချိုင်းကုန်းထဲ တွေ့ခဲ့ရသော ထိုလူအကြောင်း လျှောက်ထားကြည့်မိသည်။

"ဟာ–ဒကာကြီး အရူးကိုတင်ကို တွေ့ခဲ့ပြီထင်တယ်"

"နာမည်တော့ မသိဘူးဘုရား။ သူ့ကြည့်ရတာတော့ အရူးနှင့် နည်းနည်းမျှ မတူပါဘူးဘုရား။ ဟုတ်မယ် မထင်ပါဘူး"

"ဟုတ်ပါတယ်။ ကိုတင်က အရူးပေမယ့်၊ အင်မတန် ညက်တယ်ဒကာကြီးရဲ့။ သူ့အကြောင်း မသိတဲ့လူဆိုရင် သူ့ကို 'အရူး'လို့ ဘယ်သူမျှ မထင်ဘူး"

"ဟုတ်ပါ့မလားဘုရား။ တပည့်တော် တွေ့ခဲ့တဲ့လူဟာ ဦးပဉ္ဇင်းအမိန့်ရှိတဲ့ကိုတင် မဟုတ်ဘူးနှင့် တူပါတယ်"

"ကိုတင်ပါ ဒကာကြီးရဲ့။ ဒကာကြီးပြောတဲ့ ကိုထွန်းလွင်ရဲ့မြေပုံနား လာလာပြီး အရက်သောက်သောက်နေတတ်တာလည်း ဟုတ်ပါတယ်။ ကျောင်းက ကလေးတွေကတော့ သူ့ကို ကောင်းကောင်းသိတာပဲ။ စိတ်မကောင်းရှာဘူး"

ဤတွင် ကျွန်တော်၏ပြဿနာမှာ ပုစ္ဆာမှားသဖြင့် လမ်းဆုံးရတော့မလို ဖြစ်သွားသည်။ သို့ရာတွင် ကျွန်တော်၏စိတ်၌ မတင်မကျပင် ရှိနေသေးသည်။ သို့တည်းမဟုတ် ကိုတင်အား အဘယ်ကြောင့် 'အရူး' ဟု ခေါ်ကြလေသနည်း။

ဦးပဉ္ဇင်းကလေးအား လျှောက်ထားကြည့်တော့ သူလည်း ကောင်းစွာမသိ။ "သူ့ဒကာမက ဖောက်ပြားလို့ စိတ်ကတောက်ကတက် ဖြစ်သွားသလိုလို ပြောသံကြားဖူးတာပဲ ဒကာကြီးရဲ့" ဟုသာ ပြောနိုင်လေသည်။ ဤတွင် ကျွန်တော်အဖို့ တွေးစရာ တစ်ခု တိုးလာပြန်သည်။

ဇနီးက ဖောက်ပြားသဖြင့် စိတ်နောက် သွားရရှာသော ကိုတင်နှင့် သတ္တိမရှိ၍ သူ့ကိုယ်သူ သတ်သေသွားတာ သူ့သူငယ်ချင်း ကျေးဇူးရှင် ကိုထွန်းလွင်တို့၏အကြောင်း တွေးရသည်မှာ တဖြည်းဖြည်း စိတ်ဝင်စားစရာဖြစ်လာသည်။

နောက်တစ်ရက် ညနေတွင်လည်း ကျွန်တော် တစ်ယောက်တည်း သင်္ချိုင်းကုန်းထဲသို့ လမ်းလျှောက်ထွက်ခဲ့သည်။ ကိုတင်ကို မတွေ့ရ။ နောက်တစ်ရက်လည်း ဆက်လက်၍ထွက်ခဲ့သေးသည်။ အရိပ်အရောင်ကိုမျှ မမြင်ခဲ့။ တတိယနေ့တွင် ကိုတင်ကို တွေ့ရလေသည်။

သူ့နာမည်မှာ အမှန်ပင် ကိုတင် ဖြစ်သည်။ ဤတစ်ကြိမ် တွေ့ရာတွင် ယခင် ကျွန်တော်က မီးခြစ်ပေးဖူးသောကျေးဇူးကြောင့် ကိုတင်က ကျွန်တော့်အား မြင်မြင်ခြင်းပင် မှတ်မိသွား

သဖြင့်လည်း မိတ်ဆွေဖြစ်ရန် လွယ်သွားသည်။ ယခင်တစ်ကြိမ် တွေ့ပြီးကတည်းက ကျွန်တော် ကိုတင်ကို တွေ့ချင်နေသည့် အကြောင်းစုံကိုလည်း သူ့အား ပြောပြလိုက်၏။ သူ့အား လူတွေက 'အရူးကိုတင်'ဟု ကင်ပွန်းတပ်ထားကြကြောင်း ကြားရသောအခါ ကိုတင်သည် နှစ်နှစ်ခြိုက်ခြိုက် ရယ်လေသည်။

"ကျွန်တော်ကတော့ ကိုတင်ကို ရူးနေတယ်လို့ မထင်ပါဘူး"

"ဒါဖြင့် ခင်ဗျား 'အရူးကိုခင်' ပေါ့။ ဟား-ဟား"

ထိုနေ့ညနေက ကိုတင်နှင့် ကျွန်တော် စကားလက်ဆုံကျသွားသည်။ ကိုတင်က သူ အရက်သေစာ မသောက်စားတတ်ကြောင်း၊ ပုလင်းကလေးနှင့် ရေထည့်ယူလာပြီး သောက်သည်ကိုပင် လူတွေက သူ့ကို 'အရက်သောက်နေသည်'ဟု ဆိုကြကြောင်း၊ 'ပုလင်းထဲက ငှဲ့သောက်လျှင် အရက်ပင်ဖြစ်ရမည်'ဟု လူအများထင်ပုံမှာ မဆန်းသော်လည်း ထင်ရုံမထင်ဘဲ တပ်အပ်စွပ်စွဲလေ့ရှိသည်မှာ မသင့်လျော်ကြောင်းတို့ကို ပြောပါသည်။ ကျွန်တော့်အဖို့ ကိုတင်သည် သူရူးတစ်ယောက် မဟုတ်ချေ။

ကိုတင်သည် ကုန်သည်ကလေးမျိုးရိုးမှ ဆင်းသက်ခဲ့သူဖြစ်၍ သူကိုယ်တိုင်လည်း ဆိုင်ကလေးတစ်ဆိုင်နှင့် ရိုးသားစွာ လုပ်ကိုင်စားသောက်ခဲ့သူ ဖြစ်သည်။ ယခုလည်း သူ့နှမများက ထိုဆိုင်ကလေးကို ဆက်လုပ်ကိုင်ပြီး သူ့ကို ကျွေးထားကြသည်ဟု ပြောသည်။ သူကိုယ်တိုင် အလုပ်လုပ်နိုင်သေးသော်လည်း သူ့အား 'အရူး'ဟု သမုတ်ကြပြီးသည့်နောက်တွင် ဘာမျှလုပ်၍ မဖြစ်တော့သဖြင့် ယခုကဲ့သို့ နေလိုက်တော့သည်ဟုလည်း ပြောသည်။ ကိုတင်သည် သူ့အလုပ်က လိုအပ်သလောက်သော စာရေး၊ စာဖတ်၊ အတွက်အချက် တတ်သည်ဟု သိရသည်။

သူ့သူငယ်ချင်း ကိုထွန်းလွင်မှာ ကျောင်းဆရာတစ်ယောက်ဖြစ်၍ စာရေးဆရာလည်း ဖြစ်သည်ဟု ကိုတင်က ပြောပြပါသည်။ ကိုတင်ကမူ ကိုထွန်းလွင်သည် လူ့လောကအကြောင်း ကောင်းစွာနှံ့စပ်သိမြင်သော လူတစ်ယောက်ဖြစ်သည်ဟု ဆိုသည်။

ကိုတင် အလိုအရဆိုလျှင် ကိုထွန်းလွင်သည် စာပေနှင့် မွေ့လျော်သူတစ်ယောက်ဖြစ်၍ လောက၊ဓမ္မ၊ရာဇ ၃ ကြောင်း လုံး၌ ကျွမ်းကျင်သောလက္ခဏာရှိသည်။ သူသည် ကိုတင်ထံသို့ လာ၍ လာ၍ စကားပြောလေ့ရှိသည်ဟု သိရ၏။ သူတို့ ၂ ယောက် တစ်ခါတစ်ခါ မိုးချုပ်သန်းခေါင်အထိ လေအေးကလေးနှင့် စကားပြောကောင်းနေတတ်ကြသည်ဟု ကိုတင်က ပြောပါသည်။ သဘောတရားများကို ဆွေးနွေးကြရာတွင် ကိုထွန်းလွင်က "စာတတ်ဖို့ မလို။ မိမိ၏ဦးနှောက်ကိုသာ အသုံးပြုတတ်ဖို့ လိုသည်" ဟုဆိုကာ ကိုတင် ပြောသမျှကို လက်ခံသည်။ လောကီ၊ လောကုတ္တရာ မြန်မာ၊ အင်္ဂလိပ်စာပေထဲမှ စာများကို ထုတ်ဆောင်ကိုးကား၍ ကိုတင်၏ အယူအဆ အတွေးအခေါ်များမှန်ကြောင်း ထောက်ခံလေ့ရှိသည်ဟု ကိုတင်က ပြောသည်။ သူ့သဘောအယူအဆများကို ပြောပြရာတွင် ကိုထွန်းလွင်က ကိုတင် သဘောကျလောက်သည့် စာများကို ရွတ်ဆိုကိုးကား၍ ပြတတ်သဖြင့် ကိုတင်ပင်လျှင် စာတတ်ချင်စိတ် ဖြစ်ပေါ်မိသည်ဟု ဆိုသည်။ အင်္ဂလိပ်၊ မြန်မာ စာအုပ်များကို ကောင်းစွာ ဖတ်ချင်သောဆန္ဒဖြင့် ကိုတင် ကိုထွန်းလွင်ထံမှ စာသင်ယူရန် အစပြုခဲ့ဖူးသော်လည်း လူချင်းတွေ့ကြသည့်အခါ လောကအကြောင်း အဆိုး၊ အကောင်းတို့ကို ဆွေးနွေးပြောဆိုကြရင်းသာ အချိန် ကုန်ကုန်သွားတတ်သဖြင့် ကိုတင် စာမတတ်ခဲ့တော့ကြောင်းလည်း သိရ၏။

ကိုထွန်းလွင်မှာ အိမ်ထောင်သည်ဖြစ်၍ ကိုတင် အိမ်ထောင်ပြုရန်စဉ်းစားသောအခါတွင် ကိုထွန်းလွင်က မိန်းမများအကြောင်း၊ အိမ်ထောင်ရေး လောကအကြောင်း၊ အိမ်ထောင်ရေး၊ စီးပွားအကြောင်း၊ ပတ်ဝန်းကျင် အခြေအနေအကြောင်းတို့ကို ကောင်းစွာသွန်သင်ဆုံးမ လမ်းပြပေးသည်ဟု ကိုတင်က ပြောသည်။ သို့ရာတွင် ကိုတင်၏အပြောအရ သူ့မှာ ဆရာသမားဆုံးမလမ်းပြသည့်အတိုင်း အတိအကျ လိုက်နာစဉ်းစား၍ မလုပ်ခဲ့သဖြင့် သူ၏ အိမ်ထောင်ရေးသည် အဆင်မပြေခဲ့ဟု သိရ၏။

ကိုတင် ယူလိုက်သောမိန်းကလေးသည် ရုပ်ရည်အလွန်ချောသော်လည်း၊ အနေအထိုင် ကျစ်လစ်သိပ်သည်းမှု မရှိ။ အဝတ်အစား၌ လော်လည်တတ်၍ စီးပွားရေး၌ လုံးဝ စိတ်မဝင်စားတတ်ကြောင်းလည်း သိရ၏။ သူ့ကို ယူလိုက်ပြီးစ ခဏတွင် ကိုတင်သည် လောကကို နိဗ္ဗာန်ထင်ခဲ့သလောက်၊ နောက်တဖြည်းဖြည်း စိတ်ဆင်းရဲရတော့သည်ဟု ဆိုသည်။ မကြာခဏပင် လင်မယား စကားများကြရပြီး ရပ်ကျော်ရွာကြား ဖြစ်ကြရသည်ဟု ပြောသည်။

ထိုအခါမျိုးတွင် ကိုထွန်းလွင်က သူတို့ လင်မယားအကြားမှ ဖျန်ဖြေစေ့စပ်ပေးကာ အိမ်ထောင်ရေးလောက၌ စိတ်ဝင်စားလာအောင် တရားဟောလေ့ရှိကြောင်း သိရ၏။ လင်နှင့် မယားတို့သည် တစ်ဦးအပေါ်တစ်ဦး မာန မထားမကြဘဲ ဆိုးတိုင်ပင်၊

ကျုပ် သေမယ်ကြံစည်တုန်းက ထွန်းလွင်က ကျုပ်ကို ကယ်ခဲ့တယ်။ အခု သူ သေသွားရတော့ ကျုပ်က သူ့ကို မကယ်လိုက်ရတော့ဘူး။ အမှန် သူ မသေထိုက်ပါဘူး။ ကျုပ်လို သာဆိုရင် သူ မသေရဘူး။

mgyoe.com SAMPLE BOOK

SAMPLE BOOK

ကောင်းတိုင်ပင် အတူတကွ လုပ်ကိုင်သွားကြပြီး တစ်ဦးနှင့်တစ်ဦး သည်းခံနေခြင်း၊ လိုက်လျောနေရခြင်းတို့သည် အိမ်ထောင်သည်တို့၏ ကြည်နူးမှုကလေးများပင် ဖြစ်ကြောင်း၊ ပုံတိုပတ်စကလေးများ, ရယ်စရာ အသောတရွှန်းကလေးများဖြင့် ကိုတင်တို့လင်မယားအား နှစ်သိမ့်လေ့ရှိသည်ဟု ဆိုသည်။ ကိုတင်တို့လင်မယား ရန်ဖြစ်၍ ကွဲကြတိုင်း ကိုထွန်းလွင်မပါလျှင် မပြီးသလောက်ဖြစ်၍ ကိုထွန်းလွင်က ဤသို့ ဖျန်ဖြေစေ့စပ်၍ ပေးလိုက်ပြန်သောအခါတွင် သူတို့ လင်မယား သင့်မြတ်သွားကြပြန်ပြီး ကြည်နူးဖွယ်ကလေးများ တဖျပ်ဖျပ် တွေ့ရတတ်သေးကြောင်း။ သို့သော် သူ့မိန်းမမှာ ခွေးမြီးကောက်လို မိန်းမမျိုးဖြစ်၍ ခဏတစ်ဖြုတ်မျှသာ အဆင်ပြေပြီးနောက်တွင် တစ်စတစ်စနှင့် ပြောမရဆိုမရဖြစ်ကာ ယောကျ်ားတစ်ပါးတို့နှင့် လော်လည်ဖောက်ပြား၍လာကြောင်းကိုလည်း ပြောသည်။

ကိုတင်သည် အိမ်ထောင်ရေးတွင် အဆင်မပြေမှုများကြောင့် စိတ်ညစ်ညူးလျက်ရှိရာတွင် မယားက အနေမတတ်၍ ရှက်စရာပါ ထပ်ဆင့်လာပြန်သဖြင့် သူ့ကိုယ်သူ အဆုံးစီရင်လိုက်ရန်ပင် ကြံစည်ခဲ့ဖူးကြောင်းကိုလည်း ပြောပါသည်။ ထိုသို့ ကြံစည်ခဲ့စဉ်က ကိုထွန်းသာ ရှိမနေခဲ့လျှင် သူ့အကြံအထမြောက်ခဲ့မည်သာ ဖြစ်ကြောင်း၊ ကိုထွန်းလွင်က သူ့အား သဘောတရားအမှန်ကို ဝေဖန်သိမြင်တတ်အောင် နည်းလမ်းပေးခဲ့ကြောင်း၊ ဤတွင်မှ သူ့ဘဝတစ်ခုလုံး ဘာမျှအသုံးမကျသော မိန်းမတစ်ယောက်အတွက် အဆုံးရှုံးခံလိုက်ရမည်ဆိုလျှင် မသင့်လျော်သည်ကို သဘောပေါက်လာကြောင်း၊ ထိုအခါမှစ၍ ကိုတင်သည် သူ့ကိုယ်သူ စိတ်အေးချမ်းမှုကိုသာ ရှာ၍ ရှာ၍ ကြည့်တတ်သောအသိကို ရခဲ့ကြောင်း စီကာပတ်ကုံးပြောပြပါသည်။

အချိန်ကလည်း အတော် နှောင်းသွားချေပြီ။ ပတ်ဝန်းကျင်တွင် အမှောင်ထုသည် တရိပ်ရိပ်ကျလျက် ရှိသည်။ ကျွန်တော် အိမ်သို့ပြန်ရန် သတိရသော်လည်း ကိုတင့်အကြောင်း နားထောင်ကောင်းကောင်းနှင့် မိုးချုပ်သွားသည်။ သိချင်သည့်အကြောင်းကလေးများကလည်း ကျန်သေးသဖြင့် ဇာတ်ရည်ကလည်း မလည်သေး။ သို့သော် ပြန်မှပင် ဖြစ်တော့မည်။

"ဒါနှင့် ကိုတင်မိန်းမကော အခု ဘယ်မှာလဲ"

"ရှိသားပဲ။ ဘယ်မှာလဲ ဆိုတာတော့ ကျုပ်လည်း မသိဘူး"

"ကိုထွန်းလွင် သေရတာကကောဗျာ။ ဘယ်လို အကြောင်းနှင့်များလဲ"

"ပြောပကော၊ သတ္တိ မရှိလို့ပါလို့။ အမှန်တော့ လူတွေဟာ ဘယ်သူမျှ သတ္တိရှိလှကြတာ မဟုတ်ပါဘူး။ ကိုယ်ရေးကြုံလာတော့ ဒီလိုချည်း ဖြစ်မှာပါပဲ။ ထွန်းလွင်လည်း ဒီလိုပဲ။ အင်း– သူက ကျုပ်ကို လူ့လောကအကြောင်း သိအောင်, နားလည်အောင် သင်ပေးတယ်။ ကျုပ်က သူ့ကို သတ္တိရှိအောင် လုပ်မပေးလိုက်ရဘူး။ တကယ်ဆို သူ ဘာသေစရာရှိလဲ။ ကျုပ်တောင် နေနေသေးတာပဲ။ ကျုပ်တောင် နေဝံ့လို့ နေနေသေးတာပဲ ဟင်"

"ကိုတင် ပြောတာ"

"ဟုတ်ပါတယ်။ ကျုပ်မိန်းမဟာ ဘာမျှ အသုံးမကျတဲ့ မိန်းမပါ။ ဒီလိုအသုံးမကျတဲ့ မိန်းမတစ်ယောက်အတွက် ကျုပ်သေမယ်ကြံစည်တုန်းက ထွန်းလွင်က ကျုပ်ကို ကယ်ခဲ့တယ်။ အခု သူ သေသွားရတော့ ကျုပ်က သူ့ကို မကယ်လိုက်ရတော့ဘူး။ အမှန် သူ မသေထိုက်ပါဘူး။ ကျုပ်လိုသာဆိုရင် သူ မသေရဘူး။ အခုတော့"

"နေပါဦးကိုတင်ရဲ့။ ကျွန်တော် မရှင်း–"

"အရပ်ကလူတွေက မနေနိုင်မထိုင်နိုင် သူများကိစ္စထဲ ဝင်ရှုပ်ကြလို့ပေါ့။ 'ဒီကိစ္စမျိုး လူ့လောကထဲ မရှိသင့်လို့ ဝိုင်းဝန်းပြီး ပိတ်ပင်ရမယ်။ တားမြစ်ရမယ်' ဆိုတဲ့ စေတနာသာရှိရင် ကျုပ်မိန်းမ အစကတည်းက အနေအထိုင် မတတ်တာလည်း အသိကြသား။ စောစောက ဝိုင်းပြု ဆုံးမပေးကြပါလားဟင်။ အခုတော့ လင်ငယ်နေသတဲ့ ဆိုတော့မှ ချောင်းကြည့်ရတာနှင့်, ဝိုင်းဖမ်းရတာနှင့်, မိတော့လည်း သူတို့မှာ ဘာအကျိုးမျှ မရှိဘူး။ အိမ်ထဲမှာ လူတွေ ရုတ်ရုတ်ရုတ်ရုတ်ဖြစ်တော့ ကျုပ်က အကုန်မောင်းထုတ်တာပဲ။ ထွန်းလွင်ကိုလည်း ကျုပ်ပဲ သူ့အိမ်လိုက်ပို့လိုက်တာပဲ"

"ဖြစ်ရလေကိုတင်ရယ်"

"ကျုပ်အဖို့ မဆန်းပါဘူး။ ထွန်းလွင်အဖို့လည်း မဆန်းဘူးလို့ ကျုပ်က ထင်တာပဲ။ ကျုပ်က သူ ဒီလို သတ္တိမနည်းပေဘူး အောက်မေ့တာဗျို့။ နောက်တစ်ရက် သူ့သတင်းကြားရတော့ ကျုပ် ပြေးလိုက်သွားသေးတယ်။ အသက်မှ မီရုံကလေးရှိတယ်။ ကျုပ်လက်ပေါ်မှာ ဆုံးရှာတာပဲ"

* * *

ကိုတင်နှင့် ကျွန်တော် သချိုင်းကုန်းထဲမှ ထွက်ခဲ့ကြသောအချိန်တွင် တစ်လောကလုံး မှောင်အတိဖုံးလျက် ရှိလေပြီ။

မြဝတီမဂ္ဂဇင်း။ ဧပြီလ ၁၉၅၆။

mgyoe.com

mgyoe.com SAMPLE BOOK

# သံသရာ လည်သရွေ့

နှစ်ပေါင်း ၂၀ ခန့် ကွဲကွာနေပြီးမှ မမျှော်လင့်သောနေရာတွင် သူ့ကို ဖြုန်းခနဲ မြင်လိုက်ရတော့ ကောင်းစွာ မမှတ်မိချင်တော့။ 'မြင်ဖူးသလိုလိုပါ' ဟူ၍တော့ အောက်မေ့ခဲ့မိ၏။ ဤသို့သဘောရှိသော မျက်လုံး, မျက်ခုံးနှင့် ရုပ်ဆင်းအင်္ဂါမျိုးသည် တစ်ကြိမ်တစ်ခါက ငါ၏အသိ ဖြစ်ခဲ့ဖူးဟန် တူသည်။ မြင်ဖူးရုံမျှသာလော။ သိပင်သိဖူးသေးသလော၊ သို့တည်းမဟုတ်မူ၍ ခင်မင်ရင်းနှီးသူပင် ဖြစ်ခဲ့လေသလော။

'ဆွမ်းခံရင်း ငှက်သင့်' ဆိုသကဲ့သို့ ကျွန်တော့်မှာ သာသနာတော် ၂၅၀၀ အမီ ဒုလ္လဘရဟန်းဝတ်ရာမှ ဆွမ်းခံထွက်ရင်း၊ အသက် ၄၀ ခန့်ရှိမည်ဖြစ်သော မာတုဂါမ တစ်ယောက်ကို မြင်ခဲ့ရာတွင် အထက်၌ဆိုခဲ့သောစိတ်ကူးမျိုး ဖြစ်ခဲ့ရသည်။

'သည်အကောင် ရဟန်းဝတ်နှင့် ဆွမ်းခံထွက်ရင်း စက္ခုန္ဒြေမစောင့်စည်းဘဲ တောင်ကြည့်, မြောက်ကြည့် ကြည့်ပြီး တောင်စိတ်ကူး, မြောက်စိတ်ကူး ကူးချေပြီ'ဟု အပြစ်တင်လည်း မစောကြစေလိုပါ။ ကျွန်တော်သည် ရဟန်းဝတ်နှင့်နေစဉ် ဥပဇ္ဈာယ် ဆရာ၏အဆုံးအမဖြင့် ခဏတစ်ဖြုတ် ရတောင့်ရခဲရဟန်းအဖြစ်ကို ရသည်ကို အလဟဿမဖြစ်ရအောင် အတတ်နိုင်ဆုံး စောင့်စည်းလျက် ဝိနည်းတော်နှင့်အညီ ကြိုးစားကျင့်ဆောင်ခဲ့ပါသည်။ 'သလုံးမြင်းခေါင်းဖြင့် ရင်းနှီး၍ ရအပ်သော ဆွမ်းကို ဘုဉ်းပေးသုံးဆောင်၍ ရဟန်းတရားများကို အားထုတ်ရာ၏'ဟု ဘုရားရှင် ပညတ်တော်မူချက်ကို ဦးထိပ်ထက်ရွက်၍ ဆွမ်းခံထွက်ပါသည်။ ၄ တောင်ခန့်မျှကိုသာ ကြည့်လျက် စက္ခုန္ဒြေကိုချကာ ရွာထဲသို့ သွားပါသည်။ နေပါသည်။

ဤသို့ ဝိနည်းတော်နှင့် အညီနေပါလျက် ဘယ်အတွက် သင့်မျက်စိက ဒကာမအပေါ် ရောက်ရသနည်းဟု မေးလျှင် "ငါ့ရှင်–အပြစ်တင် မစောနှင့်။ ငါ၏ မျက်စိတော်အစုံက ဒကာမအပေါ်သို့ သွား၍ ခိုလှုံသည်မဟုတ်။ ငါ့အား ဘုရားရှင် ခွင့်ပြုတော်မူ၍ ငါကြည့်ပိုင်သော ဥက္ခိတ္တစက္ခု မြင်ကွင်းအတွင်းသို့ သင်း ဝင်၍ လာသောကြောင့်သာ ငါ မြင်ရပေသည်။ ယင်းဒကာမသည် ငါ၏သပိတ်ထဲသို့ ဆွမ်း, ဆွမ်းဟင်း စသည် လောင်းထည့်စဉ်တွင် ငါနှင့် ဟတ္ထပါသ ၂ တောင့်ထွာ အတွင်းသို့ ရောက်သည်လည်း တစ်ကြောင်း၊ ဆွမ်းလောင်း၍အပြီးတွင် မြေပြင်မှာ ပုဆစ်တုပ်ပြီး လက်အုပ်ချီကာ ရှိသေစွာဖြင့် ၃ ခါ – ၃ ကြိမ် ဦးနှိမ်ကန်တော့ ပြန်သည်လည်း တစ်ကြောင်း၊ အကြင်ဒကာမသည် ငါ ကြည့်ပိုင်ခွင့်ရှိသော ၄ တောင်ခန့်အတွင်း၌ ရှိပေသည်"ဟု ဖြေရပါလိမ့်မည်။

'အာရုံကိုမြင်လျှင် မြင်ကာမျှသိ' ဟူသောအဆုံးအမကိုတော့ ချိုးဖျက်မိသည် ထင်သည်။ သို့သော် အပြစ်ဆိုသည်မှာ ဖြစ်မှန်းမသိ ဖြစ်သွားတတ်သောအရာမျိုး ဖြစ်၍၊ 'သည်တစ်ချက်တော့ အာပတ်သင့်သော် သင့်ရာ၏'။ ကျွန်တော်တော့ နောက် အတော်ကြာ တွေးမိတောမိ ဓာတ်ကြောရှည်မိပြီးမှ သတိရတော့သည်။

အပြစ်ဆိုသည်မှာ ဖြစ်မှန်းမသိ ဖြစ်သွားတတ်သောအရာမျိုး ဖြစ်၍၊ 'သည်တစ်ချက်တော့ အာပတ်သင့်သော် သင့်ရာ၏'။ ကျွန်တော်တော့ နောက် အတော်ကြာ တွေးမိတောမိ ဓာတ်ကြောရှည်မိပြီးမှ –

'သူ့ကို မြင်ဖူးပါသည်။ မြင်ဖူး သလိုလိုတော့ ရှိပါသည်'ဟူသော အတွေးသည် ဆွမ်းခံလမ်းတစ်လျှောက်လုံး ကျွန်တော်နှင့်အတူ ပါလာခဲ့သည်။ 'ဘယ်မှာ တွေ့ဖူး, မြင်ဖူးပါလိမ့်'ဟုလည်း ပြန်လည်စစ်ကြောလာမိ၏။ တစ်ခါတစ်ရံ လုံးဝ မတွေ့ဖူး,



mgyoe.com

မမြင်ဖူးသော သူများကိုပင်လျှင် မြင်ဖူးသလိုလို၊ တွေ့ဖူးသလိုလို ထင်တတ်သည်။ တစ်ခါတစ်ခါ မြင်ဖူး၊ သိဖူးသူနှင့် တူသည်ကိုပင် မြင်ဖူးသလိုလို ထင်တတ်သည်။ သံသရာဘဝအဆက်ဆက်က မြင်ဖူး၊ တွေ့ဖူးသူများလည်း ဖြစ်တတ်၏။ သို့သော် ယခု ဒကာမမှာမူ ဘယ်သူနှင့် တူသလိုလို၊ ဘယ်သူပဲ ဖြစ်သလိုလို၊ မဝေးလှသေးသော ရှေးကပင် အသိအကျွမ်းဖြစ်ခဲ့ဖူးသလိုလိုထင်သဖြင့် လမ်းတစ်လျှောက်လုံး အတိတ်ကို ပြန်လှန်စစ်ကြောလာမိသည်။

အတိတ်သည် လင်းတစ်ချီ မှုန်တစ်လှည့်နှင့် ကျွန်တော်၏ ကျောင်းသားဘဝ ငယ်စဉ်က အဖြစ်များဆီသို့ ရောက်သွားသည်။ ဤတွင် မျက်လုံးပြူးပြူး၊ အသားညိုညို ငါးရံ့ကိုယ်နှင့် ဗိုလ်ဆန်ဆန် ဗလစ်ဗလစ်ပြောတတ်သော အပျိုချော မိဒေစီကို ဘွားခနဲသွား၍ သတိရလိုက်၏။

ဒေစီ ဒေစီ။ နင့်များတော့ဟယ် စိတ်နာပါရဲ့။

"ရပ်တော်မူပါဦး ဘုရား"

သြော်-အရေးထဲ ဆွမ်းလောင်းမည့် အမယ်အိုကလည်း ဇလုံကလေးကို ကပျာကယာဆေးပြီး ဆွမ်းလောင်းဖို့အရေး သေပြေးရှင်ပြေး ခုမှ လုပ်နေပြန်ပြီ ထင်ပါရဲ့။ ရေသံလည်း ကြား၏။ ဇွန်းသံ၊ ပန်းကန်သံ၊ အိုးခွက်သံလည်း ကြား၏။ သို့နှင့် မိဒေစီအကြောင်း ဘေးခဏပုံပြီး ခြေစုံမတ်တတ် ဖတ်ခနဲ ရပ်လိုက်ပြန်သည်။

'ဟုတ်ပါရဲ့ မိဒေစီရယ်။ နင့်များတော့ ငါက တွေးမိတိုင်း ဆဲချင်ရဲ့ဟဲ့'ဟု ကိုယ့်တစ်ယောက်တည်း တွေးရင်း ရယ်ချင်သလိုလို ဖြစ်လာပြန်သည်။

ဆွမ်းခံရင်း ငှက်သင့်နေသော ကျွန်တော့်မှာ ဤသို့နှင့်ပင် ဆွမ်းခံလမ်းဆုံး၍ ပြန်ခဲ့ရလေတော့သည်။ အပြန်လမ်းတွင်လည်း တစ်ကိုယ်တည်းပြုံးရင်း မိဒေစီ ဘယ်လိုက ဘယ်လို ဒီနေရာ လာရောက်နေပါလိမ့်မလဲ။ နင့်အိမ်ထောင်နှင့် နင် ရောက်နေတာလား။ ဒါမှမဟုတ် နင့်အဖေအမေများနှင့် အတူတူလား။ အိမ်ထောင်မကျသေးလည်း ငါ လာလည်ရဦးမှာ ပေါ့လေ။ အဲလေ-ဟုတ်ပေါင်။ ငါ့နှယ် ဘုန်းကြီးတန်မဲ့ မတော် မလျော် လျှောက်စိတ်ကူးနေပြန်ပါပြီ။ 'ကဲ-ကဲ- နောက်မှပဲ စိတ်ကူးတော့မယ်။ အခုတော့ ဆရာသမားများအဆုံးအမက မလွတ်စေနှင့်။ သတိကလေး ထားလိုက်ဦး။ သတိကလေး ထားလိုက်ဦး'ဟု ကိုယ့်ကိုယ့်ကို သတိပေးရင်း လျှောက်လာခဲ့ရသည်။

သတိသာ ထားလာခဲ့ရသည်။ တစ်ချက်တစ်ချက်တော့ လွတ်လွတ်ထွက်သွားပြီး၊ ဟိုတုန်းကအကြောင်းများဆီသို့ ရောက်ရောက်သွားသည်။ ဤသို့လျှင် လွတ်သွားရင်း ပြန်ဖမ်းရင်း၊ မိလိုက်ရင်း၊ ထွက်ပြေးရင်းနှင့်ပင် မိဒေစီအကြောင်း ပြတ်တောင်းပြတ်တောင်း သတိရလာသည်။ လွန်ခဲ့သော နှစ်ပေါင်း ၂၀ ခန့်က အဖြစ်အပျက်ကလေးများကိုလည်း သတိရလာသည်။ အချို့ အဖြစ်အပျက်များသည် ရုပ်ရှင်ပြသလို ပေါ်လာကြသည်။ ဤသို့ ကျွန်တော်၏ အာရုံတွင် ပေါ်၍ပေါ်၍ လာသော အဖြစ်အပျက်ကလေးများကို ပေါင်းစပ်၍ ယူလိုက်သည် ရှိသော်-

– ၁ –

မော်တော်ကားကလေးတစ်စီးသည် ကျွန်တော်တို့ ကျောင်းဝင်းထဲသို့ အရှိန်ပြင်းစွာဖြင့် မောင်းဝင်လာပြီးလျှင် ထနောင်းပင်ရိပ်တွင်ဝင်၍ ကျွီခနဲဘရိတ်အုပ်လိုက်သည်။

"ရမ်းလှချည့်လား။ ဘယ်ကကားလဲ"ဟု ကျွန်တော်တို့ တစ်တွေ အံ့သြ၍နေစဉ်မှာပင် ကားတံခါးကို လျင်မြန်စွာ ဖွင့်၍ သွက်လက်စွာဆင်းလာသော အသက် ၁၈ နှစ်ခန့်ရှိ ခေတ်ဆန်ဆန်သူငယ်မတစ်ယောက်ကို မြင်ကြရသည်။

"ဟော့- ဘယ်ကမျှားလဲကွ။ တို့ကျောင်းက မဟုတ်ပါလား"

"ငါ့အဆက်ပါကွာ။ မပြောကြပါနှင့်"

"အံမာ-ခွေးသား။ ကြီးကြီးကျယ်ကျယ် နင်လိုအကောင်မျိုး အီးစော်တောင် မနံရဘူးမှတ်"

ဤသို့လျှင် ကျွန်တော်တို့ လူစုအား ချောက်ချားသွားစေသောသူငယ်မကား မိဒေစီပင်တည်း။

"တယ်နိပ်ပါလားဟေ့"

"လိုချင်တယ်ကွာ"

"ဟော့ကောင်- ငါ့အရင် စိတ်ကူးပြီးသား"

"စိတ်ကူးတာ မှတ်ပုံတင်လို့ မရဘူး။ သွားလိုက်"

"လူသတ်ရပေစေဟေ့"

"သတ်ရင်လည်း သတ်ကွာ။ ပြီးတော့ ကြိုးစင်တက်။ ဒါမှ ၂ ယောက် လျော့သွားမယ်"

ကျောင်းသားတို့ဘဝ မဟုတ်တာကအစ မတော်တာအဆုံး ဝရုန်းသုန်းကား စကားအနိုင်ဆိုလျက်ရှိကြစဉ် ထိုသူငယ်မသည် တစ်ခုသောစာသင်ခန်းအဝ၌ ကျွန်တော်တို့ သူငယ်ချင်းတစ်ယောက်ဖြစ်သူ ရစ်ချတ်နှင့် ရပ်၍ စကားပြောနေသည်ကို မြင်ကြရပြန်၏။

"ဟော့-ဟော့- ဟိုမှာ ရစ်ချတ်တစ်ကောင် အိနေလိုက်တာ"

"ဒီခွေးသားကို သတ်မှပဲ"

"သူ့နှမမှန်းမှ မသိတာ"

"ဒီလိုဆို တို့ကိုပေးဖို့ ကောင်းတယ်ကွာ"

"နှမရှိတိုင်း ပေးတမ်းဆိုရင် မင်းနှမ ငါ့ကို အရင်ပေး"

"နေပါဦးကွ။ ပြောဆိုနေကြတဲ့ဟာက မောင်နှမတော့ ဟုတ်ပုံမရဘူး။ အံမယ်မယ် ကြည့်စမ်း။ မျက်လုံးက မဟုတ်ပါ

ဘူးကွာ။ ဒီအကြောင်း ငါပြေး ဒူးနှင့် တိုက်လိုက်ပြန်ရော့မယ်"

"သူတို့တော့ ဘယ်ဆီကများ စွံလာကြပါလိမ့်နော်။ အကျိုးပေးကောင်းလိုက်တာ။ ဟော ဟော–ကားဆီကို လျှောက်လာကြပြီဟေ့၊ စကားတပြောပြောနှင့်ပဲ။ အေပေးမျိုး တို့ဘက်တောင် လှည့်ကြည့်ဖော်မရဘူး သေပါစေဗျာ"

မကြာမီ ထိုသူငယ်မနှင့် ရစ်ချတ်တို့သည် ကားပေါ်သို့ တက်ပြီး မောင်းထွက်သွားကြသည်။ ကျွန်တော်တို့လည်း မျက်စိ တစ်ဆုံးငေးရင်း ကျန်ရစ်ခဲ့ကြသည်။ ဤကား အဖြစ်အပျက် မြင်ကွင်းတစ်ခုတည်း။

– ၂ –

"ဟေး– ရစ်ချတ်။ မနေ့က မင်းကို လာခေါ်သွားတဲ့ သူငယ်မ ဘယ်ကလဲကွ"

"ဘယ်ကဖြစ်ဖြစ်ကွာ"

"လုပ်ပါကွာ။ ငါ သိချင်လို့ပါ"

"သိချင်ရင် လက်ဖက်ရည်တိုက်ကွာ"

"လာကွာ၊ တိုက်မယ်"

ကျောင်းထဲက ကာကာဆိုင်တွင် ကျေးဇူးရှင် မောင်ရစ်ချတ်အား လက်ဖက်ရည်, မုန့်တို့ဖြင့် ပူဇော်ပြီး ထွက်လမ်းက မရပ်သေး။

"အဲဒါ ငါ့နှမအရင်းပါကွ– ဒေစီတဲ့။ မင်းလိုချင်ရင် ငါ့ကို ခေါက်ဆွဲကျွေးကွာ။ ငါ ပြောပေးမယ်"

ရစ်ချတ်ဆိုသည့်အကောင်က ခပ်နောက်နောက် ဖြစ်သည်။ ကျွန်တော်ကလည်း ခပ်ပေါ်ပေါ် ဖြစ်သည်။

"ကျွေးမယ်ကွာ။ ရအောင်သာပြောပေး။ မရရင် မင်း လျော်ရလိမ့်မယ်"

"ချမ်းသာပေးပါ မောင်ရာ။ သူကြိုက်မှရမယ့်ကိစ္စ ငါက ကြားထဲကတော့ မလျော်ပါရစေနှင့်"

"ဘယ်မှာနေလဲကွ"

"မေမြို့မှာ ကျောင်းနေတယ်။ တို့အဒေါ်နှင့်ပေါ့"

"အခုကော"

"အခု အိမ် ခဏပြန်လာတာကွ။ ဒက်ဒီ နေမကောင်းလို့။ မနေ့က ဆရာဝန်သွားခေါ်တာ"

"သူ ဘယ်တော့ပြန်မလဲ"

"ဒက်ဒီနေကောင်းမှ ပြန်မှာပါ"

"မပြန်ခင် ငါတွေ့ချင်တယ်ကွ"

"တွေ့ချင် လိုက်ခဲ့ပေါ့ကွ"

"စကားပြောလို့ ရပါ့မလား"

"ရလွန်းတောင် အားကြီးနေဦးမယ်"

"ဟုတ်ပါ့မလားကွ ဟကောင်ရာ။ ဒီလိုဆို ငါ့အရင် ဦးတဲ့ကောင်တွေ နည်းမှာမဟုတ်ပါဘူးကွာ"

"ဒါတော့ ငါလည်း မသိတော့ဘူးကွာ။ မင်း ကံပဲ"

ရစ်ချတ်တို့ အိမ်ကိုတော့ ကျွန်တော် မကြာခဏရောက်ဖူးနေ၍ မဆန်းသော်လည်း ဒေစီရှိနေတုန်းတော့ မရောက်ဖူးခဲ့ချေ။ ရစ်ချတ်ကလည်း မပြောဖူး၍ 'သူ့တွင် အစ်မရှိသည်' ဟုလည်း မသိခဲ့။ ခါတိုင်း စနေ, တနင်္ဂနွေကျောင်းပိတ်လျှင် ဘိုင်စကယ်လေးနှင့် သွားလေ့ရှိသော်လည်း ထိုစနေက သွားရန် အိမ်က ထွက်ခဲ့ပြီးမှ လမ်းတစ်ဝက်တွင်ရပ်၍ စဉ်းစားရသည်။ 'ရစ်ချတ်ဆိုတဲ့အကောင်က ရွတ်တွတ်တွတ်ရယ်။ တကယ်များ ဟိုရှေ့ကျမှ ပြောင်ပြီးနောက်နေရင် ငါတော့ ဒုက္ခပဲ'ဟု အောက်မေ့ပြီး သွားသင့်, မသွားသင့် ချိန်ဆမိ၏။

သို့သော် စိတ်ထဲကလည်း ဒေစီကို ကြည့်ချင်နေသဖြင့် ဆက်သွားလိုက်သည်။ ဘိုင်စကယ်ကိုထောင်၍ တံခါးနားသို့ အသွားတွင် အိမ်ထဲက ဒေစီထွက်လာပြီး ကျွန်တော့်အား ခပ်ကြောင်ကြောင်ပင် ကြည့်နေသည်။ ကျွန်တော်လည်း ဣန္ဒြေမပျက်ပင် ပြန်ကြည့်လိုက်၏။ သူ့မျက်လုံးများကား တောက်ပြောင်ပါပေသည်။ သူ့အရောင်အဆင်းမှာ ဝင်းဝင်းဝါဝါကြီး မဟုတ်စေကာမူ အတော်တော့ မက်မောစရာကောင်းသည်ဟု ကျွန်တော် ထင်ပစ်လိုက်သည်။

"ရစ်ချတ် ရှိလား"

ကျွန်တော်က မေးလိုက်တော့ သူက ဘာမျှ ပြန်မပြောဘဲ ချာခနဲ လှည့်ဝင်သွားပါသည်။ 'ဘယ့်နှယ် သူငယ်မပါလိမ့်။ မေးတာတောင် ဖြေဖော်မရဘူး'ဟု အောက်မေ့ပြီး စိတ်ငယ်နေစဉ်မှာပင် အိမ်ထဲက ရစ်ချတ် ထွက်လာသည်။

"လာဟေ့– ငါလည်း မျှော်နေတာပဲ။ မင်း ထမင်းစားခဲ့ပြီးပြီလား"

ကျွန်တော်လည်း ဝတ္တရားအတိုင်း ပြန်ပြောပြီး၊ သူနှင့်အတူ အိမ်ထဲသို့ ဝင်ခဲ့၏။ ရင်ထဲတွင် တဒိတ်ဒိတ်ခုန်နေသည်။ ခါတိုင်းကဲ့သို့ပင် ရစ်ချတ်အိပ်ခန်းထဲသို့ ဝင်ခဲ့ကြရာတွင် အခန်းဝမှ ဖြတ်သွားသော ဒေစီကို တွေ့သဖြင့် ရစ်ချတ်က လှမ်းခေါ်လိုက်ပြန်သည်။

"ဒေစီ– ဟောဒါ ငါ တစ်နေ့ကပြောတဲ့ ငါ့သူငယ်ချင်း မောင်လင်းပေါ့"

ဒေစီက သည်တော့မှ ဟန်လုပ်ပြီး ပြုံးပြသည်။ ကျွန်တော်က ပြန်ပြုံးပြမိလေသလားတော့ မသိ။ 'သည်အကောင် ဘာတွေများ ပြောထားပါလိမ့်'ဟု ရင်ထဲက ယားကျိကျိ ဖြစ်နေသည်။ ဒေစီက နှုတ်ဆက်ပြီး အိမ်ပေါ်တက်သွားမှ ကျွန်တော်တို့ ၂ယောက် အခန်းထဲ ဝင်ခဲ့ကြသည်။



mgyoe.com

mgyoe.com SAMPLE BOOK

ဒေစီကို အကဲခတ်ရသည်မှာတော့ ကျွန်တော့်အား ရယ်စရာသတ္တဝါ တစ်ကောင်လို ထင်နေပုံရ၏။

"ဟေ့ကောင်–မင်း ငါ့အကြောင်း ဘာတွေ ပြောထားလို့လဲ"

"မင်း ဒေစီကို ယူချင်တယ်ဆို။ ငါ ပြောပေးရမယ်ဆို"

"ဟကောင်– တိုးတိုး တိုးတိုးလုပ်ပါကွာ။ ကြားများသွားလို့"

ရစ်ချတ်က ကျွန်တော့်ကိုကြည့်ပြီး ရယ်နေပါသည်။ ကျွန်တော့်မှာတော့ ရယ်ရအခက်, ငိုရအခက်နှင့် အူကြောင်ကြောင်ဖြစ်၍ နေပါသည်။

နေ့လယ် လက်ဖက်ရည်သောက်ချိန်တွင် အခန်းဝက ဒေစီလာပြီး ကျွန်တော့်တို့ကိုခေါ်သဖြင့် ၃ ယောက်သား ထမင်းစားခန်းဘက်သို့ လျှောက်လာကြသည်။ ဒေစီက သူတို့ဒက်ဒီ သက်သာနေကြောင်း၊ နက်ဖြန်လောက်ဆိုလျှင် သူယူခဲ့သော ဓာတ်ပြားအသစ်များကို ဖွင့်နိုင်တော့မည်ဖြစ်ကြောင်း ရွှတ်ရှက်ဒွတ်ဒက်နှင့် ပြောလာပါသည်။

ခါတိုင်း ရစ်ချတ်တို့အိမ်၌ အားမနာတတ်သော ကျွန်တော် ထိုနေ့က ခပ်အမ်းအမ်းဖြစ်နေ၍ ရစ်ချတ်က နှိုးဆော်ယူရသည်။ နှိုးဆော်ရုံတွင်မက ကမြင်းမသားက ချောက်ပင် ချလိုက်သေး၏။

"စားပါကွ ပေါင်မုန့်။ ခါတိုင်းများ တုတ်လိုက်တာ ၂ချပ်နှင့် ဘယ်တော့မှ မဝဘူး။ အခု ဒေစီရှိလို့ ဟန်လုပ်နေလိုက်တာ၊ တို့နှန့် တို့နှန့်နှင့်။ ရှော်တဲ့ကောင်ပဲ"

"ဟာကွာ–ရစ်ချတ်ကလည်း"

ကျွန်တော် အတော်ရှက်သွားသည်။ ဒေစီက အစတွင် အသံကလေးများထွက်အောင် ရယ်မိပြီး နောက်မှ ကျွန်တော့်အား အားနာသွားဟန် ဣန္ဒြေလုပ်ထားပြီး၊ သူ့မောင်ကို သူ အပြစ်တင်လိုက်သည်။ အရေးထဲ မောင်မင်းကြီးသားက မယောင်မလည်နှင့် အပြင်ဘက်များ ထသွားလိုက်သေးသည်။ တော်တော်နှင့်လည်း ပေါ်မလာ။ ဒေစီကလည်း ကျွန်တော့်ကို ကြည့်ပြီး ရယ်နေချင်နေဟန် တူပါသည်။ ရစ်ချတ် ပြန်မရောက်လာခင် ဘာစကားတွေ ပြောနေမိကြသည်ကိုတော့ မမှတ်မိ။ ဒေစီကို အကဲခတ်ရသည်မှာတော့ ကျွန်တော့်အား ရယ်စရာသတ္တဝါ တစ်ကောင်လို ထင်နေပုံရ၏။ ဤကား ကျွန်တော်၏ ခေါင်းထဲသို့ တဝေ့ဝေ့ ပြန်ဝင်လာသော ဒုတိယမြင်ကွင်း ဖြစ်ပါသည်။

– ၃ –

နောက်တော့ ကျွန်တော် ရစ်ချတ်တို့အိမ်သို့ မကြာမကြာ ရောက်ရသည်။ ဒေစီနှင့်လည်း အသိအကျွမ်းဖြစ်ရ၏။ သို့သော် ကျွန်တော်က ဒေစီ၏ခြေလှမ်းကို မီအောင်မလိုက်နိုင်ခဲ့ချေ။

ဒေစီသည် ကျွန်တော့်ထက် ၁ နှစ်ခန့်သာ ကြီးသော်လည်း ကျွန်တော့်အား ချာတိတ် အောက်မေ့လေတော့သလား မသိ။ အထက်စီးယူ၍ စကားပြောလေ့ ရှိသည်။ သူနှင့် ကျွန်တော်များစွာ ရင်းနှီးခင်မင်မှု မရှိသေးသော်လည်း ရဲတင်းစွာပင် ခိုင်းချင်စေချင်ရှိရှာသည်။ ကျွန်တော်ကလည်း သူ့ကို ကြိုက်သည့်စိတ်ဇောက ဖုံးလွှမ်းထားသဖြင့် အခိုင်းခံရ၍လည်း ခံရမှန်း မသိတတ်ခဲ့ချေ။ သူခိုင်းသမျှ လုပ်ပေးနေရသည်ကိုပင် ပျော်ရွှင်လျက် စိတ်ကူးတယဉ်ယဉ်ဖြစ်နေသည်ဟု ထင်မိ၏။ ထိုစဉ်က ကျွန်တော် စိတ်ကူးယဉ်လိုက်ပုံကို အကုန်သာ ပြန်၍သတိရလျှင် ကိုယ့်ကိုယ်ကိုပင် ဖနောင့်နှင့် ပေါက်ချင်လိမ့်မည်လား မသိ။

အရွယ်ကလည်း အတော် လေရူးနှင့်တူသော အရွယ်ဖြစ်၍ စိတ်ကူးများကလည်း ဆန်းကြယ်ကြပါပေသည်။ ဒေစီနှင့်ရပြီး ကလေးတွေ, မြေးတွေနှင့်လည်း နေကြည့်ဖူးသည်။ ဒီအထဲတွင် ယောက်ဖလောင်းရစ်ချတ်ကောင်ကလည်း ဘေးကနေ မီးလောင်ရာလေပင့် ပင့်ပေးတတ်သည်။

"မင်း ဒေစီနှင့် ရရင်တော့ သနပ်ခါးတောင် သွေးပေးရတော့မှာပဲ။ ထဘီမလျှော်ပေးရရင် ကံကောင်းပဲ"

"ဘာဖြစ်လို့လဲကွ"

"ကွာ–ဘာဖြစ်ရမလဲ။ အခုကတည်းက ဒေစီက ခိုင်းလိုက်ရင် ဘာမျှမငြင်းဘူး။ ဒုန်းစိုင်းတာပဲ။ အတော်နွားကျတဲ့အကောင်။ ငါတော့ ယောက်ဖတော်ရမှာတောင် ခပ်ရှက်ရှက်ပဲဟေ့"

"ဒါကကွာ၊ ငါ အားနာလို့ လုပ်ပေးနေတာပါ။ ငါ့မှာလည်း ဝန်လေးတာ မှတ်လို့။ ရတော့လည်း တစ်မျိုးပေါ့ကွာ"

"အေးလေကွာ။ နွားကျတယ်ဆိုတာ အဲဒါပေါ့"

ကျွန်တော် အတော်ရှက်သွားသည်။ သို့သော နွားကျကျ, ဝက်ကျကျ ဒေစီကို မြင်လိုက်လျှင်တော့ သတိမရနိုင်။ တစ်ခါတစ်ခါ ကိုယ့်ကိုယ်ကို ဒေစီရည်းစားအဖြစ် စိတ်ကူးရောက်နေလိုက်မိသေးသည်။

မည်သို့ပင် စိတ်ကူးယဉ်စေကာမူ ဒေစီနှင့် ကျွန်တော်မှာ အနေချင်းမတူကြသည်ကိုတော့ မကြာခဏ သတိရ၍ စိတ်ပျက်ခဲ့ရသည်။ သူ ဘိုဆန်ဆန်နေတတ်သည်။ ကျွန်တော်က အင်္ဂလိပ်ကျောင်းသားပင် ဖြစ်သော်လည်း အလွန် သမားရိုးကျနေထိုင်တတ်သော မြန်မာမိဘဆွေမျိုးများမှ ဆင်းသက်လာသူဖြစ်သည်။ ရစ်ချတ်နှင့် သူငယ်ချင်းဖြစ်၍သာ ဒေစီနှင့် သိရသည်။



mgyoe.com

ထိုသို့မဟုတ်လျှင်ကား ဒေစီနှင့် ကျွန်တော် တစ်ဦးကို တစ်ဦး သိကျွမ်းဖို့ပင် အဆက်ဝေးလှ၏။

mgyoe.com SAMPLE BOOK

အသိအကျွမ်း ဖြစ်သလိုလို ရှိသွားတော့လည်း မညီညွတ် သမျှအကြောင်းတို့ကို လျစ်လျူရှုပစ်လိုက်ရသည်။ ဘယ်လို မဆို ဒေစီကို ရအောင်ယူမည်ဟုလည်း စိတ်ကူးပါသည်။ ရနိုင်သောနည်းလမ်းများကိုလည်း လူငယ်ပီပီ ကြံစည်ပါသည်။

ညညတွင် မိုးချုပ်သန်းခေါင်အထိ ဒေစီကိုပေးရန် မေတ္တာ စာ စီရသည်။ အင်္ဂလိပ်လို ရေးလိုက်, မြန်မာလို ဖွဲ့လိုက်နှင့် စက္ကူရွက်ပေါင်းများစွာကို ဖြုန်းတီးခဲ့သည်။ တစ်စောင်တလေ မျှလည်း ဟန်ကျပန်ကျ ထွက်မလာ။ သို့သော် ထိုစဉ်က ကျွန်တော့်မှာ စိတ်ပျက်ခြင်း, ငြီးငွေ့ခြင်း ဟူ၍ မဖြစ်မိဟု ထင်သည်။ သို့သော် ရေးရေးပြီး မအောင်မြင်သော တစ်ပိုင်းတစ်စ စာရွက်များကို ဖျောက်ဖျက်ရသည်ကတော့ မလွယ်ကူလှပေ။ အိမ်သာထဲချည်း ချပစ်၍ မဖြစ်။ တစ်ခါတစ်ခါတော့လည်း တစ်ရွက်တလေ တစ်ပိုင်းတလေ စာကြည့်စားပွဲပေါ်တွင် မေ့ကျန် နေတတ်သည်။

ကျွန်တော် နေရသည်မှာ ဦးလေး၏အိမ် ဖြစ်၍ လွတ်လပ်မှု များးစွာ မရှိလှပါ။ ဤစာတွေများ ဦးလေးတွေ့သွားလျှင် ဒုက္ခ ကောင်းကောင်းရောက်မည်ကို သိ၍ စာများကို လျှို့ဝှက်ရ ပေသည်။ သို့ရာတွင် ဆိုခဲ့သည့်အတိုင်း သတိလစ်သွား၍ များပြားလှစွာသော စာတိုစာစများအထဲမှ တစ်စသည် စာရေး စက္ကူကတ်ကြားတွင် ညပ်၍ ကျန်ခဲ့လေရာ ထိုစာတစ်ပိုင်းကို ဦးလေးတွေ့သွားသည် ထင်ပါသည်။ ကျွန်တော့်ဖခင်ထံမှ တိုက်ရိုက်မဟုတ်စေကာမူ ကျွန်တော်၏အဖြစ်မှန်ကို သိသော ကြောင့် ရေးလိုက်သောစာမျိုး တစ်စောင် ရောက်လာသည်။

ငါ့သား 'မိန်းကလေးတစ်ယောက်ကို စွဲလမ်းပြီး အိပ်လည်း မအိပ်၊ စာလည်း မကျက်၊ ကျောင်းလည်း မှန်မှန်မတက်ဘူး' သတင်းကြားရသည်။ ကျောင်းနေစဉ်မှာ ဤကိစ္စမျိုး ငါ့သား စိတ်မကူးနှင့်။ ကိုယ့်အကျိုး ကိုယ် ကြည့်ပြီး နောင်ရေးအတွက် စိတ်ချရအောင် ကြိုးစားပါ။

ဤသို့သောစာမျိုးကိုရတော့ စိတ်ထဲတွင် မသက်မသာ ဖြစ်သွားပြီး၊ အိမ်ကလူများကို ဒေါပွသလို ဖြစ်လာသည်။ ဦးလေးနှင့် ဒေါ်ဒေါ်တို့ကိုလည်း 'စာကြည့်စားပွဲပေါ် ရှာရဖွေရ မည်လား'ဟုလည်း စိတ်ဆိုး၏။ တွေ့စေဦးတော့၊ 'အိမ်ကို တိုင်ရပါမည်လား'ဟု အပြစ်တင်မိ၏။ ကိုယ်က ဖွဲ့ဖွဲ့နွဲ့နွဲ့ ရေး ထားသောစာကို လူသိသွားသောကြောင့်လည်း အတော်ရှက်ရ၏။

"နောက် ကျွန်တော့်စားပွဲပေါ်မှာ ရှိတာတွေ မကိုင်ကြပါ နှင့်"

ကျွန်တော်က ရှုသိုးသိုးနှင့် အိမ်ကလူများကို အားလုံး သိမ်းရုံး၍ ပိတ်ပင်လိုက်မိသည်။

ဒေစီကို များးစွာ မစဉ်းစားဖြစ်တော့ပါ။ စာပေးထားမိသည်ကိုပင် မှားသွားသလိုလို ထင်မိပြန်သည်။ ဒေစီကလည်း ကျွန်တော့်အား သတိရမည် မဟုတ်ဟု ကျွန်တော် တွေးမိသည်။

ထိုအခါ ဦးလေးက "အံမာ– ကြီးကျယ်လိုက်တာကွာ"ဟု ဆိုသည်ကို ယခုတိုင် အမှတ်ရ၍ နေပါသေးသည်။ နောက်တွင် ကျွန်တော်ကလည်း အိမ်က လူများကို မယုံတော့။ အိမ်က လူများကလည်း ကျွန်တော့်အပေါ် မယုံတော့။ နေရထိုင်ရသည် မှာလည်း အနည်းငယ် ကျဉ်းကျပ်စ ပြုလာသည်။ ကျွန်တော်က လည်း အိမ်မို့ ပြန်ရောက်လာလျှင် ဘယ်သူနှင့်မျှ စကားကောင်း ကောင်း မပြော။ ကိုယ့်သဘောနှင့် ကိုယ် စားချင်မှစား၊ အိပ် ချင်မှ အိပ်၊ စာလည်း ကျက်ချင်မှ ကျက်နှင့် အတော်ကလေး အကျင့်ပျက်ခဲ့ဟန် တူသည်။

ဒေစီတို့နှင့် တွေ့ပြန်တော့လည်း အိမ်မှာကဲ့သို့ မဟုတ်။ အတော် သွက်သွက်လက်လက် ဖျတ်ဖျတ်လတ်လတ် ရှိ၏။ ဒေစီကို လိုချင်သောစိတ်က နှိုးဆော်၍ စာမေးပွဲအောင်လိုစိတ် ကလည်း ဖြစ်လျက်ရှိသဖြင့် တစ်ခါတစ်ခါ စာတော့ ကြည့်သေး ၏။

ဤသို့ဖြင့် ရက်ပေါင်း အတော် ကြာလတ်သော် ကျွန်တော့် မှာ ချစ်ရေးကိစ္စရှုပ်ထွေးနေသော အပူသည်တစ်ယောက်လို ကိုယ့်ကိုယ်ကို ထင်နေမိသည်။ ကျွန်တော့်စိတ်ကူးနှင့် ကျွန်တော် ပျော်လိုက်, စိတ်ညစ်လိုက်, ဆွေးလိုက်, လွမ်းလိုက်နှင့် အတော် ရေးကြီးခွင့်ကျယ်ဖြစ်နေသည် ထင်သည်။ ကျွန်တော်နှင့် ဒေစီတို့ ကြိုက်နေကြသည်ကို အိမ်က လူကြီးများ သိသွားသဖြင့် 'ပညာသင်တုန်းအရွယ်တွင် ခွင့်မပြုနိုင်'ဟု တားမြစ်ပိတ်ပင် သောကြောင့် စိတ်အပျက်ကြီး ပျက်နေရသလို တွေးတောရင်း အတွေး လွန်လွန်သွားတတ်သည်။ စင်စစ် ကျွန်တော်က ဒေစီက ကြိုက်နေသည်မှတပါး အခြား၌ ဘာမျှမဖြစ်သည်ကို သတိမပြုမိချေ။

ဤသည်တို့ကား ကျွန်တော် ဝိုးတဝါးမှတ်မိပြီး ပြန်တွေး တိုင်း ရယ်ချင်မိသော အကြောင်းများဖြစ်ပါသည်။ ။

– ၄ –

တစ်နေ့သ၌တော့ ကျွန်တော် အရဲစွန့်ပြီး ဒေစီအား စာ တစ်စောင် ပေးလိုက်မိလေသည်။ အစတွင် ဒေစီက အံ့ဩသွား သလို ပြူးတူးပြတဲဖြစ်သွားပြီး၊ နောက်မှ ကျွန်တော့်အား အကဲခတ်သလိုကြည့်ကာ စာကို ယူသွားပါသည်။

SAMPLE BOOK

ထိုနေ့ညက ကျွန်တော် အိပ်မပျော်နိုင်ပါ။ ကျွန်တော်၏ စာကို ဒေစီဖတ်ပြီး မည်သို့ သဘောထားမည်ကို ကိုယ့်အလို အတိုင်း စဉ်းစားတွေးတောလျက်သာ မိုးစင်စင် လင်းရတော့လေသည်။

နောက် ၁ ရက်–၂ ရက်အကြာတွင်မှ သူတို့အိမ်ဘက်သို့ မယောင်မလည်နှင့် ရောက်သွားပါသည်။ သူတို့ဒက်ဒီ နေကောင်း နေပြီဖြစ်၍ ဒေစီလည်း ကျောင်းသို့ပြန်ပြီး ဖြစ်ကြောင်း သိခဲ့ရရာ ကျွန်တော်လည်း အတော် စိတ်ပျက်လက်ပျက် ဖြစ်သွားသည်။ သို့သော် စာပေးပြီးနောက် ပထမဆုံးအကြိမ် ဒေစီနှင့် ဘယ်လို မျက်နှာချင်းဆိုင်ရမည်ကို စဉ်းစား၍မရသော ပြဿနာတော့ ရှင်းသွားသည်။

ထို့နောက် ရက်အနည်းငယ်အတွင်းမှာပင် ကျွန်တော်လည်း ဒေစီကို မေ့သလိုလို ဖြစ်သွားပြန်သည်။ ခါတိုင်းကဲ့သို့ပင် ရစ်ချတ်တို့အိမ်သို့ ရောက်နေသော်လည်း ဒေစီကို များစွာ မစဉ်းစားဖြစ်တော့ပါ။ စာပေးထားမိသည်ကိုပင် မှားသွားသလိုလို ထင်မိပြန်သည်။ ဒေစီကလည်း ကျွန်တော့်အား သတိရမည် မဟုတ်ဟု ကျွန်တော် တွေးမိသည်။

ဒေစီပြန်သွားပြီး ၂ ပတ်ခန့် အကြာတွင် ကျွန်တော်ထံသို့ ကျောင်းလိပ်စာနှင့် စာတစ်စောင် ရောက်လာသည်။ စာအိတ် လက်ဝဲဘက်အောက်ထောင့်တွင် ဒေစီဟု ပီသစွာ လက်မှတ် ရေးထိုးထား၍ ပြုန်းခနဲ မဖောက်ရဲသေး။ ကျွန်တော်၏လက်များ တုန်နေပါသည်။ ရင်ထဲမှာလည်း တဒိတ်ဒိတ်နှင့်။ စာအိတ်ကို ဖွင့်ရန် လူအလစ်ကိုသာ စောင့်ပြီး ပျော်မြူးလျက်ရှိပါသည်။ စာအိတ်မှာ အတော်ထူသဖြင့် 'စာ အတော်ရှည်လိမ့်မည်'ဟူ၍ လည်းကောင်း၊ အထဲမှာ 'တစ်ခုခု ဓာတ်ပုံ စသည် ပါလိမ့်မည်' ဟူ၍ လည်းကောင်း ထင်ရာဆွဲ တွေးတောပစ်လိုက်ပြီး စိတ်ကူး ယဉ်ချင်တိုင်း ယဉ်ပစ်လိုက်မိသေး၏။ လူသူ ၄ ပါး သိအပ်၊ မြင်အပ်သည့်အရာ မဟုတ်သဖြင့် အင်္ကျီအတွင်းအိတ်မှာ လုံခြုံစွာ ထည့်၍ အပေါ်က ဖိထားရသေး၏။ သို့ရာတွင် တစ်ဖက်က 'ဟုတ်မှ ဟုတ်ရဲ့လား။ လိပ်စာများ မှားနေမည်လား။ ငါ့နာမည်နှင့် လာတာမှ ဟုတ်ရဲ့လား' ဟူ၍လည်း သံသယ မကြာမကြာ ဖြစ်သဖြင့် ခဏခဏလည်း ထုတ်ကြည့်ရသေး၏။ ဣန္ဒြေမရ လိုက်သည့် ဖြစ်ခြင်း။

မိဒေစီ။ အဟုတ်မှ ဟုတ်ရဲ့လား။ ငါ့ကိုများ လှည့်စားပြန်ဦးမလို့လား။ လည်က လည်ပါဘိသနှင့်။ ငါက စာတစ်စောင်ပေးရုံနှင့် ပြန်စာလာတာတော့ တယ်ပြီး မယုံချင်ဘူး။ အေးလေ–ငါ့စာကလည်း အတော်ရှင်းရှင်းလင်းလင်း အကြောင်းစုံ ပြောပြီး ရေးထားတာပဲ။ သူ သဘောကျသွားမယ် ဆိုလည်း သွားလောက်ပါတယ်။ အိမ်မှာတုန်းကတော့ မချောင်လည်ရှာလို့ မရေးရတာ ဖြစ်မှာပါပဲ။ အေးလေ–ငါကလည်း သူပြန်ခါနီး သွားမှ မတွေ့တော့ဘဲ။ ပေးခဲ့ဖို့ ဘယ်ဖြစ်တော့မလဲ။ စာတိုက်ကပဲ ထည့်ရတော့မှာပေါ့။ ဖတ်ချင်လှပြီ။ ကျောင်းတက်ခေါင်းလောင်းကလည်း ထိုးခဲလှသည်။ ကျောင်းတက်မှ တစ်ချိန်လောက် လစ်ပြီး ချောင်ကောင်းကောင်း ရှာဖတ်ရတော့မည်။

"ဟေ့ ကောင်ကြီး။ ဘာတွေ တွေးငေးနေတာလဲ"

"ဟာ–အာ–နင့်မေသောက် လန့်လိုက်တာကွာ။ မင်းလုပ်လိုက်မှဖြင့် ဒီလိုချည်းပဲ"

"ထုတ်ပါကွ။ မင်းအိတ်ထဲကစာအိတ် ဖတ်ရအောင်"

"မရှိပါဘူးကွ။ ဘာစာအိတ်လဲ"

"စောစောက ပို့စ်မင်းလာပေးတဲ့ စာအိတ်။ အခုနက မင်း ထုတ်ကြည့်လိုက်, ပြန်သွင်းလိုက်လုပ်နေတဲ့ စာအိတ်"

"ရှီး–ဟေ့ကောင်။ မင်းငါ့ကို ကြည့်နေတယ်ပေါ့လေ"

"အံမာကွာ၊ မင်းကိုယ်မင်း ဣန္ဒြေရလှပြီ ထင်နေတာလား။ ထုတ်ကွာ ဖတ်ရအောင်။ ဘာတွေများပါလဲ။ ငါလည်း သိပ်သိချင်တယ်"

"သူများစာ ဖတ်ချင်လို့ ဘယ်ဖြစ်မလဲကွ။ ဒါ ငါ့စာပဲ"

"ဟကောင်။ ရည်းစားစာဆိုတာ သူငယ်ချင်းတွေနှင့် အတူတူဖတ်ရတယ်ကွ"

"ဒါ ရည်းစားစာမှ မဟုတ်ဘဲ။ ငါ့အဖေဆီက လာတာပဲ"

"အံမာမာလေးကွာ။ မင်းအဖေက 'ဒေစီ'တဲ့လား။ ဒီစာ မင်းလက်ထဲ မရောက်ခင် ပို့စ်မင်းက ငါ့လာမေးလို့ ကြည့်လိုက်ပြီးသားပါကွ။ မင်း ချေးများမနေနှင့်။ ငါ့ ရည်းစားဆီကလာတဲ့စာကျတော့ မင်းတို့ကောင်တွေ မရမကလုပြီး ဖတ်ကြတယ်။ အခု ငါက တစ်ယောက်တည်း အသာတကြည် တောင်းတာတော့ မပေးချင်ဘူး။ စိန်မောင်တို့လူစုကို မောင်းတီး ခေါ်လိုက်ရမလား။ ဒါဖြင့်–"

ဒက္ခတော့ တွေ့ရပြီ။ အကြီးအကျယ် လျှို့ဝှက်ချင်ပါမှ သူငယ်ချင်းထွန်းစိန်က လာပြီး နှောင့်ယှက်နေပြန်သည်။ ထွန်းစိန်ဆိုသည့် အကောင်ကိုလည်း ကြောက်ရသည်။ ထွန်းစိန်မှာ ကျောင်းတွင် အတော် ရှုပ်နိုင်ပွေနိုင်သောသူဖြစ်သည်။ လူတိုင်း၏ကိစ္စများကိုလည်း ဤနည်းနှင့်နှင့်သိအောင် လုပ်တတ်သူဖြစ်သည်။ အမျိုးမျိုး တောင်းပန်တိုးလျှိုး၍ မရတော့သည့်အဆုံးတွင် နဂိုကလည်း အနည်းငယ်ကြွားချင်ချင် ရှိသဖြင့် ၂ ယောက်သား လူရှင်းရာ တင်းနစ်စ်ကုတ် ချောင်ကြားသို့ သွားကြပြီးလျှင် စာအိတ်ကို ရှိသေလေးမြတ်စွာ အသာအယာ ဖွင့်လိုက်ပါသည်။

'ဘုရား–ဘုရား။ ဟုတ်မှလည်း လုပ်ပါ မိဒေစီရယ်။ ဆဲစာတွေများ ဖြစ်နေမလား။ အင်း ဆဲစာဆိုလည်း ဒါလောက်တော့ မထူတန်ပါဘူးလေ။ ကဲ–ဖွင့်ပြီ'။

စာရွက်ခေါက်ကလေး စာအိတ်အပြင်တစ်ပိုင်းထွက်လာတော့ ကျွန်တော့်လက်တွေရောရင်တွေပါ ခုန်နေသည်။ ဤတွင်



mgyoe.com

mgyoe.com SAMPLE BOOK

**အသက် ၄၀ သို့ ကပ်နေပြီဖြစ်သော မိဒေစီမှာ ရှေးကလို သဘောကျစရာ မဟုတ်တော့။ တရားရစရာသာ ဖြစ်၏။ ဟိုစဉ်အခါက ဝဝကစ်ကစ် ချစ်စရာမျက်နှာပေးနှင့် သွက်သွက်လက်လက်ကလေး မဟုတ်တော့။**

ထွန်းစိန်က စိတ်မရှည်သလို ဆွဲထုတ်ယူပြီး စာရွက်ကို ဖြန့်လိုက်၏။ ကျွန်တော်က လိုက်၍လုသေးသော်လည်း မရတော့ဖြင့် အသာတကြည်ပင် သူ့ဘေးက ယှဉ်၍ဖတ်လိုက်ရတော့သည်။

"ဟကောင်–မင်းဟာကက"

ကျွန်တော်ကတော့ စာကို မြင်လိုက်လျှင် မြင်လိုက်ခြင်းသိပြီ။ ထွန်းစိန်ကတော့ ၄–၅ ကြောင်းမျှ ဆက်ဖတ်နေသဖြင့် ကျွန်တော်က ဖျတ်ခနဲ ဆွဲလုလိုက်သေး၏။ သို့သော် သူက သတိနှင့်ကိုင်ထားသောကြောင့် မရလိုက်ချေ။ ထိုအခါက ထွန်းစိန် ရယ်လိုက်ပုံကို မျက်စိထဲတွင် မြင်ယောင်မိလျှင် ကျွန်တော့်ရင်ထဲတွင် ဖိုသွားမိသေးသည်။ ထိုစဉ်ကတော့ ကျွန်တော့်မှာ တစ်ကိုယ်လုံးထူပူပြီး ခြေဦးတည့်ရာ စွတ်ပြေးချင်စိတ်ပင် ပေါက်မိလေသည်။

စာကား ဒေစီအား ကျွန်တော်ပေးသော စာမျှသာ ဖြစ်၏။

ဤအဖြစ်အပျက်သည် ယခုမှ ပြန်တွေး၍ ရယ်စရာလိုလိုနှင့် သက်သာခွင့်ရှိသော်လည်း ဟိုစဉ်အခါကမူ ထူပူသွားအောင် ရှက်မိသဖြင့် တစ်ကြောင်း၊ မိဒေစီလုပ်ပုံ အချိုးမကျလှသဖြင့် တစ်ကြောင်း၊ လူ့ပြည် နေချင်စိတ်ပင် ကုန်သွားမတတ်ဖြစ်ရကား 'မိဒေစီ–နင်တော့ နေနှင့်ဦး။ ငါ့အပေါ် နင်ချောက်ချလေသမျှ နင် ငါ့ကို ရှိခိုးတောင်းပန်ရမပေါ့ဟယ်။ ငါလည်း ယောကျ်ားကပဲ'ဟု ဒေါသနှင့် အံခဲ၍ ဝမ်းထဲ၌ အမျက် သိုခဲ့မိပါသည်။ တကယ်ဆို စာကို ဆုတ်ဖြဲ, မီးရှို့ အမျိုးမျိုး ထင်သလို လုပ်ပြီး ပျောက်ဖျက်ပစ်လိုက်လျှင် အလိုအလျောက် ပြေပျောက် ပြီးပြတ်သွားနိုင်ပါလျက်၊ 'ဘယ်အတွက်များ ပြန်ပို့လိုက်ရသေးလဲဟင်။ နင် ငါ့အကြောင်း တစ်နေ့ သိရမှာပေါ့ဟယ်။ နင် ငါ့ကို ထိုင်ရှိခိုးမှ ကျေမဟေ့၊ သိလား' ဟူ၍လည်း ဒေါသနှင့် ကြုံဝါးခဲ့မိပါသည်။

* * *

ယခု ကျွန်တော် ဘုန်းကြီးဝတ်နှင့် ဆွမ်းခံသွားရင်း မိဒေစီ၊ သို့မဟုတ် မိဒေစီနှင့် တူသော၊ သို့မဟုတ် ကျွန်တော့်အား မိဒေစီကို အမှတ်ရစေသော ဒကာမကို မြင်ခဲ့ရသောအခါ မေ့ပျောက်နေပြီဖြစ်သော ရှေးဖြစ်ဟောင်းကလေးများကိုလည်း တစ်ကွက်တစ်ကွက် ပြန်လည်အောက်မေ့လိုက်မိသည်။

ဝိုတစ်ခါ ရယ်တစ်လှည့်နှင့် လှည့်ခဲ့ရသော သံသရာကြောတွင်လည်း မေ့ခနဲ မျှောလိုက်မိသည်။ တုန်လှုပ်စရာ, ဝမ်းနည်းစရာ, ဒေါသဖြစ်စရာကလေးတွေနှင့် မျှောမိတော့လည်း ယခုအခါ ဘာမျှ မဆိုင်တော့ပြီဖြစ်သော ကျွန်တော်က တုန်လှုပ်မိ, ဝမ်းနည်းမိ, ဒေါသ ဖြစ်မိသေးသည်။ ယခုဆိုလျှင် အသက် ၄၀ သို့ ကပ်နေပြီဖြစ်သော မိဒေစီမှာ ရှေးကလို သဘောကျစရာ မဟုတ်တော့။ တရား ရစရာသာ ဖြစ်၏။ ဟိုစဉ်အခါက ဝဝကစ်ကစ် ချစ်စရာ မျက်နှာပေးနှင့် သွက်သွက်လက်လက်ကလေး မဟုတ်တော့။

'ရှေးကအကြောင်း အောက်မေ့မိလျှင်သာ ငါ့မှာ အာပတ်မလွတ် ရှိမည်။ ယခုအတိုင်းသာဆိုလျှင် ငါကလည်း ညည်းကို လိုချင်လှမယ် မဟုတ်ပေဘူး။ ညည်းကလည်း ငါ့အပေါ် ဟိုတုန်းကလို ထန်မယ် မထင်ဘူး။ ရှေ့လျှောက်လည်း ဒီထက်တိုးပြီး အိုကြရဦးမယ်။ နာကြရဦးမယ်။ သေကြရဦးမယ်။ ဩော်–အနိစ္စပါကလား။ ဒုက္ခပါကလား။ အနတ္တပါကလား'

ကျွန်တော် ဒေစီကိုအကြောင်းပြု၍ တရားသဘောတွေ ရှုလျက် ရှိစဉ်မှာပင် ယခင်က ကျွန်တော် သူ့အပေါ် အခဲမကျေနိုင်၍ ကြုံးဝါးခဲ့မိသော ရန်ငြိုးအမျက်ကို ကွက်ခနဲ သတိရမိပြီး တစ်ကိုယ်တည်း ပြုံးလိုက်မိသေးသည်။

'ဩော်– သံသရာ လည်နေသရွေ့တော့ ဒီလိုပဲ ဘတစ်ပြန် ကျားတစ်ပြန် အဖန်ဖန်အထပ်ထပ် တွေ့ကြရဦးမှာပဲ။ ဟဲ့– မိဒေစီရဲ့၊ သို့သော်လည်းလေ။

'ညည်း အခု ငါ့ကို ရှိသေစွာ ထိုင်ပြီးရှိခိုးလိုက်ရပြီ မဟုတ်လား။ ညည်း ဟုတ်ဟုတ်–မဟုတ်ဟုတ် ငါကတော့ ညည်းပဲသဘောထားပြီး ခွင့်လွှတ်လိုက်ပါပြီဒေစီရယ်။ ညည်းအပေါ်မှာ သံသရာ ဘဝအဆက်ဆက်က စပြီး ယနေ့ထက်တိုင်အောင် ကာယကံမှု အပြစ်ကြီး, အပြစ်ငယ်၊ ဝစီကံမှု အပြစ်ကြီး, အပြစ်ငယ်၊ မနောကံမှု အပြစ်ကြီး၊ အင်း–မနောကံကတော့ အပြစ်ငယ် တယ်ပြီး ပါလှမယ် မထင်ဘူး။ ကဲလေ–မပါလည်း မနောကံမှုအပြစ်ကြီး,အပြစ်ငယ် တစ်ကြိမ်တစ်ခါ တရံ တစ်ဆစ် ပြစ်မှားမိခဲ့သည်ရှိသော် ထိုအပြစ်များကို သည်းခံပေတော့ မိဒေစီရေ့။ ငါ ဘုန်းကြီးလုပ်ပြီး တရားအားထုတ်ခဲ့ရတဲ့ ကုသိုလ်အဖို့ကို အမျှယူပြီး သည်းခံလိုက်ပေတော့'

မြဝတီမဂ္ဂဇင်း။ အောက်တိုဘာလ ၁၉၅၆။

mgyoe.com

mgyoe.com SAMPLE BOOK

## ချစ်လွှန်း

ယခုလို မိုးရွာကြီးထဲမှာပင် မစမ်းတင်ကို သူ ခိုးလာပြီး၊ ဘာမျှ အလုပ်အကိုင်မရှိဘဲ သူငယ်ချင်းမိတ်ဆွေများ၏ အစောင့်အရှောက်ဖြင့် ၁ လခန့် နေပြီးမှ ချစ်လွှန်း အလုပ်ရလေသည်။

နံနက် ၄ နာရီတွင် နာရီနှိုးစက်သည် ဆူဆူညံညံ မြည်လေသည်။ ကျွန်တော်လည်း အိပ်ရာမှလူးလဲထကာ ကိုထွန်းသောင်းကို နှိုးပါသည်။ ကိုထွန်းသောင်းမှာ ကျွန်တော်တို့အား ကားမောင်း၍ ပို့မည်လူ ဖြစ်ပါသည်။ ချစ်လွှန်း၏ အိပ်ရာဘက်သို့ လှည့်သွားသောအခါ အိပ်ရာထဲတွင် ချစ်လွှန်း မရှိ။ သူသည် အိမ်ရှေ့ခန်းတွင်ထိုင်ကာ ဆေးပေါ့လိပ်တစ်လိပ်ကို အတွေးနှင့်ဖွာလျက် ရှိနှင့်ပါသည်။ ကိစ္စကလည်း သူ့ကိစ္စဖြစ်သည်။ ဤကိစ္စကို တတ်နိုင်သမျှ ခေါင်းအေးအေးထား၍ စဉ်းစဉ်းစားစား လုပ်နိုင်ရန် သူ ကြိုးစားသော်လည်း အတွင်းက မငြိမ်သက်နိုင်သည်မှာ သိသာ၏။

ကိုထွန်းသောင်းမှာ ကိစ္စများလှ၏။ မအားမလပ်ရာက ကျွန်တော်တို့အတွက် ဆောင်ရွက်ရဦးမည်။ ကားများထားသည့်ရုံဆီသို့ သူသည် မျက်နှာသစ်ပြီး ဆင်းသွားသည်။ မကြာမီ ကားရုံဆီမှ ထရပ်ကားကြီးတစ်စီး စက်နှိုးနေသံ ကြားရသည်။ မိုးကလေးတဖွဲဖွဲကျလာပြီး တစိမ့်စိမ့်ရွာနေပြန်သည်။ ကားစက်နိုးလာသော အသံကိုလည်း မကြားရသဖြင့် ကျွန်တော်တို့ ဆေးရုံဘက်သို့ ဆင်းလိုက်သွားကြပါသည်။

"ကိုထွန်းသောင်း ရလားဗျို့"

"ရပါလိမ့်မယ်လေ"

ကိုထွန်းသောင်းသည် ကားပေါ်မှ ဆင်း၍ စက်ဖုံးကိုဖွင့်ကာ လက်နှိပ်ဓာတ်မီးနှင့် ထိုးကြည့်ပြီး ဟိုနှိုက်သည်နှိုက် လုပ်နေစဉ် ချစ်လွှန်း သက်ပြင်းချသံကို ကြားလိုက်မိသည်။ အတော်မှောင်သေးသဖြင့် သူမျက်နှာကိုကား မမြင်ရပါ။ သို့သော် သူ ဘယ်သို့ရှိမည်ကို ကျွန်တော် မှန်းကြည့်နိုင်ပါသည်။ သူ့ရင်ထဲတွင် အချိန်မီ ပဲခူးရောက်ဖို့ထက်၊ ရောက်လျှင် သူ ဘာလုပ်ရမည်ကိုသာ စိတ်စော၍နေဟန် တူပေသည်။

မနေ့ညက သူ ကျွန်တော့်ထံရောက်လာပြီး သူ့ကိစ္စကို မောကြီးပန်းကြီးနှင့် တိုင်ပင်စဉ်က သူ့မှာ ဘာမျှ တိတိကျကျဆုံးဖြတ်ထားရခြင်း မရှိသေး။ ပဲခူးကို သူလိုက်ချင်သည်ဆို၍ ကျွန်တော်က ကိုထွန်းသောင်းနှင့်စီစဉ်ပေးပြီး နံနက် ၄ နာရီ ထွက်ရန် ချိန်းဆိုပြီးသည့်အချိန်အထိ ချစ်လွှန်းမှာ ဘာမျှ မဆုံးဖြတ်ရသေး။ "အခြေအနေ ကြည့်လုပ်ကြတာပေါ့ကွာ"ဟူသော ကျွန်တော်၏အကြံပေးချက်ကို လက်ခံကာသာ အိပ်ရာဝင်ကြသည်။ သူ့မှာ တစ်ညလုံး အိပ်၍ ပျော်ပါလေရဲ့လား မသိ။

ကျွန်တော်က ချစ်လွှန်းအကြောင်းကို ပြန်ပြောင်းစဉ်းစားလျက် ရှိစဉ်၊ ချစ်လွှန်းသည် ဆေးပေါ့လိပ်တစ်လိပ်နှင့် သူ၏ပြဿနာအတွက် အဖြေရှာနေသည်ဟု ထင်သည်။ စကားလည်း မပြောကြ။

ကိုထွန်းသောင်း ကားကို တက်၍နှိုးပြန်သည်။ အတော် ကြိုးကြိုးစားစား နှိုးမှ ရသည်။ ကျွန်တော်တို့လည်း ကားကြီးပေါ်တက်၍ ထိုင်လိုက်ကြသည်။ မရှေးမနှောင်းပင် ကားကြီးလည်း တရွေ့ရွေ့လိမ့်၍ ထွက်လေတော့သည်။

မိုးကား ရွာလျက်ပင် ရှိ၏။



mgyoe.com

mgyee.com SAMPLE BOOK

လမ်းတစ်လျှောက်လုံး တစ်ယောက်တစ်ယောက် စကားမပြောကြဘဲ ကိုယ့်အတွေးနှင့်ကိုယ် ကားဆွဲရာသို့ ပါလာကြသည်။ ကျွန်တော်လည်း ကျွန်တော် သိခဲ့သော ချစ်လွန်းနှင့် မစမ်းတင်တို့၏ ရှေးဟောင်းနှောင်းဖြစ်များကို တွေးလာခဲ့သည်။ ချစ်လွန်းသည် ဒါကိုပင် တွေးလာမည်လားတော့ မသိ။

လွန်ခဲ့သော ၃ နှစ်လောက်က ယခုလိုပင် ကျွန်တော်နှင့် ချစ်လွန်းတို့ နံနက် ၄ နာရီမှာပင် ကားနှင့် ထွက်ခဲ့ကြသည်။ ထိုအခါက ချစ်လွန်းက မစမ်းတင်ကို ခိုးရန် ဖြစ်လေသည်။ မိုးသည် ယခုထက် ထန်လေသည်။ အချို့နေရာများတွင် ကားမောင်းသူ ကိုတင်လှမှာ ချွေးဒီးဒီးကျအောင် မောင်းခဲ့ရ၏။ ချစ်သော သူငယ်ချင်းတွေအတွက် ဖြစ်၍သာ ပျော်ပျော်လိုက်လာကြရသည်။ အသက်ကိုစွန့်၍ သွားခဲ့ကြရသော ခရီးတည်း။

မစမ်းတင်၏မိဘများက မစမ်းတင်ကို ချစ်လွန်းနှင့် သဘောမတူကြချေ။ ချစ်လွန်းမှာ ထိုအခါက အလုပ်လက်မဲ့ ဖြစ်သည်။ မစမ်းတင်၏မိဘများက ချမ်းသာကြ၍ကား မဟုတ်။ မစမ်းတင်ကို လူချမ်းသာ မုဆိုးဖိုတစ်ယောက်နှင့် သဘောတူနေသောကြောင့် ဖြစ်လေသည်။ ချစ်လွန်း၏အစွမ်းအစကို ကြည့်တော့လည်း ၁၀ တန်းမျှ မအောင်သောကြောင့် စာရေးအလုပ်လောက်ကိုပင် လွယ်လွယ်ရနိုင်စရာ မရှိချေ။ ချစ်လွန်းသည် မစမ်းတင်ကို လိုချင်သောကြောင့် သူ၏အခြေအနေကို တိုးတက်အောင် အမျိုးမျိုးကြိုးစားသော်လည်း အတော်အလှမ်းဝေး၍ နေခဲ့လေသည်။

“ငါ သူ့ကို တင့်တောင့်တင့်တယ်ထားနိုင်မှ ယူဖို့ကွာ။ အခြေအနေက ဘယ်နှယ်မျှ မတတ်နိုင်အောင် ဖြစ်လာတော့ လို့သာ ခုလို ကြံစည်ရတာ။ ငါ့မှာ သူ့အတွက် နည်းနည်းမျှ စိတ်မကောင်းဘူး”ဟု ချစ်လွန်းက ပြောဖူးသည်ကို ကျွန်တော် အမှတ်ရနေသည်။ ခုလို ကားပေါ်မှာပင် ဖြစ်သည်။

“မစမ်းတင်အပေါ် မင်း စေတနာထားတာ ကောင်းသားပဲကွာ။ အခြေအနေ ကောင်းလာရမှာပါပဲ”ဟု ကျွန်တော်က သူ အားရှိအောင် ပြန်ပြောခဲ့သည်ကိုလည်း သတိရသည်။

ယခုလို မိုးရွာကြီးထဲမှာပင် မစမ်းတင်ကို သူ ခိုးလာပြီး၊ ဘာမျှအလုပ်အကိုင်မရှိဘဲ သူငယ်ချင်းမိတ်ဆွေများ၏ အစောင့်အရှောက်ဖြင့် ၁ လခန့်နေပြီးမှ ချစ်လွန်း အလုပ်ရလေသည်။ အလုပ်က ရတော့လည်း သိပ်မကောင်းလှ။ ရရာကိုသာ ဝင်လုပ်ရှာသည်။ မျက်နှာငယ်လှ၏။ မစမ်းတင်လည်း ဆင်းရဲရှာသည်။ အဝတ်အစားမှအစ ညှိုးနွမ်းရှာသည်။ သဘောကောင်းသော မစမ်းတင်သည် ချစ်လွန်း၏မယားအဖြစ် ချစ်ချစ်ခင်ခင် ရွှင်ရွှင်ပျပျနေရှာသည်။

ရသည့်လခက စားရုံအနိုင်နိုင်ဖြစ်၍ အနေအထိုင် ကြုံ့ရှာကြသော ချစ်လွန်း လင်မယားအား အပေါင်းအသင်းမိတ်ဆွေများက တတ်အားသမျှ စောင့်ရှောက်ကြသော်လည်း သူတို့မှာ လူမွေးလူတောင် ပြောင်နိုင်သည် မရှိ။ ဆင်းရဲခြင်းကို အားတင်း၍ ခံနေကြရရာမှ တစ်ခါတစ်ခါ ချစ်လွန်းက ကျွန်တော့်ထံသို့ လာ၍၊ “အစမ်းကို ငါခေါ်လာခဲ့တာတော့ မတရားသဖြင့် သက်သက် ကျနေပြီကွာ”ဟု ညည်းတတ်သည်။

“ဘယ်တတ်နိုင်မလဲကွာ။ ဘဝအကျိုးပေးပေါ့။ လင်နှင့်မယား ချစ်ချစ်ခင်ခင် ရှိကြရင် ပျော်ရမှာပဲပေါ့”ဟု ကျွန်တော်က တရားချပါသည်။

ထိုအတောအတွင်း မစမ်းတင်၏မိဘများက မစမ်းတင်ကို ချစ်လွန်း၏လက်ထဲမှ ပြန်ခေါ်ရန် အကြံပြုလျက် ရှိကြသည်။ ဤအကြောင်းကို ချစ်လွန်းရော, မစမ်းတင်ပါ သိကြသည်။

ချစ်လွန်း၏အလုပ်မှာ ရုံးစာရေးအလုပ်လောက်ပင် ရေရေရာရာ မရှိ။ နံနက်အိပ်ရာထ၍ ညနေ နေဝင်ထိ သွားနေရသည်။ သူ အိမ်မှာမရှိခိုက်၊ မစမ်းတင်၏ မိဘများက မစမ်းတင်ကို လာ၍ နားချကာ သူတို့နှင့် ပြန်လိုက်ခဲ့ရန် ခေါ်ကြသည်။ ထိုသတင်းကို ကျွန်တော်တို့က ကြားသဖြင့် ချစ်လွန်းအား သတိပေးကြသည်။

ချစ်လွန်းသည် ဘာကိုမျှ ဖျတ်ဖျတ်လတ်လတ် မလုပ်ချင်တော့သလို၊ “ပြန်ပါသွားလည်း အစမ်း ချမ်းသာမှာပဲကွာ။ ငါတော့ အသာသာ ကြည့်နေလိုက်ချင်ပြီ”ဟု ပြောသည်။

ချစ်လွန်း၏ စိတ်သဘောထားကို နားလည်ထားကြသော ကျွန်တော်တို့က “ဘယ်ဟုတ်မလဲကွ။ ဆင်းရဲတာ, ချမ်းသာတာ ဆိုတာ အပင်မှတ်လို့။ မင်းဟာက ယောကျ်ားမဟုတ်သလို အား တယ်လျှော့တာကိုး။ မစမ်းတင်ကကော မင်းဆီက ပြန်လိုက်သွားရတော့ စိတ်ချမ်းသာပါ့လား”ဟု ဝိုင်းပြောကြသည်။ ချစ်လွန်းသည် တွေ၍တွေ၍ နေလေသည်။

အလုပ်ကလည်း ပင်ပန်းသည် ထင်သည်။ ချစ်လွန်းမှာ ၄-၅ လအတွင်း အတော်ချုံးကျသွား၏။

၁၀ လခန့်အကြာတွင် ချစ်လွန်းသည် တစ်ခုသော နံနက်စောစော၌ ကျွန်တော့်ထံ လာ၍ “ဟေ့- ငါ အလုပ်တစ်ခု ရတယ်ကွ။ လခ နည်းနည်းပိုရတယ်။ နယ်လှည့်သွားရမယ်။ အစမ်းကို မင်းတို့ စောင့်ရှောက်ကြဦး”ဟု ဝမ်းသာအားရ ပြောလာသည်။ အလုပ်မှာ အဝတ်အထည်ကုမ္ပဏီတစ်ခုမှ နယ်လှည့် ကိုယ်စားလှယ်အလုပ် ဖြစ်သည်။ လခရော, ခရီးစရိတ်ပါ ရမည်ဖြစ်၍၊ လက်ရှိအလုပ်ထက်တော့ အခွင့်အလမ်း ရှိ၏။

ကျွန်တော်က “စဉ်းစဉ်းစားစားလုပ်ကွာ”ဟု ပြောမိသေးသည်။ ချစ်လွန်းက “သိပ်လည်း စဉ်းစားမနေတော့ပါဘူး သူငယ်ချင်းရာ။ စွန့်စားရမှာပဲပေါ့”ဟု ပြောသည်။

mgyee.com

SAMPLE BOOK

ထို့နောက် သူ့ အလုပ်လက်ခံကာ နယ်ထွက်သွားသည်။ မစမ်းတင်ကို ချစ်လွန်း၏အမေနှင့် အစ်မတို့ထံ အပ်ထားခဲ့သည်။ ချစ်လွန်း၏ အမေများမှာ လုပ်စားကိုင်စားဖြစ်၍ နွမ်းပါးကြသည်။ မစမ်းတင် ကိုကား ခင်မင်ကြပါ၏။ မစမ်းတင်လည်း သူတို့နှင့် အတူပင် မျှတအောင် လုပ်ကိုင် စားသောက်၍ နေရစ်သည်။ မစမ်းတင်မှာ ဆင်းရဲခြင်း, ချမ်းသာခြင်းတို့ကို စာဖွဲ့တတ်သူ မဟုတ်ချေ။ ကျွန်တော်တို့က ချစ်လွန်းကို မစမ်းတင်လို တည် ငြိမ်စေချင်ကြသည်။ ဖြစ်ရာဘဝမှာ စိတ်ချမ်းသာ နေစေချင် ကြသည်။

ချစ်လွန်း နယ်က တစ်ခေါက် ပြန်လာတော့ ငွေစကလေး များ ရွှင်လာသည်။ မစမ်းတင်အတွက် အဝတ်အထည်ကလေး များ လှလှပပဝယ်သည်လည်း တွေ့ရသည်။ ရုပ်ရှင်ပွဲလမ်း ထွက်ကြသည်လည်း မြင်သည်။ သူ့အိမ်သို့ သူငယ်ချင်း ၃-၄ ယောက်ကိုခေါ်၍ ထမင်းကျွေးသည်။ ကျွန်တော်လည်း ပါ၏။ ချစ်လွန်း၏အားတက်မှုကို မြင်ရ၍ ကျွန်တော်တို့ပါ စိတ်အေး ချမ်းမြေ့ခဲ့ကြရ၏။

နောက် သူတစ်ခေါက် နယ်ထွက်သွားခဲ့ပြန်သည်။ သူ မရှိသည့်အတွင်း ကျွန်တော် မစမ်းတင်ထံသို့ မကြာမကြာ အလည်ရောက်သည်။ အနေအထိုင် ဆင်းရဲသော်လည်း မစမ်း တင်မှာ ညိုးငယ်သည် မထင်။ ရွှင်ရွှင်ပျပျကြီးလည်း မဟုတ်။ ချစ်လွန်းထံမှ စာ မကြာမကြာလာသည်ဟု သိရသည်။ ရံခါ ငွေကြေးကလေးများ စာတိုက်မှ ပို့သည်ဟုလည်း သိရသည်။ "မစမ်းတင် အကူအညီလိုတာရှိရင် ပြောပါ"ဟု ကျွန်တော်က ပြောပါသည်။ မစမ်းတင်က 'ဘာအကူအညီမျှ မလိုကြောင်း' ပြောပါသည်။

ချစ်လွန်း၏အမေသည် အိုမင်းမစွမ်းပြီဖြစ်၍ တစ်ခါတစ်ခါ အိပ်ရာထဲမှာ လဲနေတတ်သည်။ ချစ်လွန်း၏ အစ်မက စက်ချုပ် သည်။ 'အိမ်မှာ သူက အုပ်အုပ်စိုးစိုးလုပ်ချင်သည်။ စကား အနည်းငယ် များချင်သည်'ဟု ကျွန်တော် ထင်သည်။ ကျွန်တော် ရောက်သွားသောအခါတိုင်းလိုလိုပင် မစမ်းတင်က စကား များစွာမပြော။ သူက ဒိုင်ခံ၍ ပြောသည်။

ချစ်လွန်းအကြောင်း ပြောရာတွင် မစမ်းတင်က ဖွဲ့ဖွဲ့နွဲ့နွဲ့ မရှိ။ သူက လွမ်းစရာကောင်းအောင် ပြောတတ်သည်။ ချစ်လွန်း အမေကို ချစ်တတ်ကြောင်း၊ အစ်မကို ချစ်တတ်ကြောင်း၊ ရိုးကြောင်း အ,ကြောင်း၊ ငယ်ငယ်က အဖြစ်အပျက်များကို ရည်ညွှန်းကာ နားထောင်ချင်စရာကောင်းအောင် ပြောတတ် လေသည်။ တစ်ခါတစ်ခါတွင် မစမ်းတင်ကိုပါ အ,သည် န,သည်ဟု ချီးမွမ်းသံနှင့် ပြောလေ့ရှိ၏။ မစမ်းတင်ကို သူက ညီမအရင်း သဘောထားကြောင်းကိုလည်း ပြောလေ့ရှိ၏။

အရင်တစ်ခေါက်က ချစ်လွန်း ရက် ၂၀ ခန့်ကြာလျှင် ပြန်ရောက်သေးသော်လည်း ယခုတစ်ခေါက် ၂ လခန့် ရှိသွား သည်အထိ ပြန်မရောက်လာချေ။ စာမရ, ငွေမရကြသည်မှာလည်း ကြာပြီဖြစ်၍ သူတို့ စိတ်ပူစပြုလာကြသည်။ အစ်မကြီးသည် ကျွန်တော့်ထံသို့ မကြာမကြာလာ၍ စုံစမ်းထောက်လှမ်းပေးရန် ပြောလာသည်။ ကျွန်တော်က မစမ်းတင်ကိုသာ ဂရုစိုက်သည် ထင်၍လားတော့ မသိ။

သူလာပြောတိုင်း "အိမ်က အုံ့ပုန်းမက လူ့ရှေ့မှာတော့ ဣန္ဒြေနှင့်။ အိပ်ရာထဲမှာမှ တရှုပ်ရှုပ်နှင့်ဆိုတော့ စိတ်ကလည်း မကောင်းဘူးကွယ့်"ဟု ထည့်ပြောလေ့ ရှိသည်။

ချစ်လွန်းထံမှ သတင်းတစ်စုံတစ်ရာ မရဘဲ ၂ လက ကျော်၍ ကြာလာသောအခါ ကျွန်တော်တို့ပါ စိတ်ပူလာကြသည်။ ကုမ္ပဏီကိုသွားမေးတော့ ကုမ္ပဏီကလည်း မသိရကြောင်း၊ အဆက်အသွယ်ပြတ်နေ၍ စုံစမ်းနေရဆဲပင် ဖြစ်ကြောင်း ပြော လိုက်သည်။ ကျွန်တော်လည်း 'တစ်ခုခုတော့ဖြစ်ပြီ'ဟု စိတ်ထဲ က ထင့်မိ၏။ သို့သော် မစမ်းတင်ကိုတော့ မပြောဖြစ်ချေ။

၂ လက ၃ လသို့ကူး၍ ကြာသွားသောအခါ စိုးရိမ်စရာ ဖြစ်လာသည်။ ကုမ္ပဏီက သူ့ကို သတင်းစာမှနေ၍ ကြော်ငြာနှင့် ဆင့်ခေါ်သည်။ ကျွန်တော်ကလည်း သတင်းစာတွင် 'ချစ်လွန်း အမြန်ပြန်လာပါ'ဟု ကြော်ငြာကြသည်။ သတင်းစာများသည် ချစ်လွန်းရှိရာသို့ မရောက်ကြလေ။

ချစ်လွန်း ထွက်သွားသည့်နေ့မှ ၄ လလောက်ကြာသော တစ်နေ့တွင် မစမ်းတင် မလာစဖူး ကျွန်တော့်အိမ်သို့ ရောက်လာ ပါသည်။ သူ့အမေ လာခေါ်နေ၍ ခေတ္တခဏဆိုသလို အလည် လိုက်လို၍ လာတိုင်ပင်သည်။ ကျွန်တော် ဘယ်လို ပြောလိုက်ရ မည်ကို ရုတ်တရက် စဉ်းစား၍မရနိုင်။ ချစ်လွန်းပြန်လာမှ သွားသင့်သည် မှန်သော်လည်း ချစ်လွန်းက ဘယ်မှာ နေသည်၊ ဘယ်တော့ပြန်လာမည်ကို ကျွန်တော်ကလည်း မပြောတတ်၍ တားရအခက်, မတားရအခက် ဖြစ်နေသည်။

ချစ်လွန်းအစ်မကြီးကတော့ သဘောကောင်းသော လူကြီး သူမ၏လေသံဖြင့် "ခဏတစ်ဖြုတ်ခေါ်တာပဲ လိုက်သွားလိုက်ပါ ညီမရယ်။ အမေဆိုတာ သံယောဇဉ် အင်မတန်ကြီးတာ"ဟု ပြောသည်။ သူကတော့ မစမ်းတင် လိုက်သွားစေချင်ဟန် တူ၏။

ကျွန်တော်ကတော့ ကိုယ်မပိုင်သော ကိစ္စဖြစ်၍ အတိ အလင်း မတားလိုက်နိုင်သည့်တိုင်အောင် "လိုက်သွားပါလား" ဟူ၍တော့ မတိုက်တွန်းလိုက်မိ။

မစမ်းတင်ကိုယ်တိုင်က လိုက်သွားချင်နေသည်ဟု ထင်မိ သောကြောင့် တစ်ကြောင်း၊ ချစ်လွန်း ဘယ်ရောက်နေသည် ကို မပြောနိုင်သည်က တစ်ကြောင်းတို့ကြောင့် မစမ်းတင် သူ့ အမေနှင့် ပြန်လိုက်သွား ဖြစ်လေသည်။

သွားခါနီးတွင် မစမ်းတင် တစ်ယောက်တည်း ကျွန်တော့်

mgyoe.com

ထံသို့လာကာ ချစ်လွှန်းပြန်လာလျှင် သူ့ကို လိုက်ခေါ်လှည့်ရန် မှာကြားသွားပါသည်။ ကျွန်တော်လည်း စိတ်ထဲကလေးလေး နှင့်ပင် မစမ်းတင်တို့သားအမိကို မီးရထားဘူတာအထိ လိုက်ပို့ လိုက်ပါသည်။

မစမ်းတင်ပြန်သွားပြီး ၁ လခန့်အကြာတွင် ပဲခူးမှ ကျွန်တော်၏မိတ်ဆွေတစ်ယောက်က မစမ်းတင်ကို သူ့မိဘ များက ယခင်ကရည်ရွယ်ဖူးသော မုဆိုးဖိုသူဌေးနှင့် နေရာချ ထားရန် စိုင်းပြင်းနေကြကြောင်း စာရေးလိုက်သည်။ ကျွန်တော့် အဖို့ မျှော်လင့်ထားသည့်အတိုင်း ဖြစ်သည်ဖြစ်၍ ထူးဆန်းသည် မထင်။ သို့သော် ဤကိစ္စ မသေးငယ်သည်ကိုတော့ သိသည်။ ချစ်လွှန်းကလည်း အစပျောက်နေသည်။ မစမ်းတင်လည်း ယောက်မ၏အခြယ်အလှယ်ဖြင့် အနေကြုံ့နေသည်။ အခါအခွင့် ကား မစမ်းတင်၏မိဘများနှင့် မုဆိုးဖိုသူဌေးတို့၏ အခါအခွင့် တည်း။

စာရလျှင်ရခြင်း ဆိုသလိုပင် ကျွန်တော် ပဲခူးသို့ လိုက် သွားကာ ဤသတင်းမှန်, မမှန်ကို စုံစမ်းပါသည်။ သတင်းအစ ပျောက်နေသော်လည်း မှန်တော့ မှန်ဟန်တူ၏။ မစမ်းတင်ကို ကျွန်တော်ကိုယ်တိုင် တွေ့ဆုံမေးမြန်းရန် ကြိုးစားသေးသော် လည်း မစမ်းတင်ကို တစ်ယောက်တည်းတွေ့ရန် မလွယ်ချေ။ သတင်းမှန်,မမှန်ကို အတိအကျ မသိခဲ့ရသော်လည်း မစမ်းတင်ကို ယူမည်ဆိုသော သူဌေးအကြောင်းကိုတော့ အရိပ်အမြွက်သိခဲ့ ရ၏။

အသက် ၅၀ ခန့်ရှိပြီး လူကြီးလူကောင်းပီသစွာ နာမည် တစ်လုံးနှင့်နေသူဟု အရပ်က သိကြသည်။ သဘောကောင်း သည်ဟုလည်း ကြားခဲ့ရ၏။ မသေမချာနှင့်ပင် ကျွန်တော် ပဲခူးမှ ပြန်လာခဲ့ရသည်။ မစမ်းတင်ကို လိုချင်သော သူဌေးသည် လူကြီးလူကောင်းဖြစ်သည် ဟူသော သတင်းကို ကြားခဲ့ရသည့် အတွက် ကျွန်တော်၏စိတ်ထဲတွင် သက်သာရာရသလိုလို ဖြစ်ခဲ့ သည်။ လူကြီးလူကောင်းပီသလျှင်တော့ သူတစ်ပါးသားမယားကို လုမယူတန်ရာဟု ယုံကြည်ထားလိုက်သည်။

ကျွန်တော် တွေးထင်သည့်အတိုင်းလည်း မှန်ပုံရသည်။ မစမ်းတင်ပြန်သွားပြီး ၆ လ–၇ လ ကြာသည်အထိ ဤကိစ္စ ကို ဆောင်ရွက်သည်ဟု မကြားရချေ။ ကျွန်တော့်မှာ ရံဖန်ရံခါ ဆိုသလို ချစ်လွှန်း၏သတင်းကိုလည်း ထောက်လှမ်းရသည်။ မစမ်းတင်အကြောင်းကိုလည်း နားစွင့်ရသည်။ မစမ်းတင်မှာ မိဘအိမ်ပြန်ရောက်တော့ အဝတ်အစားမှအစ ပြောင်ပြောင် လက်လက်ဖြစ်လာကာ ငယ်ငယ်ကလိုပင် လှနေသည်ဟု ကြားရ၍ စိုးရိမ်စိတ်ကလေးများ ဝင်မိသေး၏။ သို့သော် မစမ်းတင်အကြောင်း ထိုထက်ထူးသောသတင်းများလည်း မကြားရ။ ချစ်လွှန်း၏သတင်းလည်း မကြားရတော့ဘဲ လမှ နှစ်သို့ ကူးလာခဲ့သောအခါ မေ့မေ့လျော့လျော့ ဖြစ်လာသည်။ မစမ်းတင် သူဌေးနှင့် ယူဖြစ်သည်, မယူဖြစ်သည်ကိုလည်း မစုံစမ်းဖြစ်တော့သလောက် ဖြစ်သွားသည်။

ဤသို့လျှင် မစမ်းတင်နှင့် ချစ်လွှန်းတို့၏ ဇာတ်လမ်းသည် တဖြည်းဖြည်းချင်း မေးမှိန်ကာ ပြီးဆုံးမေ့ပျောက် သွားကြတော့ မည်ကဲ့သို့ရှိစဉ်၊ တစ်နေ့တွင် ကျွန်တော်၏အိမ်သို့ ချစ်လွှန်း ဘွားခနဲ ရောက်လာလေသည်။ ရုတ်တရက် ကျွန်တော် သူ့ကို မမှတ်မိ။ ချစ်လွှန်းသည် နဂိုရုပ် ပျောက်နေလောက်အောင်ပင် ပိန်ချုံးကျသွားသည်။ မျက်လုံးများမှာ ချိုင့်ဝင်နေပြီး၊ ပါးရိုး, နားရိုးကြီးများ ပေါ်နေသည်။ သူ့တွင် ဝမ်းသာစရာသတင်း မပါသည်မှာ သိသာ၏။ ကျွန်တော် သူ့အား အတော်ကြာအောင် မင်သက်မိသလို ကြည့်နေမိပြီးမှ တအံ့တသြ နှုတ်ဆက်နိုင်သည်။ သူသည် ငြိမ်သက်စွာပင် ကျွန်တော်၏ အိပ်ရာဘေးရှိ ပက်လက် ကုလားထိုင်တွင် ဝင်၍ ထိုင်လေသည်။ ကျွန်တော် သူ့အား ဘာစကား စ၍ပြောလိုက်ရမည်ကိုပင် မသိနိုင်။ ထူးထူး ဆန်းဆန်းပျောက်နေပြီး ထူးထူးဆန်းဆန်းပင် ပြန်ရောက်လာ သော သူ့အကြောင်းကို မေးရန်ပင် သတိမရနိုင်ဘဲ ပါးစပ် အဟောင်းသားနှင့် ငေးကြည့်နေမိသည် ထင်ပါသည်။ အတန် ကြာမှ သူက ခပ်ခြောက်ခြောက်ကလေး ရယ်လိုက်ပြီး၊ "တစ္ဆေ လာခြောက်တယ် ထင်နေသလားကွ"ဟု မေးပါသည်။

သူပြန်လာတော့ တွေ့ရသောအခြေအနေအရဆိုလျှင် ချစ်လွှန်းမှာ ငြိမ်သက်လွန်းသည်ဟု ကျွန်တော်က ထင်သည်။ သူက အေးအေးဆေးဆေးပင် သူ သူပုန်နယ်ထဲရောက်သွားပြီး မပြန်နိုင်ဘဲဖြစ်ရပုံကို ပြောပြသည်။ နောက် မကျန်းမမာ ဖြစ်ပြီး ရွာကလေးတစ်ရွာတွင် သောင်တင်နေသည်ဟု ပြော သည်။

နောက် မစမ်းတင်၏အကြောင်းကို ပြောကြသောအခါ၊ သူက ခပ်အေးအေးပင် "လိုက်ခေါ်ရမှာပေါ့ကွာ"ဟု ပြောပါ သည်။

ကျွန်တော်က မစမ်းတင် ကျွန်တော့်အား မှာထားခဲ့ သည့်အကြောင်းကို ပြောတော့ "အစမ်း ငါ့ကို သိပ်ချစ်ရှာပါ တယ်ကွာ"ဟုသာ ဆိုသည်။

"ဘယ်တော့ သွားခေါ်မလဲ"ဟု ကျွန်တော်က မေးတော့၊ "အခြေအနေကြည့်ပြီး သွားခေါ်ရမှာပဲ" ဟုသာ ပြောသည်။ သူက ခပ်အေးအေးဖြစ်နေ၍ ကျွန်တော်က ဘာမျှ မတိုက်တွန်း သာအောင် ဖြစ်နေခဲ့သည်။

သို့သော် ထိုနေ့ ညနေပိုင်းတွင် ချစ်လွှန်းသည် ကျွန်တော့် ထံသို့ မောကြီးပန်းကြီးနှင့်ရောက်လာပြန်သည်။ "ဟေ့– အစမ်း။ လွှန်ခဲ့တဲ့တစ်လလောက်က အိမ်ထောင်ပြုလိုက်ပြီ ဆိုပါလားကွ။ မင်း ဘာမျှမကြားဘူးလား"ဟု မေးသည်။ ကျွန်တော်လည်း

mgyoe.com SAMPLE BOOK

**'မစမ်းတင်အတွက် အသက်နှင့်လဲမည်' ဟူသော စကားများကိုသာ တဖွဖွပြောနေခဲ့သော ချစ်လွန်းသည် နံနက်တွင် စကားများများ မပြောတော့ချေ။**

သူပြောမှပင် မျက်လုံးပြူးရတော့သည်။

"ကဲ-ဒါဖြင့်ရင် အခု ဘာလုပ်မလဲ"ဟု ကျွန်တော်က မေးတော့ သူက ဆောက်တည်ရာမရ ဖြစ်ရာမှ "ဘာလုပ်ရမလဲကွ လိုက်ရုံပေါ့"ဟုပြောကာ တက်တခေါက်ခေါက်နှင့် ထလိုက်၊ ထိုင်လိုက်၊ လမ်းလျှောက်လိုက် ဖြစ်နေလေသည်။

ကျွန်တော်က သူ့ကို ဘာမျှ ဆက်မမေးတော့ဘဲ ကျွန်တော်နှင့် အတူနေ ကိုထွန်းသောင်းကိုပြောပြကာ အစောဆုံးအချိန်တွင် ကျွန်တော်တို့အား ကားနှင့်လိုက်ပို့ပေးရန် စီစဉ်သည်။ ကိုထွန်းသောင်းမှာ ထရပ်ကား ၃ စီး ရှိသည်။ ကျွန်တော် ကိုထွန်းသောင်းနှင့် အစီအစဉ်လုပ်ပြီးမှ ချစ်လွန်းနှင့် ပြန်ပြီး စကားပြောပါသည်။

ချစ်လွန်းက "ငါကတော့ ကောင်းရောင်းကောင်းဝယ် ပြန်သွားတယ် ထင်တာကိုးကွ။ မမကလည်း ခပ်အေးအေးပြောတော့ ငါလည်း ဒါကို ဘယ်စဉ်းစားမိမလဲ"ဟု ပြောသည်။ ကျွန်တော် သူ့အတွက် အတော် စိတ်မချမ်းမသာ ဖြစ်မိသည်။ ကျွန်တော်တို့ပေါ့လျော့မှုကြောင့် ဖြစ်ရသလိုလို ထင်မိသဖြင့် ပို၍ စိတ်မကောင်းဖြစ်သည်။

ကျွန်တော် ချစ်လွန်းအား ဘာမျှ အကြံကောင်း မပေးနိုင်ပါ။ "လိုက်ကြတာပေါ့ကွာ။ ဟိုရောက်မှ အခြေအနေ ကြည့်လုပ်ကြတာပေါ့"ဟုသာ ပြောနိုင်ပါသည်။

ထိုညက ချစ်လွန်းကို ကျွန်တော်တို့အိမ်မှာပင် အိပ်စေကာ၊ မစမ်းတင်ကို ပြန်ခေါ်ယူရေးအတွက် ဆွေးနွေး၍ အကြံထုတ်ကြသည်။ ချစ်လွန်းကတော့ စွန့်စားခန်းကို မျှော်ဟန်တူသည်။

"အစမ်းအတွက်ဆိုရင် ငါ့အသက်နှင့် လဲရပေစေကွာ"ဟု ဆိုသည်။ သူက ဤသို့ ဒိန်းဒလိန်းနတ်ဝင်နေတော့ ကျွန်တော်က သူ့အတွက် စိုးရိမ်ရပြန်သည်။ ယခင် မစမ်းတင်ကိုခိုးရန် စိုင်းပြင်းကြစဉ်ကလည်း ချစ်လွန်း ဤသို့ပင် စွန့်စားခန်းကို တောင့်တခဲ့သည်ကို အမှတ်ရသည်။ ထိုစဉ်ကတော့ မစန်းတင်က ချိန်းဆိုချက်အတိုင်း ထွက်လိုက်ခဲ့သောကြောင့် ချောမောသွားသည်။ ယခုတော့ လွယ်မှ လွယ်ပါ့မလား။ မလွယ်လျှင် ချစ်လွန်းအတွက် ဘယ်လိုစွန့်စားခန်းများ တွေ့ရချေမည်နည်း။ ရင်လေးဖွယ်တို့ကို တွေးမိတိုင်း ကျွန်တော် ပင့်သက်ရှူမိပါသည်။ ကာယကံရှင်ဖြစ်သော ချစ်လွန်းအဖို့ကား ပြောဖွယ်ရာမရှိ။ သူလည်း တညလုံး ထိုင်လိုက်၊ ထလိုက်၊ လမ်းလျှောက်လိုက်နှင့် ပြီးရသည် ထင်သည်။

ညက တစ်ချိန်လုံး 'မစမ်းတင်အတွက် အသက်နှင့်လဲမည်'ဟူသော စကားများကိုသာ တဖွဖွပြောနေခဲ့သော ချစ်လွန်းသည် နံနက်တွင် စကားများများမပြောတော့ချေ။ တွေးရလွန်း၍ ဝေနေလေသလားတော့ မသိ။

ကျွန်တော်က ဤအရေးထဲမှာပင် အရင်က မစမ်းတင်ကို ခိုးယူကြစဉ်က ကိုတင်လှ၊ ချစ်လွန်းနှင့် ကျွန်တော်တို့ ၃ ယောက်သား ကားပေါ်တွင် အစီအစဉ်များကိုတိုင်ပင်ရင်း ရယ်စရာ အရွတ်အနောက်ကလေးများဖြင့် ချစ်လွန်းအား စ၍ လာကြသည်ကို အမှတ်ရနေသေးသည်။ သွားခဲ့ကြရသည်မှာ ပျော်စရာတစ်မျိုးဖြစ်၏။ ယခုမူ မိုးသံနှင့် ကားစက်သံတို့ကိုသာ ကြားနေရ၏။ ကိုယ်စီကိုယ်စီ တိတ်ဆိတ်စွာအတွေးနက်၍ လာကြ၏။ သို့နှင့်ပင် ကားသည် ပဲခူးမြို့ထဲသို့ ခေါင်းထိုး၍ ဝင်လိုက်တော့သည် ထင်ပါသည်။

"ကဲ- ဘယ်သွားကြမလဲ"

ကိုထွန်းသောင်းက မေးတော့မှ ကျွန်တော်တို့လည်း အိပ်ရာမှ နိုးလာကြသူများလို ခေါင်းထောင်၍ တစ်ယောက်ကို တစ်ယောက် ကြည့်မိကြလေသည်။

"ငါတော့ အစမ်းကို အဦးဆုံးတွေ့ချင်တာပဲ"

ချစ်လွန်းက သူ့ဆန္ဒကို ပြောပြသည်။ သို့သော် မစမ်းတင်၏မိဘများအိမ်သို့ သွားသင့်၊ မသွားသင့် စဉ်းစားကြသော အခါ မသင့်သည့်ဘက်က များ၏။ 'မစမ်းတင် အိမ်ထောင်ပြုလိုက်ပြီ'ဆိုသောသတင်း မှန်လျှင်လည်း မစမ်းတင်ကို သူ့မိဘအိမ်တွင် တွေ့နိုင်တော့မည် မဟုတ်။ ချစ်လွန်းကတော့ ဘာကိုမျှ မစဉ်းစားတတ်တော့သလို မစမ်းတင်ရှိရာကိုသာ ဦးတည်၍ သွားလိုက်ချင်သည်။

"အခြေအနေ ကြည့်ကြသေးတာပေါ့ကွာ။ ကိုအေးဆီကို အရင်သွားကြရင် ကောင်းမယ်"

ချစ်လွန်းက ဘာမျှမပြောချေ။ 'ကောင်းမည်ထင်လျှင် လုပ်'ဟူသော သဘောနှင့် ခေါင်းကို ငုံ့ယမ်း၍ ပြလိုက်ပါသည်။ သူ့မှာ မစမ်းတင်ကိုတွေ့ရန်မှ တစ်ပါးသောစိတ်ကူးတို့ ရှိဟန်မတူပါ။

ကိုအေးမှာ ကျွန်တော်ရော ချစ်လွန်းပါသိသော မိတ်ဆွေဖြစ်ပါသည်။ သူက မြို့ခံလူဖြစ်၍ သူ့ထံမှ အကြောင်းစုံကို စုံစမ်းရမည်။ သို့မဟုတ် သူ့ကို အစုံစမ်းခိုင်းရမည်။ ချစ်လွန်းနှင့် မစမ်းတင်တို့၏အကြောင်းကိုလည်း သိပြီးသူ ဖြစ်သည်။

သို့နှင့် ကျွန်တော်က ကိုထွန်းသောင်းကို လမ်းညွှန်ကာ



mgyoe.com

mgyoe.com SAMPLE BOOK

ကိုအေး၏အိမ်သို့ လာခဲ့ကြသည်။ ချစ်လွှန်းသည် ငြိမ်သက်စွာပင် ပါလေသည်။

ကျွန်တော်တို့ ဝင်သွားလျှင်ပင် ကိုအေးက ကျွန်တော်တို့ လာခဲ့ရင်း အကြောင်းကို သိပြီးဖြစ်နှင့်သလို "လာကြ လာကြ။ ကိုယ်လည်း ဒီလူတွေ ဘယ်တော့လိုက်လာကြမလဲလို့ အောက်မေ့နေတာ"ဟု ဆီးကြိုနှုတ်ဆက်ပါသည်။ ကျွန်တော်တို့လည်း ထုံးစံဖြစ်သော အာလာပသလ္လာပတို့ကို ပြောဆိုမေးမြန်း မနေနိုင်ဘဲ၊ ခရီးရောက်မဆိုက်ဆိုသလိုပင် ကိုအေးအား အိမ်ထဲသို့ ဆွဲခေါ်ကာ အကြောင်းစုံ ရှင်းလင်းဆွေးနွေးကြရပါတော့သည်။

ကိုအေးက "စောင့်တော့ အစောင့်ရှာသားကွာ။ နည်းနည်းလေး နောက်ကျသွားတယ်"ဟု တဖျစ်တောက်တောက် ဖြစ်နေသည်။

"အစမ်း သိပ်ဆင်းရဲရသလားဆိုတာသာ ကျွန်တော် သိချင်ပါတယ်"ဟု ချစ်လွှန်းက ကိုအေးအားမေးသည်။ ကိုအေးက ဘာမျှ ပြန်မပြောချေ။ ချစ်လွှန်းကိုသာ ကရုဏာမကင်းစွာ စိုက်ကြည့်နေလေသည်။

ထို့နောက် ကိုအေးက မစမ်းတင် ချစ်လွှန်းထံမှ ပြန်ရောက်လာစကပင် လူကြီးများက ဉာဏ်ကိစ္စကို အမြန်စီစဉ်လိုကြသော်လည်း မစမ်းတင်က လက်မခံသဖြင့် စောင့်ဆိုင်းနေကြကြောင်း၊ နောက်လွန်ခဲ့သော ၁ လ ခန့်ကမှ မစမ်းတင် ကိုယ်တိုင်က လိုက်လျောသဖြင့် တင့်တောင့်တင့်တယ် မင်္ဂလာဆောင်၍ ယူလိုက်ကြကြောင်းကို ပြောပြပါသည်။ ချစ်လွှန်းက ကိုအေးပြောပြသမျှကို ငေးစိုက်နားထောင်နေသည်။ ချစ်လွှန်းမှာ လွှန်ခဲ့သည့်ညကကဲ့သို့ နေမထိ ထိုင်မထိမဟုတ်တော့ဘဲ ငြိမ်သက်လှသည်ကို ကျွန်တော် သတိပြုမိပါသည်။

ကိုအေးထံက အကြောင်းစုံသိရတော့မှ ကျွန်တော်တို့ မစမ်းတင်ကို ပြန်ခေါ်ရန်အရေးမှာ ကျွန်တော်တို့ တွေးလာကြသကဲ့သို့ မဟုတ်တော့ကြောင်းကို နားလည်ရပါတော့သည်။

"ပြန်ခိုးယူရမှာပဲ"ဟု ကိုအေးက အကြံပေးသလို ပြောကာ ချစ်လွှန်း၏သဘောကို စုံစမ်းလိုက်ပါသည်။ စွန့်စားခန်းကို မျှော်၍လာသော ချစ်လွှန်းကို ကြည့်လိုက်တော့ ချစ်လွှန်းမှာ မတုန်မလှုပ်ဖြစ်နေသည်ကို တွေ့ရပါသည်။

**ချစ်လွှန်းမှာကား တွေးစရာ ဘာမျှ မရှိတော့သလို ကားပေါ်တွင် ပါခဲ့သော မဂ္ဂဇင်း စာအုပ်တစ်အုပ်ကို ဖတ်ရင်း ပါလာလေသည်။**

ကိုအေးနှင့် ကျွန်တော်က နည်းလမ်းအမျိုးမျိုးကို ရှာကြံ တိုင်ပင်လျက်ရှိကြစဉ် ချစ်လွှန်းမှာ တွေတွေကြီးဖြစ်နေလေသည်။ ကျွန်တော် ချစ်လွှန်း၏ရင်ထဲ၌ မည်သို့ရှိမည်ကို စာနာ၍ ကြည့်နေမိသည်။ စိတ်သောကများရလွှန်းသဖြင့် ကျွန်တော်က သူ့အတွက် စိုးရိမ်မကင်းဖြစ်လာသည်နှင့် "မင်း တစ်ရေးလောက် အိပ်လိုက်ပါဦးလားကွာ။ မင်းအစမ်းကို မရရအောင် တို့ပြန်ခေါ်ပေးမှာပေါ့"ဟုပြောတော့ ချစ်လွှန်းက "အေးကွာ"ဟု ဆိုကာ ထိုင်ရာမှထသည်။

ကိုအေးက "ရေချိုးလိုက်ပါဦးလား"ဟု ဆိုတော့လည်း "အေးဗျာ"ဟု ဆိုကာ ရေချိုးပါသည်။

သူ ရေချိုးနေစဉ် ကျွန်တော်နှင့်ကိုအေးတို့က ဆက်လက်၍ တိုင်ပင်နေကြသည်။ ကိုအေးက ချစ်လွှန်းကိုကြည့်ပြီး သနားကရုဏာ များစွာဖြစ်မိဟန်တူသည်။ "ကျုပ်တို့ မရရအောင် ကြံပေးကြမှပဲ"ဟု ဆိုသည်။

ချစ်လွှန်းက ရေချိုးပြီး ကျွန်တော်တို့ဆီသို့ ပြန်လာကာ "ကျွန်တော် ပြန်ရောက်နေပြီဆိုတာ သိရင် အစမ်းပြေးလာမှာပဲဗျ"ဟု စကားစပ်မရှိဘဲ ဝင်၍ပြောလိုက်သည်။

ကိုအေးက ကျွန်တော့်အား လှမ်း၍ကြည့်လိုက်ပြီး ချစ်လွှန်းကို အကဲခတ်သလိုကြည့်နေသည်။ ထို့နောက် ချစ်လွှန်း ထိုင်ရာမှထ၍ ကိုအေး၏ အိပ်ရာပေါ်သို့သွားကာ အိပ်လေသည်။ ကိုအေးက ကျွန်တော့်အား 'ဘယ့်နှယ်လဲ'ဟူသော အမူအရာဖြင့် ကြည့်သည်။ ချစ်လွှန်း 'စိတ်နောက်နေပြီ'ဟု ထင်လေသလားတော့ မသိ။ "ဒါမျိုးဆိုတာ ဒီလိုပဲလေ"ဟုလည်း သံဝေဂသံနှင့် ညည်းသည်။

ကိုထွန်းသောင်းက အလုပ်မအားသဖြင့် ပြန်ချင်သည်။ ကျွန်တော်တို့က ကိုအေး အကြံပေးချက်အရ ၁ ရက်–၂ ရက် အခြေအနေကို စောင့်ကြည့်ရင်း နေရစ်ကြရဦးမည်။ မစမ်းတင်နှင့် တွေ့အောင်ကြံပြီး သူက ချစ်လွှန်းနှင့် ပြန်လိုက်ပါမည်ဆိုလျှင် မစမ်းတင်ကိုပါ တစ်ခါတည်း ခေါ်သွားကြရန် အစီအစဉ်ရှိ၏။

သို့သော် ညနေစောင်းတွင် ကိုထွန်းသောင်းက 'ပြန်မည်'ဟု ကျွန်တော်တို့အား နှုတ်ဆက်သောအခါ ချစ်လွှန်းသည် မည်ကဲ့သို့ စိတ်ကူးရလိုက်သည် မသိ။ အိပ်ရာမှ ထလာကာ "ကိုထွန်းသောင်းနှင့် ပြန်လိုက်ကြမည်"ဟု ပြောပါတော့သည်။

ကျွန်တော်က 'ချစ်လွှန်း စိတ်ငယ်သွားပြီ'ဟု ထင်လိုက်သည်။ ကိုအေးနှင့် ကိုထွန်းသောင်းတို့ကပါ ချစ်လွှန်းကို နားမလည်နိုင်ကြသလို ကြောင်၍ ကြည့်နေကြသည်။

ကိုထွန်းသောင်းက ချစ်လွှန်းကို စိုက်ကြည့်နေပြီး မည်သို့ စိတ်ကူးဖြစ်သည် မသိ၊ "လိုအပ်လျှင် သူပါ စောင့်နေနိုင်ပါသည်"ဟု ပြောလိုက်သည်။ ကျွန်တော်ကလည်း "ဟုတ်သားပဲကွ။ ၁ ရက်လောက် စောင့်ကြည့်ပြီး အစမ်းပါ တစ်ခါတည်း

ခေါ်လို့ရလည်း ခေါ်ပြီး ပြန်ကြတာပေါ့"ဟု ပြောပါသည်။ mgyoe SAMPLE BOOK
ချစ်လွန်းကမူ သူ ဘာလုပ်မည်ကို ပိုင်နိုင်စွာစဉ်းစားပြီး ဖြစ်ဟန်တူပါသည်။

"နေပါစေတော့ကွာ"ဟုသာ ပြောကာ ကားပေါ်သို့တက်၍ ထိုင်လိုက်ပြီး၊ "ကိုအေး–ကျွန်တော်လိုက်လာတာ အစမ်း မသိပါစေနှင့်တော့ဗျာ"ဟု ပြောလိုက်ပါသည်။

ကျွန်တော်တို့ ကားထွက်လာသောအခါ ကိုအေးမှာ ချစ်လွန်းကို မည်သို့သဘောရလေသည် မသိ၊ ခေါင်းတညိတ်ညိတ်နှင့် ကျန်ရစ်ပါသည်။

ကိုထွန်းသောင်းလည်း ကားကို ဂရုစိုက်၍မောင်းရင်း ချစ်လွန်း ဘာကြောင့် စိတ်ပြောင်းသွားသည်ကို တွေးတောလာဟန်တူပါသည်။

ကျွန်တော်လည်း ကိုယ့်အတွေးနှင့်ကိုယ်ပင် ငြိမ်သက်စွာပါလာခဲ့သည်။

ချစ်လွန်းမှာကား တွေးစရာ ဘာမျှမရှိတော့သလို ကားပေါ်တွင် ပါခဲ့သော မဂ္ဂဇင်းစာအုပ်တစ်အုပ်ကို ဖတ်ရင်း ပါလာလေသည်။

မြဝတီမဂ္ဂဇင်း။ အတွဲ–၅၊ အမှတ်–၇၊ မေလ၊ ၁၉၅၇။


mgyoe.com

mgyoe.com SAMPLE BOOK

# ကြွေလေဟန်

သစ်ရွက်ရော်တို့သည် အညာမှပြုတ်၍ နွေဦးလေရူးတွင် တဝဲဝဲပျံကာ မြေသို့ သက်ကြလေသည်။

မနေ့က ကျွန်တော်၏အဒေါ်တစ်ယောက် အနိစ္စရောက်လေသည်။ မမာမကျန်း ဖြစ်နေသည်မှာ ကာလအတန်ကြာပြီ ဖြစ်သည်။ ကျွန်တော်၏စိတ်တွင်ကား သေလိမ့်ဦးမည် မထင်မိဘဲ၊ သတင်းမေးရန်အသွားတွင် အိမ်ထဲသို့ဝင်လိုက်လျှင် ဝင်လိုက်ချင်း အလောင်းပြင်နေကြသည်ကို တွေ့ရသည်။

မမျှော်လင့်ဘဲ ဤသို့ တွေ့လိုက်ရ၍ အံ့သြခြင်းကား မဖြစ်မိပါ။ 'သြော်– သွားရှာမှကိုး'ဟုသာ အောက်မေ့လိုက်မိသည်။ အသက်ကြီးလှပြီဟု မဆိုနိုင်စေကာမူ၊ ငယ်ငယ်က ချူချာခဲ့သောကြောင့် ၆၆ နှစ်မှာ သူ့သက်တမ်းအဆုံးလောက်ပင် ဖြစ်နိုင်သည်။ လူအိုမင်းမစွမ်းအရွယ်တွင် နာတာရှည်ခဲ့သည်။ လူမှုကိစ္စများတုန်း အရွယ်ဖြစ်သော သားသမီးများကို ဒုက္ခအတန်ပေးခဲ့သည်။

သစ်ရွက်ရော်တို့သည် အညာမှ ပြုတ်ထွက်၍ နွေဦးလေရူးတွင် တဝဲဝဲ ပျံကာ မြေသို့ သက်ကြလေသည်။

အမိအဖကို မြတ်နိုးတတ်သော အသိသည်သာလျှင် သားသမီးဖက်က ကွင်းဆက်ဖြစ်၍၊ သားသမီး၌စွဲ၍ဖြစ်သော သံယောဇဉ်သည်သာလျှင် လူအိုနာတာရှည်၏ ဖက်က ကွင်းဆက် ဖြစ်တော့သည်။ အခြားသော လူ့အကျိုးအဆက်တို့သည် ပြတ်ခဲ့ကြလေပြီ ဖြစ်၏။ သူတို့အကြား၌ ပရိဒေဝကို ပေါက်ကွဲစေသော ယမ်းအားတို့သည်လည်း ကုန်ခန်းခဲ့ပြီ ဖြစ်၏။ သစ်ရွက်ရော်သည် အညာမှပြုတ်၍ နွေဦးလေရူး၌ ဝဲကာ မြေသို့ သက်သည်သို့သာတည်း။

ကျွန်တော်သည် ဒွေးလေး၏အလောင်းကို ကြည့်ရင်း သူမသေမီက သူနှင့် ဆက်စပ်လျက်ရှိသော လောကကို ပြန်ပြောင်းတွေးတောမိသည်။ ဒွေးလေးသည် ကျွန်တော့်အဖေ၏ နှမအရင်းတည်း။ ကျွန်တော်၏အဖေသည် ၁၉၅၂ ခုနှစ်က သေဆုံးလေသည်။ ကျွန်တော်၏အမေသည် ၁၉၄၉ ခုနှစ်က ဆုံးခဲ့သည်။ အမေ့အဖေသည် ၁၉၄၄ နှစ်က ဆုံးသည်။ ဒွေးလေးသေဆုံးသည်ကို မြင်လျှင် အရင်က သေဆုံးခဲ့ပြီးသော အဖေ, အမေနှင့် အမေကြီးတို့ကို သတိရသည်။ ထို့နောက် ဤသို့ပင် သေဆုံးကြပြီးဖြစ်သော ဦးကြီး, ဦးလေး, ဒေါ်လေး စသည်တို့ကို ဝိုးတဝါး သတိရလိုက်မိ၏။ ကောင်းကောင်းမမှတ်မိတော့ပြီ ဖြစ်သော်လည်း ကျွန်တော့်အသိထဲတွင် ရှိနေသေးသော အဘိုး,အဘွားများကိုပါ သတိရသည်။

ကျွန်တော်တို့အဘိုး အသည်းအသန်မမာတော့ အခြားတစ်ရွာ၌ နေထိုင်လျက်ရှိနေသော ကျွန်တော်တို့၏အဖေကို လူလွှတ်၍ ခေါ်လာသည်။ ကျွန်တော်တို့သွားကြရ၏။ ထိုအခါက ကျွန်တော့်မှာ ငယ်လှပေသေးသည်။ ခရီးသွားရလျှင် ပျော်သည်။ လူကြီးများ ကိစ္စများနေ၍ အဆိုအပြော နည်းနေလျှင် မီးပွင့်အောင် ဆော့ရ၍ပျော်သည်။ ဆိုင်းသံ, ဗုံသံကြားလျှင် မြူးသည်။ လူသေသည် ဆိုသည်ကို ကောင်းစွာသဘောမပေါက်သေးသော အရွယ်တည်း။

ကျွန်တော်တို့ရောက်ပြီး ရက်များမကြာမီပင် ကျွန်တော်တို့အဘိုး သေဆုံးလေသည်။ တောရွာမျက်နှာကြီး ဘုရားဒကာ, ကျောင်းဒကာကြီးဖြစ်၍ သူ့မသာမှာ

mgyoe.com SAMPLE BOOK

**'စံရှား' အမည်ရှိ မြင်းမကလေးမှာ ပွဲတိုင်းကျော် ဖြစ်လေသည်။ ဦးကြီးတွင် မြင်းစီးခြင်း, မြင်းလောင်းခြင်း, ဖဲရိုက်ခြင်းတို့မှ တစ်ပါးသော အလုပ် ဟူ၍ ရှိခဲ့သည်ဟု မကြားဖူးပါ။**

ကြီးကျယ်ရပေမည်။ အနည်းဆုံး ပွဲနှင့်လမ်းနှင့်တော့ သင်္ဂြိုဟ်ရလေသည်။ အလှိုင်းကြီး ကျွေးမွေးရသည်။ အလှိုင်းကြီး လှူရတန်းရသည်။ သေသည် ဆိုလျှင်ပင် လူစည်လာတော့၏။ ကျွေးမွေးချက်ပြုတ်ရေး၊ လှူရန် ပစ္စည်းဝယ်ယူရေး၊ ဝေးနီးသားချင်း မိတ်ဆွေများအား အကြောင်းကြားရေး၊ ဆိုင်းများ, အငြိမ့်များ, စာပြော(ကွက်စိပ်)များ, ဇိုချင်းသည်များ ငှားရမ်းရေးတို့ကို အပူတပြင်း စီစဉ်ကြရလေသည်။ ဤသို့ လူကြီးများကိစ္စများလျက်ရှိကြစဉ်တွင် ကျွန်တော်သည် ကစားဖော်များနှင့် ငှက်ပျောခြံများအကြား၌ ပေပေတေတေ ကစား၍မဝနိုင်အောင် ရှိလေသည်။

ဆိုင်းဝင်သောနေ့ကား ကျွန်တော်တို့အဖို့ အပျော်ဆုံးနေ့ဖြစ်သည်။ ဆွေမျိုးတွေကလည်း စုံသဖြင့် အရပ်ရပ်မှ ဝမ်းကွဲညီအစ်ကို မောင်နှမများနှင့်လည်း ဆုံမိကြသည် ဖြစ်သောကြောင့် ကျွန်တော်တို့မှာ သံဃာစင်ကျိုးကျမတတ် ကခုန်မြူးထူးကြလေသည်။ ဆိုင်းက ဝင်စတွင် 'ဗေပေထီး–ဗေပေထီး'နှင့် ခပ်သုတ်သုတ်တီးပေးလိုက်သောအခါ၊ ကျွန်တော်တို့ ကလေးတစ်စု ပျော်ကြပုံကို စာဖွဲ့၍ပင် ရနိုင်စရာ မရှိပေ။ တစ်ခါတစ်ခါ လူကြီးများလာ၍ ငြိမ်ငြိမ်တိတ်တိတ်နေကြရန် မာန်မဲကြိမ်းမောင်းတတ်သော်လည်း ခဏမျှသာ ငြိမ်ကြသည်။ သည်နေရာမှာ ဆူဆူညံညံမပျော်ရလျှင် တခြားနေရာမှာ ပျော်ကြမည်။ ဆွေမျိုးသားချင်းတွေလည်းစုံ, ဆိုင်းနှင့်ပွဲနှင့်လည်း ကြုံခိုက်တွင် မပျော်လိုက်ရဘဲ အချိန်ကုန်သွားမည်ကို စိုးကြသလို၊ ပျော်ပျော်ကစားဖို့ အခွင့်ကောင်းအခါကောင်းကို ပြည့်ပြည့်ဝဝအသုံးချခဲ့ကြသည်။ ဤသို့လျှင် ကျွန်တော်တို့အဘိုး သေသည်ကို မှတ်မိနေပါသည်။

အဘိုး သေဆုံးပြီး နှစ်အတော်ကြာခဲ့ပြီးနောက် အဘိုး၏သားအကြီးဆုံး (ကျွန်တော့်အဖေ၏ အစ်ကိုကြီး၊ ကျွန်တော်တို့ဘကြီး) သေဆုံးလေသည်။ ဘကြီးပင်ဖြစ်သော်လည်း ကျွန်တော်တို့က သူ့ကို 'ဦးကြီး' ဟု ခေါ်ကြပါသည်။ ဦးကြီးသည် ရှေးဦးဆေးရုံ၌ သေဆုံးသဖြင့် သူသေသည်ကို ကျွန်တော်တို့ မမြင်လိုက်ရတော့ပေ။ သို့သော် ဦးကြီးသေသည်ကို ကျွန်တော် မှတ်မိနေပါသည်။

ဦးကြီးသည် မွေးချင်းထဲတွင် အကြီးဆုံးဖြစ်၍ ကျွန်တော့်အဖေတို့က ချစ်ကြောက် ရိုသေကြသည်။ ဦးကြီးမှာ နှုတ်ခမ်းမွေး ရှိသလားတော့ မသိ။ ကျွန်တော်၏အသိထဲတွင် ရှိနေသော ဦးကြီးမှာ နှုတ်ခမ်းမွေးနှင့် လူချောလူခံ့ကြီး ဖြစ်သည်။ မင်းသားကြီးဟန် ရှိ၍၊ မြင်းချောချောများ စီးလာလျှင် အလွန်ကြည့်ကောင်းသည်ဟု ပြောသံကြားရဖူးသည်။ မြင်းချောချော, ပိုးပုဆိုးအံနီကွက်ထောက်, နှုတ်ခမ်းမွေးကားကား, ခေါင်းပေါင်းပန်းရောင်, သျှောင်နောက်တွဲ, ကျောက်နီလက်စွပ်, မယားငယ်နှင့် ဖဲထုပ်အမျိုးမျိုးတို့သည် ကျွန်တော်အဖို့ ဦးကြီး၏ရုပ်ပုံလွှာများ ဖြစ်ကြသည်။

ဦးကြီးသည် မြင်းသမား, ဖဲသမားအကျော် ဖြစ်သည်။ မြင်းစီး ကောင်းသည်။ ဖဲရိုက် ကျင်လည်သည်။ အထူးသဖြင့် ၃ ပုံဖဲတွင် 'ဖဲဘုရား'ဟု အသိအမှတ်ပြုခြင်း ခံရသူတည်း။ မြင်းသမားလောကတွင် 'ဦးဘိုးသော်'ဆိုလျှင် မသိသူ မရှိ။ သူ၏ 'စံရှား'အမည်ရှိ မြင်းမကလေးမှာ ပွဲတိုင်းကျော် ဖြစ်လေသည်။ ဦးကြီးတွင် မြင်းစီးခြင်း, မြင်းလောင်းခြင်း, ဖဲရိုက်ခြင်းတို့မှ တစ်ပါးသောအလုပ် ဟူ၍ ရှိခဲ့သည်ဟု မကြားဖူးပါ။

သူသည် အထက်ပိုင်း မြန်မာပြည်သို့တက်ကာ ကျောက်စိမ်းတွင်း စသည့် နေရာများ၌ ဖဲရိုက်ရင်း ကျောက်ကုန်ကူး၍ နေတတ်သည်ဟု ကြားဖူးသည်။ သို့သော် ကျောက်ကုန်သည် အလုပ်က နာမည်လောက်သာ ဖြစ်ဟန် တူလေသည်။ ထူးခြားချက်တစ်ခုမှာ သူသည် ရောက်ရာအရပ်တွင် မိန်းမယူတတ်ခြင်းပင်တည်း။

ဦးကြီးသည် ကျွန်တော်တို့အိမ်သို့လာကာ ၁ လ–၉ သီတင်း နေတတ်သည်ကို မှတ်မိပါသည်။ အဖေက သူ့အစ်ကိုအား အလွန်ချစ်သည်။ ရိုသေသည်။ အစ်ကိုက လိုချင်သည်ဆိုလျှင် မရရအောင် ရှာပေးသည်။ ငြင်ငြင်သည် မရှိ။ ဦးကြီးကလည်း ညီကို ချစ်သည်။ အားကိုးသည်။ ဘယ်မှာမျှ မပျော်လျှင် ညီနှင့် လာနေတတ်သည်ဟု ပြောသံကြားဖူးသည်။

ကျွန်တော်တို့ အမေကတော့ "နင့်တို့ ဦးကြီးဟာ ဖဲလည်ရိုက်နေတာပဲ။ ရှုံးရင် တို့ဆီကို လာတယ်။ နိုင်ရင် တွေ့ရာမှာ မယားငယ် ယူတယ်။ သူ့မှာ မိုးကုတ်ကျောက်နီလက်စွပ်ကြီးတစ်ကွင်းနှင့် မြင်းတစ်စီးပဲ ရှိတယ်"ဟု ပြောလေ့ရှိသည်။ သို့သော် အမေသည်လည်း ဦးကြီးကို ချစ်ခင်ရိုသေသည်။ အထူးသဖြင့် သူ့ သားသမီးများဖြစ်ကြသော ကျွန်တော်တို့တစ်တွေကို ချစ်နိုင်, အလိုလိုက်နိုင်သောကြောင့် ကြည်ဖြူရဟန်တူသည်။

ဦးကြီး တစ်ခါတစ်ခါ ကျွန်တော်တို့အိမ်သို့ လာနေလျှင် ဘာမှ အလုပ်မရှိ။ ကျွန်တော်တို့ကိုထိန်းရင်း အိပ်လိုက် စားလိုက်, အပျင်းပြေ ၃ ပုံဖဲ ရိုက်လိုက်နှင့် အချိန်ကုန်သည်။

mgyoe.com

SAMPLE

ရွာထဲတွင် အပေဆုံးအတေဆုံး လူငယ် တစ်ယောက်ဟု နာမည်ဆိုးလာသည်။ မျောက် ပန်းပိုင်း, ကြက်ပိုင်း, ဖဲပိုင်းများကို သူကြီးက ဖမ်းလျှင် အပြေးအလွှားလည်း အကျင်လည် ဆုံးလူ ဖြစ်သည်ဟု –

ဦးကြီးက လက်မြောက်သူ ဖြစ်သည်။ ကျွန်တော်တို့ကစားရန် ဆင်ရုပ်, မြင်းရုပ်, မျောက်ရုပ်တို့ကို ထုလုပ်၍ပေးလေ့ ရှိသည်။ သို့နှင့်ပင် ကျွန်တော်တို့သည် ဦးကြီးကို ချစ်နေကြသည်။ ဦးကြီးလာလျှင် ပျော်နေကြသည်။ အရုပ်ကလေးများ ကစားဖို့ ရနေသည်ထက် ဦးကြီးက လက်နက်တံစဉ်း, ရှူး, ဆောက် တို့နှင့် တတက်တက်တတောက်တောက်လုပ်နေသည်ကို စောင့် ကြည့်ရသည်က ပို၍ကြိုက်ကြသည်။ ခရီးသွားစရာရှိလျှင် ကျွန်တော့်အား ဦးကြီးက ထမ်း၍ သွားလေ့ရှိသည်။

ကစားစရာ လိုချင်သောအခါ ဖြစ်စေ, လမ်းသွားစရာ ရှိသောအခါဖြစ်စေ ကျွန်တော်သည် ဦးကြီးကို တမ်းတမိတတ် သည်။ အဖေနှင့်အမေတို့က မျက်နှာမသာမယာဖြစ်၍ အနေ အထိုင်ကျဉ်းကျပ်လျှင် ဦးကြီးကို တမ်းတမိတတ်သည်။ ထိုအခါ မျိုးတွင် ဦးကြီး ရောက်လာပါက ကျွန်တော်သည် ဦးကြီးအပေါ် က မဆင်းတော့ချေ။

ကျွန်တော် အတော်ကလေးကြီးပြင်းလာသောအခါ ဦးကြီး သည် ကျွန်တော်တို့ထံသို့ အရောက်အပေါက် နည်းလာသည်။ ရှေးကလို မြင်းများ, ဖဲများ, မိန်းမငယ်များ၌ စိတ်ဝင်စားမှု လည်း နည်းကာ အိမ်ကပ်လာသည်ဟု ပြောသံ ကြားဖူးသည်။ ဦးကြီးအား အတွေ့နည်းလာသည့်တိုင်အောင် ဦးကြီး၏ရုပ်ပုံ သည် ကျွန်တော်၏အာရုံထဲတွင် စွဲနေလေသည်။

ဦးကြီးလည်ပင်းတွင် အနာပေါက်၍ 'ဆေးရုံသို့ ပို့ရမည်' ဟု သတင်းကြားရသောအခါ အဖေနှင့် ကျွန်တော် သွားကြသည်။ ကျွန်တော်နှင့် ဦးကြီး မတွေ့သည်မှာ နှစ်အတော်ကြာနေပြီဖြစ်၍၊ ဦးကြီးကိုတွေ့လျှင် ဘယ်လိုနေမည်ကို လမ်း တစ်လျှောက်လုံး စိတ်ကူးထင်မြင်လာခဲ့သည်။ ဦးကြီး မမာမကျန်း ဖြစ်နေသည် ကိုတော့ သိပါသည်။ သို့သော် ဦးကြီး၏ရောဂါဝေဒနာ အကြောင်းထက် 'ဦးကြီးနှင့်တွေ့လျှင် ကစားစရာ အရုပ်တစ်ခုခု ပေးဖို့ရှိလိမ့်မည်' ဟူသောအတွေးတို့က ပိုခဲ့သည် ထင်သည်။

ရွာသို့ရောက်သောအခါ ဦးကြီးကို မတွေ့ကြရတော့ပါ။ လွှန်ခဲ့သည့်နေ့ကပင် ၁၈ မိုင်ခန့်ဝေးသော ရေဦးဆေးရုံသို့ ပို့လိုက်ပြီဟု သိရ၏။ ကျွန်တော့်အဖေ စိတ်ပူပန်သွားသလောက်၊ ကျွန်တော် စိတ်ပျက်သွားသည် ထင်ပါသည်။ 'ဦးကြီး ဘယ် တော့လောက်များ ပြန်လာပါမည်နည်း' ဟု မသေမချာ တွေးရင်း မျှော်နေမိသည် ထင်ပါသည်။

အဖေက သူ့အစ်ကိုအတွက် ရတက်မအေးနိုင်အောင် ရှိသဖြင့် ရောက်မဆိုက်ဆိုသလိုပင် စက်ဘီး ၁ စီးငှားကာ ရေဦးသို့ လိုက်လေသည်။ ကျွန်တော့်မှာ လူပိုဖြစ်နေ၍ ဦးကြီး တို့ရွာမှာပင် နေရစ်ရပါသည်။ အဖေ့နှမငယ်များမှာ အဖေ့ လောက် စိတ်ပူကြပုံ မပေါ်ပါ။ သူတို့မှာတော့ ခပ်အေးအေးပဲ ထင်သည်။ ကျွန်တော်လည်း သူတို့နှင့်အတူပင် ခပ်ပျော်ပျော် နေလိုက်သည်။ ၁ ရက်–၂ ရက် ကြာသောအခါ ဦးကြီးပါ မေ့သွားသည်။ ငှက်ပျောခြံကြားတွင် အဖော်များနှင့် နှော၍မိသွား ပြီဖြစ်၏။

၃ ရက်ခန့်အကြာတွင် အဖေ ပြန်ရောက်လာပါသည်။ နေပူကြီးထဲတွင် စက်ဘီးနင်းလာခဲ့ရ၍ ပင်ပန်းနွမ်းနယ်နေသော အဖေ့မျက်နှာကို ကျွန်တော် ယနေ့ထက်တိုင်အောင် မှတ်မိနေ ပါသည်။ အဖေ ပြန်ရောက်လာလျှင်လာခြင်း နှမသားချင်း တစ်စုတို့ သတင်းမေးရန်ပြေးလာကြသည်။ နှမများက ဦးကြီးကို 'မောင်ကြီး' ဟု ခေါ်ကြ၍၊ အဖေ့ကို 'မောင်လေး' ဟု ခေါ်ကြသည်။ ညီများက ဦးကြီးကို 'ကိုကိုကြီး' ဟု ခေါ်၍၊ အဖေကို 'ကိုကို' ဟု ခေါ်ကြသည်။

အားလုံး စုဝေးရောက်လာကြသောအခါ အဖေက သူ့ မျက်နှာမှ ချွေးများကို လက်ကိုင်ပဝါနှင့်သုတ်ရင်း "မသိန်းတင် တို့ မောင်ကြီးတော့ မရှိတော့ပါဘူးဗျာ" ဟု မူမမှန်သောအသံဖြင့် ပြောလိုက်ကာ ကျလာသောမျက်ရည်ကို သုတ်လိုက်သည်။ ကျွန်တော် မှတ်မိနေသည်။

ထိုခဏ၌ "ဟယ်" ဟူသောအသံကို အနားရှိ လူများထံမှ ကြားလိုက်ရပြီး ငိုသူငိုကြ, မျက်ရည်ကျသူကျနှင့် စိတ်မချမ်းသာ စရာကြီး ဖြစ်လေသည်။

ထိုအခိုက် ဦးကြီး၏သားငယ် ရောက်လာသဖြင့် အဖေက မျက်နှာတခြားလွှဲကာ "မောင်ဘချိုတို့တော့ ခွေးဖြစ်ကြပြီ" ဟု ပြောကာ တွေတွေကြီးလုပ်နေသည်။ ကိုဘချိုလည်း တောက် ခေါက်လိုက်ပြီး ဟီးချ ငိုကြွေးလေတော့သည်။ သည်တော့မှ အဖေက စိတ်ကိုတင်းပြီး "အားမငယ်ကြနှင့်ကွာ၊ ဦးလေး ၁ ယောက်လုံး ရှိပါသေးတယ်။ လိမ်လိမ်မာမာသာ နေကြ။ လူဆိုတာ တစ်နေ့မသေ တစ်နေ့သေကြရမှာ" ဟု အားပေးပါ သည်။ 'ဦးလေး' ဆိုသည်မှာ သူ့ကိုယ်သူကို ဆိုလိုသည်။

ဤသို့ ငိုကြွေးကြနှင့် အဖေကိုယ်တိုင်လည်း စကား မပြောဘဲ အတော်ကြာအောင်နေပြီးမှ မည်သို့မည်ပုံ သေဆုံးရ

mgyoe.com

သည်ကို ပြောပြနိုင်လေသည်။ ထိုနေ့ညက တစ်ညလုံး ကျွန်တော် အိပ်မပျော်ချေ။ ဦးကြီး၏ရုပ်ပုံကိုသာ မြင်၍နေလေသည်။

ကိုဘချိုသည် ဦးကြီး၏ခြေရာကိုနင်းသော သား ဖြစ်သည်။ သူသည် ၁၀ နှစ်သားကပင် မီးခြစ်ဆံတမ်း ဖဲရိုက်၍ ၁ လုံး ၁ ပြားတန် မီးခြစ်ဘူး ၁၀၀–၂၀၀ နိုင်ဖူးသူဖြစ်သည်။ မျောက်ပန်းဝိုင်း, ဒိုးဝိုင်းတို့တွင်လည်း ကျွမ်းကျင်သောသူ ဖြစ်သည်။ သူသည်လည်း ကျွန်တော့်အားချစ်သော အစ်ကို ဖြစ်လေသည်။ ဆင်းကားစက်အပျက်မှ ဖြုတ်ယူထားသော ဘီးတပ်သည့် တွန်းလှည်းပေါ်တွင် ကျွန်တော့်အားတင်းကာ ရွာရိုးလျှောက် တွန်းခဲ့သူ ဖြစ်သည်။ ကျွန်တော်က မုန့်စားချင်သည်ဆိုလျှင် ဖဲဝိုင်း, မျောက်ပန်းဝိုင်း, ဒိုးဝိုင်းတို့မှ ပိုက်ဆံရအောင်ရှာကာ ဝယ်ကျွေးခဲ့သောသူ ဖြစ်သည်။

ကျွန်တော်က ပျင်းသည်ဆိုလျှင် တောခလေ့ပုံတိုပတ်စ များ ပြောပြတတ်သည်။ ပုံတိုပတ်စကြွယ်ဝသူလည်း ဖြစ်၏။ စကားထာအဝှက်လည်း ကောင်းလှသည်။ ကျွန်တော်တို့ ညီအစ်ကို တစ်ခါတစ်ခါ တောထဲလျှောက်လည်ကာ ရတတ်ရာ အသီးအနှံ, အကောင်အလှောင်ကလေးများကို မီးဖုတ်၍ စားကြသည်။ ထန်းသီးပေါ်ချိန်ဆိုလျှင် ထန်းတောထဲ သွားကာ ထန်းသီးချိုင်၍ စားကြသည်။ မိုးဦးကျ ရေဖောင်ဖောင်တွင် လယ်ကြိုလယ်ကြား၌ ပုစွန်လုံးနှိုက်၍ မီးဖုတ်စားကြသည်။ ဘောင်တုတ်, ရေကြက်, ဘုတ်များ လိုက်ဖမ်းပြီး မီးကင်စားကြသည်။ ဘာမျှမရနိုင်လျှင် ဝက်မြေဥတူး၍ စားကြသည်။

ကိုဘချိုသည် အတော်ကလေးကြီးလာသောအခါ ထန်းရည်ခါးကို သောက်တတ်လာသည်ဟု ကြားရသည်။ ဖဲကိုလည်း လူကြီးများလို ရိုက်တတ်လာသည်ဟု ကြားရသည်။ ရွာထဲတွင် အပေဆုံးအတေဆုံးလူငယ်တစ်ယောက်ဟု နာမည်ဆိုးလာသည်။ မျောက်ပန်းဝိုင်း, ကြက်ဝိုင်း, ဖဲဝိုင်းများကို သူကြီးက ဖမ်းလျှင် အပြေးအလွှားလည်း အကျင်လည်ဆုံးလူ ဖြစ်သည်ဟု သတင်းဖြစ်လာသည်။ သူ့ကို တစ်ခါတစ်ခါ ပုဆိုးစုတ်နှင့် တွေ့ရတတ်၍ တစ်ခါတစ်ခါ ပိုးသားပုဆိုးများနှင့်, အိတ်ထဲတွင် ငွေဒင်္ဂါး တချွင်ချွင်နှင့် တွေ့ရတတ်သည်ဟု ပြောကြ၏။

ကျွန်တော့် အဖေတစ်ယောက်သာ သူကြောက်ရမည့်လူ ရှိသည်ဟု ထင် သည်။ အဖေက သူ့ကို အမျိုးမျိုးဆုံးမသော်လည်း ရှေ့တွင် သာငြိမ်၍ ကွယ်ရာတွင် ထင်ရာလုပ်သည်ချည်း ဖြစ်သည်ဟု ပြောကြသည်။ သူတစ်ပါးကို ရိုက်နှက်စော်ကားလာခဲ့၍ အဖေလိုက်တောင်းပန်ရခြင်း, ငွေလျော်ရခြင်း အကြိမ်ပေါင်း မရေတွက်နိုင်တော့ဟု သိရ၏။

တစ်ခါတော့ ရွာထဲက နွားသတ်ကုလားကို သူလိုချင်သော အမဲသား မပေးကောင်းလားဟု စိတ်ဆိုးကာ ပိသာလေးနှင့် ခေါင်းကို ထုထားခဲ့လေသည်။ ကုလားလည်း ဆေးရုံတက်ရ၏။ အမှုလည်း ဖြစ်ကြရတော့ရာ အာမခံပင် မရ။ အဖေလည်း မတတ်နိုင်တော့။ လက်လျှော့ထားလိုက်သဖြင့် ကိုဘချို ထောင် ၆ လ ကျလေသည်။

ထောင်မှလွတ်လာသောအခါ သူ့ကို ပိုကြောက်ကြလေသည်။ အထူးသဖြင့် ကုလားများက အကြောက်ဆုံး ဖြစ်၏။ ဤမျှ တေပေနေသော်လည်း သူ့တွင် အပေါင်းအသင်းမိတ်ဆွေ ကား များပြားလှပေသည်။ အပေးအကမ်းလည်း ရက်ရောသည်ဟု ပြောကြသည်။ မဟုတ်မခံသတ္တိကိုလည်း ချီးမွမ်းသူ များသည်။

သူသည် အထိန်းအကျောင်းမဲ့ ကြီးပြင်းခဲ့ရသော သတ္တိခဲ လူငယ် ၁ ယောက်ဟု ကျွန်တော် မြင်သည်။ ဘယ်လောက်ပင် မိုက်မိုက် ယုတ်မာသောစိတ်, ကောက်ကျစ်သောစိတ်, စဉ်းလဲသောစိတ် မရှိဟု ကျွန်တော် ယုံပါသည်။ သူသည် ဆွေမျိုးကို ချစ်တတ် စောင့်ရှောက်တတ်သောသူ ဖြစ်၏။

ကျွန်တော် ၁၀ တန်း ရောက်သောနှစ်တွင် သူသည် အတော် ပေပေတေတေနေရာမှ နောင်တရလာသည် ထင်သည်။ ဘုန်းကြီးကျောင်းသို့သွားကာ သင်္ကန်းဆီးသည်။ ရဟန်းပြုသည်။ 'ရဟန်းဝတ်နှင့် နေတော့မည်'ဟုလည်း ပြောသည်။ သို့သော် သူ ပြုခဲ့သော မကောင်းမှုများသည် သူ၏နောက်က အရိပ်သဖွယ် လိုက်လာကြလေသလားတော့ မသိ၊ ရဟန်းဝတ်နှင့် နေစဉ်မှာပင် မကျန်းမမာ ဖြစ်လေသည်။ ရောဂါမှာ ထွေပြားလှသည်။ ဦးကြီး၌ဖြစ်သောအနာမျိုး လည်ပင်း၌ ဖြစ်သည်။

အစာမဝင်, ရေမဝင်နှင့် အတော်ခံရပြီး မြန်မာဆေးဆရာများနှင့် ကုသသဖြင့် အသင့်အတင့် သက်သာလာသော်လည်း ရှင်းရှင်း မပျောက်ကင်းတော့ချေ။ ထိုအချိန်က ကျွန်တော်သည် ကျောင်းသွားနေရသည်။ 'ဦးပဥ္စင်းဦးဘချို ရောဂါသည်းသဖြင့် လူဝတ်လဲရသည်'ဟု သတင်းကြားသည်။ နောက်များမကြာမီ ကိုဘချို ဆုံးပြီဟု သတင်းရောက်လာပါသည်။ ထိုသတင်း ရောက်လာသောနေ့က ကျွန်တော် တစ်နေ့လုံး ကျောင်းမတက်ဘဲ နေလိုက်သည်။ ကိုဘချို၏ ရုပ်ပုံသည်လည်း ကျွန်တော်၏ အာရုံထဲတွင် ထင်၍ ကျန်ရစ်လေသည်။

**အမေကြီးသည် ၁၂၂၀ ခုဖွား ဖြစ်၍ မင်းတုန်းနှင့် သီပေါကို မီလိုက်သူ ဖြစ်သည်။ မန္တလေးကို အင်္ဂလိပ်သိမ်းသည်ကိုလည်း မြင်လိုက်ရသူ ဖြစ်သည်။ အင်္ဂလိပ်ကို 'ဗိုလ်'ဟု ခေါ်သည်ကို မနှစ်မြို့ချေ။**

mgyoe.com

ဂျပန်ခေတ်က ကျွန်တော်သည် ကန့်ဘလူတွင် ရုံးစာရေး လုပ်နေပါသည်။ ကျွန်တော်တို့အမေကြီးသည် ကျွန်တော် အလုပ်ဝင်လုပ်ပြီး အရပ်တစ်ပါးသွားနေသည်ကို မကြိုက်ချေ။ အင်္ဂလိပ်ကျောင်းသို့ ပို့သည်ကိုပင် မကြိုက်ခဲ့။ "ကုလားဖြူစာ မတတ်ဘဲ နေနေကြတဲ့လူတွေ ဒုနှင့်ဒေးပါ"ဟု ဆိုသည်။ သူ့အဆိုအရ 'ကျွန်တော့်အား အင်္ဂလိပ်ကျောင်းသို့ပို့၍ စာသင်စေလျှင် အင်္ဂလိပ်တို့အမူအကျင့် များလာမည်။ နေရသည့် ကျောင်းကလည်း ခရစ်ယာန် သာသနာပြုကျောင်းဖြစ်၍ ကျွန်တော် ခရစ်ယာန်ဖြစ်သွားမည်'ဟု အမေကြီးက ထင်သည်။

"သည်ခေတ်မှာ အင်္ဂလိပ်စာတတ်မှ လူရာဝင်တယ် အမေရဲ့။ အမေ့မြေး လူရာဝင်အောင် ပို့ရတာ"ဟု အမေက ဆင်ခြေပေးသောအခါ အမေကြီးက မကျေမနပ်နှင့် "တယ်– လူရာဝင်ပါလိမ့်မယ်။ ကုလားစာတတ်မှ လူရာဝင်မှာဖြင့် လူရာမဝင်ချင့်နေပါစေဟယ်"ဟု ဆိုသည်။ အမေကြီးသည် ၁၂၂၀ ခုဖွားဖြစ်၍ မင်းတုန်းနှင့် သီပေါကို မီလိုက်သူ ဖြစ်သည်။ မန္တလေးကို အင်္ဂလိပ်သိမ်းသည်ကိုလည်း မြင်လိုက်ရသူ ဖြစ်သည်။ အင်္ဂလိပ်ကို 'ဗိုလ်'ဟုခေါ်သည်ကို မနှစ်မြို့ချေ။ "ကုလားဟာ ကုလားပါဟယ်။ ဖြူဖြူမည်းမည်း မိစ္ဆာဒိဋ္ဌိတွေပဲ"ဟု စွဲသူ ဖြစ်လေသည်။

မျက်နှာဖြူအရာရှိများကို 'သခင်'ဟု ခေါ်ကြရပုံ, ဘုရားထူးကြရပုံ, ရှိခိုးကြရပုံကို စပ်မိစပ်ရာပြောကြ၍၊ သူ ကြားလျှင် ဟက်ဟက်ပက်ပက် ရယ်မောတတ်၍ "နင်တို့ခေတ်မှာ ဖြစ်ချင်သလို ဖြစ်နေကြတော့တာပဲကိုးဟဲ့"ဟု ဆိုလေ့ရှိသည်။ အရေးတော်ပေါ်စဉ်က အကြောင်းများ၊ သရောကြီးခိုင်းစဉ်က အကြောင်းများကို အမှတ်မထင် ပြော၍ ပြော၍ ပြတတ်သည်။ ကျွန်တော်တို့က ခပ်ငယ်ငယ်ဖြစ်၍ ကောင်းစွာ မှတ်သားမထားမိ။ ကျွန်တော်သည် အမေကြီးကို ချစ်သည်မှတစ်ပါး သူပြောသော စကားများကို များစွာ အမှုမထားကြ။

အမေကြီးသည် အသက်ကြီးသဖြင့် စိတ်တိုနေသော အဘွားကြီးတစ်ယောက် ဖြစ်သည်။ 'သူပြောချင်ရာ ပြောပေစေ' ဟု သဘောထားကာ အမှုမဲ့အမှတ်မဲ့ နေကြသည်။ 'ခေတ်ကို လိုက်၍ နားမလည်တတ်'ဟုလည်း ထင်ကြသည်။ သို့သော် အမေကြီးသည် ကျွန်တော်တို့ထင်သလိုတော့ မဟုတ်ချေ။ ခေတ်လူများကို သူ နားလည်သည်။

"နင်တို့ ပျက်စီးကြရတော့မယ်"ဟု သူ ပြောလေ့ရှိသည်ကို ကျွန်တော်တို့ ရယ်ခဲ့ကြသော်လည်း အမေကြီးသည် ကြိုကြိုတင်တင် မြင်တတ်၍ ပြောခြင်းဖြစ်ကြောင်း နောင်မှပင် စဉ်းစားမိပါသည်။ နောက်တော့ အမေကြီးလည်း ဘယ်သူနှင့်မျှ ကောင်းစွာ စကားမပြောတော့ဘဲ သူ့ဘာသာသူ နေလေ့ရှိသည်။ ဥပုသ် မှန်မှန်စောင့်သည်။ ကျောင်းကန်ဘုရား မှန်မှန်သွားသည်။ ဆွမ်းကို ကိုယ်တိုင်ချက်၍ လောင်းသည်။ သီးခြားနေချင်သည် ဆို၍ မီးဖိုနှင့်တွဲလျက် အဆောင်တစ်ခု ထုတ်ပေးရသည်။ အမေကြီးသည် ကလေးများကိုတော့ ချစ်တတ်သည်။ စိတ်ရှည်သည်။ ကလေးများကို ရိုက်နှက်လျှင် မကြိုက်ချေ။

ကျွန်တော် သားတစ်ယောက်, သမီးတစ်ယောက် ရသည့် အချိန်အထိ အမေကြီး မာမာသန်သန် ရှိသေးသည်။ ကျွန်တော်၏သားအကြီးကို ချီပိုးရသေးသည်။ ကျွန်တော့်သမီးကိုလည်း ထိန်းပေးရသေးသည်။ 'သီလကောင်းသည်'ဟု ပြောကြသည်။

အမေကြီးသည် ဘယ်တော့မျှ ထိတ်ထိတ်ပျာပျာမဖြစ်တတ်။ ဂျပန်ခေတ်က လေယာဉ်ပျံများ တောပိုင်းလှည့် ဗုံးကြဲစဉ်က ကျွန်တော်တို့ ရွာအနီးတွင်လည်း ဗုံးကျလေသည်။ ကျွန်တော်တို့က အတွေ့အကြုံ ရှိကြပြီးဖြစ်၍ ဗုံးထိမည်ကို ကြောက်ကြသည်။ အိမ်တွင် ဗုံးခိုကျင်းများ တူးထားကြသည်။ လေယာဉ်ပျံများလာလျှင် အားလုံး ဗုံးကျင်းထဲ ဆင်းကြရန် လေ့ကျင့်ထားသဖြင့် မနှောင့်နှေးကြသော်လည်း အမေကြီးသည် ကျန်ရစ်မြဲဖြစ်လေသည်။ ကျွန်တော်တို့က သူမကြား၍ မဆင်းခဲ့သည် ထင်သောကြောင့် သွားခေါ်သော်လည်း သူဆင်းချင်မှသာ ဆင်းလေသည်။ သူသည် သေခြင်းတရား၌ ယုံကြည်သူ ဖြစ်လေသည်။

"အမေကြီးရဲ့ လာပါ။ ဗုံးတွေချရင် အမေကြီး သေသွားလိမ့်မယ်"ဟု သေဘေးနှင့်ခြောက်၍ ခေါ်ကြသောအခါ အမေကြီးက မြေးများကို ချစ်၍ လိုက်တော့လာသည်။ သို့သော် ပါးစပ်ကတော့ "နင်တို့မှာ သည်လို ဝုန်းဝုန်းဒိုင်းဒိုင်းနှင့်ခြောက်မှပဲ သေရမှာကို ကြောက်တတ်ကြတော့တာပဲ"ဟု ဆိုလေ့ရှိသည်။

ကျွန်တော် ကန့်ဘလူမှာရှိစဉ် အဖေ့ထံမှ စာရသည်။ 'မင်းအမေကြီးက မင်းကို ကြည့်ချင်သည်ဟု မကြာမကြာပြောသည်။ ကောင်းကောင်းလည်း မမာဘူးထင်သည်။ ဆွမ်းချက်, ဆွမ်းလောင်း, ဥပုသ်စောင့်မပျက်သော်လည်း အိပ်ရာထဲမှာ နေရသည်က များသည်။ သူ့နောက်ဆုံးနှစ် ဖြစ်ချင်ဖြစ်မည်။ မသေမီ မင်းလာတွေ့ဖို့ ကောင်းသည်'ဟု စာရသောကြောင့် ကျွန်တော်လည်း ရုံးမှခွင့်ခံကာ လှည်းနှင့် လာခဲ့သည်။ အရေးမကြီးလှဟုလည်း ထင်၍ ခပ်အေးအေးပင် သေနတ်တစ်လက်နှင့် တောပစ်ရင်း လှည်းနှင့်လာခြင်း ဖြစ်၏။ မြင်းနှင့်ဆိုလျှင် ပို၍ မြန်မြန် ရောက်နိုင်လေသည်။ သို့သော် အကြောင်းတော့ ထူးမည်မဟုတ်ပါ။

လမ်းတစ်ဝက်ဖြစ်သော ကံရိုးရွာရှိ ကျွန်တော့်အစ်ကိုကြီး (ဦးကြီး၏သား အကြီးဆုံး)ကိုအောင်ဘထံသို့ ရောက်သောအခါ 'အမေကြီးဆုံး၍ သင်္ဂြိုဟ်ပြီးပြီ'ဟု သိရလေသည်။ ကျွန်တော့်သားမယားများကတော့ စောစောကပင် ရွာပြန်ရောက်နေကြ၍ အမေကြီးဆုံးသည်ကို မီကြသည်။ ကျွန်တော်ရောက်သွားသောအခါ အမေကြီး မရှိတော့ပြီ။ ၁ ရက်–၂ ရက်သာ ရှိသေးသော်

လည်း အိမ်တွင် ဘာမျှ ထူးထူးခြားခြားမရှိ။ ဘာမျှမဖြစ်ခဲ့သလိုပင် တွေ့ရသည်။

ကျွန်တော်ရောက်၍ အမေကြီး သေဆုံးပုံ အကြောင်းကို အမေက ခပ်အေးအေးပင် ပြောပြသည်။ မသေမီ ၃ ရက်လောက်ထိ ဆွမ်းချက်၍ လောင်းသေးကြောင်း ကျွန်တော့် ဇနီးနှင့် ကလေး ၂ ယောက် ရောက်လာတော့ "မောင်မြင့် ပါသလားဟဲ့။ ဘုတို ပါသလားဟဲ့။ ဒင်းတို့အဖေကော"ဟု မေးသဖြင့် ကလေးများကို သွားပြရသေးသည် ဆို၏။ 'ဘုတို' ဆိုသဖြင့် ကျွန်တော့်သမီး အစန်းကို အမေကြီးကခေါ်သော အမည်ဖြစ်သည်။ အစန်းမှာ ထိုစဉ်က မတ်တတ်ပြေးစ ဖြစ်၏။ ၃ ရက်လောက် ဆွမ်းမချက်နိုင်သဖြင့် အိပ်ရာထဲတွင် ငြိမ်သက်စွာနေသည် ဟု ပြောသည်။ နောက် သေတော့လည်း သည်လိုပင် ငြိမ်သက်စွာ သေသွားသည်ဟု အမေက ပြောသည်။ အမေကြီး ဆုံးတော့ ၈၅ နှစ်ထဲမှာ ဖြစ်၏။

ကျွန်တော့်နှမများ, အစ်မများကတော့ အမေကြီး သေပြီးနောက် တစ္ဆေကြောက်နေကြ၍ မီးဖိုဘက်သို့ မကူးဝံ့ဘဲ ဖြစ်နေကြသည်ကို ပြော၍ပြော၍ ရယ်ကြလေသည်။

တစ်ညတွင် ရေနွေးအိုးတည်ရန် မီးဖိုဖက်သို့ သူသွားငါသွား တွက်ကပ်နေကြပြီး၊ ကျွန်တော့်သား ၂ ခါ လည်ကျော်ကျော်ရှိ မောင်စိုးမြင့်ကို အဖော်ခေါ်ကြသည် ဆို၏။ "မောင်မြင့်ရယ်– မီးဖိုထဲ လိုက်ခဲ့စမ်းပါ။ ဒေါ်လေးတို့ အမေကြီးကို ကြောက်ကြလို့ပါ"ဟု သူ့ကို ကစားသလိုပြောကြတော့ ကလေးက မီးဖိုဘက် တောက်တောက် တောက်တောက်နှင့် ထသွားပြီး အပေါက်ဝက ရပ်စောင့်ကာ "ဘယ်မလဲ၊ မရှိပါဘူး။ အမေကြီးသေပြီလေ။ လာ၊ မရှိတော့ဘူး။ လာကြည့်"ဟု ပြောသောအခါ သူတို့အားလုံး ရယ်ကြရသည်ဟု မမက ပြောပြပါသည်။ ဤအကြောင်းကို ထပ်တလဲလဲ ပြောကာ သဘောကျလျက်ရှိကြလေသည်။

အမေကတော့ "အမေ့ကုသိုလ် ကောင်းလိုက်တာကွယ်။ ဘဝကူးကောင်းလိုက်တာ။ အိပ်ရာထဲမှာ အိပ်ပျော်ရင်း ငြိမ်သွားတာပဲ။ ညင်သာလိုက်တာ"ဟု ပြောသည်။ ကျွန်တော့်အဖို့လည်း ထူးထူးခြားခြား ဘာမျှမရှိလိုက်ဟု ဆိုနိုင်ပါသည်။ သို့သော် အမေကြီး သေဆုံးသွားသည်ကို မှတ်မိနေပါသည်။

နောက်တစ်ယောက်ကတော့ ကျွန်တော့်အမေကိုယ်တိုင်ဖြစ်သည်။ ကျွန်တော် ရန်ကုန်ဆင်းလာပြီး စာပေဗိမာန်တွင် အလုပ်လုပ်နေစဉ်က ဖြစ်သည်။ ၁၉၄၈ ခုနှစ်မှာ မြန်မာပြည်တွင် အဆူပူဆုံး ဖြစ်သည်။ အဆက်အသွယ်များလည်း အတော်ပြတ်သည်။ ရွာဆီက သတင်း, အဖေအမေသတင်းကို မကြားရဘဲ ၁ နှစ်လောက် ကြာနေသည် ထင်ပါသည်။

ရန်ကုန်တွင် အခြေစိုက်ရန် ရည်ရွယ်ချက်မရှိသေးသော်လည်း ကျွန်တော်အခြေအနေကို ကြည့်၍ အမေ့ကို ဘုရားဖူး ၁ ခေါက်ခေါ်ရန် စိတ်ကူးရှိသည်။ သားကလေးကို ချစ်သောအမေသည် ယခင် အခါများက ၁ နှစ်လျှင် ၃ ခါ–၄ ခါဆိုသလို တွေ့ရသေးသည်။ သားက မလာနိုင်လျှင် အမေက လာနိုင်သည်။ ယခုမှ အမေနှင့် သား မတွေ့ကြသည်မှာ ၂ နှစ်ခန့် ရှိသွားပြီ။ 'အမေ မည်မျှ သားကို မြင်ချင်တွေ့ချင်မည်နည်း'ဟု အောက်မေ့မိ၍ လမ်းပန်းသာယာလျှင် ၁ ခေါက်တော့ သွားရဦးမည်။ အပြန် အမေလိုက်နိုင်လျှင် ခေါ်ခဲ့မည်ဟု စိတ်ကူးထားသည်။ သို့သော် အမေ့ကုသိုလ် ဆိုးလေသည်။

၁၉၄၉ ခု မေလ ၁ ရက်နေ့တွင် ရွှေဘိုရှိ ကျွန်တော့် မမထံမှ '၁၉၄၉ ခု ဧပြီလ ၁ ရက်နေ့က အမေ့မွေးဘက်ကြီးရွာရှိ အိမ်တွင် ကျောက်ရောဂါနှင့် သေဆုံးသွားပြီ ဖြစ်ကြောင်း၊ အားလုံးကိစ္စပြီးပြီဖြစ်၍ ကျွန်တော်လာရန် မလိုတော့ကြောင်း'နှင့် စာ တစ်စောင် ရောက်လာလေသည်။ ကျွန်တော် မယုံနိုင်သလို စာကို အခေါက်ခေါက် ဖတ်သည်။ အမေ့ကို မသေနိုင်သေးဟု စိတ်က စွဲနေသည်။ ထိုစာကိုရလျှင်ရချင်း ကျွန်တော် ဘာလုပ်ရမည် မသိ။

စာတည်းမှူးချုပ်ထံ သွား၍ အကျိုးအကြောင်းသွားပြောတော့ စာတည်းမှူးက 'ခွင့်ယူလိုလျှင်လည်း ခွင့်ယူပါ။ ငွေကြေးလိုလျှင်လည်း အိုနာစာရန်ပုံငွေမှ ထုတ်ယူပါ။ ချက်ချင်းရအောင် လုပ်ပေးပါမည်။ ယနေ့အဖို့လည်း စိတ်မကောင်းလျှင် အိမ်ပြန်ပြီး နေပါ'ဟု ခွင့်ပြုသဖြင့် ကျွန်တော်လည်း အလုပ်ကို သိမ်း၍ ပြန်ခဲ့သည်။ ထိုအခါက ကျွန်တော်မှာ တကောင်းကျောင်းဆောင်တွင် အစ်ကိုကြီး ဦးတင်ထွတ်တို့နှင့် နေပါသည်။ အခန်းပြန်ရောက်သောအခါ စာရောက်သည့်အကြောင်းကို မမခင်အားပြောကာ အိပ်ရာတွင် ပက်လက်လှန်၍ အမေ့အကြောင်းကို ပြန်တွေးပါသည်။

အမေသည် အေးချမ်းသောမိန်းမတစ်ယောက် ဖြစ်လေသည်။ ကျွန်တော်သည် သေခြင်းကို ထူးဆန်းသည်ဟု မထင်ခဲ့ဖူးချေ။ ချစ်သော, ခင်သော, နီးစပ်သောသူ များစွာတို့သည် သေလွန်လေကြပြီ။ အမေလည်း သေရမည်။ ကျွန်တော်လည်း သေရမည်။ အမေသည် အေးချမ်းသောသူ ဖြစ်သည်။ တရားရှိသောသူ ဖြစ်သည်။ တရားရှိသောသူတို့ သေခြင်းသည် ပို၍ ချမ်းသာရာသို့ ရောက်ခြင်းပင်ဖြစ်၍ အမေ့အတွက် ဝမ်းနည်းပူဆွေးခြင်းကား မဖြစ်မိပါ။ ကျွန်တော် မတွေ့လိုက်ရသည်ကိုသာ ဝမ်းနည်းပါသည်။ အမေ သေနေတာကိုတောင် မသိလိုက်ရသောအခြေအနေသို့ ရောက်နေသဖြင့် ကိုယ့်ကိုယ်ကိုယ် အပြစ်တင်ချင်မိသည်။ မည်သို့ပင်ဖြစ်စေ၊ အမေ့အဖို့တော့ သူ့တာဝန်ပြီးသွားခြင်းဖြစ်၍ စိတ်အေးသလို ရှိသည်။



mgyoe.com SAMPLE BOOK

mgyoe.com SAMPLE BOOK

ထိုငွေဒင်္ဂါးကလေးများဖြင့် အမေ၏ အလောင်းကို မြှုပ်နှံပေးမည့်သူကို ရှာရသည် ဟု ဆိုသည်။ ရောဂါဆိုး ပျံ့နှံ့နေချိန်ဖြစ်၍ လူကလည်း တော်တော်နှင့် ရှာမရ။

သို့သော် နောက်မှ ကြားသိရသော အမေ့အကြောင်းသည် စိတ်မကောင်းစရာ ဖြစ်လေသည်။ အမေသေဆုံးရသည်မှာ ကျောက်ရောဂါနှင့် ဖြစ်၍ ကူညီမည့်သူ မရှိဘဲ၊ အဖေနှင့် ကျွန်တော့် နှမအငယ်ဆုံးတို့နှင့်သာ အားငယ်စွာ သေဆုံးရသည်ကို သိရသည်။ အချိန်ကောင်းအခါကောင်းတွင် သွေးရိုးသားရိုး သေဆုံးရပါဘိမူ အမေ့မသာမှာ ဆောင်ရွက်သူ နည်းလှမည် မဟုတ်သည်ကို ကျွန်တော် သိပါသည်။ သို့သော် နီးစပ်နေသော ဆွေမျိုးသားချင်းများကိုတော့ ကျွန်တော် စိတ်နာမိသည်။ စိတ်နာမိသည်ကား အမေ့ကို မပြုစုကြသောကြောင့် မဟုတ်။ အမေနေမကောင်းသည်ကို လာမကြည့်ကြသောကြောင့် မဟုတ်။ ဤရောဂါမျိုးဖြစ်လျှင် ကြောက်ကြရမည် ဆိုသည်ကိုတော့ ကျွန်တော် နားလည်ပါသည်။ သို့သော် သူတို့ ကြောက်ကြသည်မှာ လိုသည်ထက် ပိုသည်ဟု ကျွန်တော် ထင်သည်။

ကျွန်တော့် နှမကလေးမှာ ဘာတစ်ခုမျှ မလုပ်တတ်၊ မကိုင်တတ်နှင့် ဟိုအိမ်ပြေး ဒီအိမ်ပြေး အကူအညီ တောင်းရှာသည်ဟု သိရသည်။ အကူအညီတောင်းပါသော်လည်း မရရုံမက ကျောက်ပေါက်သည့် အိမ်ကမို့ ‘အနီးအနားကို မလာပါနှင့်။ အိမ်ဝင်းထဲ မဝင်ပါနှင့်’ဟု နှင်လွှတ်ကြသည်ဟု ဆိုသည်။ ကလေးမမှာ ဘယ်အိမ်မျှလည်း မသွားဝံ့။ လူမြင်ပင် မခံဝံ့တော့ လောက်အောင် ကြောက်လန့်လျက် သူပါ ရောဂါဖြစ်ရတော့မည် ကဲ့သို့ ရှိသည်ဟု သိရသည်။ အဖေမှာ အားငယ်တတ်သူ မဟုတ်စေကာမူ အရေးကြုံလျှင် တူများ ညီများ၊ တပည့်များနှင့် စီမံလုပ်ဆောင်နေကျဖြစ်၍ ယခု ကဲ့သို့ နာခေါင်းကျည်ပွေ့ တွေ့လာရသောအခါ ဘာလုပ်ရမည်ကို မသိနိုင် ရှိသည်ဟု ဆိုသည်။ အမေသည် ဤသို့သောအခြေအနေမျိုးမှာပင် သေဆုံးသွားရသည်။

အဖေနှင့် ကျွန်တော့် နှမငယ်တို့မှာ အမေ့အား မည်သို့ မြှုပ်နှံရမည်ကိုပင် မသိတတ်၊ မကြံတတ်အောင် ဖြစ်ရသည်ဟု ဆိုသည်။ ငွေကြေးလည်း များစွာမရှိ။ အမေစုဆောင်းထားခဲ့သော ငွေဒင်္ဂါးကလေးများ အနည်းအကျဉ်းသာ ရှိသည်ဟု သိရ၏။ ထိုငွေဒင်္ဂါးကလေးများဖြင့် အမေ၏အလောင်းကို မြှုပ်နှံပေးမည့်သူကို ရှာရသည်ဟု ဆိုသည်။ ရောဂါဆိုး ပျံ့နှံ့နေချိန်ဖြစ်၍ လူကလည်း တော်တော်နှင့် ရှာမရ။ အိမ်မှာ သမီးငယ်နှင့် အမေ့အလောင်းကို ထားခဲ့၍လည်း မဖြစ်။ သမီးငယ်ကို လူရှာ ခိုင်း၍လည်း မဖြစ်။ အလောင်းချည်းပစ်ထားခဲ့ရမည်လည်း မဖြစ်နှင့်၊ တကယ့်ဒုက္ခနှင့် ရင်ဆိုင်ကြရသည်ဟု သိရ၏။ နောက် ကံအားလျော်စွာ အရက်မူးသမား တစ်ယောက်၏ အကူအညီဖြင့် အမေ့အလောင်းကို မြှုပ်နှံကြရသည် ဆိုသည်။ ပြီးလျှင် ရွာတွင် ဆက်မနေဝံ့ကြတော့ဘဲ ရွှေဘိုသို့ သားအဖ ထွက်ခဲ့ကြရတော့သည် ဆို၏။

ကျွန်တော် ဤသတင်းများကို ကြားရသောအခါ စိတ်ထဲ၌ တင်းမာလာသည်။ ‘ဆွေမျိုး’ဆိုသူတွေကို စိတ်နာပစ်လိုက်သည်။ ငါသာ ဟိုမှာရှိနေရင် သင်းတို့ သည်လိုဖြစ်နေလဲ ငါ ပစ် မထားရက်နိုင်ဘူး။ သေတတ်တဲ့နေရာပဲ ဖြစ်ဖြစ် ဒါလောက် ပစ်ပစ်ခါခါတော့ မနေရက်ဘူး။ သာယာစဉ်အခါကတော့ အိမ်မှာ စားလိုက်သောက်လိုက်နှင့် နေကြပြီး၊ ဒုက္ခရောက်လာတာနှင့်တစ်ပြိုင်နက် ရေနစ်ရာ ဝါးထိုး နှစ်ကြတယ်။ အေးလေ– မသေသေး တွေ့ကြရဦးမှာပေါ့။ တစ်လှည့်တော့ ကြုံကြရဦးမှာပါပဲဟု ရန်ငြိုးများပင် သိုလိုက်မိသည်။ နောက် ဦးကြီးတို့ ကိုဘချိုတို့ကို ပြေး၍သတိရသည်။ သူတို့ရှိလျှင် ဘယ်လိုနေမည် လဲ၊ သည်လိုတော့ ဖြစ်ရမည်မဟုတ်ဟု ယုံကြည်မိသည်။ နောက်တော့မှ ကျွန်တော် အမေ့အဖြစ်ကို တွေးပြီး ဝမ်းနည်း ပက်လက်ဖြစ်သောကြောင့် ဒေါသထွက်ရသည်ကို ဆင်ခြင်မိပါသည်။ အမေ့ကုသိုလ်ပဲဟုလည်း တရားချလိုက်သည်။

အမေသည် ဤသို့သော ရောဂါမျိုးကို ကြောက်တတ်သူ မဟုတ်ပါ။ ယခင်တစ်ကြိမ် ရွာတွင် ဤသို့သော ရောဂါများ ဖြစ်စဉ်က ကျွန်တော်တို့ ဘိုးဘွားလက်ထက်မှစ၍ ကိုးကွယ် လာခဲ့သော ဂိုဏ်းအုပ်ဆရာတော်ကြီး ပျံတော်မူလေသည်။ ဆရာတော်ကြီး ရောဂါဖြစ်နေတော့ ဘယ်သူမျှ ကျောင်းသို့ မလာကြတော့သဖြင့် ဆရာတော်ကြီးမှာ ရေခပ်ပေးမည့်သူပင် မရှိဖြစ်နေသည်။ ရွာနှင့် အဆက်ပြတ်နေ၍ ဆွမ်းဆိုသည်မှာ ဝေးတော့၏။ ထိုကဲ့သို့သော အခြေအနေမှာပင် အမေသည် နံနက်တိုင်း ယာဂုကျို၍ မကြောက်မရွံ့ ကျောင်းသို့သွားကာ ဆရာတော်ကြီးအား ယာဂုဆွမ်းကပ်သည်ဟု သိရသည်။ ဆရာတော်ကြီးကပင် “ဒကာမကြီး– ဆရာတော်အတွက်တော့ ကံ အတိုင်း ရှိစေတော့၊ ဒကာမကြီးမှာ ရောဂါကူးမယ် မလာခဲ့နှင့်” ဟု တားရသည်ဟု ပြောသည်။ သို့သော် အမေသည် ဆရာတော်ကြီးအား ပျံတော်မူသည်အထိ မပြတ်အောင် ဆွမ်းဆေးတို့ဖြင့် ပြုစုလိုက်သည်ဟု သိရသည်။ ရွာက လူများက အမေ့သတ္တိကို ချီးမွမ်းကြသည်။ သို့သော် အမေသည် ‘သေရမည်ကို မကြောက်သောကြောင့် ဤအမှုမျိုးကို ပြုနိုင်သည် မဟုတ်။ သူလည်း

mgyoe.com

ကြောက်တော့ ကြောက်သည်သာ'ဟု ပြောဖူးသည်။ သို့သော် ဆရာတော်ကြီး ဤသို့ အကူအညီမရှိဘဲ ရောဂါဝေဒနာ ခံစားနေရသည်ကိုသိလျက်၊ တတ်နိုင်သလောက်ကိုမျှမပြုဘဲ မနေရက် မနေအားသောကြောင့်သာ ပြုရသည်ဟု ပြောသည်။

"သေရမှာကိုတော့ ကြောက်ကြတဲ့ လူချည်းပဲဟဲ့။ သို့ပေမယ့် လူဆိုတာ ကြောက်ချည်းပဲ နေလို့လည်း မပြီးသေးဘူး"ဟု အမေ ပြောဖူးသည်။

တောရွာများတွင် ဤသို့သော ရောဂါဆိုးများ ကျရောက်လာသောအခါ အတော်ကြောက်စရာ ကောင်းလေသည်။ ကျောက်ရောဂါ ဖြစ်သည်ဆိုလျှင် ရွာထဲမှာလည်း မထားရ။ ရွာနှင့် အလှမ်းဝေးသောနေရာသို့ ပို့ထားရသည်။ ရွာက လူများကလည်း ဤနေရာမျိုးကို ဝေးဝေးက ရှောင်ကြသည်။ လူမမာမှာ တစ်ယောက်တည်းနေရပြီး၊ ကံအတိုင်း သေကြ၊ ရှင်ကြရသည်သာ ဖြစ်၏။ ရောဂါကျပုံကြမ်းလျှင် ရွာများမှာ ကျီးနှင့် ဖုတ်ဖုတ်ဖြစ်လျက် သုသာန်ကုန်းကဲ့သို့ ဖြစ်နေသည်ကို တွေ့မြင်ရဖူး၏။ လမ်းသွားလမ်းလာတို့ကလည်း ထိုရွာမျိုးကို ဝေးရာက ကွင်းသွားကြ၏။ အချို့ရွာများတွင် ရွာထဲရှိ လူတစ်ဝက်လောက် သေကုန်သောနှစ်များကိုပင် ကြုံရသည်ဟု ပြောသံကြားဖူးသည်။

အမေသည် သူ၏အကုသိုလ်ကံကြွေးကို ဆပ်ပေးသွားရန် ကြုံခိုက်ဖြစ်၍ ဤသို့သော ကပ်ဆိုးနှင့်တွေ့ရဟန်တူလေသည်။

အမေဆုံးပြီး နောက် ၁ နှစ်တွင် ရွှေဘိုမြို့ တစ်မြို့လုံး မီးလောင်ရာ ရွှေဘိုရှိ ကျွန်တော့်အစ်မများ၊ နှမများနှင့် အဖေတို့ပါ ဒုက္ခ အကြီးအကျယ်ရောက်ကြရလေသည်။ အဖေမှာကြီးပြီ ဖြစ်သည်။ ဆွေမျိုးထဲတွင် မားမားမတ်မတ်ဆို၍ အဖေ့ညီ တစ်ယောက်သာ ရှိတော့သည်။ အဖေ့ညီကို ကျွန်တော်တို့က ဘထွေးတော်သော်လည်း 'ဦးလေး'ဟု ခေါ်ကြပါသည်။ ဦးလေးသည် ဆွေမျိုးများအား စောင့်ရှောက်တတ်သူ ဖြစ်သော်လည်း သူသည် မိန်းမကို ကြောက်ရသောသူ ဖြစ်လေသည်။ ကျွန်တော်တို့သည် ဦးလေးကို ချစ်ကြသော်လည်း သူ့ကို အားမကိုးရဲကြပါ။ ဦးလေးက ကျွန်တော်တို့အား ပေးချင်ကမ်းချင်ရှိသော်လည်း ကျွန်တော်တို့က သိပ်မယူလိုကြပါ။ ဦးလေးကိုလည်း သနားကြသည်။

ရွှေဘို မီးလောင်တော့ ဦးလေးက ကျွန်တော့်အဖေနှင့် အစ်မများကို စောင့်ရှောက်မည်ဆိုသော်လည်း ကျွန်တော့်မမနှင့် အစ်ကိုတို့က စွန့်စားချင်ကြသည်။ အားလုံး မီးထဲပါသွား၍ တလင်းဖြစ်ပြီ။ အသစ် ပြန်လည်ထူထောင်ကြရမည်ခြင်း အတူတူဆိုလျှင် ရေကြည်ရာမြက်နုရာ စားကျက်ကောင်း ရှာချင်ကြသည်။ ရွှေဘိုထက်ကြီးသော မြို့ကြီးပြကြီးများတက်၍ အလုပ်လုပ်ချင်ကြသည်။ သူတို့အလုပ်မှာ ဓာတ်ပုံအလုပ်ဖြစ်၍ သူတို့စိတ်ကူးမှာ လျော်ကန်လှသည်။ သို့နှင့် ကျွန်တော်ရှိရာ ရန်ကုန်သို့ ထောက်လှမ်းကြည့်ကြသည်။ ကျွန်တော်က အခြေအနေကို ပြောပြပြီး၊ 'ဖြစ်နိုင်စရာအကြောင်းရှိသည်'ဟု အကြောင်းကြားလိုက်သောအခါ ကျွန်တော်တို့မောင်နှမတစ်တွေ ပြန်တွေ့ဆုံကြရန် အကြောင်းဆိုက်လာလေသည်။

ရှေးဦးစွာ ကျွန်တော့်အစ်ကို (ယခု ကွယ်လွန်သူ ဒွေးလေး၏သား)နှင့် ကျွန်တော့်အဖေတို့ ရောက်လာကြသည်။ ကျွန်တော့်အဖေကို မတွေ့ရသည်မှာ ၃ နှစ်ခန့် ရှိပြီဖြစ်၍၊ တွေ့ရတော့ ဝမ်းသာသည်။ ဤ ၃ နှစ်အတွင်း အဖေ အတော်ကျသွားသဖြင့်လည်း အံ့သြသည်။ အဖေမှာ ၆၀ ခန့်သာရှိသေးသော်လည်း အဘိုးအို ဖြစ်နေ၏။ လွန်ခဲ့သော ၁ နှစ်–၂ နှစ် အတွင်းမှာမှ ဒုက္ခအမျိုးမျိုးကလည်း ကြုံလိုက်ရသည်။ အဖေသည် သားကို တွေ့ရတော့ ဝမ်းသာလွန်း၍ မျက်ရည်တွေဝိုင်းနေသည်။

ရောက်လျှင်ရောက်ချင်း ဘာမျှမပြောနိုင်။ "ငါ့သားတွေ့ရတာ ဝမ်းသာလိုက်တာကွာ။ အဖေဖြင့် တွေ့မှ တွေ့ရပါဦးမလားလို့" ဟုသာ ပြောနိုင်သည်။ ကိုကိုကတော့ ရောက်မဆိုက်ဆိုသလိုပင် သူ့လုပ်ငန်းနှင့်စပ်သော မေးခွန်းများသာ မေးလေသည်။ ကျွန်တော်လည်း ထိုအချိန်က အတော်ပင် ကသီကာရန်း၍ ရှာဖွေစားသောက် နေရချိန်ဖြစ်၏။ အဖေကို ပြုစုချင်သလောက် မပြုစုနိုင်၊ အစ်ကိုကို ကူညီချင်သလောက် မကူညီနိုင်ဖြစ်ရသည်။

သို့သော် ကိုကိုသည် ရောက်ပြီး နောက်တစ်ရက်မှာပင် မနေမနားသွားလာကာ သူ့အလုပ်ဖြစ်အောင် ကြိုးစားလေတော့ရာ များမကြာမီပင် ဓာတ်ပုံဆိုင်ကလေးတစ်ဆိုင် ဖွင့်နိုင်ရန် အခြေအနေကို ရလေတော့သည်။ ထိုအခါ မန္တလေးတွင် ထားခဲ့သော ကျွန်တော့်အစ်မ (သူ့ဇနီး)နှင့် သားများနှင့်အမေ (ကျွန်တော့် ဒွေးလေး)တို့ကို ခေါ်ယူသည်။ ဤသို့လျှင် သူတို့တစ်တွေ ရန်ကုန်ရောက်လာကြသည်။ အဖေနှင့် ကျွန်တော့်နှမ တစ်ယောက်က ကျွန်တော်နှင့်နေ၍ ကိုကိုတို့က တခြားအိမ်ငှားနေကြသည်။ ဖဆပလကွက်သစ်သည် ညစ်ပတ်၏။ ရေပုပ်စော်လည်း နံ၏။ ထိုကွက်သစ်မှာ ဈေးပေါပေါ အခန်းကလေး ငှား၍နေကြသည်။ စိတ်ညစ်စရာလည်း ကောင်း၏။ ရောဂါအန္တရာယ် ဖြစ်မည်လည်း စိုးရလေသည်။ သို့သော် သူတို့သည် ဆင်းရဲခြင်းအပေါင်းကို အံကြိတ်၍ ခံနိုင်ကြသော လူများတည်း။

အဖေသည် ရောက်စတွင် ရန်ကုန်ကို သဘောကျနေသော်လည်း ကြာတော့ ပျင်းလာသည်ထင်သည်။ ရောက်စတွင် ဘုရားများကို လည်၍ ဖူးရခြင်း၊ မရောက်ဖူးသော နေရာများစွာကို ရောက်ရခြင်းတို့ကြောင့် သားကို ကျေးဇူးတင်သော်လည်း



SAMPLE BOOK
mgyee.com

mgyoe.com SAMPLE BOOK

သားကဆင်းရဲနေသောကြောင့် နေရထိုင်ရ အနည်းငယ် ကသိကရိုဖြစ်လာသောအခါ အညာကို လွမ်းလာဟန် တူလေသည်။ လူအိုရွယ်တူကလည်း မရှိသဖြင့် ပို၍ပျင်းဟန် တူသည်။ သို့သော် သူ မညည်းညူရှာပါ။ ဖြစ်သလိုသာ နေလေသည်။ ကျွန်တော်က နံနက်မှညနေ အနားမနေရဘဲ ကျောင်းပြေးတက်လိုက်၊ အလုပ်သို့ပြေးလိုက်၊ စာကုန်းရေးလိုက်နှင့် မအားနိုင်အောင် ရှိသည်ကို ကြည့်ပြီး မောနေဟန်တူပါသည်။ ရန်ကုန်မှာ သည်လိုလုပ်မှ သည်လိုနေနိုင်သည်ကိုလည်း သိသောကြောင့် ဘာမျှ မပြောသာဘဲ ရှိဟန်တူ၏။

အဖေ့မှာ ငယ်ငယ်က မြင်းပေါ်က ကျထားသည့်ဒဏ်က တစ်ခါတစ်ခါ မိုးအေးလျှင် ဒုက္ခပေးတတ်သည်။ ရန်ကုန်မိုးနှင့် အဖေ နေတတ်ပုံ မရပါ။ ဝိပဿနာအလုပ်များနှင့် နေသေးသည်။ မင်းကွန်းဓမ္မာရုံတွင် တစ်လခန့် ဝိပဿနာဘာဝနာများ ပွားများအားထုတ်နေပြီး၊ အိမ်သို့ပြန်လာသောအခါ အဖေ့မှာ အတော်ကလေး စိတ်ငြိမ်သက်လာဟန် တူပါသည်။ အမေ မသေမီက ရွှေဘိုပုသိမ်ကျောင်းတွင် ကာလအတန်ကြာ တရားအားထုတ်ခဲ့သည်ကို ပြန်ပြောကာ "မင်းအမေလည်း တရားအားထုတ်ဖူးတယ်။ ရောဂါဆိုးနှင့်သေရလို့ အဖေက စိတ်မကောင်းဖြစ်နေတာ။ အမှန်တော့ တရားရှိတဲ့လူဟာ ဘယ်လို သေရသေရ သေဝံ့တယ်ဆိုတာ အဖေ ခုမှ သဘောပေါက်တယ်။ ဒီတရားကို အားထုတ်ဖူး သဘောပေါက်ဖူးတဲ့ လူဟာ ဘယ်လိုအသေမျိုးနှင့် တွေ့တွေ့ အသေမဖြောင့်ဘူးရယ်လို့ မရှိဘူး။ သေခါနီးမှာ ဒီအားကိုးတစ်ခုရတာ အဖေ့မှာ ကျေးဇူးပဲကွ။ ငါ့သားလည်း အလုပ်ကနားပြီး အားထုတ်ဖို့ ကောင်းတယ်"ဟု ပြောပါသည်။ သို့သော် အဖေသည် သူ တရားအားထုတ်နေစဉ် ကျွန်တော်က သူ့ထံ တစ်ခေါက်မျှ မရောက်၍ သိပ်ကျေနပ်ပုံ မရပါ။ "မင်းနေနိုင်လိုက်တာကွယ်။ အဖေ့ဆီ တစ်ခေါက်မျှ မလာဘူး"ဟု ဆိုပါသည်။

ကျွန်တော်ကလည်း အပြစ်တင်စရာပင် ဖြစ်၏။ အဖေသည် သားကို တွေ့ချင်လိမ့်မည်ဆိုသည်ကို ကောင်းစွာ မတွေးမိ။ အဖေ့မှာ ဘာမျှ အကူအညီမလိုလျှင် သွားဖို့မလိုလောက် အောက်မေ့မိသည်။ အသက်ကလည်း ကြီးပြီဖြစ်၍ ဝိပဿနာအလုပ်၌ မွေ့လျော်နေလျှင် ဘယ်သား, ဘယ်သမီးကိုမျှ တမ်းတနေလိမ့်မည် မဟုတ်ဟုလည်း ထင်သည်။ တရားအားထုတ်နေစဉ်မှာ သားသမီးသံယောဇဉ်ကို ခဏဖြစ်တော့ ဖြတ်ထားနိုင်လိမ့်မည်ဟုလည်း ထင်သည်။

ထိုအချိန်တွင် ရွှေဘိုရှိ အဖေ့ညီသည်လည်း ရွှေဘိုပုသိမ်ကျောင်းတွင် ဝိပဿနာအလုပ်ကို မှန်မှန်လုပ်နေသည်ဟု သတင်းရသည်။ နောက်များမကြာမီ ဦးလေး နေမကောင်း၍ ဆေးရုံတက်နေသည်ဟူသော သတင်းရောက်လာသည်။ အဖေက စိတ်ပူ၏။ သို့သော် သူ့မှာ စိတ်သွားရာ ကိုယ်မပါတော့။ ရွှေဘိုတွင် ဆွေမျိုးထဲက မားမားမတ်မတ်ဆို၍ ဦးလေးတစ်ယောက်သာ ရှိတော့သည်။ ဦးလေး လိမ့်လိမ့်လည်းလည်း ဖြစ်သွားလျှင် ကျန်ရစ်သူတို့ မျက်နှာလည်း ငယ်ကြမည်။ ဆင်းရဲလည်း ဆင်းရဲကြမည်ဟု အဖေကို ပြောသည်။ နောက် ဦးလေးအကြောင်း စာများ ဆက်ကာဆက်ကာရသည်။ ဗိုက်ကို ၂ ကြိမ် – ၃ ကြိမ် ခွဲရသည်ဟုလည်း သိရသည်။ နောက် 'ဦးလေးဆုံးပြီ'ဟု ကြေးနန်း ရသည်။ ကျွန်တော်တို့ ရင်ထဲတွင် ဟာတိဟာတာကြီး ဖြစ်သွားသည် ထင်လိုက်သည်။ ဦးကြီးဆုံးစဉ်ကလိုပင် "ဟယ်" ဟု ဆိုလိုက်မိကြသည်။ ပြီးမှ ကျန်ရစ်သူတို့၏ရှေ့ရေးကို တွေးမိကြသည်။ စိတ်မချမ်းမြေ့ဖွယ် ဖြစ်၏။ သို့သော် ကျွန်တော်တို့ မသွားနိုင်ကြ။ အခြေအနေက တောင်မင်း မြောက်မင်းမကယ်နိုင်သော အခြေအနေမျိုးတည်း။

ဦးလေးဆုံးတော့ ၄၀ ကျော်ကျော်သာ ရှိသေး၍ နှမြောစရာဖြစ်၏။ သို့သော် သေမင်းတွင် ပြက္ခဒိန်ရှိသည် မဟုတ်ချေ။

ဦးလေး ဆုံးပြီးကတည်းက အဖေ ရွှေဘိုသို့ ပြန်ချင်နေလေသည်။ သို့သော် သူ၏ ကျန်းမာရေးအခြေအနေကလည်း မကောင်း၊ သားသမီးများကလည်း လိုက်မပို့နိုင်ကြ၍ မပြန်နိုင်ဘဲ အတော်ကြာနေသည်။ အဖေသည် ဤအတွင်း သူ့ကိုယ်သူ ကျန်းမာအောင် ကြိုးစားသည်။ အားနည်းသည်။ ခါးက ဒဏ်က ပေါ်သည်။ ကိုကိုနှင့် ကျွန်တော်က အဖေ့ကို ဒေါက်တာတင်မောင့်ထံပို့ကာ စစ်ဆေးကြည့်သည်။ ဒေါက်တာက ဗိတာမင်ဆေးထိုးပေးသည်။ ဗိတာမင်လိုသည် ဆို၍ ကျွန်တော်က ဗိတာမင် ဆေးပြားများ ဝယ်ပေးသည်။ တစ်ပတ်ခန့်အကြာတွင် အဖေ အတော် နေကောင်းလာသည်။

နေကောင်းလာသောအခါ သူ ခရီးသွားနိုင်လာပြီဟု ထင်သည်။ ကျွန်တော်တို့က သီတင်းကျွတ်လောက်မှ ကျွန်တော်တို့ လိုက်ပို့ပါမည်။ ယခု လမ်းပန်းလည်း မကောင်းပါ။ မီးရထားလမ်းပျက်နှင့်ကြုံလျှင် အဖေ ဒုက္ခရောက်ပါလိမ့်မည်ဆိုကာ တားကြသော်လည်း၊ အဖေက "မင်းတို့ကလည်း အားတာမဟုတ်ဘူးကွာ။ အဖေ ခုလို ကျန်းမာနေတုန်း သွားပါရစေ။ အဖေ့အတွက် မစိုးရိမ်ကြပါနှင့်။ အဖေသွားနိုင်ပါတယ်"ဟု ဆိုကာ ၁၉၅၂ ခု ဇူလိုင်လထဲတွင် အဖေမီးရထားနှင့် ရွှေဘိုသို့ ပြန်လေသည်။ ကျွန်တော်တို့လည်း ဘူတာအထိသာ လိုက်ပို့နိုင်ကြသည်။

'အဖေ ရွှေဘိုရောက်လျှင် စာရေးလိုက်ပါ'ဟု မှာလိုက်ရသည်။ တော်တော်နှင့် စာမလာသောအခါ ကျွန်တော်တို့ စိတ်ပူကြရသည်။ နောက် ၂ ပတ်ခန့်ကြာမှ ရွှေဘိုရှိ ကျွန်တော့်နှမထံမှ 'အဖေ ရွှေဘိုရောက်ပြီဖြစ်ကြောင်း၊ မန္တလေးမှ ဆွေမျိုးထံ ခေတ္တဝင်နားရင်း ဖျားနေသဖြင့် မန္တလေးမှာ တစ်ပတ်ခန့်



mgyoe.com

SAMPLE BOOK

နေရသေးကြောင်း၊ နောက် မန္တလေးက သူ့တူတစ်ယောက်က လိုက်ပို့၍ ရွှေဘိုရောက်လာကြောင်း၊ ယခု ကောင်းစွာနေမကောင်း ၍ ဆရာဝန်ပြထားရကြောင်း၊ ဆေးရုံ တက်ချင်တက်ရမည် ဖြစ်ကြောင်း၊ အသည်းအသန်မဖြစ်၍ ယခု လာဖို့မလိုသေး ကြောင်း' စာရလေသည်။

ကျွန်တော်တို့လည်း စိတ်ပူသဖြင့် ကျွန်တော်တို့နှင့် ရှိနေရစ်သော နှမတစ်ယောက်ကို ချက်ချင်း လေယာဉ်ပျံနှင့်တင်၍ လွှတ်လိုက်ရသည်။ အဖေ့ အခြေအနေကို ကြည့်၍ စာရေးတန် ရေး၊ ကြေးနန်း ရိုက်တန်ရိုက်၊ ရွှေဘိုမှာ ဆေးဝါးမစုံလင်ဘူးထင်၍ အဖေ့ကို ရန်ကုန်ပြန်ခေါ်ရန် လိုလျှင် အချိန်မီ ကြေးနန်းရိုက်ရန် မှာလိုက်ရပါသည်။

ကျွန်တော့်နှမ ရွှေဘိုသို့ နေ့ချင်းရောက်သွားပြီး 'ရောက်ပြီ။ အဖေ့အခြေအနေ ကောင်းသည်'ဟု ကြေးနန်း ပြန်လာသည်။ သည်တော့မှ ကျွန်တော်တို့လည်း စိတ်အေးသလိုလို ရှိရသည်။ သို့သော် နောက်များမကြာမီပင် နှမများထံမှ အဖေဆေးရုံတက် နေရာမှ 'ဆရာဝန်က တီဘီရောဂါဟု ပြောသည်။ ကုလို့လည်း ရမည်မဟုတ်။ ၂ လလောက်သာ နေရတော့မည်'ဟု ပြော ကြောင်း စာရောက်လာပါသည်။

ကျွန်တော် မမထံသို့သွား၍ အကျိုးအကြောင်းပြောပြ တိုင်ပင်သောအခါ၊ မမလည်း ဘာလုပ်ရမည်မသိ ဖြစ်သွားသည်။ ကျွန်တော်က အဖေ့ကို လေယာဉ်ပျံနှင့် ရန်ကုန်ယူချင်သည်။ သေရမည့်အတူတူဆိုလျှင် သားသမီးများရှိရာမှာ သေစေချင် သည်။ ယခုတော့ ထူးတော့ မထူးလှပါ။ ရွှေဘိုမှာ ၂ ယောက်၊ ရန်ကုန်မှာ ၂ ယောက်ဖြစ်နေ၍ အတူတူပင်ဖြစ်သည်။ သို့သော် ကျွန်တော်ကတော့ ရန်ကုန်ကို ခေါ်ချင်သည်။ မမကတော့ အဖေ့ကို ရန်ကုန်ခေါ်ခဲ့ရန် အရေးသည် ထင်သလောက်မလွယ် ကူဟု ပြောပါသည်။ သူပြောတာလည်း ဟုတ်ပေသည်။ စရိတ်စကကိုကပင် အတော်ကုန်ကျမည်။ ရန်ကုန်ရောက်တော့ ဆေးဝါးကုသရဦးမည်။ တီဘီဆိုသည်မှာ သူဌေးနာဖြစ်၍ ကျွန်တော်တို့အင်အားမျိုးနှင့် လိုက်နိုင်ပါမည်လား စဉ်းစား ရသည်။ အဖေ မချပျောက်ကင်းမည်ဆိုလျှင်တော့ ရှိစုရှိမဲ့ အကုန်ပုံပြီး ကုရပေစေ ကုနိုင်ကြသည်။ ကုကြမည်သာ ဖြစ်၏။ သို့သော် အမ်ဘီဘီအက်စ် ဆရာဝန်ကြီးတစ်ယောက်က '၂ လသာ နေရတော့မည်။ ဘယ်မှာ ကုလို့မျှ အကြောင်းထူးမည် မဟုတ်'ဟု ပြောပြီးဖြစ်နေ၍၊ ကျွန်တော်တို့သည် အတော် ရဲရင့်သော စွန့်စားခန်းမျိုး လုပ်ကြရသည်။

မောင်နှမ ၂ ယောက် စလုံးမှာ ပိုက်ဆံက မရှိကြ။ အဖေ့ ကို ဆေးကုဖို့မှာ ရောမတာဝန်ကြီးလို ဖြစ်နေသည်။ မည်သို့ပင် ဖြစ်စေ အဖေ့ကိုတော့ အားရှိစေရန် သွားကြည့်ကြမည်ဟု ဆုံးဖြတ်ကာ မောင်နှမ ၂ ယောက် ရနိုင်သမျှ ငွေကလေးများကို စုဆောင်းကာ ရွှေဘိုသို့ လိုက်လာခဲ့ကြပါသည်။ အဖေ့အခြေအနေ ကို ကြည့်ပြီးမှ ဘာလုပ်မည်ကို ဆုံးဖြတ်ရန် တိုင်ပင်လာကြ၏။

ကျွန်တော်တို့ မောင်နှမ ရောက်သွားသောအခါ အဖေသည် အိပ်ရာမှ ထ၍ထိုင်လေသည်။ ဆေးရုံက ခွင့်ပြုချက်အရ အိမ်သို့ ပြန်ရွှေ့ထားကြသည်။ ကျွန်တော်လည်း ရောက်ရောက်ချင်း ဆိုသလိုပင် ဆရာဝန်ကြီးထံသို့ သွားတွေ့သည်။ ဆရာဝန်ကြီးက 'ဝမ်းနှင့်တွဲ၍ဖြစ်သော တီဘီဖြစ်၍ ဆေးကုရန် ခက်ကြောင်း၊ ငွေကြေးများစွာကုန်သော်လည်း ရမည်,မရမည် မသေချာကြောင်း၊ မရမည့်ဘက်က များကြောင်း၊ ရန်ကုန်သို့ ခေါ်၍ စမ်းချင်သေး လျှင် စမ်းကြည့်ရန် ပြောသော်လည်း သူ့သဘောကတော့ ရမည်မထင်ကြောင်း' ပြောလိုက်ပါသည်။ ကျွန်တော်တို့လည်း မိတ်ဆွေများနှင့် တိုင်ပင်ကာ အဖေ့ကို ရန်ကုန် မခေါ်သင့်, ခေါ်သင့် စဉ်းစားကြသည်။ မိတ်ဆွေများကလည်း မခေါ် စေချင်ကြ။ အဖေကိုယ်တိုင်ကလည်း စိတ်နှလုံး တုံးတုံးချထား ဟန်တူသည်။ 'မလိုက်လို'ဟု ငြင်းနေပါသည်။ ခရီးဒဏ်ကို ခံနိုင်ရည်လည်း မရှိတော့ဟု ယူဆကြသည်။

ကျွန်တော်တို့ရောက်ပြီး ၁ ရက်–၂ ရက် အဖေ ထူထူ ထောင်ထောင်ဖြစ်လာ၍ အားတက်လာကြသေးသော်လည်း စိတ်ဆောင်နေခြင်းသာ ဖြစ်၏။ အားဖြစ်မည့်အစားအစာ ကလေး များကို ကျွန်တော်တို့က ကျွေးတော့ ကောင်းစွာ စားသေးသည်။ နောက် အဖေ့အခြေအနေ မထူးခြား၍ ကျွန်တော် ကိစ္စတစ်ခုနှင့် ကန့်ဘလူသို့ ခေတ္တလိုက်သွားသေးသည်။ ကန့်ဘလူတွင် တစ်ညအိပ်ပြီး ပြန်လာသောအခါ အဖေ့ကို အိပ်ရာထဲမှာ တွေ့ရသည်။ 'ဝမ်းလျှောနေသည်'ဟု မမက ပြောသည်။ ညပိုင်းမှာ ရောဂါသည်းလာသည်။ သူ့သားသမီး ၄ ယောက်စလုံး အနားမှာ ရှိကြသည်။ "ခုနေ အဖေ ခေါက်ခနဲ သေသွားရင် ကိုကိုက နှမလေးတွေ ပစ်မထားနှင့်နော်"ဟု အမှတ်မထင်ပြော သည်။ ကျွန်တော်က တာဝန်ခံလိုက်သည်။

နောက် ညပိုင်းတွင် အလှည့်နှင့် စောင့်ကြသည်။ ထိုညက ကျွန်တော် အိပ်ငိုက်လှသည်နှင့် သန်းခေါင်ကျော်ပိုင်းကို မစောင့် နိုင်။ မမနှင့် ညီမ အငယ်ယောက်ျား မောင်အေးတို့ စောင့်ကြ သည်။ နာရီပြန် တစ်ချက်လောက်တွင် မမက ကျွန်တော့်ကို လာနှိုးသည်။ 'အဖေသွားတော့မည် ထင်သည်'ဟု ပြောသည်။ ကျွန်တော်တို့လည်း အဖေ့အနားမှ ငြိမ်သက်စွာ ထိုင်ကြည့်နေကြ သည်။ မောင်နှမ ၄ ယောက်စလုံး မွေးသဖခင်ကို နှမြောတသစွာ ကြည့်နေကြရသည်။ အဖေသည် ငြိမ်သက်စွာအိပ်လျက် အသက် မှန်မှန် ရှူနေသည်။ မျက်စိကို မှိတ်ထားသည်။ ထိုသို့ အသက် မှန်မှန်ရှူနေရာမှ နိမ့်ချည်မြင့်ချည်ဖြစ်နေသော သူ့ရင်သည် တဖြည်းဖြည်း ငြိမ်ဆင်းသွားသည်။

ညသည် တိတ်ဆိတ် ငြိမ်သက်လှသည်။ ခေါင်းရင်းဖက်ရှိ

mgype.com

mgyyoe.com SAMPLE BOOK

ရွှေသိမ်တော်ဘုရားထိးမှ ဆည်းလည်းသံကလေးသာလျှင် တင်... တင်...တင်...တင်...နှင့် မြည်နေလေသည်။

ကျွန်တော်တို့လည်း အသက်မရှူဘဲ အဖေ့ကို စိုက်ကြည့်နေကြသည်။ အဖေ အသက်ရှူရပ်သွားတော့လည်း သတိမထားမိကြ။ တစ်ခုခု ထူးထူးခြားခြား ဖြစ်လာပြီး မည်ကဲ့သို့ ကြည့်နေကြသည်။ နောက် အဖေ့နှာဝတွင် ဂွမ်းစကလေးများ ခံကြည့်ကြသောအခါတွင်မှ အသက်မရှိတော့ကြောင်း သိကြရလေသည်။ ဘယ်အချိန်က အသက်ပျောက်သည်ကိုပင် မသိလိုက်ကြ။ ငြိမ်လှသည်။ ကျွန်တော်တို့လည်း မွေးသဖခင်အား နောက်ဆုံး ကန်တော့လိုက်ကြသည်။

အတန်ကြာမှ ကျွန်တော့်နှမ မတင်မြင့်သည် ရှိုက်ကြီးတငင် ငိုကြွေးလိုက်လေသည်။ သူ့အဖို့ အဖေသည် တစ်ခုတည်းသော အားကိုး ဖြစ်လေသည်။ အကြီးများနှင့် အငယ်ဆုံးတို့က အိမ်ထောင်ကိုယ်စီနှင့် ဖြစ်ကြ၍ သူတစ်ယောက်သာ အဖေနှင့် တစ်တွဲလန်းလန်းဖြစ်နေသည်။ အဖေဆုံးသည့်အတွက် အားအငယ်ရဆုံးမှာ သူပင်ဖြစ်သည်။ ကျွန်တော်တို့ဩကား အမိအဖကို မြတ်နိုးတတ်သော အသိသာလျှင် ကွင်းဆက်ရှိတော့သည်ဖြစ်ရာ ပရိဒေဝမီးအားသည်လည်း နုပ်လျက်ရှိပြီ ဖြစ်၏။

အဖေ့ကို သင်္ဂြိုဟ်ပြီး ကျွန်တော်, မမနှင့် မတင်မြင့်တို့ ရန်ကုန်သို့ ပြန်လာကြပါသည်။ မတင်မြင့်ကို အားမငယ်အောင် အစစအရာရာ သူ့ကို အရေးပေး၍ ထားရ၏။ ကျွန်တော်တို့တွင် သူတစ်ယောက်အတွက် တာဝန်မကြီးလှသော်လည်း သူ့အိုးသူ့အိမ်နှင့် နေချင်လိမ့်မည်ကို နားလည်ထားရသည်။ မမကတော့ မတင်မြင့်ကို ခင်မင်သောသူတစ်ယောက် ရှိသည်ဟု အရိပ်အမြွက် ကျွန်တော့်အား ပြောဖူးသည်။ သို့သော် အဖေကလည်း ဆုံးပြီးစ,ဖြစ်၍ ဤကိစ္စကို ခဏ မေ့ထားကြရ၏။ ဤအတွင်းတွင် မတင်မြင့် စိတ်မငယ်စေရန် ကျွန်တော်တို့ ဂရုစိုက်ကြရ၏။

အဖေဆုံးပြီးနောက် ၁ နှစ်လောက်မှာ ထင်သည်။ ဒွေးလေးသည် သူ့သမီးရှိရာသို့ သွားချင်သည်ဆိုကာ အညာသို့ ပြန်လေသည်။ သူ့သမီးမခင်ကြည်သည် တောခိုနေသော ဗိုလ်တစ်ယောက်နှင့် အကြောင်းပါသဖြင့် သူပုန်နယ်ထဲရောက်အောင် သွားရမည်ဖြစ်ရာ ကျွန်တော်တို့က တားကြသည်။ သို့သော် ဒွေးလေးသည် ကျွန်တော်တို့နှင့် ဘယ်သောအခါမျှ သဘောချင်းညီညွတ်ခဲ့သည် မဟုတ်ချေ။ သူ့သဘောအတိုင်း လုပ်၍ သူနေချင်ရာ နေ၊ သူသွားချင်ရာ သွား လုပ်နေသည်မှာ ကြာပြီဖြစ်၏။

ဒွေးလေးသွားပြီး၍ မကြာမီပင် နယ်များ ဆူပူလာသည်။ ကိုကိုက သူ့အမေအတွက် စိတ်မချ၍ လိုက်သွားသေးသည်။ ဘာ့ကြောင့်မှန်းတော့ မသိ။ မန္တလေးက လှည့်ပြန်ခဲ့ရသည်ဟု

ရန်ဖြစ်ကြ၍ ကျွန်တော်က ဘာမျှ မပြောတတ်လျှင် ခင်ကြည်က ဝင်၍ အနိုင်ရအောင် ပြောသည်။ ဖက်၍ သတ်သည်။ ခဲ, အုတ်, တုတ်, ကျောက်တို့ဖြင့် ပေါက်သည်။ ဖုန်နှင့်လည်း ကျုံး၍ ပက်တတ်သည်။

ပြောသည်။ လမ်းပန်းအဆက်သွယ်ကြောင့်ပဲ ထင်သည်။ နောက်များမကြာမီ 'တောထဲ၌ မခင်ကြည်ဆုံးပြီ'ဟု သတင်းရောက်လာလေသည်။ ခင်ကြည် သေပြီဆိုသည်ကို ကျွန်တော်တို့ မယုံနိုင်ကြ၊ ခင်ကြည်မှာ အတော်ငယ်သေးသည်။ ခင်ကြည်သည် ကျွန်တော့်ထက် ၂ နှစ်ခန့်သာငယ်၍ ကျွန်တော်နှင့် ကစားဖက်လည်း ဖြစ်သည်။ ကျွန်တော် အင်္ဂလိပ် ကျောင်းစ,နေတော့ အဖေတို့နေသော နေရာတွင် အင်္ဂလိပ်ကျောင်း မရှိသောကြောင့် ဒွေးလေးတို့ရှိရာ ရေဦးသို့ လာနေရသည်။ ထိုအခါက ကျွန်တော်သည် ဒွေးလေးကို အတော်မုန်းခဲ့လေသည်။

ဒွေးလေးသည် ပိုက်ဆံချမ်းသာသူ ဖြစ်သော်လည်း အလွန်ကပ်စေးနဲသည်ဟု ကျွန်တော်ထင်သည်။ ကျွန်တော် အင်္ဂလိပ်ကျောင်းသွားတော့ တစ်လလျှင် ၁၆ ကျပ်ရသော ဘုရစ်ဂျ်စကောလားရှစ်နှင့် ဖြစ်သည်။ အဖေက 'သူ့ပိုက်ဆံကို သူကုန်အောင် သုံးပေစေ'ဟု ပြော၍ အပ်ခဲ့ပါလျက်၊ ဒွေးလေးက ကျွန်တော့်အား တစ်နေ့လျှင် မုန့်ဖိုး ၁ ပိသာ ပေးပါသည်။ ကျွန်တော်က ကစားစရာသေနတ်ကလေးများ, သံပတ်ပေးလွှတ်ရသော ကားကလေးများ ဝယ်ချင်သည်။ ကျွန်တော် လိုချင်လျှင် ဝယ်နိုင်သည်ကိုလည်း သိသည်။ သို့သော် ကျွန်တော်က ပိုက်ဆံတောင်းသောအခါ ဒွေးလေးသည် ကျွန်တော့်အား မပေးရုံမက ဆူပူမာန်မဲသည်ကို မှတ်မိနေသည်။

အိမ်မှာနေစဉ် အမေက ဝမ်းနုတ်ဆေး မှန်မှန်တိုက်လေ့ရှိသော်လည်း ခက်ခဲသည် မထင်ခဲ့။ ဒွေးလေးအိမ်ရောက်တော့ စနေနေ့ည ဝမ်းနုတ်ဆေး စားရတော့မည်ဆိုလျှင် ခြေဦးတည့်ရာသာ စွပ်ပြေးချင်မိသည်။ သူ့ အိမ်မှာသုံးသော 'သူငယ်နာအပုပ်ချဆေး'ဆိုသည်မှာ အလွန်အဝင်ဆိုး၍၊ ဝမ်းသွားသောအခါ ရစ်၍ရစ်၍ နာလိုက်သည်မှာလည်း ယခု ပြန်တွေးမိလျှင်ပင် သတိရသေးသည်။ ခင်ကြည်နှင့် ကျွန်တော်တို့သည် စနေနေ့ညများဆိုလျှင် ဝမ်းနုတ်ဆေးလွတ်သောက်စေရန် တစ်နည်းနည်းကြံကာ ယီးတီးယားတားလုပ်ကြရမြဲ ဖြစ်၏။

ဒွေးလေးတို့မှာ အိမ်ကြီးရခိုင် ဆောက်လုပ်ထားသော်လည်း အိမ်ဝှားနေချင်သူ ရှိ၍ အိမ်လခ ကောင်းကောင်းရလျှင် မနီးမဝေးရှိ

mgyyoe.com

mgyoe.com SAMPLE BOOK

တန်းလျားသို့ ဆင်း ဆင်းနေလေ့ရှိသည်ကိုလည်း ကျွန်တော်တို့ မကြိုက်။ တန်းလျားမှာ သူတို့ပင် ပိုင်သော်လည်း အခန်းငှားနေသူများ ရှိ၏။ ကျွန်တော်တို့က အိမ်ကြီးအိမ်ကောင်း၌ နေချင်ကြသည်။ တန်းလျားမှာ ညစ်ပတ်၍ ချောင်ကျ၏။ အိမ်သာတက်ရခက်၏။ ကစားကွင်း ကျဉ်း၏။

အဆိုးဆုံးမှာ ဒွေးလေးကို ကြောက်ရခြင်းပင်တည်း။ ဒွေးလေးသည် အရိုက်အနှက် ကြမ်း၏။ ဒွေးလေး၏ယောကျ်ားဦးလေးစိန်မှာ လူ့ဝွစာဖြစ်သည်ဟု ကျွန်တော်တို့ ထင်သည်။ ကပ်စေးနှဲရာတွင် ဒွေးလေးထက်ပင် သာသည်ထင်၏။ ကျွန်တော်တို့သည် ဒွေးလေးကို လည်းကောင်း၊ ဦးလေးစိန်ကို လည်းကောင်း မချစ်ကြချေ။

ခင်ကြည်နှင့် ကျွန်တော်သည် သူတို့ကို ရှောင်ပုန်းလေ့ရှိကြသည်။ တစ်ခါ တစ်ခါ အိမ်နောက်ဖေးရှိ ချုံတောကလေးထဝင်ပုန်းနေလေ့ ရှိကြသည်။ ခင်ကြည်သည် ဤသို့ လူကြီးများကို ရှောင်တိမ်းနေချင်တတ်သောအကျင့် ရှိ၍ ကျွန်တော်နှင့် သင့်လေသလားတော့ မသိ။ အလွန်ပင် သင့်မြတ်လေသည်။ ကလေးချင်းရန်ဖြစ်ကြ၍ ကျွန်တော်က ဘာမျှမပြောတတ်လျှင် ခင်ကြည်က ဝင်၍ အနိုင်ရအောင်ပြောသည်။ ဖက်၍ သတ်သည်။ ခဲ,အုတ်, တုတ်,ကျောက်တို့ဖြင့် ပေါက်သည်။ ဖုန်နှင့်လည်း ကျဲ၍ ပက်တတ်သည်။ ခင်ကြည်ကို ကစားဖော်များက ကြောက်ကြလေသည်။

အတော်ကလေးကြီးလာသောအခါ ကျွန်တော်က ရွှေဘိုသို့ ပြောင်း၍ ကျောင်းနေသည်။ ကျောင်းပိတ်ရက်တွင် အိမ်သို့ ပြန်သည်။ ခင်ကြည်တို့နှင့် မတွေ့ကြသည်မှာ အတော်ကြာသွား၏။ ကျွန်တော် ၁၀ တန်းနှစ်လား မသိ။ ကျွန်တော့် သူငယ်ချင်း လှမောင် (ယခု ဗိုလ်ကြီးလှမောင်)ကို ခေါ်ကာ ရေဦးမှတစ်ဆင့် ရွာသို့ သွားသည်။ ခင်ကြည်ကို အပျိုကြီးဖားဖားအဖြစ်နှင့် တွေ့မြင်လိုက်ရတော့ အံ့သြသွား၏။ လှမောင်က ကျွန်တော့်အား 'နှမချောချော ရှိသည်ကို သူ့မပြောကောင်းလား' ဟု စကားနာ ပစ်သည်။ "မင်းနှင့် မဖြစ်ပါဘူးကွာ။ ငါ့နှမက သိပ်စွာတာကွ"ဟူသာ ပြန်ပြောထားရသည်။ တကယ်ပင် ငယ်ငယ်ကလို စွာလေသလားတော့ ကျွန်တော် မသိ။

သို့သော် ကျွန်တော် အိမ်ထောင်ကျပြီး ကလေး ၂ယောက်ရတော့ ကျွန်တော့်ဇနီးနှင့် ခင်ကြည်တို့ အတူနေကြရန် အကြောင်းဆုံလာ၏။ ဂျပန်ခေတ်က ဖြစ်သည်။ ထိုစဉ်အခါက ကျွန်တော့်ဇနီးက 'ခင်ကြည် အင်မတန်စွာကြောင်း၊ သူနှင့် ခဏခဏ ရန်ဖြစ်ရကြောင်း၊ လမ်းမှာများဆုံမိလျှင် ကိုယ်စောင်းပင် ဝင်တိုက်သွားတတ်ကြောင်း'မကြာမကြာ တိုင်တန်းလေ့ရှိသည်။ ကျွန်တော်က ယုံသည်။ ကျွန်တော်က ခင်ကြည်အား ယောင်းမနှင့် သင့်အောင်နေရန် ပြောလျှင် "ကိုကိုက သူ့မယားစကားသိပ်ယုံတာပဲ"ဟု ခင်ကြည်က ဆိုလေ့ရှိသည်။ ကျွန်တော်က "ယုံတာပေါ့ဟ။ နင့်အကြောင်းလည်း ငါက သိ၊ ငါ့မယားအကြောင်းလည်း ငါက သိကိုး"ဟု ပြန်ပြောရသည်။

နောက်တော့ ကျွန်တော်နှင့် ခင်ကြည် မတွေ့ကြရတော့။ 'ခင်ကြည်တစ်ယောက် လင့်နောက်လိုက်သွားပြီ'တဲ့။ 'သူ့လင်က တောခိုဗိုလ်တဲ့'ဟူသော သတင်းများလည်း ရောက်လာသည်။ 'မခင်ကြည်တို့ တောထဲမှာ စီးပွားဖြစ်နေကြသတဲ့'ဟုလည်း ကြားရသည်။ ဤသို့ ရောက်ရောက်လာတတ်သော သတင်းများထဲမှာပင် 'မခင်ကြည်တစ်ယောက် ရွာရှည်မှာ ဆုံးရှာပြီတဲ့' ဟူသောသတင်း ပါလာခြင်း ဖြစ်၏။ ကျွန်တော်သည် ဂါဝန်ပန်းရောင်ကလေးနှင့် ကစားဖော်များကို ဖုန်နှင့်ကျဲ၍ ကျဲ၍ပက်တတ်သော ခင်ကြည်ကိုသာ မျက်စိထဲ၌ မြင်၍နေလေသည်။

ခင်ကြည်ဆုံးပြီး မကြာမီ ဒွေးလေး ရန်ကုန်သို့ ပြန်လာပါသည်။ ဒွေးလေးသည် သူ့သမီးကို အလွန်ချစ်လမ်းသူ ဖြစ်သည်။ သမီးဆုံးပြီးကတည်းက စိတ် ကောင်းကောင်းမငြိမ်တော့။ ဘယ်သူ့မျှလည်း မယုံတော့။ သူ့တွင်ရှိသော ရွှေတိုငွေစကလေးများကို ခါးကြားတွင် ကျစ်ကျစ်ပါအောင်လိပ်ကာ သားအကြီးနှင့် အတူနေလေသည်။ ဤအချိန်အထိ သူသည် ကပ်စေးနဲ့တုန်းပင် ဖြစ်၏။ ကျွန်တော်က "ဒွေးလေး အသက်ကြီးပြီနော်။ ပစ္စည်းသံယောဇဉ် သိပ်မကြီးနှင့်။ ပြိတ္တာကြီး ဖြစ်နေတတ်သတဲ့" ဟု ပြောလျှင် ဒွေးလေးက "ငါ့မှာ ပစ္စည်းမရှိရင် နင်ကလည်း ကျွေးမှာ မဟုတ်ဘူး။ ငါ့သားကလည်း ကြည်ဖြူမှာ မဟုတ်ဘူး။ ငါ့အဖော်က ဒါပဲ။ ငါ့လာ ဆရာ မလုပ်နှင့်"ဟု ပြန်ပြောလေ့ရှိသည်။

"နင်တို့ ငွေအသုံးလိုရင် ယူသုံးပါ။ သူများဆီမှာ အတိုး ၆ ကျပ်ပေးရရင် ငါ့ကို ၃ ကျပ်ပဲ ပေးပါ"ဟု ပြောတတ်၏။ သို့သော် ကိုယ့်တူမို့ ဤသို့ပေးသောအခွင့်အရေးကို ကျွန်တော်က မယူရဲချေ။ ဒွေးလေးထံမှ အကြွေးယူရမည်ကို ပထန်ကုလားထံမှ အကြွေးကို ယူရမည်ထက် ကြောက်၏။ ပထန်ကုလားများသည် မည်သူ့အားမဆို အကြွေးပေးလေ့ရှိသော်လည်း ထိုအကြွေးကို လူသေသော်မှ မနေရ။ မြေပုံကို တုတ်နှင့်လိုက်ရိုက်ပြီး တောင်းတတ်သည်ဟု ကြားဖူးသည်။ ဟုတ်လေလားတော့ မသိ။ သို့သော် ဒွေးလေးသည် ငွေကြေးနှင့် ပတ်သက်လာလျှင် ဘယ်သူ့ကိုမျှ ညှာတာလေ့ မရှိချေ။ အလွန် အတိဒုက္ခရောက်နေသူထံမှပင်လျှင် အကြွေးရှိလျှင် မရရအောင် တောင်းယူတတ်လေသည်။

ကျွန်တော် 'ဒွေးလေးကို ကြောက်သည်'ဟု ဆိုရသော်လည်း တစ်ခါတော့ အကျပ်ကျ၍ သူ့ထံမှ ငွေချေးခဲ့ရဖူးလေသည်။ သည်ငွေကြောင့်ပင်လျှင် သူသေသည်အထိ ကျွန်တော်နှင့် စကားမပြောဘဲ နေလိုက်ကြရခြင်း ဖြစ်လေသည်။ ကျွန်တော်

သည် သူ့ကိုမြင်တိုင်း ကျွန်တော့်နှမ မတင်မြင့်ကို အမှတ်ရသည်။ မတင်မြင့်ကို အမှတ်ရမိလျှင် သူ့ကို စကားမပြောချင်တော့။ သို့နှင့် ခပ်ရှောင်ရှောင်လုပ်၍ နေခဲ့သည်။ အမှန်တော့ ကျွန်တော် ဆိုးပါသည်။ အမှတ်အသားကြီးလွန်းသည် ဟု ဆိုနိုင်၏။

အဖေဆုံးပြီး မတင်မြင့်ကို ခေါ်လာကြကာ အစစအရာရာ မျက်နှာမငယ်, စိတ်မငယ်ရအောင် ထားကြသည်။ ကျွန်တော့် ဇနီးနှင့်လည်း သင့်မြတ်ခင်မင်သည် ဖြစ်၍ ကျွန်တော်တို့နှင့်ပင် နေသည်။ မတင်မြင့်က ရိုးရိုးအေးအေးဖြစ်၍၊ လူတိုင်းနှင့် သင့်မြတ် ခင်မင်၏။ ကိုလတ်နှင့် မမမြတို့ကလည်း မတင်မြင့်ကို ခင်မင်ကြသည်။ သူ့အဖို့ ကျွန်တော်တို့နှင့် တောက်လျှောက် နေသွားလျှင် အားငယ်စရာ ဘာမျှမရှိ။ သို့သော် ကျွန်တော် ကတော့ အဖေ,အမေလည်း မရှိတော့သောသူ့ကို ဤသို့ မောင်များ, အစ်မများ အိမ်မှာချည်း ကပ်ရပ်နေကာ ကလေး ထိန်း ထမင်းချက် အလုပ်နှင့်ချည်း မနေစေချင်။ ဆင်းရဲသည်, ချမ်းသာသည် ပဓာနမဟုတ်သော်လည်း၊ သူ့မှာ အပျိုကြီးလုပ်၍ နေနိုင်လောက်သည်ဟု ထင်သော်လည်း ပိုက်ဆံကြေးငွေ ကလေးများရှိလျှင်တော့ ကျွန်တော် ဤသို့စိတ်ကူးရမည် မထင်။ သို့သော် မတင်မြင့်မှာ ကျွန်တော်တို့ကဲ့သို့ပင် ခြိုးမျှ မရှိသောသူ တည်း။

ဤအတောအတွင်းမှာပင် ရွှေဘိုမှ မတင်မြင့်ကို ခင်မင် နေသောသူငယ်က မမထံသို့ စာရေးကာ၊ 'ကျွန်တော်တို့ သဘောတူလျှင် မတင်မြင့်ကိုလာ၍ တောင်းရမ်းပါရစေ'ဟု ခွင့်တောင်းလေသည်။ ဤသူငယ်ကို ကျွန်တော်တို့ ကောင်းစွာ သိနေကြရုံမက ကိုယ့်အထဲထဲကလူပင် ဖြစ်၍ ကျွန်တော်တို့က သဘောတူလိုက်ကြသည်။ စာလည်း ပြန်ရေးလိုက်ကြသည်။ မတင်မြင့်ကတော့ "ကိုကိုတို့ စီမံရာပါပဲ"ဖြစ်၏။ ဤသို့လျှင် မတင်မြင့်ကို သူ့အိုး သူ့အိမ်ကလေးနှင့် တင့်တောင့် တင့်တယ် ထားချင်နေကြသော ကျွန်တော်တို့မှာ ဝမ်းသာကြသည်။

ယောကျ်ားကလေး မိဘများက ချမ်းသာကြွယ်ဝကြသည် မဟုတ်၍ သူတို့ကို လက်ထပ်ပေးရန်အရေးမှာ ကျွန်တော်တို့ တာဝန်လည်း တစ်ဝက် ဖြစ်လာသည်။ သားမှတ်မှတ် မယား မှတ်မှတ်ပေါင်းသင်း၍ ကောင်းမွန်စွာ လုပ်ကိုင်ကျွေးမည့်သူ ဖြစ်၍ ကျွန်တော်တို့က သူ့တွင် ပစ္စည်းပါသည်, မပါသည်ကို အရေးမထားကြတော့။ ရောက်လာ၍ ငွေကြေး ပြည့်စုံအောင် မပါလျှင်လည်း မမနှင့် ကျွန်တော်က တာဝန်ယူ၍ ဆောင်ရွက် ပေးလိုက်ကြရန် သဘောတူရ၏။

မတင်မြင့်အတွက် ဆောင်ရွက်ပေးစရာကိစ္စ ပေါ်လာတော့ ကျွန်တော်တို့တွင် ငွေကလည်း မရှိကြချေ။ မင်္ဂလာဆည်ခံပွဲတစ်ခု ဖြစ်အောင် လုပ်ချင်သည်။ ပကာသနကို ဘယ်အခါကမျှ အလို မရှိခဲ့ကြသော်လည်း၊ မတင်မြင့်ကို စိတ်ပျော်လက်ပျော် ဖြစ်စေချင်ကြသည်။ ရုံးမှာတက် လက်ထပ်ကြလျှင် ပြီးသည်။ ယခုခေတ်မှာ ဤသို့လက်ထပ်ကြခြင်းသည် ထုံးစံတစ်ရပ်ကဲ့သို့ပင် ဖြစ်နေပြီဖြစ်သော်လည်း ကျွန်တော်တို့က သည်လောက်နှင့် မပြီးရက်နိုင်။ မတင်မြင့်ကို မြင်လျှင် အမေ့မျက်နှာကို မြင်သည်။ အဖေ့မျက်နှာကိုလည်း မြင်သည်။ အဖေမှာခဲ့သော စကားများ ကိုလည်း ကြားသည်။ မင်္ဂလာဆည်ခံပွဲလုပ်ရ၍ ကုန်မည့်ငွေကို သူတို့အိုးအိမ်ထူထောင်ရန် ပေးလိုက်လျှင် ပိုပြီးအဓိပ္ပာယ် ရှိသည်ကိုလည်း သိကြပါ၏။ သို့သော် ကျွန်တော်တို့သည် အမေနှင့်အဖေကို ပြေး၍မြင်မိကြရာတွင် ဘာဘာညာညာ မစဉ်းစားချင်ကြတော့။ ခေတ်အခါအရ ကဲ့ရဲ့စရာ မရှိသော်လည်း မင်္ဂလာပွဲကို တိတ်တိတ်ဆိတ်ဆိတ် အကျဉ်းချုံးမလုပ်ချင်ကြ တော့၊ အကြီးအကျယ်မဟုတ်စေကာမူ အထိုက်အလျောက် ကိုယ့်မိတ်ဆွေရင်းများချည်းဖြင့် ဧည့်ခံပွဲကလေးတစ်ခုကိုလည်း လုပ်ကြမည်ဟု ဆုံးဖြတ်ကာ ပထန်ကုလားထံမှ ယူရယူရ နှမ အတွက် အကြွေးတင်ခံကြတော့မည်ဟု ဆုံးဖြတ်လိုက်ကြသည်။

ကျွန်တော့်မိတ်ဆွေများထံမှ လှည့်လည် ချေးငှား၍ ငွေ ၄–၅၀၀ တော့ ရပါ၏။ အိမ်မှာ ၁၀၀ လောက်သာ ရှိသဖြင့်၊ ငွေအား နည်းနေသည် ထင်မိသည်။ အလိုက်သိတတ်လွန်းသော နှမကလေးက "ငွေအားနည်းနေလျှင် သူ့အတွက် အပိုတွေ ဘာမျှမလုပ်ကြပါနှင့်"ဟုချည်း ပြောနေ၍ သူ အားမငယ်စေရန် ငွေကို ရရာက ချေးကြပါသည်။ ဒွေးလေးထံမှ ငွေ ၁၀၀ ကို 'မင်္ဂလာပွဲပြီးလျှင် ပြီးချင်း ပြန်ပေးပါမည်' ဟူသောကတိဖြင့် ချေးငှားကြရသည်။ တကယ်ဆိုလျှင်တော့ သူလည်း တူမတော် သည်ပင် မဟုတ်ပါလား။ ငွေ ၁၀၀–၉၀ စကို သူကပင် ပါဝင် ဝိုင်းဝန်းသင့်သည် မဟုတ်လား။ သို့သော်ရှိစေ၊ ကျွန်တော်တို့က သူ့အကြောင်းကို သိကြပါသည်။ "ဘယ်တော့ ပြန်ပေးကြမှာ လဲဟေ့"ဟု မေးသည်ကိုပင် "မင်္ဂလာပွဲ ပြီးလျှင်ပြီးချင်း ပေး မယ်"ဟု ကျွန်တော်ကပင် ပြန်ပြောလိုက်သည်။

မင်္ဂလာဧည့်ခံပွဲကို ထုံးစံအတိုင်း လုပ်ကြသည်။ ဖိတ်စာ များလည်း ကမ်း၍ လက်ဖက်ရည်ပွဲ လုပ်ကြသည်။ လူရင်းများ ဖြစ်ကြသော စာပေဗိမာန်မှ မိတ်ဆွေများ, အစိုးရ အရာရှိများ,

ကျုပ် ဒီနှမကလေး မျက်နှာမငယ်ရအောင် ဘယ်လောက် ကြိုးစားထားရတယ် ထင်သလဲ။ ခင်ဗျားငွေ အခုရမယ်။ ကျုပ် ပေးမယ်။ ကျုပ် အိမ်ထဲက ခုချက်ချင်းထွက်စမ်း။ ကျုပ် ခင်ဗျား ကြီးကို သတ်ပစ်မိလိမ့်မယ်။

SAMPLE mgyoe.com

mgyee.com SAMPLE BOOK

ကောလိပ်ကျောင်းသားများ, ဆရာများ လာကြသဖြင့် အတော်ကလေး သိုက်သိုက်မြိုက်မြိုက် ရှိပါ၏။ (ထိုအချိန်က မမမြတို့မှာ ပုဂံ–ညောင်ဦးသို့ ခရီးထွက်နေကြခိုက် ဖြစ်လေသည်။)

မင်္ဂလာပွဲပြီး၍ လူရှင်းသွားသောအခါ ကျွန်တော်က ဒေါ်ခင်သိန်းတို့နှင့် စကားပြောရင်း 'ဤကိစ္စ ချောမောစွာ အောင်မြင်သွား၍ စိတ်အေးပြီဖြစ်ကြောင်း၊ လူလည်း အတော်လာကြောင်း၊ မတင်မြင့်အတွက် ဝမ်းသာရကြောင်း' ပြောလျက်ရှိစဉ်၊ တစ်ဖက်ခန်းမှ ဆူဆူညံညံ ကြားရ၏။ ဒွေးလေး အော်ဟစ်သံလည်း ကြားရ၏။

"ညည်းတို့မှာ ပိုက်ဆံလည်း မရှိဘဲနှင့် ကြွားချင်ကြတာ။ ငါ့ငွေကို မင်္ဂလာပွဲပြီးရင် ပေးမယ်ဆို။ ဘယ်မလဲ။ ယူခဲ့လေ။ ဒီလို မလိမ့်တပတ် မလုပ်ပါနှင့်အေ့ မတင်မြင့်ရဲ့။ အခုယူခဲ့ပါ" စသည်ဖြင့် နှိပ်နှိပ်စက်စက် ချိုးချိုးဖွဲ့ဖွဲ့ပြောသောအခါ ကျွန်တော်ကလည်း ဒေါ်ခင်သိန်းတို့နှင့် စကားပြောခိုက်ဖြစ်၍ မျက်နှာမထားတတ်အောင်ဖြစ်ကာ ခဏမျှ မကြားချင်ယောင် ဆောင်နေသေးသည်။ ဤအတွင်း ကိုကိုနှင့် မမတို့က တိုးတိုးတိတ်တိတ် ချော့မော့ပြောနေကြသေးသော်လည်း ဒွေးလေးက သူ့ငွေကို မိနစ်မဆိုင်း ပြန်ရလိုကြောင်းနှင့် ကျော်မကောင်း ကြားမကောင်း လုပ်လာသောအခါ၊ ကျွန်တော့်မှာ နှမလေးအတွက် ရင်ထဲက ပူသွားသည်။ ဒေါသလည်း ထိန်းမရအောင်ဖြစ်သွားသည်။

"ကျုပ် ဒီနှမကလေး မျက်နှာမငယ်ရအောင် ဘယ်လောက်ကြိုးစားထားရတယ် ထင်သလဲ။ ခင်ဗျားငွေ အခုရမယ်။ ကျုပ်ပေးမယ်။ ကျုပ်အိမ်ထဲက ခုချက်ချင်းထွက်စမ်း။ ကျုပ် ခင်ဗျားကြီးကို သတ်ပစ်မိလိမ့်မယ်။ သွားလိုက်စမ်းပါ။ ခု ထွက်။ အမျိုးတော်တယ်လည်း မပြောနှင့်"ဟု ပြောမိကာ ထိုးမည်ကြိတ်မည်ပင် လုပ်မိသည်ထင်၏။ ငွေ ၁၀၀ ကို ထုတ်ပေးလိုက်သောအခါ သူလည်း ခပ်သုတ်သုတ်ထွက်သွားလေသည်။

မတင်မြင့်လည်း ငိုယိုလျက် ကျန်ရစ်လေသည်။ 'မင်္ဂလာဦးအခါမှာ မျက်ရည်ကြီးငယ်ကျအောင် လုပ်ရက်လေခြင်း'ဟု သူ့အပေါ် မကျေမချမ်းနိုင်ဖြစ်၍ စိတ်နာမိသည်။

နောက် သူ့ကိုမြင်လျှင် မတင်မြင့်ကို ပြေး၍သတိရသည်။ မတင်မြင့်ကိုသတိရလိုက်လျှင် သူ့ကို စကားပြောချင်စိတ် ကုန်သွား၏။ ဒေါသဆိုသည်မှာ 'ကြာတော့ ပြေရသည်'မှန်သော်လည်း 'အမာရွတ်မြင်တိုင်း မဟော်ကို သတိရသည်'ဆိုသလိုပင်၊ သူ့ကိုမြင်တိုင်း သတိ ရရနေသည့်အကြောင်းသည် ဒေါသအမြစ်တွယ်လျက်ရှိသော မြေယာကောင်း ဖြစ်၍နေသဖြင့် စိတ်လက်မရွှင်မပျ ဖြစ်နေချိန်များဆိုလျှင် သူ့ကို မြင်ရမည်စိုး၍ ကိုကိုတို့, မမတို့နှင့် တွေ့ချင်သည်ကိုပင် မသွားဘဲနေခဲ့သည်။

မကြာမီတစ်နေ့ကတော့ မမတို့အိမ်သို့ ရောက်သွား၍ မမက "အဖွားကြီးတော့ သေတော့မှာပဲ ထင်တယ်။ အရိုးပေါ်အရေ ကပ်နေပြီ။ လှုပ်လည်း မလှုပ်နိုင်ဘူး။ လူ ထူပေးရသည်"ဟု ဆီးပြောသည်။ ကျွန်တော်ကလည်း အမှတ်တမဲ့ပင် နားထောင်နေလိုက်သည်။ ကိုကိုကလည်း "ဆရာဝန်ကို ပြချင်တယ်ကွာ။ သေမှာပဲဆိုရင်လည်း သူစားချင်တာကို ကျွေးတော့မယ်။ ကုလို့ရဦးမယ်ဆိုရင်လည်း ကုချင်တယ်"ဟု ပြောသည်။ ကျွန်တော့်စိတ်၌ စိုးရိမ်ပူပန်ခြင်းလည်း မဖြစ်မိ။

ကိုယ့်မှာ ဝတ္တရားရှိသည် ဟုလည်း မထင်မိ၍ "ဆရာဝန် ပြချင်လည်းပြပါလား။ ကောင်းသားပဲ"ဟု ကိုယ်နှင့်မဆိုင်လှသော ကိစ္စတစ်ခုကဲ့သို့ ခပ်အေးအေးပင်ပြန်ပြောခဲ့သည်။ သူ့ကို ပြုစုနေရ၍ ဒုက္ခဖြစ်နေသော ကိုကိုနှင့် မမတို့ကိုတော့ သနားမိသည်။

ကျွန်တော် အိမ်သို့ ပြန်ရောက်သောအခါ ကျွန်တော့်ဇနီးသည်အား "အဖွားကြီးတော့ သေတော့မှာပဲ"ဟုတော့ ပြောမိသည်။ နောက် ကျွန်တော်လည်း ပက်လက်ကုလားထိုင်ပေါ်တွင် ထိုင်ကာ အဖွားကြီး၏အကြောင်းကို တွေးတောနေမိသည်။ ထိုအခါ ကျွန်တော် ၁၂ နှစ်သားက သူ့အိမ်မှာနေစဉ် စက်ဘီးနှင့် လဲကျ၍ လက်ကျိုးသဖြင့် ဆေးရုံသို့ ပွေ့ယူသွားရရာတွင် ရင်ဘတ်စည်းတီး ငိုကြီးချက်မနှင့် အူယားဖားယား ပြေးလိုက်လာသော သူ့ရုပ်သွင်ကို ပြေး၍ မြင်မိသည်။ ငယ်ငယ်က ကျွန်တော် ဝမ်းနာလျှင် ဗိုက်ကို ပရုတ်ဆီ လူးလူးပေးတတ်သော သူ့ရုပ်သွင်ကို ပြေး၍မြင်မိသည်။ ကျွန်တော် ကြီးမှ တစ်ခါ ကုလားဗမာ အဓိကရုဏ်းဖြစ်စဉ်ကလား မသိ။ ကျွန်တော် အိမ်ပြန်နောက်ကျ၍လည်း တဆုံဆံဖြစ်နေသော သူ့ရုပ်သွင်ကို ပြေး၍ မြင်မိသည်။

နောက်တစ်ရက်တွင် ကျွန်တော် ကိုကို့ထံ သွားကာ "ကျွန်တော့်သူငယ်ချင်း ဆရာဝန်တစ်ယောက်ကို ခေါ်လာခဲ့မည်" ဟု ပြောလိုက်သည်။ 'အဖွားကြီးကို စကားပြောဦးမည်'ဟု ဝင်ကြည့်တော့ သူ အိပ်ပျော်နေသလား, မှိန်းနေသလားတော့ မသိ။ မျက်စိကိုမှိတ်ထားသဖြင့် ပြန်ထွက်ခဲ့သည်။

နောက် တစ်ရက် ကျွန်တော် ဒေါက်တာတင်မောင်အေး ကိုပင့်၍ ကိုကိုတို့ အိမ်သို့ သွားသည်။ အဖွားကြီးက ဆရာဝန် ရောက်လာပြီဆိုသောအခါ "သားရယ် အမေကို ကယ်ပါနော်။ ဆေးထိုးရမယ်ဆိုလည်း အမေ ထိုးပါ့မယ်။ ဆေးရုံတက်ရမယ်ဆိုလည်း တက်ပါ့မယ်"ဟု ဆီး၍ပြောလေသည်။ ဒေါက်တာက အတော်ကြာအောင် ဂရုတစိုက် စမ်းသပ်ကြည့်ပြီး အိမ်ရှေ့သို့ ထွက်လာသည်။

"ရောဂါကတော့ တီဘီပဲ။ အသက်က ကြီးတော့ အကုရ ခက်တယ်။ အိမ်မှာဆိုရင် နေရာထိုင်ခင်းကလည်း မကောင်း။ ဆေးဖိုးဝါးခကလည်း သိပ်ကုန်မယ်။ ဆေးရုံကိုပို့တာ အကောင်းဆုံးပဲ"ဟု ဆရာဝန်က ပြောသည်။ နောက် သူ့အစောင့်အရှောက်နှင့်ပင် အဖွားကြီးကို ဆေးရုံသို့ ပို့လိုက်ကြရလေသည်။

mgyoe.com SAMPLE BOOK

သူ့ကံအားလျော်စွာပင် ဆေးရုံတက်ခွင့် ရရှာပေသည်။ သူ့ကို ဆေးရုံတင်ပြီးနောက် ကျွန်တော်လည်း သားအလတ်က နေမကောင်းသဖြင့် မရောက်ရ။ ကိုကိုတို့ဆီလည်း မရောက်ဘဲ ၃ ရက်ခန့် ကြာသွားသည်။ 'ဒွေးလေး မသေမီ ၁ ခေါက်တော့ သွားပြီး စကားပြောဦးမည်'ဟု စိတ်ထဲက အောက်မေ့ပြီးဖြစ်၍ တာဝန်တစ်ခုလို ဖြစ်နေရာ 'ကိုကိုတို့နှင့် ဆေးရုံသို့ လိုက်သွားဦးမှပဲ'ဟူသော စိတ်ကူးနှင့် ကမာရွတ်ဘက်သို့ လျှောက်လာခဲ့သည်။ သို့သော် ကျွန်တော် အိမ်ထဲသို့ဝင်လိုက်လျှင် ဝင်လိုက်ခြင်းပင် အလောင်းပြင်နေကြသည်ကို တွေ့လိုက်ရသည်။ ဆေးရုံတင်ပြီး နောက်တစ်ရက်တွင် သူကပင် 'အိမ်ကိုသာ ပြန်လိုပါသည်'ဟု အတင်းကပ်နေသဖြင့် မတတ်သာတော့ဘဲ ဆိုင်ရာမှ ခွင့်တောင်းကာ ပြန်ခေါ်ခဲ့ရသည်ဟု မမက ပြောသည်။ အိမ်ရောက်ပြီး ၂ ရက်–၃ ရက် ဝေဒနာ အပြင်းအထန်ခံရပြီး ကျွန်တော် မရောက်မီ ၁၅ မိနစ်ခန့်ကမှ သေဆုံးသွားကြောင်းလည်း သိရ၏။

"သူ့အဖို့လည်း ဝဋ်ကျွတ်တာပဲကွာ။ တို့အဖို့လည်း တာဝန်ကြီးတစ်ခု ကျသွားတာပဲ။ သေရမှာအတူတူ စောစောသေတာ အေးတာပါပဲ"ဟု ကိုကိုက ဆီးပြောသည်။ သူတို့စိတ်ထဲတွင်လည်း အတော်ပေါ့ပါးသွားကြဟန် တူသည်။ ထို့နောက် အသုဘကိစ္စ စီစဉ်ကြတော့ ကျွန်တော်က ဘုန်းကြီး ၃ ပါးစာ တာဝန်ယူလိုက်ပါသည်။

ကျွန်တော်သည် ဒွေးလေး၏အလောင်းကို ကြည့်ရင်း သူမသေမီက သူနှင့် ဆက်စပ်လျက်ရှိသော လောကကို ပြန်ပြောင်းတွေးတောလိုက်မိသည်။

* * *

သစ်ရွက်ရော်တို့သည် အညာမှ ပြုတ်ထွက်၍ နွေဦးလေရူးတွင် တဝဲဝဲပျံကာ မြေသို့သက်ကြလေသည်။

မြဝတီမဂ္ဂဇင်း။ အတွဲ–၅၊ အမှတ်–၈၊ ဇွန်လ၊ ၁၉၅၇။



mgyoe.com

mgyoe.com SAMPLE BOOK

# အတွေးနယ် ချဲ့မိပြီကွယ့်

ကျောင်းဆရာတစ်ယောက်၏ အလုပ်ဝတ္တရားများတွင် စာမေးပွဲစောင့်ရသော အလုပ်သည် ပျင်းရိငြီးငွေ့စရာအကောင်းဆုံး ဟု ဆရာ,ဆရာမများ ဆိုလေ့ရှိကြသည်။ ဟုတ်သလောက်လည်း ဟုတ်ပေသည်။ စာဖြေသူအဖို့ စာဖြေခွင့်ချိန်တာသည် တိုတောင်းလှသည်ဟု ထင်ဖွယ်ဖြစ်သော်လည်း အစောင့်ဆရာတို့အဖို့မှာကား ရှည်လျားလှသော အချိန်တည်း။

စာဖြေသူတို့အား အဖြေလွှာအတွက် စာအုပ်နှင့် မေးခွန်းလွှာများ ဝေငှပြီးသည့်နောက်တွင် အစောင့်ဆရာမှာ အချိန်မကုန်မချင်း ဘာမျှအလုပ်မရှိတော့သလောက်ပင် ဖြစ်၏။ သို့ရာတွင် စောင့်ကြည့်နေရမည့်တာဝန်က ရှိနေ၍ စာစစ်ခန်းမှ ထွက်ခွာသွား၍လည်း မဖြစ်။ နှစ်သက်ရာစာအုပ်တစ်အုပ်ကို ဖတ်နေ၍လည်း မဖြစ်။ စာစစ်ခန်းထဲမှာပင် ထလိုက်, ထိုင်လိုက်, လမ်းလျှောက်လိုက်နှင့် အချိန်ကို ကုန်လွန်စေရ၏။ ရံခါ စာဖြေသူထဲမှ ရေသောက်ချင်သူကို ရေခပ်ပေးရ၏။ အိမ်သာသွားချင်ပါသည်ဆိုလျှင် လိုက်ပို့ပြီး အပြင်က စောင့်နေရ၏။ ပေးထားသောစာအုပ်နှင့် မလောက်၍ စာရွက်အပိုတောင်းသူများအား စာရွက်ထ,၍ ယူပေးရ၏။ မှင်ကုန်သွားသော ကျောင်းသားအား မိမိအိတ်ထဲမှ ကလောင်တံကိုဖြုတ်၍ ငှားတန်ငှားရ၏။ မင်အိုးဆောင်လာသောကျောင်းသားထံမှ မင်တောင်း၍ ထည့်ပေးတန် ပေးရ၏။ အချုပ်ဆိုရသော် စာမေးပွဲစောင့်ဆရာ၏ တာဝန်များမှာ စာရွက်နှင့် မေးခွန်းဝေခြင်း၊ အဖြေစာရွက်များကို ကောက်သိမ်းကာ ဆိုင်ရာသို့ ပို့ပေးရခြင်း၊ ထို့အပြင် စာဖြေသူတို့ တောက်တိုမည်ရ ခိုင်းစေရာကို လုပ်ပေးရသော တာဝန်လည်း ပါ၏။ ဤသို့ တောက်တိုမည်ရ အလုပ်ကလေးများကိုမျှ လုပ်စရာမရသောအခါ အစောင့်ဆရာမှာ ငိုက်မျဉ်း၍ လာတတ်လေသည်။

ဤသို့လျှင် ပျင်းရိငြီးငွေ့စရာ ကောင်းလှသော စာမေးပွဲအစောင့် အလုပ်ဝတ္တရားများကို ဆရာ ၁၀၀ လျှင် ၉၀ မျှတို့သည် ညည်းညည်းညူညူ လုပ်ကြရသော်လည်း ဤအလုပ်ကိုပင် မငြီးမငြင် လိုလိုချင်ချင် လုပ်လေ့ရှိသော ဆရာထူးတို့လို ဆရာမျိုးလည်း ရှိပေသေး၏။ ဒုတိယကမ္ဘာစစ်အတွင်းက အင်္ဂလိပ်စစ်တပ်များတွင် ထပ်တလဲလဲစားရလွန်း၍ ငြီးစော်နံနေသော ပဲငါးပိနှင့် ဝက်သားတောင့်များကို စစ်သားတိုင်း အော့နှလုံးနာ၍ အမှိုက်ပုံးထဲချည်း ထည့်ပစ်နေကြသောအချိန်တွင် တစ်ယောက်သောစစ်သားသည် ပဲငါးပိနှင့် ဝက်သားတောင့်ကို မြိန်ရေရှက်ရေ အားပါးတရစားနေသည်ကို ကာတွန်းရေးဆွဲ၍ ရယ်စရာလုပ်ထား၏။ ထိုလူမှာ အထူးအဆန်းဖြစ်နေ၍ "ဟယ်–သည်လူကတော့ ပဲငါးပိ, ဝက်သားတောင့် ကြိုက်လှချေလား"ဟု လူတိုင်းအံ့သြကြသည့်ပုံ ဖြစ်၏။ ဆရာထူးကိုလည်း ဤသို့များ အံ့သြရလေမည်လား မပြောတတ်ပေ။ ဆရာထူးသည် ဆရာတိုင်းပျင်းသော အလုပ်ကို မပျင်းမရိလုပ်သော လူတည်း။

ဆရာထူးအကြောင်းကို မသိသော ဆရာ,ဆရာမများ ကတော့ ဆရာထူးကို စိတ်ကူးယဉ်သမားမို့ စာမေးပွဲစောင့်ရင်း ငိုက်မျဉ်းကာ စိတ်ကူးယဉ်သမားမို့ စာမေးပွဲစောင့်ရင်း ငိုက်မျဉ်းကာ စိတ်ကူးယဉ်နေသည်ဟု ဆိုကြသည်။ "ငိုက်သည့်

'စိတ်ကူးယဉ်' ဆိုသော စကားမှာ 'အောက်ခြေလွတ်' ဟူသော သဘောပါနေ၍ သူ့ကို ဘိန်းသမား ဆိုသည်နှင့် တူနေသည်ဟု ဆရာထူးက စောဒကတက်၏။

mgyoe.com